www.burmeseclassic.com

ပခုက္ကူဦးအုံးဖေ စာပေစာအုပ်

# ကယန်း (ပဒေါင်)

သျှင်ထွေးယာဉ် (မနုဿ)



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၃ ခုနှစ်၊ ပထမဆု ဦးအုံးဖေစာပေဆု

ကျမ်းစာပေ တတိယဆုရ

# ကယန်း (ပဒေါင်)

သျှင်ထွေးယဉ် (မနုသ)

BURMESE CLASSIC

ဓာတ်ပုံကူညီရိုက်ကူးသူ - ဦးသွန်းပံ (သွန်းပံ - ကြူးလော)
- စောယုဉ်း (ဘောဝန်း)
- ဒေါ်တယ်တယ်ဝင်း (ဒီဇင်ဘာမွန်း)
- စောလှဦး

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၅ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၂၀၀၀

အဖိုး ( ၂၇၀ ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေစိစစ်ရေး စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်) က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| - | ကျေးဇူးတင်လွှာ | ... | |
| - | နိဒါန်း | ... | |
| - | စာတမ်းအကျဉ်း | ... | |
| အခန်း ၁။ | နေထိုင်ရာဒေသနှင့် သမိုင်းကြောင်း | | |
| | (က) နေထိုင်ရာဒေသ | ... | ၁ |
| | (ခ) ကယန်းတိုင်းရင်းသားများ ဆင်းသက်လာပုံနှင့် သမိုင်းကြောင်း | ... | ၃ |
| | (ဂ) ကျေးရွာတည်ဆောက်ပုံနှင့် အိုးအိမ် တည်ဆောက်ပုံ | ... | ၁၆ |
| အခန်း ၂။ | ရုပ်သွင်ပြင်၊ စိတ်နေသဘောထားနှင့် ဝတ်စားဆင်ယင်ပုံ | | |
| | (က) ရုပ်သွင်ပြင် | ... | ၂၁ |
| | (ခ) စိတ်နေသဘောထား | ... | ၂၃ |
| | (ဂ) ဝတ်စားဆင်ယင်ပုံ | ... | ၂၅ |
| | (ဂ-၁) ကြေးခွေရစ်ပတ်ဝတ်ဆင်ခြင်း ဓလေ့သမိုင်း | ... | ၂၉ |
| | (ဂ-၂) ကြေးခွေရစ်ပတ်ဝတ်ဆင်ပုံ အဆင့်ဆင့် | ... | ၃၂ |
| | (ဃ) သွားနက်ဆိုးခြင်း ဓလေ့ | ... | ၃၆ |


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း ၃။ | ဘာသာစကား၊ စာပေနှင့် ဗေဒင်ပညာ | |
| (က) | ဘာသာစကား ... | ၄၁ |
| (ခ) | စာပေ ... | ၄၄ |
| (ဂ) | ဗေဒင်ပညာ ... | ၅၀ |
| (ဂ-၁) | ကြက်ရိုးဗေဒင် ... | ၅၁ |
| (ဂ-၂) | နှီးဗေဒင်ခေါ် သက်ကယ်ရိုးချိုးဗေဒင် ... | ၆၀ |
| (ဃ) | စကားပုံများနှင့် ဆုံးမစာ သံပေါက်များ ... | ၆၄ |
| အခန်း ၄။ | လူမှုရေး | |
| (က) | မိသားစု ဖွဲ့စည်းပုံ ... | ၇၀ |
| (ခ) | ဆွေမျိုးတော်စပ်ပုံ စနစ်များ ... | ၇၂ |
| (ဂ) | ဆွေမျိုးအခေါ်အဝေါ်များ ... | ၇၄ |
| (ဃ) | ဆွေစဉ်မျိုးဆက်များ မှတ်သားခြင်း ... | ၇၅ |
| (င) | အပျို လူပျိုဘဝ ... | ၇၈ |
| (စ) | အိမ်ထောင်ဖက်ရွေးချယ်ခြင်း ဆိုင်ရာ စည်းမျဉ်းများ ... | ၈၀ |
| (ဆ) | စေ့စပ်ကြောင်းလမ်းခြင်း ... | ၈၅ |
| (ဇ) | လက်ထပ်ထိမ်းမြားခြင်း ... | ၈၇ |
| (ဈ) | ကွာရှင်းခြင်း ... | ၉၂ |
| (ည) | မွေးစားခြင်းနှင့် အရိုက်အရာ ဆက်ခံခြင်း ... | ၉၅ |


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


(ဍ) ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်း ... ၉၆

(ဎ) ကင်ပွန်းတပ်ခြင်း ... ၉၇

(ဏ) ကလေးသူငယ်များ၏ဘဝနှင့် ပညာရေး ... ၁၀၀

(တ) ကျန်းမာရေးနှင့် ရိုးရာဆေးဝါး ကုသမှု ... ၁၀၅

(ထ) အသုဘဓလေ့ ... ၁၁၁

(ထ-၁) အစိမ်းသေအသုဘနှင့်လိပ်ပြာ ကြိုးဖြတ်ဓလေ့ ... ၁၁၇

အခန်း ၅။ စီးပွားရေး

(က) စိုက်ပျိုးရေး ... ၁၂၂

(ခ) မွေးမြူရေး ... ၁၃၂

(ဂ) အမဲလိုက်ခြင်း ... ၁၃၃

(ဃ) ခေါင်ရည်၊ အရက်ချက်ခြင်း ... ၁၃၆

(င) လက်မှုလုပ်ငန်း ... ၁၄၁

(စ) နေ့စဉ်လုပ်ငန်း ... ၁၄၅

(ဆ) လုပ်အားဖွဲ့စည်းမှု ... ၁၄၇

(ဇ) ရောင်းဝယ်ဖောက်ကားမှု ... ၁၅၂

အခန်း ၆။ ဘာသာရေး

(က) ယုံကြည်ကိုးကွယ်မှု ... [illegible]

(ခ) ကေ့ထိုးဘိုးဘာသာ ... [illegible]


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


(ဂ) သဘာဝလောကကို
ထင်မြင်သုံးသပ်ပုံ ... ၁၆၅

(ဃ) ဝိညာဉ်နှင့် သေခြင်းတရား
အပေါ် ယူဆချက် ... ၁၆၈

(င) နတ်ဆရာနှင့် စုန်း၊ ကဝေ ... ၁၇၂

အခန်း ၇။ ရိုးရာယဉ်ကျေးမှု

(က) ရိုးရာပွဲတော်များ ... ၁၇၄

(က-၁) ကေ့ထိုးဘိုးပွဲ ... ၁၇၄

(က-၂) အိမ်သစ်တက်ပွဲ ... ၁၇၆

(ခ) ရိုးရာအက ... ၁၇၈

(ဂ) ရိုးရာတေးသီချင်းများ ... ၁၈၃

(ဃ) ရိုးရာတူရိယာများ ... ၁၈၆

(င) ရိုးရာတရားစီရင်ရေး ... ၁၉၂

နိဂုံးနှင့် သုံးသပ်ချက် ... ၁၉၇

ကျမ်းကိုးစာရင်း ... ၂၀၁

တွေ့ဆုံမေးမြန်းသူများစာရင်း ... ၂၀၅


www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်လွှာ

ကယန်း (ပဒေါင်) တိုင်းရင်းသားစာတမ်းဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းလမ်းညွှန် ကူညီပံ့ပိုးပေးခဲ့ကြသော ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနခွဲမှ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအရာရှိများ၊ ဝန်ထမ်းများ၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာအရာရှိများ၊ ဝန်ထမ်းများ၊ ရန်ကုန်တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ် မနုဿဗေဒဌာနမှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် အရာရှိများ၊ ဝန်ထမ်းများ၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဝန်ထမ်းများ၊ တ[illegible] မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကြီးမြင့်နိုင် (လွိုင်ကော်) [illegible]

www.burmeseclassic.com

www.burmeseclassic.com

ကယန်း (ပဒေါင်)

ကွမ်းဆိုင် မိသားစု၊ ဦးစိုင်းအောပွင့်မိသားစုနှင့် ဦးအာသိုင်းမိသားစု၊ သက်ဆိုင်ရာကျေးရွာအသီးသီးမှ ကယန်း (ပဒေါင်) တိုင်းရင်းသားများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

သျှင်စွေးယဉ် (မနုဿ)

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

မနုဿဗေဒဆိုင်ရာ သုတေသနပြုစုခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးတိုးတက်မှု အထူးနောက်ကျနေသော တိုင်းရင်းသားများနှင့် စာပေအရေးအသားပင် မရှိသေး သော တိုင်းရင်းသားများအကြောင်းကို ဖော်ထုတ်ပေးရန်ဖြစ်သည်။ ဤတွင် ယင်းတို့နေထိုင်ရာ အရပ်ဒေသသို့ ကိုယ်တိုင်သွား ရောက်၍ ယင်းတို့၏ယဉ်ကျေးမှုများကို မနုဿဗေဒနည်း စနစ်တို့ဖြင့် လေ့လာမှတ်တမ်းတင်ပေးရန်ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် စာပေအရေးအသားမရှိသေးသော အဖွဲ့ အစည်းများတွင် ယင်းတို့၏ ဓလေ့ထုံးစံများကို မှတ်တမ်းတင် နိုင်ခြင်း မရှိကြပေရာ ယင်းတို့၏ ယဉ်ကျေးမှုကို အခြားလူမျိုး၏ ယဉ်ကျေးမှုက ဝါးမျိုသွားခဲ့သော် ပင်ကိုယ်ယဉ်ကျေးမှုမှာ တိမ်မြုပ်ပျောက်ကွယ်သွားမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် မနုဿဗေဒပညာရှင်များအနေဖြင့် ထိုအဖွဲ့အစည်း၏ ပင်ကိုယ် ယဉ်ကျေးမှုကို မှတ်တမ်းတင်ထားခြင်းဖြင့် ယင်းတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်စေရာ ရောက်သည်။ အဆိုပါ တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့၏ ယဉ်ကျေးမှုကို သားစဉ်မြေးဆက်သာမက အခြားတိုင်းရင်းသား

www.burmeseclassic.com

www.burmeseclassic.com

များပါ သိရှိနားလည်နိုင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုစေနိုင်သည်။

လူမျိုးတိုးတက်မှုနှင့် တည်တံ့နိုင်ရေးအတွက် အဓိက လိုရင်းအချက်မှာ တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုစသည့် စောင့်ထိန်းအပ်သော ထုံးတမ်းဓလေ့များကို တိုးတက်ထွန်းကား ခိုင်မာလာအောင် ဖော်ထုတ်ပေးခြင်း ပင်ဖြစ်သည်။ ယဉ်ကျေးမှုဖော်ထုတ်ရေးတွင် ကွင်းဆင်း သုတေသနပြုရေးသာလျှင် အဓိကသော့ချက် ဖြစ်ပေသည်။ သို့ဖြစ်၍ ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ဘဝ တစ်ရပ်လုံးကို သုတေသနပြုလုပ်လေ့လာရာတွင် အဆိုပါ တိုင်းရင်းသားများ အခြေစိုက် နေထိုင်ရာဒေသများသို့ ၁၉၉၃ မှ စတင်၍ ပထမ ကွင်းဆင်းလေ့လာ သုတေသနပြုလုပ်ခဲ့ပြီး ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှ ဩဂုတ်လ ၁၁ ရက် အထိလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် နေ့မှ မတ်လ ၂၈ ရက်အထိလည်းကောင်း သုံးကြိမ်တိုင်တိုင် သွားရောက် ကွင်းဆင်းလေ့လာခဲ့ပါသည်။ ထိုသို့ သွားရောက် လေ့လာရာမှရရှိသော အချက်အလက်များကို သုတေသနပြု မှတ်တမ်းတင်ရေးသားတင်ထားခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# စာတမ်းအကျဉ်း

တယန်း (ပဒေါင်) တိုင်းရင်းသားများသည် တိဘက် - မြန်မာအုပ်စုမှ ဆင်းသက်လာကြပြီး တိဘက် - တရုတ် အနွယ်ဝင်၊ ကရင်ဘာသာစကားကို ပြောဆိုသူများ ဖြစ်ကြသည်။ ကိုယ်တိုင်စာပေ မရှိကြ၊ ကျေးရွာများကို ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော် မြင့်သော ဒေသများတွင် ခြေတံရှည်အိမ်များ ဆောက်လုပ်ကာ နေထိုင်ကြသည်။ စိတ်နေသဘောထားမှာ ရိုးသားအေးဆေးပြီး သီးသန့်နေထိုင်လိုစိတ် ရှိကြသည်။ အငြိုးအတေးကြီးပြီး လက်စားချေလက်တုံ့ပြန်လိုသော စိတ်ဓာတ်မျိုးလည်း ရှိကြသည်။ အမျိုးသားများ၏ ဝတ်စားဆင်ယင်ပုံမှာ မထူးခြားလှသော်လည်း အမျိုးသမီးများသည် ငယ်စဉ်ကတည်းကပင် ကြေးခွေများကို လည်ပင်းနှင့် ခြေထောက်တို့တွင် ရစ်ပတ်ဝတ်ဆင်သည့် ထူးခြားလှသောဓလေ့ ရှိသည်။ ဆွေမျိုးတော်စပ်မှုသည် ယင်းတို့၏ အဖွဲ့အစည်းတွင် အရေးပါလှပြီး လက်ထပ်ခြင်း၊ အရိုက်အရာ ခံယူခြင်းဆိုင်ရာ စည်းမျဉ်းများသည် ဆွေမျိုးတော်စပ်မှုအပေါ်တွင်သာ အခြေခံထားသည်။ အပျို လူပျိုဘဝသည် လွတ်လပ်မှုရှိသော်လည်း လက်ထပ်သည့်အခါ တားမြစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



စည်းမျဉ်းများကို လိုက်နာကြရသည်။ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်ယာစပါးစိုက်ပျိုးခြင်း ဖြစ်သည်။ တစ်ဦးလိုအပ်သောပစ္စည်းနှင့် တစ်ဦးလိုအပ်သောပစ္စည်းကို လဲလှယ်ယူသောစနစ် ကျင့်သုံးကြသည်။ ကေ့ထိုးဘိုးဘာသာကို ကိုးကွယ်ကြပြီး တစ်နှစ်တစ်ကြိမ် ပွဲတော်ကျင်းပ ပြုလုပ်သည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ရိုးရာမပျက်အောင် အစွန့်ရှည်တည်တံ့စေရန် ထိန်းသိမ်းကြသည်။ အမျိုးသားရေးတာဝန် ကျေပွန်သူဖြစ်ကြသည့် ဂုဏ်ယူဖွယ်ရာ ကောင်းသောတိုင်းရင်းသားလူမျိုးစုတစ်ရပ်အဖြစ် သုတေသနပြု လေ့လာသုံးသပ်တင်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၁
# နေထိုင်ရာဒေသနှင့် သမိုင်းကြောင်း

## (က) နေထိုင်ရာဒေသ

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အရှေ့ဘက် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ အနောက်မြောက်ဘက်ကျေးရွာများတွင် အများဆုံးနေထိုင်ကြသည်။ ရှမ်းပြည်နယ်တွင် ဖယ်ခုံမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဆီဆိုင်မြို့နယ်၊ ကရင်ပြည်နယ်တွင် သံတောင်နယ်မြောက်ပိုင်းနှင့် မန္တလေးတိုင်းတွင် ပျဉ်းမနားမြို့နယ် အရှေ့ပိုင်းဒေသများတွင်လည်း အနည်းနှင့်အများ ပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။

ကယားပြည်နယ်သည် မြောက်လတ္တီကျု ၁၈° ၃၀′နှင့် ၂၀° အကြားတွင်လည်းကောင်း၊ အရှေ့လောင်ဂျီကျု ၉၇° နှင့် ၉၇° ၅၅′ တို့၏ အကြားတွင်လည်းကောင်း တည်ရှိပါသည်။ မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်နှင့်တောင်ဘက်တွင် ကရင်ပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့တည်ရှိသည်။ ဧရိယာအကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၄,၅၃၈ ဖြစ်ပြီး လွိုင်ကော်၊ ဒီးမော့ဆို၊ ဘော်လခဲ၊ ဖရူဆို၊



www.burmeseclassic.com

www.burmeseclassic.com



ဖာခေါင်း၊ ရှားတောနှင့် မယ်စဲ့ စသည့်မြို့နယ်ကြီး (၇) မြို့နယ်ဖြင့် ဖွဲ့စည်းထားရှိသည်။

မြေမျက်နှာသွင်ပြင်အရ တောင်ကုန်းတောင်တန်း ထူထပ်ပြီး မြေနိမ့်လွင်ပြင်များကို မြစ်ဝှမ်းများတစ်လျှောက်တွင်သာ တွေ့ရသည်။ တောင်တန်းများမှာ ရှမ်းကုန်းပြင်မြင့်မှ ဆင်းသက်လာသော တောင်တန်းများ၏ အဆက်ဖြစ်သည်။ တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် (၃၅- ၆၅) လက်မရရှိသည်။ ပျမ်းမျှအပူချိန် (၁၅) ဒီဂရီစင်တီဂရိတ်ရှိ၍ ပေ (၃၀၀၀) အထက်ရှိ တောင်ပေါ်ဒေသများတွင် အေးမြခြောက်သွေ့သည့် ရာသီဥတု ရရှိသည်။

ကယားပြည်နယ်၏ အဓိက သဘာဝပေါက်ပင်မှာ ကျွန်းသစ် ဖြစ်သည်။ ထင်းရှူး၊ ဆုံဘို၊ လောက်ယား၊ စကားနှင့် သစ်အယ်ပင်များလည်း အများအပြားပေါက်ရောက်သည်၊ မိုးလုံးမှိုင်းခေါ် ခရမ်းရောင်သစ်ခွနှင့် အဖြူရောင်၊ လိမ္မော်ရောင်နှင့် မီးခိုးရောင် အဆင်းမျိုးစုံရှိသည့် ဖယောင်းသစ်ခွ အမျိုးမျိုးပေါက်ရောက်သည်။

တောင်ပေါ် တောကြီးများအတွင်း လှည့်လည်ကျက်စားနေသော တောရိုင်းတိရစ္ဆာန်များမှာ ချေ၊ ဆတ်၊ ဝက်ဝံ၊ တောဆိတ်၊ တောဝက်၊ တောကြောင်၊ ကျား၊ ကျားသစ်၊ မျောက်၊ ယုန်နှင့် ဖြူ စသည့်တို့ဖြစ်သည်။

ကယားပြည်နယ် အတွင်းနေ ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ မြို့နယ်အလိုက် လူဦးရေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | မြို့နယ် | လူဦးရေ |
|---|---|---|
| ၁။ | လှိုင်ကော် | ၉၈၉၇ |
| ၂။ | ဒီးမော့ဆို | ၁၅၆၄၆ |
| ၃။ | ဖရူးဆို | ၁၈ |
| ၄။ | ရှားတော | ၂၇ |
| ၅။ | ဘော်လခဲ | ၃၁ |
| ၆။ | ဖားဆောင်း | ... |
| ၇။ | မယ်စဲ့ | ၂၄ |
| | စုစုပေါင်း | ၂၅၆၄၃ |

## (ခ) ကယန်းတိုင်းရင်းသားများ ဆင်းသက်လာပုံနှင့် သမိုင်းကြောင်း

ကယန်းတိုင်းရင်းသားများက မိမိတို့လူမျိုး၏ မူလအမည်မှာ 'ကန်ယန်' ဖြစ်သည်ဟု ဆိုသည်၊ 'ကန်' မှာ 'ပိုင်နက်၊ နယ်မြေ' ဖြစ်ပြီး 'ယန်'မှာ 'စွဲစွဲမြဲမြဲရှိခြင်း'၊ 'အတည်တကျရှိခြင်း' ဟု အဓိပ္ပာယ်ရသည်၊ ထို့ကြောင့် 'ကန်ယန်' ဆိုသည်မှာ 'နယ်မြေဒေသတစ်ခုအတွင်း အတည်တကျ စွဲစွဲမြဲမြဲနေတတ်သည့်လူမျိုး' ဟု ဆိုလိုသည်၊ ကာလရွေ့လျောလာသည့်အခါ 'ကန်ယန်'မှ 'ကယန်း' ဖြစ်လာသည်ဟု ဆိုပါသည်။ ထို့ပြင် ကယန်းမျိုးနွယ်၌ မျိုးနွယ်ခွဲပေါင်း ငါးမျိုးရှိသည်ဟု ဆိုသည်၊ ယင်းတို့မှာ -

www.burmeseclassic.com

www.burmeseclassic.com



(၁) မိမိတို့ကိုယ်ကို တောင်ပေါ်ဒေသ၏ အရှင်သခင်ဟု ယူဆထားပြီး အမျိုးသမီးများ၏ လည်ပင်းနှင့် ခြေထောက်တို့တွင် ကြေးခွေများ ရစ်ပတ်ဝတ်ဆင်လေ့ရှိသည့် 'ကယန်း (ပဒေါင်)'

(၂) မြေပြန့်လွင်ပြင်တွင် အနေများပြီး လည်ပင်းတွင် ငွေပြားများ ချိတ်ဆွဲဝတ်ဆင်လေ့ရှိသည့် ယင်းဘော်ခေါ် 'ကယန်း (ကင်း)'

(၃) တောင်ပေါ်ဒေသတွင် အနေများပြီး ကယန်း (ပဒေါင်) ဘာသာစကားနှင့် အလွန်နီးစပ်သည့်စကားကို ပြောဆိုကြသော ကေခို၊ ကေဘားခေါ် 'ကယန်း (ကေခို) နှင့်

(၄) တောင်ပေါ်ဒေသ ကျောက်တုံး၊ ကျောက်စိုင်များကြားတွင် အိမ်ကလေးများဆောက်ကာ အမျိုးသားများ ကတုံး တုံးလေ့ရှိသော ဇယိမ်ခေါ် 'ကယန်း (လထ)' တို့ ဖြစ်ကြသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများကို ရှမ်းတို့က ပဒေါင်ဟု ခေါ်ကြသည်။ ကြေးပတ်သောသူ - 'ပတ်တောင်း' ဟူသော ရှမ်းစကားမှ 'ပဒေါင်' ဖြစ်လာသည်ဟု ဆိုသည်၊ ကယန်း (ပဒေါင်) တိုင်းရင်းသားများကိုယ်တိုင်ကမူ ကေ-ခေါင်း-ဒိုး ဟု ခေါ်ကြသည်။ 'တောင်များ၏ အရှင်သခင်ဟု အဓိပ္ပာယ်ရပါသည်။ အခြားသော တိုင်းရင်းသားများနှင့် အုပ်ချုပ်သူများက ယင်းတို့ကို ကယန်း (ပဒေါင်) တိုင်းရင်းသားများဟု ခေါ်ဝေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကယန်းတိုင်းရင်းသားများက မိမိတို့လူမျိုး ဖြစ်ပေါ်လာပုံကို 'ကာကောင်း' ဟု ခေါ်သော လက်ာရှည်ကြီးဖြင့် ဘိုးစဉ်ဘောင်ဆက် နှုတ်တိုက်ရွတ်ဖတ် မှတ်သားလာခဲ့ကြသည်။ ထိုလက်ာရှည်ကြီး၏ မြန်မာပြန် အနက်အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ကယန်းတိုင်းရင်းသားများသည် မူလက မောအိုက်ရှခေါ် အာရှမိုင်းနားအရပ်ဒေသ၌ နေထိုင်ခဲ့သည် ဆို၏၊ မောအိုက်ရှ၏ အဓိပ္ပာယ်မှာ အကြီးဆုံးနှင့် ပထမဆုံးဖြစ်ပေါ်လာသော နယ်မြေဟု အဓိပ္ပာယ်ရသည်၊ အာရှမိုင်းနားတွင်ရှိစဉ် မျှော်စင်နီကြီးကို မိုးထိအောင်တည်ဆောက်ကြရာ အလွန်မြင့်သည့်အတွက် ပြိုကျသွားသဖြင့်လူ၊ သတ္တဝါအားလုံးတို့ ပိတ်ဆို့ခြင်း ခံခဲ့ရသည်၊ ထိုနေရာကို ကယန်းတို့က ဘီလုံးခေါ် ဘေဘီလုန်ဟု ခေါ်ကြသည်။ အဓိပ္ပာယ်မှာ အကုန်ပိတ်အရပ် ဖြစ်သည်၊ လူသတ္တဝါတို့ ပိတ်ဆို့ခြင်းခံရသည့်အတွက် အကြီးအမှူးဖြစ်သူ ဖူးကလိပ်ဆိုသူက မြေကြီးကို ရေဖြင့် သုံးပိုင်းပိုင်းရာ၌ ကယန်းတို့သည် နေထွက်ရာ အရှေ့ဘက်အခြမ်းတွင် ပါဝင်ကြကုန်သည်ဟု ဆိုသည်။

တဖန် အိုင်ရာဟုခေါ်သော အရပ်သို့ သွားရောက်နေထိုင်ကြသောအခါ လူအများသည် ဆိုး၊ မိုက်ကြသည့်အတွက် မိုးကောင်းကင်မှ မီးကျလာပြီး ကမ္ဘာမြေပြင်မှ မြေပြိုကျသွားသည့်အတွက် ကြောက်မက်ဘွယ်ရာ မြို့ (၇) မြို့၊ ရွာ

www.burmeseclassic.com

www.burmeseclassic.com



(၇) ရွာ သေကျေပျက်စီးသွားပြီး ယနေ့တိုင် အိုင်ရာအိုင် ဖြစ်သွားသည်ဟု ဆိုသည်။

နောက်တစ်ဖန် အတ်ရတ်ဒေသတွင် နေထိုင်ကြစဉ် (၇) နှစ်၊ (၇) မိုး မိုးခေါင်ရေရှား ငတ်မွတ်ခေါင်းပါးကြသဖြင့် ထိုဒေသဆီမှ မိုသာခေါ် သားသဲကန္တာရအရပ်သို့ ပြောင်းရွှေ့ နေထိုင်ကြသည်ဟု ဆိုသည်၊ ယင်းမှ တစ်ဖန် နှစ်ပေါင်း လေးရာကျော် ခရီးသွားလာပြီး တောတောင်ထူထပ်သော မောဂွေခေါ် မွန်ဂိုလီးယာဒေသသို့ ရောက်ရှိနေထိုင်ခဲ့ကြ သည်ဟု ဆိုသည်၊ မောဂွေ၏ အနက်မှာ မိုးကုပ်စက်ဝိုင်း၏ အမြင့်ဆုံးနေရာဟု အဓိပ္ပာယ်ရသည်။

မွန်ဂိုလီယာဒေသ၌ နေထိုင်ကြစဉ် ကယန်းလူမျိုးသည် လင်းယန်းနှင့် လင်းချူးဟူ၍ နှစ်စုခွဲလာရာ နယ်မြေနေရာ အမွေခွဲဝေရေးကိစ္စနှင့် ပတ်သက်၍ မကြာခဏ မသင့် မတင့်ကြဘဲ စစ်တိုက်ကြသည့်အတွက် လင်းယန်းလူမျိုးစု သည် တောင်ဘက်အရပ်များသို့ ထွက်ခွာလာသည် ဟူ၏၊ တစ်ဖန် ထိုလူမျိုးစုအထဲမှ 'ခေ' ခေါ် 'တရုတ်' နှင့် 'ခဲယန်း' ခေါ် 'ကယန်း' လူမျိုးစုနှစ်စု ထပ်မံကွဲထွက်လာပြန်ပြီး နယ်မြေ စားကျက်နှင့်ပတ်သက်၍ မကြာခဏ ခိုက်ရန်ဖြစ်ပွားကြရာမှ ရှုံးနိမ့်သော ကယန်းလူမျိုးစုသည် တောင်ဘက်သို့ ပြောင်းရွှေ့ ခဲ့ကြသည်ဟု ဆိုသည်၊ ထိုသို့ ပြောင်းရွှေ့လာသည့်အခါ စော်ဘွားခေါ် စော်ဘွားလင်ခရန်းဆိုသူက ဦးဆောင်၍ အုပ်ချုပ်သွားသည် ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



မွန်ဂိုလီးယားမှ တောင်ဘက်သို့ ပြောင်းရွှေ့လာရာ 'တောင်ဖာတောင်မက်ခေါ် တိဘက်' သို့ ရောက်လာ၍ 'ကွီလုံ၊ ကွီလန်' တောင်တန်း၌ တောင်ယာများကို စိုက်ပျိုးကြ၍ တောင်ကမ်းပါးပြိုကျလာသောကြောင့် အိုင်ကြီး (၃) ခု၊ မြစ်ကြီး (၃) သွယ် မြစ်ဖျားခံရာဒေသသို့ ပြောင်းရွှေ့လာပြီး နေထိုင်ကြသည်ဟု ဆိုသည်၊ ထိုသို့ နေထိုင်စဉ်တွင် ထောဖား မင်း ခေါ် စော်ဘွားထောဖားအမျိုးက အုပ်ချုပ်ကြီးကြပ်လာသည်ဟု ဆိုသည်။

တိဘက်မှာနေပြီး အစာရေစာ ငတ်မွတ်ခေါင်းပါးသည့်အတွက် ရေကြည်ရာမြက်နုရာကိုရှာရန် တောင်ဘက်သို့ သံလွင်မြစ်ခေါ် ချိုမြစ်ဝှမ်းအတိုင်း ဆင်းသက်လာပြီး သစ်အယ်သီးပေါများသော ယူနန်နယ်တစ်နေရာ၌ 'ပိုအန်း' မြို့ခေါ် 'သစ်အယ်သီးလျှော်သောဒယ်' ဟု အမည်ရသော မြို့ကို တည်ထောင်ခဲ့သည်ဟု ဆိုသည်၊ ယူနန်၌နေစဉ် ကယန်းတို့၏ သက္ကရာဇ်ကို စကောဖြင့် အသိအမှတ်ပြု ယက်ထားသည်ဟု ဆိုသည်။

ထိုမှတဆင့် သံလွင်မြစ်အနောက်သို့ကူးရန် တံတားကြီးကို တည်ဆောက်ကြပြီး ပစ္စည်းဝန်ထုပ် ပေါ့ပါးသော ဆင်းရဲသားများကို ဦးစွာကူးသွားစေရာမှ တံတားကြီးမခိုင်ဘဲ ကျိုးကျသွားသည့်အတွက် ဆင်၊ မြင်း၊ လားပါသော ကယန်း သူဌေး၊ သူကြွယ်များက သံလွင်မြစ်အရှေ့ဘက်တွင် ကျန်ရစ် ခဲ့ကြသည်။ ယင်းသူဌေး၊ သူကြွယ်များသည် ယွန်း ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယား၊ ခမာခေါ် ကမ္ဘောဒီးယား၊ ဆူမတြာ၊ ဂါရဝပ် ကျွန်းများသို့တို့ ပြန့်နှံ့သွားသည်ဟု ဆိုသည်။

ထိုသို့ သံလွင်မြစ် အနောက်ဘက်ကမ်းသို့ ကူးလာသော ကယန်းလူမျိုးစုထဲမှ စော်ဘွား၊ ထောမဲပါ ဦးဆောင်သော ကရင် (ယန်းဘိုး) နှင့် ပအိုဝ်း (ယန်းပအို့) တို့က သံလွင်မြစ် အတိုင်းဆင်းလာ၍ ယန်းပအိုဝ်းက သထုံမြို့ကို တည်ထောင်ပြီး ယန်းဘိုးက ပိုအန်မြို့ကို အစွဲပြု၍ ဖားအံမြို့ကို တည်ထောင်ကြသည်၊ စော်ဘွားလာစရစ် ဦးဆောင်သော ကျန်ကယန်း လူမျိုးစုသည် ဇူးလီခေါ် ရွှေလီမြစ်ကြောင်းအတိုင်း ဆင်းလာ ပြီး ခလော်ခေါ် ဧရာဝတီမြစ်တို့ ဆုံရာသို့ ရောက်သောအခါ တောင်ဘက်သို့ ဆင်းသက်လာသော ကယန်း (ဂေခို) လူမျိုးစု တို့က အဝဝေခေါ် အင်းဝမြို့ကို ဦးစွာတည်၍ ကယန်း (လထ) လူမျိုးစုသည် မြောက်ဘက်သို့ တက်လာပြီး ဟန်လီးခေါ် ဟန်လင်းမြို့ကို တည်ထောင်ကာ ထိုနှစ်မြို့ကို ကယန်းတန်းခေါ် ကယန်းတိုင်းပြည်ဟု ခေါ်ဆိုတည်ထောင်ခဲ့သည်ဟု ဆိုသည်။

ထို့နောက် ဟန်လင်းမြို့ကို ကုလားစော်ဘွား သာကီယူ ခေါ် သာကီကဆင်နှင့် ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးသဖြင့် ကယန်းစော်ဘွားလာခရန်နှင့် ညီမ မူဆာကို ဖမ်းဆီးသွား သည်၊ တာကောင်းခေါ် ပုခွန်မြို့၌ ကွပ်မျက်၍ စော်ဘွား လာစရန်၏အသားများကို နုတ်နုတ်စင်းကာ ဧရာဝတီမြစ်ထဲ သို့ မျှောချရာတွင် စော်ဘွားလာစရန်၏ အသားများသည် ရေလယ်သို့ရောက်သောအခါ အနီးအငွေ့အဖြစ် ကောင်းကင်သို့

www.burmeseclassic.com

www.burmeseclassic.com



တက်သွားပြီး မိုးကို ရွာချစေသည်ဟု ဆိုသည်။ ထိုမှ တစ်ဆင့် ကယန်းတိုင်းရင်းသားများသည် ပေါထဲလယ်ခေါ် ရှေးနန်းတော်မြို့ဟု အဓိပ္ပာယ်ရသော မန္တလေးမြို့သို့ရောက်ပြီး မြန်မာများနှင့်တွေ့ကာ ပျော်ရွှင်စွာကခုန်ကြသည်။ မန္တလေးမြို့တွင် နေထိုင်စဉ် မြန်မာများထံမှ 'မန်း' ဆိုသော တွဲပလွေတစ်မျိုးကို လက်ဆောင်ရရှိခဲ့သည်ဟု ဆိုသည်။

ကုလားစော်ဘွား သာကီက ဟန်လင်းမြို့ကို တိုက်ခိုက်ဖျက်ဆီးစဉ် ကယန်းစော်ဘွား လာခရစ်စ်ယောက်ဖ 'ကေဖား ဒူး' ဆိုသူက ကယန်းလူမျိုးအချို့ကို ခေါ်ဆောင်၍ ရောဝတီမြစ်အတိုင်း ဆင်းသက်ထွက်ပြေးလာပြီး ပင်လယ်ရေနှင့်တိုးကာ ရှေ့ဆက်မသွားနိုင်သဖြင့် 'မိုပျန်ခေါ်ပြည်' ဒေသတွင် မြို့ပြ တည်ထောင်နေကြရသည်ဟု ဆိုသည်။ မိုပျန်၏အနက်မှာ ပြည်နယ်ဖြစ်မြောက်သောအရပ်ဟု အဓိပ္ပာယ်ရသည်။ ထိုဒေသ၌ သက္ကရာဇ်မှတ်ထားသော စကောတစ်ချပ်ကိစ္စနှင့် ပတ်သက်၍ တာလိုင်ခေါ် တလိုင်းလူမျိုးနှင့် စစ်ဖြစ်၍ တလိုင်းတို့က ကယန်းစော်ဘွား ဖွေဖောကို သတ်သွားသည်ဟု ဆိုသည်။ ကယန်းစော်ဘွားဖွေဖောသည် ပြည်မြို့အထက်ပိုင်း၊ ပါကန်းခေါ် ပုဂံမြို့ငယ်နှင့် အဝဝေခေါ် အင်းဝမြို့ သုံးခုကို ပေါင်း၍ ကယန်းပြည်ကို တည်ထောင်ခဲ့သူဖြစ်သည်ဟု ဆိုသည်။

ပြည်မြို့၌ တလိုင်းနှင့် စစ်ရေးနိမ့်သည့်အတွက် ကယန်းပြည်၏ အလယ်ဗဟိုဖြစ်သော ပါကန်းခေါ် ပုဂံမြို့ကို ကယန်းစော်ဘွား ခွန်းထူခွမ်က ပြန်လည်ဦးဆောင်ပြီး တည်ထောင်ခဲ့သည်ဟု ဆိုသည်။ ပုဂံတွင် နေထိုင်စဉ် ခွန်းထူခွမ်ကာ

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်လူးမြားကို စတင်အသုံးပြုရန် ၄က်ဆိုးရန်ကို နှိမ်နင်းခဲ့သည်ဟု ဆိုသည်။

ကယန်းလူမျိုးသည် ပုဂံတွင် နေထိုင်ရင်း ပျူလူမျိုးက ဝင်ရောက်တိုက်ခိုက်သည့်အတွက် စစ်ရှေးနိမ့်ပြီး ပြည်မြို့သို့ တစ်ဖန် ပြန်ဆင်းလာသည်ဟု ဆိုသည်။ ထိုအချိန်၌ ယခင် ကယန်းစော်ဘွား ဗွေဖောင်၊ မြေး ဖားဖောက ဦးဆောင်၍ ပြည်ကို ထပ်မံတည်ထောင်ကာ ဖားဖောစေတီကို တည်ခဲ့သည်ဟုဆိုသည်။ တလိုင်းလူမျိုးတို့က မကြာခဏ ဝင်ရောက်တိုက်ခိုက်သည့်အတွက် ကယန်းလူမျိုးတို့သည် သီဒဂုံခေါ် ရန်ကုန်ဘက်သို့ ပြောင်းရွှေ့နေထိုင်သွားရာ အဘွား မူဂုတ် ဆိုသူက သီဒဂုံ၌ ရွှေပင်၊ ငွေပင် အရှင်များတွေ့ရ၍ သီရိဂုတ္တာရ အရပ်၌ စေတီကို တည်ခဲ့သည် ဟူ၏။ သီဒဂုံ၌နေစဉ် တလိုင်းများက ရွာကို မီးနှင့် ဝင်ရှို့သည့်အတွက် စေတီကို ပလဲကိုး ခေါ် ပဲခူးအရပ်သို့ ပြောင်းရွှေ့နေထိုင်ရသည်။ ပလဲကိုး၏ အဓိပ္ပာယ်မှာ ပင်လယ်ငုံထားသောအရပ် ဖြစ်သည်။ ထိုဒေသ၌ ပြည်မြို့တွင်ရှိစဉ်က ဖားဖောစေတီနှင့်တူသော စေတီတစ်ဆူကို ထပ်မံတည်ထားခဲ့သည်ဟု ဆိုသည်။ ပလဲကိုးခေါ် ပဲခူးသို့ ရောက်သောအခါ ညီအစ်ကို ဆွေမျိုးအရင်းဖြစ်သော ပအိုဝ်း နှင့်ကရင်များကို ပြန်လည်တွေ့ရှိရသဖြင့် ပျော်ပွဲ၊ ရွှင်ပွဲကြီးကို (၄) ရက်၊ (၇) ည ကိုင်တိုင် ကျင်းပခဲ့သည်ဟူ၏။ ထိုသို့ ကျင်းပသောနေရာ၌ မောဒူမို ခေါ် ခုတ္တမမြို့ကို တည်ထောင် ခဲ့သည်ဟုဆိုသည်။ မောဒူမို၏အဓိပ္ပာယ်မှာ ပျော်ရွှင်ဖွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



တောင်းသောအရပ်ဟု အဓိပ္ပာယ်ရသည်။ ထိုဒေသ၌ မွန်နှင့် မြန်မာ စစ်တိုက်ကြရာ မခံနိုင်သဖြင့် အရှေ့ဘက်ရှိ သထုံသို့ ပြောင်းရွှေ့နေထိုင်ကြပြန်သည်။ သထုံသို့ ရောက်မှသာအခါ ပအိုဝ်းလူမျိုးကိုပြန်လည်တွေ့ရှိရသည်။ တောလိုက်ရာ၌ ပအိုဝ်းက ဆင်၊ ကယန်းက ဖြူကောင်ရရှိပြီး အသားခွဲတမ်းပေးရာတွင် ပအိုဝ်းက ဖြူသားစေ့ငှစွာမရသည့်အတွက် စကားများကြပြီး ကယန်းနှင့်ပအိုဝ်းတို့ ထပ်မံခွဲရပြန်သည်ဟု ဆိုကြသည်။

ကယန်းတို့သည် သထုံမှတဖန် ပဲခူး၊ ထိုမှတစ်ဆင့် တောင်ငူဘက်သို့ ပြန်လည်ပြောင်းရွှေ့သွားပြီး တောင်ငူ အရှေ့ဘက် ဒိုးလောဆိုက်ခေါ် သောက်ရေခန်း ချောင်းတောင် ပေါ်သို့ တက်သွားကြသည်။ ထိုမှတစ်ဆင့် သံတောင်နယ်သို့ ခိုဝင်ကာ သံတောင်မှ ကယားပြည်နယ်ဘက်သို့ အေးအေး ဆေးဆေး ပျော်ပျော်ပါးပါး၊ လွတ်လပ်စွာ ဝင်ရောက်နေထိုင် လုပ်ကိုင်စားသောက်ကြသည်ဟု ဆိုပါသည်။

ကယန်းတိုင်းရင်းသားများအပါအဝင် ကရင်မျိုးနွယ်များ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာခြင်းနှင့်ပတ်သက်၍ မောင်စင်ကြယ်၏ 'ကရင်ဘဝ၊ ကရင်ဓလေ့' စာအုပ်တွင် ဤကဲ့သို့ ရေးသားဖော်ပြထားပါသည်။

"ပြည်ထောင်စုမြန်မာနိုင်ငံတွင်းသို့ မူလဆင်းသက်သော လူမျိုးအုပ်စုကြီး သုံးခုအနက်မှ ထိုင်းတရုတ်လူမျိုးအနွယ်အစု ထဲတွင် ပြည်ထောင်စုသားတိုင်းရင်းသား ကရင်လူမျိုးများ ပါဝင်လာသည်ဟု လက်ခံထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်းတရုတ်အနွယ်ဝင် ကရင်လူမျိုးများသည် မြန်မာပြည်တွင်းသို့ ဝင်ရောက်လာရာတွင် အောက်ပါအတိုင်း ဝင်ရောက်လာပြီး အခြေစိုက် ပျံ့နှံ့သွားသည်ဟု ဆိုကြပါသည်။

(၁) ကရင်လူမျိုးအချို့သည် ဧရာဝတီမြစ်ကြောင်းကို လိုက်၍ ပဲခူးရိုးမတစ်ပိုက်နှင့် မြစ်ဝကျွန်းပေါ်ဒေသတစ်လျှောက်တွင် နေထိုင်ပျံ့နှံ့သွားခြင်း၊

(၂) အချို့မှာ သံလွင်မြစ်ကြောင်းကို လိုက်၍ ရှမ်းကုန်းမြေမြင့်ကို ဖြတ်ကျော်ကာ တောင်ငူခရိုင်တစ်ပိုက်နှင့် တနင်္သာရီတောင်တန်းတစ်လျှောက်တွင် နေထိုင်ပျံ့နှံ့သွားခြင်း၊

(၃) ကရင်လူမျိုးအချို့မှာမူ မဲခေါင်မြစ်ဝှမ်း၊ ရွှေလီမြစ်ဝှမ်းနှင့် မြစ်ကြောင်းများကို စုန်ဆင်းလျက် ရှမ်းပြည်ကုန်းမြေမြင့်တွင် တစ်ချို့နေထိုင် ကျန်ရစ်ခဲ့ပြီး တစ်ချို့မှာ ကယားပြည်နယ်နှင့် တနင်္သာရီတောင်တန်းမှတစ်ဆင့် ထိုင်း၊ လော၊ ဖီလစ်ပိုင်နှင့် ဘော်နီယိုဘက်သို့ နေထိုင်ပျံ့နှံ့သွားသည်ဟု အချို့သူတို့ ယူဆကြပေသည်။"[၁]

ဗိုလ်မှူးဘရှင်၏ 'အနော်ရထာအရင်က မြန်မာနိုင်ငံ' စာအုပ်တွင် မြန်မာနိုင်ငံတွင်းသို့ အစောဆုံး ဝင်ရောက်ခဲ့ကြသော တိုင်းရင်းသားများနှင့်ပတ်သက်၍ သမိုင်းခေတ်ဦးလောက်တွင် ပျူ၊ သက်၊ နာဂ၊ ချင်း၊ ကရင်တိုင်းရင်းသားများ ဝင်ရောက်လာခဲ့ကြောင်း ကရင်တိုင်းရင်းသားများသည် အရှေ့မြောက်

၁။ ကြယ်၊ မောင်၊ စင်၊ 'တရင်ဘဝ၊ တရင်ဓလေ့'၊ ဗဟ - ၁၃

www.burmeseclassic.com

www.burmeseclassic.com



ဖက်ဆီမှ သံလွင်မြစ်ကြောင်းတစ်လျှောက်၌ လှုပ်ရှားပြောင်းရွှေ့နေခဲ့ကြဟန်ရှိကြောင်း၊ ရှမ်းပြည်မြောက်ပိုင်းရှိ မွန်ခမာအနွယ်ခွဲဝင်တို့ နေရာကို ဖောက်ထွင်းခဲ့၍ ငြိမ်းချမ်းအေးဆေးစွာ တောင်ဘက်သို့ ရွှေ့ပြောင်းလာခဲ့ကြောင်း၊ ရှမ်းပြည်တောင်ပိုင်းလောက်သို့ရောက်မှ အနောက်ဘက်သို့ဆက်လက်ပြောင်းခဲ့ဟန်တူကြောင်း ရေးသားဖော်ပြထားပါသည်။[၁]

ထို့ပြင် ဗန်းမော်တင်အောင် ရေးသားသော 'မြန်မာနိုင်ငံတော်သမိုင်း' တွင် "ပျူလူမျိုးများအပြင် တိဗက် - မြန်မာအနွယ်ဝင်များဖြစ်ကြသော မြန်မာ၊ ချင်းနှင့် ကချင်ခေါ်ဂျင်းဖောလူမျိုးများသည်လည်းကောင်း၊ ထိုင်း - တရုတ်အနွယ်ဝင်များဖြစ်ကြသော ရှမ်းနှင့် ကရင်လူမျိုးများသည်လည်းကောင်း၊ တရုတ်ပြည် တိဗက်ဒေသနှင့် ယူနန်နယ်များမှ တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်လာကြသူများ ဖြစ်သည်။" ကရင်လူမျိုးများ မြန်မာတို့ထက်စော၍ ဝင်ရောက်လာခဲ့ကြပုံကို "မြန်မာနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ဘက်တောင်ကုန်းအရပ်ဒေသများတွင် ထိုင်း - တရုတ်အနွယ်ဝင် ရှမ်းနှင့် ကရင်လူမျိုးစုများ ရောက်ရှိနေခဲ့ကြပြီးမှ မြန်မာနိုင်ငံတွင်းသို့ မြန်မာလူမျိုးများ ဝင်ရောက်လာခြင်းဖြစ်သည်" ဟု ရေးသားဖော်ပြထားပါသည်။[၂]

---

၁။ ရှင်၊ ဗိုလ်မှူး၊ ဘ 'အနော်ရထာတ မြန်မာနိုင်ငံ'၊ စာ ၁၄-၈၅

၂။ အောင်၊ ဗန်းမော်၊ တင် "မြန်မာနိုင်ငံတော်သမိုင်း" စာ ၄၈၊ ၉၇

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းအရာနှင့်ပတ်သတ်၍ ဒေါက်တာသန်းထွန်း၏ 'ခေတ်ဟောင်းမြန်မာရာဇဝင်' စာအုပ်တွင် 'တိဘက်-တရုတ် အမျိုးကြီးမှ တိဘက် - မြန်မာအမျိုးသည် မြောက်မှတောင်သို့ တစတစနေရာယူ၍ ပြည်ရွာ တည်ထောင်လာကြပါသည်။ သက်၊ ကန္တူး၊ ပျူ၊ ကရင်တို့အား မြန်မာထက်စော၍ မြန်မာနိုင်ငံတွင်း၌ ရှိနေသူများဖြစ်သည်ဟု ဆိုချင်ပါသည်' ဟူ၍ ရေးသားဖော်ပြထားပါသည်။[၁]

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ ထုတ်ဝေသော 'ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ (ကယား) တွင် ကယန်းတိုင်းရင်းအပါအဝင် ကယားလူမျိုးစုများ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်နေထိုင်ခြင်းနှင့်ပတ်သက်၍ 'အသားဝါလူမျိုးဖြစ်သော မွန်ဂိုလူမျိုးတို့၏ ပင်ရင်းဒေသမှာ အာရှတိုက်အလယ်ပိုင်းရှိ တာရင့်မြစ်ဝှမ်းအရပ်များဖြစ်ကြသည်။ ထိုမွန်ဂို အမျိုးနွယ်တို့မှာ မိမိတို့၏ နေရင်းဒေသ၌ လူဦးရေတိုးပွားလာခြင်း၊ အင်အားကြီးသူတို့က အင်အားနည်းသူတို့အပေါ် အနိုင်ကျင့်ကြခြင်း စသည်တို့ကြောင့် ရေကြည်ရာမြက်နုရာသို့ ဝင်ရောက်လာကြခြင်းဖြစ်ပေသည်' ဟု ဖော်ပြထားပါသည်။[၂]

---

၁။ ထွန်း၊ ဒေါက်တာ၊ သန်း 'ခေတ်ဟောင်းမြန်မာရာဇဝင်' စာ - ၁၉

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားရိုးရာ ဓလေ့ထုံးစံများ (ကယား) စာ - ၂၉

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ကယန်းလူမျိုးများ ဆင်းသက်လာပုံနှင့်ပတ်သက်၍ ၁၉၂၂ ခုနှစ် Columbus University မှ ထုတ်ဝေသည့် Marshall H.I ရေးသားသော 'The Karen People of Burma' တွင် ကယန်းလူမျိုးများသည် ရှေးယခင် တရုတ်ပြည်တွင် အခြေစိုက်နေထိုင်ကြပြီး တရုတ်လူမျိုးများနှင့် လူမျိုးနွယ်၊ ဘာသာစကားနှင့် ဘာသာရေး လုပ်ထုံးလုပ်နည်းများ ဆင်တူကြကြောင်းကို သုံးသပ်ဖော်ပြထားပါသည်။ အင်ဒိုနီးရှားနိုင်ငံ၊ ဘော်နီယိုကျွန်းရှိ 'ဒရတ်' လူမျိုးများသည် ကယန်းလူမျိုးနွယ်များ ဖြစ်သည်ဟူ၍လည်း ရေးသားဖော်ပြထားပါသည်။[၃]

J. george Scott ရေးသားသော The Upper Burma Gazetter စာအုပ်တွင် 'ကယန်းတိုင်းရင်းသားများသည် သူတို့၏ မူလအိမ်နေရာ၊ သမိုင်းကြောင်းနှင့်ပတ်သက်၍ ဗဟုသုတရှိသူများ မဟုတ်ကြောင်း၊ ကယန်းလူကြီး သူမများ၏အဆိုအရ သူတို့သည် တောင်ဘက်ပိုင်းမှ ဆင်းသက်လာကြပြီး သူတို့ နောက်ဆုံးအခြေချခဲ့သော ငံနေရာမှာ တောင်ငူဖြစ်ကြောင်း၊ ထိုဒေသကို သူတို့က ကမ္ဘာ၏ အလယ်ဗဟိုဒေသဖြစ်သည်ဟု ယူဆထားကြောင်း' ကို ရေးသားဖော်ပြထားပါသည်။[၄]

---

၃။ Marshall H.I, 'The Karen People of Burma',Pg 14 - 15

၄။ Scott, J George, 'The Upper Burma Gazetter' Part I, Vol I, chapt IX , pg - 536

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ကျေးရွာတည်ထောင်ပုံနှင့် အိုးအိမ်တည်ဆောက်ပုံ

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် မိမိတို့ကိုယ်ကို တောင်ပေါ်ဒေသ၏ အရှင်သခင်ဟု ယူဆကြသည့်အလျောက် ကျေးရွာများတည်ရာတွင် မြေပြန့်လွင်ပြင်များထက် တောင်ပေါ်ဒေသကို ပို၍ အလေးပေး ရွေးချယ်လေ့ရှိသည်၊ မြေပြန့်မှာနေလျှင် အပူကပ်တတ်သည်ဟု ရှေးလူကြီးသူမများ၏ စကားကြောင့်လည်း ကျေးရွာများကို တောင်ပေါ်၌သာ တည်ကြခြင်းဖြစ်သည်ဟုလည်း သိရပါသည်။ ထို့ကြောင့် ယင်းတို့၏ ကျေးရွာများကို ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း (၄၀၀၀) ကျော် (၅၀၀၀) ခန့် ရှိသော တောင်ပေါ်ဒေသများတွင်သာ အတွေ့ရများခြင်းဖြစ်ပါသည်။

ကျေးရွာများကို မကြာခဏရွှေ့ပြောင်းလေ့ မရှိပေ၊ တစ်နေရာတည်းမှာသာ စွဲစွဲမြဲမြဲဖြင့် နှစ်ပေါင်း ရာကျော်နေတတ်ကြသည်။ ရွာ မီးလောင်ပျက်စီးခြင်း၊ ရောဂါဆိုးကျရောက်ခြင်းနှင့် အစာရေစာ ရှားပါးခြင်းတို့ ကြုံတွေ့ရမှသာ ရွာဟောင်းကို စွန့်ပစ်၍ ရွာသစ်တည်တတ်ကြသည်။

ရွာသစ်တည်ရန် မြေနေရာကို ရွာအကြီးအကဲလုပ်သူက ဦးဆောင်ရှာဖွေရသည်။ နေရာဒေသတစ်ခုကို စိတ်ကြိုက်ရွေးချယ်ပြီးသည့်အခါ ထိုနေရာတွင် ရွာတည်ရန် သင့်မသင့်ကို ကြက်ရိုးထိုးပြီး အတိတ်နိမိတ် ကောက်ယူရသည်။ တစ်ဖန် 'ကေ့ဘော' ခေါ် ရွာတည်တိုင်စိုက်ရန် မြေနေရာ ရွေးချယ်ရပြန်သည်၊ ကြက်ရိုးဗေဒင်က ကောင်းသည်ဟု နိမိတ်ပြလျှင်

www.burmeseclassic.com

www.burmeseclassic.com



ရွာတည်ပြီး မကောင်းဟု နိမိတ်ပြပါက နောက်ထပ်နေရာ တစ်ခုကို ထပ်မံရွေးချယ်ရ၏။ ရွာတည်ရန် မြေနေရာကို ရွေးပြီးသည်နှင့် သချိုင်းမြေကိုပါ တစ်ပါတည်း ရွေးရသည်၊ ရွာသစ်တည်ရန်အတွက် မြေနေရာရွေးချယ်ရာတွင် အစိမ်း သေထားသည့်နေရာ၊ သချိုင်းမြေအဟောင်းနှင့် နတ်ပူဇော် ပသသည့် မြေမျိုးမှ ကင်းလွတ်သော မြေနေရာကို ရွေး ရသည်။

ကျေးရွာအမည်များကို ရွာ စတင်တည်ထောင်ရာတွင် ဦးဆောင်ခဲ့သောသူ၏ အမည်ကိုအစွဲပြု၍လည်းကောင်း၊ အနီးပတ်ဝန်းကျင်ရှိ တောင်တန်းများ၏အမည်များကို အစွဲ ပြု၍လည်းကောင်း၊ ထိုရွာတွင် နေထိုင်ကြသည့် လူမျိုးနွယ် အမည်များကို အစွဲပြု၍လည်းကောင်း မှည့်ခေါ်လေ့ ရှိကြ ပါသည်။

ရိုးရာအိမ်ပုံစံမှာ ပျဉ်ခင်း၊ ပျဉ်ကာ၍ သက်ငယ်မိုးထား သည့် ခြေတိုင်ရှည် တစ်ထပ်အိမ်မျိုး ဖြစ်သည်။ ငွေကြေး တတ်နိုင်သူများက သွပ်မိုးလေ့ရှိသည်။ အိမ်ခြေတိုင်အမြင့်မှာ လူတစ်ရပ်စာခန့်မြင့်၍ အိမ်အောက်တွင် တစ်နှစ်စာအတွက် ထင်းများ သိုလှောင်ထားကြသည်။ အိမ်ပုံသဏ္ဌာန်မှာ ထောင့်မှန် စတုဂံပုံဖြစ်ပြီး အိမ်ရှေ့တွင် ဝရန်တာထုတ်ထားသည်။ အခန်း ဖွဲ့စည်းထားပုံမှာ အိမ်၏ ထက်ဝက်တိတိကို ဧည့်ခန်း လုပ်ထားပြီး ဧည့်ခန်း၏ သုံးချိုး နှစ်ချိုးနေရာတွင် မီးဖိုထား ရှိသည်။ ကျန်ထက်ဝက်ကို အိပ်ခန်း နှစ်ခန်း ဖွဲ့ထားသည်၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်အတွင်းသို့ ဝင်ရန် ဝင်ပေါက်တစ်ပေါက်သာ ပါရှိပြီး ညည့်ခန်းတွင်မူ ပြတင်းပေါက်တစ်ပေါက်သာ ပါရှိသည်။ ထို့ကြောင့် အိမ်များမှာ လုံနေသည့်အပြင် မီးဖိုမှ မီးကိုလည်း အဆက်မပြတ် မွှေးထားလေ့ရှိသဖြင့် အိမ်ထဲသို့ဝင်ပါက မီးခိုးများဖြင့် မွှန်လျှက်ရှိသည်။ မီးဖို၏ အပေါ်ဘက်တွင် ခေါင်ရည်ချက်ရန်နှင့် ကြက်စာကျွေးရန် ပြောင်းဖူးများကို တစ်နှစ်စာအတွက် ကျပ်တင်ထားလေ့ရှိသည်။ မီးဖိုခန်း၏ ထောင့်တွင်မူ ခေါင်အိုးများကို ထားရှိသည်။

အိမ်များကို နွေရာသီတွင် ဆောက်လေ့ရှိပြီး အိမ်ဆောက်ရာတွင် လိုအပ်မည့် သစ်၊ ဝါးများကို ဆောင်းရာသီကတည်းက ရှာဖွေခုတ်ယူလေ့ ရှိကြသည်။ အိမ်ဆောက်ရာတွင် ယခင်က သပြေသားကို ရွေးပြီးဆောက်ကြသော်လည်း ယခုအခါ သပြေသားအစား ထင်းရှူးသားကိုသာ အသုံးများလာသည်။ အိမ်ဆောက်ရာတွင်သုံးမည့် သစ်ပင်သည် မိုးကြိုးပစ်ခံရသော သစ်ပင်၊ အခေါင်းပါသောသစ်ပင်နှင့် ငှက်သိုက်ရှိသောသစ်ပင် မဖြစ်ရပေ၊ ထို့ပြင် တောင်ကမ်းပါးယံတွင် ကပ်၍ ပေါက်နေသော သစ်ပင်၊ သင်္ချိုင်းသို့သွားရာလမ်းတွင် ပေါက်နေသော သစ်ပင်နှင့် သူတစ်ပါး နတ်တင်ထားသောသစ်ပင်မျိုးကို ခုတ်ယူခြင်း မပြုရပေ။

အိမ်ဆောက်ရန်အတွက် မြေနေရာ ရွေးသည့်အခါတွင် လည်းကောင်း၊ အိမ်ပန္နက်ရိုက်ရာ၌လည်းကောင်း ရှေးဦးစွာ ကြက်ရိုးထိုးပြီး အတိတ်နိမိတ်ကောင်းမှသာလျှင် အိမ်ကို


www.burmeseclassic.com

www.burmeseclassic.com



ဆောက်လေ့ရှိကြသည်။ အိမ်ဆောက်သည့်အခါ မိမိအိမ်သားများအပြင် ဆွေမျိုးသားချင်းများကလည်း ဝိုင်းကူ၍ ဆောက်ပေးကြသည်။ ဆောက်လုပ်ပြီးစီးပါက အိမ်သစ်တက်ပွဲကို ကျင်းပပြုလုပ်ကြသည်။

အိမ်သစ်တက်ပွဲသို့ မိမိရပ်ရွာမှ ဆွေမျိုးသားချင်းများသာမက ရွာနီးချုပ်စပ်မှ အသိမိတ်ဆွေများကိုလည်း ဖိတ်ကြားလေ့ရှိသည်။ အိမ်သစ်တက်ပွဲတွင် အိမ်ရှင်များက ခေါင်ရည်၊ ထမင်းဟင်းလျာတို့ဖြင့် ဧည့်သည်များကို ဧည့်ခံကျွေးမွေးသည်။ အိမ်သစ်တက်ပွဲတွင် သက်ကြီးရွယ်အို ပုဂ္ဂိုလ်များကို အထူးအလေးပေး ကျွေးမွေးပြုစုကြကြောင်း သိရှိရပါသည်။ အိမ်သစ်တက်ပွဲ ကျင်းပပြီးမှသာလျှင် အိမ်သူ အိမ်သားများသည် အိမ်သစ်တွင် နေထိုင်ကြရသည်။




တ - အိမ်ရှေ့ဝရန်တာ
ခ - ဧည့်ခန်း
ဝ၁, ဝ၂ - အိပ်ခန်း
သ - မီးဖို

တယန်း(ဝခေါင်း)တို့၏
ရှိရာအိမ်ပုံစံ

www.burmeseclassic.com

www.burmeseclassic.com





တောင်းရွာရှုခင်း



မိုးရာအိမ်ပုံစံ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၂

## ရုပ်သွင်ပြင်၊ စိတ်နေသဘောထားနှင့် ဝတ်စားဆင်ယင်ပုံ

### (က) ရုပ်သွင်ပြင်

ကယန်း (ပဒေါင်) တိုင်းရင်းသားများကို ရုပ်သွင်ပြင် အကဲခတ်ပညာ[၁] ရှုထောင့်မှ လေ့လာသုံးသပ်ကြည့်ရာ မွန်ဂိုလွိုက်[၂] အနွယ်တို့၏ သွင်ပြင်လက္ခဏာများ ပေါ်လွင်နေကြောင်း တွေ့ရှိရသည်။ ရာသီဥတုဒဏ်ကြောင့် အချို့၏ အသားအရောင်မှာ နီစပ်စပ်၊ အညိုရင့်ရင့် ရှိကြသော်လည်း ပင်ကိုယ်အသွေးအရောင်မှာ အသားဝါအုပ်စုဝင်များ ဖြစ်ပေသည်။

အမျိုးသားများ၏ အရပ်အမောင်းမှာ ၅ ပေ ၃ လက်မမှ ၅ ပေ ၈ လက်မအကြားတွင်ရှိပြီး အမျိုးသမီးများမှာမူ ၅ ပေမှ ၅ ပေ ၄ လက်မအကြားတွင် ရှိပါသည်။ တောင်ပေါ်နေ တိုင်းရင်းသားများဖြစ်သည့် အားလျော်စွာ တောင်တက်ရဖန်

---

၁။ **Anthroposcopy**

၂။ **Mongoloid**



www.burmeseclassic.com

www.burmeseclassic.com



များသဖြင့် ခြေသလုံး ကြွက်သားများ ဖုထစ်၍ တောင့်တင်း သန်မာကြသည်။ နေ့စဉ်ပင် ကာယအားကို အသုံးပြုဆောင်ရွက်ရသောကြောင့် လက်မောင်း၊ ပခုံးနှင့် ကျောပြင်ရှိ ကြွက်သားများ ခိုင်မာတောင့်တင်းကြသည်။ အရိုးအဆစ်များ အတော်အသင့်တုတ်ခိုင်ပြီး ကိုယ်လုံး ကိုယ်ထည် ကြံ့ခိုင်သန်မာကြသည်။

ဦးခေါင်းပုံမှာ များသောအားဖြင့် လုံးသောပုံစံ[၁] ရှိ၏။ ကြက်ဥပုံသဏ္ဌာန် လုံးဝိုင်းသောမျက်နှာ ရှိသည်။ မျက်လုံးအရောင်မှာ အညိုရောင်၊ အနက်ရောင်ဖြစ်သည်။ မျက်လုံးအနည်းငယ်ကျဉ်းပြီး မျက်ခွံမို့မောက်သည်။ နှာတံရှည်ပြီး အဖျားဘက်တွင် အနည်းငယ် ပွသည်။ နှုတ်ခမ်းအနေအထားမှာ ပါး၍ ဘေးသို့ အနည်းငယ်ကျယ်သည်။ ရှေ့သွားအနည်းငယ်ကြီးသည်။ အမျိုးသားရော၊ အမျိုးသမီးပါ ကွမ်းများအဆက်မပြတ်စားခြင်းကြောင့် သွားများဝါပြီး နှုတ်ခမ်းအရောင်မှာ အမြဲ နီလျက်ရှိသည်။ အချို့ သက်ကြီးရွယ်အိုများ၏ သွားမှာ အနက်ရောင်ဖြစ်ကြသည်။ ထိုကဲ့သို့ သွားနက်ရခြင်းမှာ ရှေးယခင်က သွားအနက်ရောင်ဆိုးခြင်းဓလေ့ရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ ယခုအခါ ဤဓလေ့မှာ ကွယ်ပျောက်လုပြီဖြစ်သည်။

ကယန်း (ပဒေါင်) အမျိုးသမီးများသည် ငယ်ရွယ်စဉ်ကပင် လည်ပင်းတဝိုက် ကြေးခွေရစ်ပတ် ဝတ်ဆင်လာခဲ့ရသောကြောင့် ပခုံးကြွက်သားများ အောက်သို့ နိမ့်ကျလာရသည်။ ပခုံးသားနိမ့်ကျသွားသဖြင့် လည်ပင်းများ ရှည်ထွက်

---

၁။ Mesocephalic

www.burmeseclassic.com

www.burmeseclassic.com



လာသကဲ့သို့ ထင်ရသည်။ လည်ပင်းမှ မေးဖျားထိကိုင် ကြေးခွေများ ရစ်ပတ်ဝတ်ဆင်ထားရသဖြင့် မျက်နှာခပ်မော့မော့ ဖြစ်နေသည်။ ကြေးခွေဝတ်ဆင်ထားသော ကယန်း (ပဒေါင်) အမျိုးသမီးများ၏ ခန္ဓာကိုယ်အနေအထားမှာ တုတ်တုတ်ခိုင်ခိုင် မရှိကြဘဲ ပိန်ပိန်သွယ်သွယ်များသာ ဖြစ်ကြသည်။ ကြေးခွေ၏ အလေးချိန်ကြောင့် ဤသို့ ဖြစ်ရသည်ဟု ယူဆရ၏။ ကြေးခွေရစ်ပတ်ဝတ်ဆင်ထားသော ကယန်း (ပဒေါင်) အမျိုးသမီးများ၏ မျက်နှာပုံပန်းသဏ္ဍာန်နှင့် ခန္ဓာကိုယ်အရွယ်အစားကွာခြားမှု သိပ်မရှိလှသည့်အတွက် အဝေးမှကြည့်လျှင် အမွှာညီအစ်မများကဲ့သို့ပင် ဖြစ်နေကြောင်း တွေ့ရှိရသည်။

## (ခ) စိတ်နေသဘောထား

လေ့လာဆန်းစစ်သိရှိရသည့် ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ စိတ်နေသဘောထားကို တင်ပြရမည်ဆိုပါလျှင် လူမျိုးစွဲ၊ ဒေသစွဲ ကြီးကြသည်။ အညှိုးအတေးကြီးသည်။ မည်သည့်လုပ်ငန်းမျိုးကိုမဆို ယင်းတို့၏ဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက အစဦးပိုင်းတွင် ထိရောက်အောင်မြင်မှုရှိအောင် ဆောင်ရွက်ပြနိုင်ရန် အရေးကြီးသည်။ ထိုကဲ့သို့ လုပ်ဆောင်ပြနိုင်မှသာ စိတ်ပါလာပြီး ယုံကြည်မှု ရှိလာကြသည်။ ပင်ပန်းဆင်းရဲမှုဒဏ်ကို ကြံ့ကြံ့ခိုင်ခိုင်သော စွမ်းရည်လည်း ရှိကြသည်။

လူစိမ်းဆိုလျှင် တွေ့စဉ် ရှက်အမ်းနေတတ်ကြသော်လည်း ရင်းနှီးသိကျွမ်းလာလျှင် မိသားစုဝင်ကဲ့သို့ ကြွေးမွေးပြုစုတတ်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သူတို့၏ ကျေးရွာတွင် ဆန်ရေစပါးမည်မျှပင် ရှားပါးနေစေပါမူ အိမ်သို့ရောက်လာသော ဧည့်သည်များကို ကောင်းမွန်စွာ ကျွေးမွေးတတ်ကြသည်။ မိမိတို့၏ ကာယအား၊ ဝီရိယအားဖြင့် လယ်မြေ၊ တောင်ယာမြေများကို စိုက်ပျိုးလုပ်ကိုင်၍ ရရှိသော ဆန်စပါးများအပေါ်၌သာ ရောင့်ရဲတင်းတိမ်ကြသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် စစ်တိုက်ခြင်း၌ ရဲရင့်စွာ ရင်ဆိုင်တိုက်ခိုက်တတ်သော လူမျိုးလည်း ဖြစ်ပေသည်။ ၁၈၈၉ ခုနှစ် နယ်ချဲ့ဆန့်ကျင်ရေးတွင် လက်ကောက်ဝတ်နှင့် ဂုပ်ပိုးနေရာများ၌ 'တက်နေ' တံဆိပ်များ ဆေးထိုး၍ တိုက်ပွဲဝင်ခဲ့ကြကြောင်းကို လူကြီးသူမများက အမြဲပင် ဂုဏ်ယူဝံ့ကြွားစွာ ပြောဆိုတတ်ကြသည်။ ဂျပန်တော်လှန်ရေးကာလတွင်လည်း ဂျပန်တပ်များကို ဒေါရောက်ခူမြို့မှ ရှုပ်ရှုပ်ချွံချွံ တော်လှန်ခဲ့ကြသည်ဟု ဆိုပါသည်။ ကယန်း (ပဒေါင်) တိုင်းရင်းသားများ ဂျပန်ကို ရှုပ်ရှုပ်ချွံချွံ တော်လှန်တိုက်ခိုက်ခဲ့သည့်အကြောင်းနှင့်ပတ်သက်၍ ဒါရိုက်တာမြင့်မောင်က 'ကယားတို့ဌာနီ၊ ငွေတောင်ပြည်' စာအုပ်၌ "ပဒေါင်လူမျိုးများသည် ဝတ်စားဆင်ယင်ပုံ ရိုးသားကြသလို ယင်းတို့၏ အနေအထိုင် အပြောအဆိုမှာလည်း အလွန်ရိုးသားသူများဖြစ်ကြသည်။ အထူးသဖြင့် အမျိုးသမီးများသည် အရှက်အကြောက် အလွန်ကြီးဟန်တူသည်။ သူတို့သည် မျက်နှာစိမ်းဧည့်သည်တစ်ဦးဦး၊ သူတို့နေထိုင်ရာအိမ်သို့ ရောက်လာလျှင် အိမ်အတွင်း ပြေးဝင်ပုန်းနေတတ်ကြသည်။ စကားပြောသောအခါ၌ ရယ်သောအခါများတွင်လည်း သူတို့၏ပါးစပ်ကို လက်ဝါးဖြင့် ရှက်စနိုး အမြဲအုပ်ထားလေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ပဒေါင်အမျိုးသမီးများကား ရဲရင့်တက်ကြွ၍ ဖျတ်လတ်သောအသွင်သဏ္ဌာန် ရှိကြသည်။ ယခင် ဗြိတိသျှ ခေတ်က စစ်ထဲလိုက်ဖူးသော စစ်တိုက်ကျွမ်းကျင်သူများလည်း ရှိသည်။ ဖက်ဆစ်တော်လှန်ရေးကာလ ဂျပန်များကို မြန်မာ နိုင်ငံအတွင်းမှ မောင်းနှင်ထုတ်စဉ် ဂျပန်များ အားရှိသမျှ လက်နက်အင်အားဖြင့် တိုက်ထုတ်ခဲ့သော ပဒေါင်အမျိုးသား အများအပြား ယခုတိုင် ရှိကြသည်။ ကယားပြည်နယ် ဦးစီး အဖွဲ့ဝင် ဦးသိုင်းသန်းတင်နှင့် ကွယ်လွန်သူ သိုင်းဗဟန်တို့မှာ ထင်ရှားသော ပဒေါင်အမျိုးသားများ ဖြစ်ကြသည်။[၁] ဟူ၍ ကောက်နုတ်တင်ပြထားပါသည်။

## (ဂ) ဝတ်စားဆင်ယင်ပုံ

ရှေးဆန်သော ကယန်း (ပဒေါင်) အမျိုးသားများသည် လက်ယာဘက်သို့ ယောင်တစောင်းထုံးလေ့ရှိပြီး၊ ဆံထုံးပေါ်၌ ဖျင်ကြမ်းဖြူ နီ၊ ပန်းရောင်ပါသော ဖျင်များကို ပေါင်းကြသည်။ အပေါ်အင်္ကျီကို အဖြူခံ သို့မဟုတ် သိုးမွေးချည်ခံ ရင်ကွဲ ဇာပ်ခုတ်ထည်များကို ဝတ်ဆင်တတ်ပါသည်။ ဘောင်းဘီမှာ ချည်အဖြူခံ သို့မဟုတ် အနက်ရောင်ကို ဝတ်ဆင်ကြသည်။ ပွဲလမ်းသဘင်၌ အထက်ပါအင်္ကျီနှင့် ဘောင်းဘီကို သိုးမွေး ရောင်စုံပါသော အဝတ်များကိုလည်း ဝတ်ဆင်တတ်ပါသည်။ ခါးတွင်မူ သားရေတစ်ဆင့်၊ ကြေးကွင်းတစ်ဆင့် ဆက်ထား

---

၁။ မောင်၊ ဒါရိုက်တာ၊ မြင့် 'ကယားတို့ဌာနီ ငွေတောင်ပြည်'
စာ - ၁၉

www.burmeseclassic.com

www.burmeseclassic.com


သော ခါးပတ်ကို ပတ်ထားပြီး ကြေးကွင်း၌ ဆင်စွယ်ဓားရိုး၊ ဆပ်ချိုဓားရိုးနှင့် ငွေသားဖြင့် လှပစွာ ပြုလုပ်ထားသော ဓား အိမ်ပါသည့် ဓားများကိုလည်း ချိတ်ဆွဲဝတ်ဆင်လေ့ ရှိပါသည်။

ယခင်က ကယန်း (ပဒေါင်) အမျိုးသားများသည် နား ပေါက်ဖောက်၍ ပွဲလမ်းသဘင်အချိန်၌ ငွေနားဆွဲ၊ သိုးမွေး ရောင်စုံဖြင့် ပွပွကလေးဖြစ်အောင်လုပ်ပြီး နားတွင် ပန်ဆင် တတ်ကြပါသည်။ လည်ပင်းတွင် ကွင်းလိမ်ငွေသားဆွဲကြိုးနှင့် "ဘော့ဒ်" ခေါ် ပန်းကွက်ဖော်ထားသော ငွေဆွဲပြားကို ဆွဲ ထားပြီး၊ ခြေကျင်းဝတ်၌ "ဘုတ်သ" ခေါ် ပုတီးကို ခြေမျက်စိ အောက်၌ သုံး၊ လေးကုံး ဝတ်ဆင်တတ်ကြပါသည်။ လက်မောင်းနှင့် ခြေသလုံးအထက်တွင် 'ကာမို့' ခေါ် သင်ရိုး ကိုလည်း ကွင်းအလိုက် တပ်ဆင်ကြသည်။

ယခုခေတ်တွင်မူ ဆံထုံး ထုံးခြင်း၊ ခေါင်းပေါင်းခြင်း၊ နားဖောက်ခြင်းများကို မပြုလုပ်တော့ဘဲ ရှပ်အကျီ၊ ရှမ်း ဘောင်းဘီများကို ဝတ်ဆင်ကြပြီး ခေတ်သစ်အမျိုးသားဝတ်စုံ ဖြစ်သည့် ရင်ကွဲအကျီအဖြူ၊ ရှမ်းဘောင်းဘီအရှည်၊ ခေါင်း ပေါင်းအနီ၊ ပန်းရောင်တို့ကို နေ့ကြီး ရက်ကြီး ပွဲလမ်းသဘင် များ၌သာ ဝတ်ဆင်ကြပါသည်။

ယခင်က ကယန်း (ပဒေါင်) အမျိုးသမီးများ၏ အကျီ ပုံစံမှာ အထက်ပိုင်း၌ အဖြူ၊ အောက်ပိုင်း၌ အနီရောင်ပါသော ခေါင်းစွပ် ဂျပ်ခုတ်ထည်ဖြစ်ပါသည်။ အကျီမှာ ပေါင်လည် လောက်အထိ ရှိသည်။ အောက်ပိုင်း၌မူ အနီရေး၊ အနက် ရောင် ကန့်လန့်စင်း ဂျပ်ခုတ်ထည်ကို ခြေသလုံးအထက်ထိ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်လေ့ရှိကြသည်။ ယခုခေတ် ကယန်း (ပဒေါင်) အမျိုးသမီးများသည် ပွဲလမ်းသဘင်အချိန်၌ ရင်ကွဲအင်္ကျီ၊ အနီရောင်၊ အနက်ရောင် ကန့်လန့်စင်း ထမီရှည်ကို ဝတ်ဆင်ကြပြီး ခေါင်းတွင် ခေါင်းစည်းအဖြူကို ရစ်ပတ်ချည်နှောင်လေ့ရှိသည်။ သာမန်နေ့များတွင်မူ မြန်မာအမျိုးသမီးများကဲ့သို့သာ ဝတ်ဆင်ကြပါသည်။

အမျိုးသမီးများ၏ ဆံထုံးပုံစံမှာ သာမန်ထုံးရိုး ထုံးစဉ်မျိုး မဟုတ်ဘဲ ထူးခြားလှ၏။ ခေါင်း၏ ထိပ်တည့်တည့်တွင် အချွန်ပုံသဏ္ဌာန် ထုံးထားပြီး၊ ဆံထုံးထိပ်တွင် 'ကဒ်ဂုပ်ကဒ်ခိုက်' ခေါ် ဆံထိုးချွန်ကြီးကို ထိုးစိုက်ထားသည်။ ဆံထုံးချွန်ကြီး၏ အောက်ဖက်တွင် 'မိုင်းနီ' ခေါ် ကျုပ်ပြားဝိုင်းခန့်ရှိသည့် ဆံထိုးအဝိုင်းကြီးနှစ်ခုကို အထက်အောက်ဆင့်၍ စိုက်ထားကာ ငွေကွပ်ထားသော ဘီးနှစ်ခုကိုလည်း ရှေ့နောက်နှစ်ချောင်း ပြန်လှန်စိုက်ထားသည်။ ဆံထိုးငယ်နှစ်ချောင်း၏ ထိပ်တွင် ဒင်္ဂါးပြား အသေးလေးများကို စိန်ပန်းခိုင်သဘောမျိုး ပြုလုပ်ထားသည်၊ ငွေဒင်္ဂါးတုံးကလေးကို နဖူးအထက်တွင် လခြမ်းပုံသဏ္ဌာန် ဆွဲချထားပြီး နားသယ်စပ်တွင် ပိတ်စအနီ၊ အဝါ၊ အစိမ်းများကို လှပစွာ စည်းနှောင်ထားလေ့ ရှိပါသည်။

ကယန်း (ပဒေါင်) အမျိုးသမီးများ၏ ထူးခြားပေါ်လွင်သော ဆင်ယင်ထုံးဖွဲ့မှုတစ်ရပ်မှာ လည်ပင်းနှင့် ခြေထောက်တို့တွင် ကြေးခွေများ ရစ်ပတ်ဝတ်ဆင်ကြခြင်းပင် ဖြစ်သည်။ လည်ပင်းတစ်ခုလုံးကို ခေါင်းပိတ် ကြေးချောင်းများဖြင့် အထက်တာ၍ အလယ်တွင် သိပ်ပြီး အောက်သို့ ကျယ်သော

www.burmeseclassic.com

www.burmeseclassic.com



ပုံသဏ္ဌာန်ဖြင့် ရစ်ပတ်ဝတ်ဆင်ထားကြပြီး ကြေးခွေကြီး၏ အောက်ပိုင်းလည်ဂုပ်တွင် ကြေးခွေကလေးများကို အထိန်းသဘောဖြင့် ထောင်လိုက်စွပ်ထားကြသည်။ ကွင်းလိမ်ငွေကြိုးနှင့် ငွေသားဒင်္ဂါးပြားဘယက်တို့ကိုလည်း လည်ပင်း၌ ချိတ်ဆွဲထားလေ့ရှိသည်။ ပယင်းပုတီးကြီးများကိုလည်း သီကုံးဝတ်ဆင်ကြသည်။ နားပေါက်ကျယ်ကြီးများ ဖောက်ထားပြီး ငွေ၊ ကြေးတို့ဖြင့် ပြုလုပ်ထားသည့် နားဆွဲများ၊ နားထောင်းများ ဆင်မြန်းကြသည်။ လက်တွင်မူ ငွေဖြင့် ပြုလုပ်ထားသော ငွေလက်ကောက်များကို ဝတ်ဆင်ကြသည်။ ခြေထောက်တစ်ဘက်တစ်ချက်တွင်လည်း ဒူးဆစ်အောက်မှ ခြေသလုံး၊ ခြေသလုံးမှ ခြေမျက်စိအထိ ကြေးခွေ လေးခွေစီကို ရစ်ပတ်ထားကြသည်။ ခြေမျက်စိအောက်တွင်မူ 'ဘုတ်သြ' ခေါ် ပုတီးနှင့် ချူသီးများကို ဝတ်ဆင်ကြသည်။

ကယားပြည်နယ်၊ ဒီမော့ဆိုမြို့နယ် အနောက်မြောက်ဘက်ရှိ ပန်ပက်ကျေးရွာအုပ်စု ကယန်း (ပဒေါင်) အမျိုးသမီးများသည် သူတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို ယခုတိုင် ဆက်လက်စောင့်ထိန်းဆဲဖြစ်သည်ဟု ဆိုရပေမည်။ ထိုကျေးရွာအုပ်စုတွင် ကြေးခွေမဝတ်ဆင်ထားသော အမျိုးသမီးများ မရှိသလောက်ပင် ဖြစ်သည်။ ပွဲလမ်းသဘင်ရှိသောအခါ သူတို့သည် ကြေးခွေများကို ကောက်ရိုးများဖြင့် ပြောင်လက်နေအောင် တိုက်ချွတ်၍ ဝတ်စားတန်ဆာအပြည့်အစုံကို ဝတ်ဆင်ကြသည်။ တောင်ယာသွားသည့်အခါတွင်ဖြစ်စေ ရွာတွင်း၊ အိမ်တွင်း၌ နေသည့်အခါဖြစ်စေ ဒူးဖစ်အထိ ဝတ်ဆင်ထား

www.burmeseclassic.com

www.burmeseclassic.com



သည့် ဂျပ်ခုပ်ထမီများအပေါ်မှ ယောက်ျားဝတ်ပုဆိုးများကို ဖုံးလွှမ်း ဝတ်ဆင်လေ့ရှိကြသည်။

ကလေးငယ်များကို အသက်နှစ်နှစ်ခန့်အထိ အပေါ်ပိုင်း အင်္ကျီကလေးသာ ဝတ်ဆင်ပေးပြီး အောက်ပိုင်း ဗလာကျင်း ထားကြသည်၊ ကလေးငယ်၏ လည်ပင်းနှင့် ညာဘက် လက်ကောက်ဝတ်တွင် အန္တရာယ်ကင်း ချည်ခင်အဖြူလေး များကို ချည်နှောင်ပေးတတ်ကြသည်။ ခြေကျင်းဝတ်တွင် ဘော်ဖြင့် ပြုလုပ်ထားသော အချင်း ၀. ၅ စင်တီမီတာခန့် ရှိသည့် ချူလုံးကလေးများပါသော ခြေကျင်းလေးများကို ဝတ်ဆင်ပေးတတ်ကြသည်။ အသက် သုံးနှစ်ကျော် လေးနှစ် ခန့်ရှိမှသာ ယောက်ျားကလေးများကို ရှပ်အင်္ကျီနှင့် ဘောင်းဘီ တိုကို ဝတ်ဆင်ပေးပြီး မိန်းကလေးများကို ခေါင်းစွပ် ဂျပ်ခုပ် အင်္ကျီနှင့် ထမီတိုကလေးများ ဝတ်ဆင်ပေးကြသည်။ မိန်းကလေး များ အသက်အရွယ် ငါးနှစ်ခန့်ရောက်လျှင် ကြေးခွေ စတင် ရစ်ပတ် ဝတ်ဆင်ပေးကြသည်။

**(၀. ၁) ကြေးခွေ ရစ်ပတ် ဝတ်ဆင်ခြင်း ဓလေ့သမိုင်း**

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ကြေးခွေ ရစ်ပတ်ဝတ်ဆင်ခြင်းဓလေ့၏ မူလအစနှင့်ပတ်သက်၍ ထင်မြင်ယူဆချက်အမျိုးမျိုး တွေ့ရှိရပါသည်။ ယင်းတို့မှာ -

ကယန်းလူမျိုးများ၏ "အမိမှာ နဂါး၊ အဘမှာ ဘုရား" ဖြစ်သောကြောင့် မိခင်နဂါး၏ ပုံသဏ္ဌာန်နှင့် တူစေရန် ကယန်း အမျိုးသမီးများ၏ လည်ပင်းတွင် ထိုကဲ့သို့ ကြေးခွေများ ရစ်ပတ်ဝတ်ဆင်ခြင်းဖြစ်သည်ဟူသော ယူဆချက်၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကယန်းလူမျိုးများသည် ရှေးပဝေသဏီကာလက ရေကြည်ရာ၊ မြက်နုရာသို့ လှည့်လည်နေထိုင်ကြရင်း သီဒကုံခေါ် ရန်ကုန်အရပ်ဒေသသို့ ရောက်သောအခါ ရွှေပင်၊ ငွေပင် အနွယ်များကို တွေ့ရ၍ မုန်းမူဂုတ်ဆိုသူ အဘွားအိုက ရွှေပင်ကိုချိုး၍ လည်ပင်းတွင် ရစ်ပတ်ဝတ်ဆင်ခဲ့ခြင်းမှ စတင်ခဲ့သည်ဆိုသော ယူဆချက်။

ကယန်းလူမျိုးများသည် မူရင်းအရပ်ဒေသ မွန်ဂိုလီယာမှ တိဘက်၊ တိဘက်မှ တစ်ဆင့် မြန်မာပြည်သို့ ဆင်းသက်လာရာတွင် မျိုးနွယ်တူ တရုတ်လူမျိုးများထက် သူတို့က သွက်လက်၊ ဖျတ်လတ်၍ ရှေ့သို့ ကြိုတင်ရောက်ရှိ နေလေ့ရှိသောကြောင့် တရုတ်တို့က မကျေနပ်၍ ခရီးနှောင့်နှေးကြန့်ကြာစေရန်အလို့ငှာ ကယန်းအမျိုးသမီးများ၏ လည်ပင်းတွင် လေးလံသောကြေးခွေများ ပတ်ပေးလိုက်ခြင်းဖြစ်သည် ဟူသော ယူဆချက်*

ကယန်းလူမျိုးများ နေထိုင်ရာဒေသကို ရှေးယခင်က ရှမ်းစော်ဘွားများ၊ မြန်မာဘုရင်များ တစ်လှည့်စီ လာရောက်အုပ်ချုပ်လေ့ရှိသောကြောင့် ဖြူစင်လှပသော ကယန်း အမျိုးသမီးများအား ယင်းတို့က တော်ကောက်ခြင်း၊ မိဖုရားအဖြစ်သိမ်းပိုက်ခြင်းတို့ ပြုလုပ်မည်ကို စိုးရိမ်၍ ထိုရန်မှ ကာကွယ်သည့်အနေဖြင့် ကယန်းအမျိုးသမီးများ အကျည်းတန်၊ ရုပ်ဆိုးစေရန် လည်ပင်းတွင် ကြေးခွေများ ရစ်ပတ်ထားခြင်း ဖြစ်သည်ဟူသော ယူဆချက်နှင့် -

* ပန်ပက်ကျေးရွာအုပ်စုမှ တိုင်းရင်းသားများ ယုံကြည်လက်ခံထားသော ယူဆချက်

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ၊ ဒါရိုက်တာ မြင့်မောင်၏ "ကယားတို့ဌာနီ၊ ငွေတောင်ပြည်" စာအုပ်တွင် "ကြေးကွင်း လည်ပင်းစွပ်ခြင်း အစ" ခေါင်းစဉ်အောက်၌ ပဒေါင်မိန်းကလေးများ၏ လည်ပင်းတွင် ကြေးကွင်းစွပ်သည့် ဓလေ့နှင့်ပတ်သက်၍ ရှေးဟောင်းစကားတစ်ခုကို အောက်ပါအတိုင်း မှတ်သားခဲ့ရသည်။

ပဒေါင်လူမျိုးများသည် ကမ်းယံအနွယ်ဝင်များဖြစ်သည်ဆို၏။ ရှေးအခါက ဘုရင်တစ်ပါးတွင် အလွန်ချစ်သော သားနှင့်သမီးနှစ်ဦး ရှိသည့်အနက် သားငယ်ဖြစ်သူကို ဘုရင်က တရုတ်မင်းအုပ်ချုပ်နေသည့် ယူနန်နယ်သို့ သံတမန်သဘောဖြင့် လက်ဆောင်များ ပေးအပ်လျက် စေလွှတ်လိုက်လေသည်၊ သားငယ်သည် ယူနန်သို့ရောက်၍ နှစ်ကာလအတန်ကြာသော အခါ ယူနန်မင်းက လက်ဆောင်ပါးလိုက်သော ဖခင်ဘုရင်အတွက် ဘဏ္ဍာပစ္စည်းများနှင့် အစ်မတော်အတွက် ဘော်ကြိုးစသည့်များ ယူဆောင်၍ နေပြည်တော်သို့ ပြန်လာခဲ့သည်။

ဤတွင် ယူနန်မင်းက ပါးလိုက်သောပစ္စည်းလက်ဆောင်များအနက် ဘော်ကြိုးအား အစ်မတော်ဖြစ်သူသည် မဝတ်ရက်၊ မဆင်ရက်ဘဲ နန်းတွင်းအိပ်ဆောင်၌ အမြဲတစေ သိမ်းဆည်း ယုယထားသည်။ ထို့သို့ သိမ်းဆည်းထားရာမှ စိတ်မချနိုင်သဖြင့် လည်းပင်း၌ဆွဲပြန်သည်။

ပဒေါင်မိန်းမများ၏ လည်းပင်း၌ ရစ်ပတ်ထားသော ကြေးကွင်းများသည် ဆိုခဲ့သည့် ကမ်းယံအနွယ်ဝင် ဘုရင့်

www.burmeseclassic.com

www.burmeseclassic.com


သမီးတော်ဖြစ်သူက ဘော်ကြိုးကို အမြတ်တနိုး လည်ပင်းတွင် ဆွဲထားရာမှ စတင်လာသည်ဟု သိရသည်။ မူလက ပဒေါင် အမျိုးသမီးများ၏ လည်ပင်း၌ ရစ်ပတ်သော ခွေများမှာ ယခုကဲ့သို့ ကြေးမဟုတ်ပေ၊ ဘော်ငွေများသာ ဖြစ်သည်။ ငါးခွေမှ စတင်ခဲ့သည်ဟု ဆိုသည်။ ကြေးခွေမှာ နောက်မှ အတုပြိုင်သဘော အလှအပသဘော ပြုလုပ်ဆင်မြန်းရာမှ ယခုတိုင် မြင်တွေ့နေခြင်း ဖြစ်သည်။"[၁] ဟူ၍ ရေးသားဖော်ပြ ထားချက်ကို တွေ့ရှိရပါသည်။

ကြေးခွေရစ်ပတ်ဝတ်ဆင်ခြင်း၏ မူလအစနှင့်ပတ်သက် ၍ မည်သို့ပင် ယူဆချက်များ ကွဲပြားနေစေကာမူ ကယန်း (ပဒေါင်) အမျိုးသမီးများသည် ကလေးအရွယ်မှ အဘွားအို အရွယ်အထိ ကြေးခွေများကို တမြတ်အနိုး ရစ်ပတ်ဝတ်ဆင် လေ့ရှိကြောင်း လေ့လာသိရှိရပါသည်။

## (ဂ. ၂) ကြေးခွေရစ်ပတ် ဝတ်ဆင်ပုံ အဆင့်ဆင့်

ကယန်း (ပဒေါင်) အမျိုးသမီးများ၏ လည်ပင်းနှင့် ခြေ ထောက်တို့တွင် ရစ်ပတ်ဝတ်ဆင်ထားသော ကြေးခွေများမှာ အခေါင်းပိတ်များဖြစ်၍ စုစုပေါင်းအလေးချိန်အထိ ရှိတတ် သည်။ လည်ပင်းတွင်ရစ်ပတ်ထားသည့် ကြေးခွေအရေ အတွက်မှာ (၁၈) ရစ်မှ (၂၄) ရစ်အထိရှိပြီး ခြေထောက် တွင်မူ (၁၅) ရစ်မှ (၃၀) ရစ်အထိ ပတ်ထားလေ့ရှိကြသည်။

---

၁။ မောင်၊ ဒါရိုက်တာ၊ မြင့် 'တယားတို့ရွာနေ ငွေတောင်ပြည်' စာ ၅၆-၅၇

www.burmeseclassic.com



ဒူးဆစ်အောက် ကြေးခွေများအပေါ်တွင်မှ စပရိန်ကြေးခွေ (၄) ခွေခန့် ထပ်ဆင့်ရစ်ပတ် ထားကြပြန်သည်၊ ကြေးခွေ၏ ပွတ်တိုက်မှုဒဏ်ကို ခံနိုင်စေရန်အတွက် ကြေးခွေနှင့် လည်ပင်းကြား၊ ကြေးခွေနှင့် ခြေသလုံးသားကြားတို့တွင် အနက်ရောင် သို့မဟုတ် အပြာရောင်ချည်ထည်စများဖြင့် ခုခံရစ်ပတ်ထား ကြသည်။

မိန်းကလေးငယ်များ အသက်ငါးနှစ်အရွယ်သို့ ရောက်လာလျှင် ကြေးခွေ စတင်ရစ်ပတ်ကြသည်။ မိဘများက မိမိတို့၏ သမီးငယ် ကြေးခွေဝတ်ဆင်ချိန်ရောက်ပြီဟု ယူဆလျှင် ရွာထဲ၌ နတ်ဆရာ သို့မဟုတ် ကြေးခွေပတ် ကျွမ်းကျင်သူ အမျိုးသမီးကြီးထံသို့ သွားရောက်၍ ကြေးပတ်မည့် အကြောင်း ပြောဆိုရသည်။ ထိုသို့ သွားရောက်ပြောဆိုရာ၌ ကြက်ဖျိုမ တစ်ကောင်ကိုပါ လက်ဆောင်အဖြစ် တစ်ပါတည်း ယူဆောင် သွားရသည်။ ကြေးခွေ ပတ်မည့်သူက ကြေးပတ်မည့်ရက်ကို သတ်မှတ် ရွေးချယ်ပေးသည်။ ရက်ရွေးရာတွင် လဆန်း၊ လပြည့်ရက်များကိုသာ သတ်မှတ်ရွေးချယ်ရ၏။ လဆုတ် လကွယ်ရက်များတွင် ပတ်မိပါက ထိခိုက်ဒဏ်ရာ ရတတ်ပြီး အနှောင့်အယှက်များ တွေ့ရတတ်သည်ဟု ယူဆကာ ထိုရက် များကို ရှောင်ကြသည်။

ကြေးခွေပတ်မည့်ရက် မတိုင်ခင် မိမိတို့ ပတ်လိုသည့် ကြေး အလုံးအလောက်ကို ကြိုတင်ပေးထားရ၏။ သို့သာ ရစ်ပတ်ဝတ်ဆင်မည့် ကြေးခွေ၏လုံးပတ် ညီညာချောမွတ် စေရန် ပုံသွင်းထားနိုင်မည်ဖြစ်သည်။ ကြေးကို ဝါးမီးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ပျော့လာသည်အထိ မီးမြှိုက်ပြီး ပုံသွင်းကိရိယာဖြင့် ပုံသွင်းယူရသည်။

ကြေးခွေပတ်မည့်နေ့တွင် အိမ်နီးချင်းအား ဖိတ်ကြားပြီးမိမိတို့ တတ်နိုင်သလောက်ကျွေးမွေးကြသည်။ ကြေးပတ်မည့်သူက ဂါထာမန္တန်များ ရွတ်ဆိုကာ လည်ပင်းနေရာကို စတင် ရစ်ပတ်ပေးသည်။ အများအားဖြင့် ငါးပတ်ခန့်သာဖြစ်သည်။ လည်ပင်းကို ပတ်ပေးပြီး နေသားကျသည့်အချိန်မှ ခြေထောက်ကို ပတ်ပေးလေ့ရှိသည်။ ညာခြေထောက်ကို ဦးစွာပတ်ပေးပြီး အများဆုံး ခုနစ်ပတ်ခန့်သာဖြစ်သည်။

ကယန်း (ပဒေါင်) အမျိုးသမီးများ အပျိုဖော်ဝင်ချိန်၊ လက်ထပ်ပြီးသည့်အချိန်နှင့် စီးပွားရေးအခြေအနေ ကောင်းမွန်သည့်အချိန်တို့၌ ကြေးခွေများကို ထပ်တိုးရစ်ပတ်ကြသည်။ များသောအားဖြင့် သူတို့ရစ်ပတ်ဝတ်ဆင်ထားသောကြေးခွေအနည်းအများသည် သူတို့၏ ဆင်းရဲချမ်းသာမှုအပေါ်၌သာ မူတည်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

ကြေးခွေများ ထပ်တိုးရစ်ပတ်ဝတ်ဆင်သည့်အခါ မူလဝတ်ဆင်ထားသော ကြေးခွေကို ပြန်ချွတ်ရသည်။ ကြေးခွေချွတ်သည့်အခါ၌ ဦးခေါင်းအောက်တွင် စောင် သို့မဟုတ် ခေါင်းအုံး တစ်ခုခုခံ၍ချွတ်ရ၏။ ထို့သို့ မပြုလုပ်ပါက ဇက်လိမ်ခြင်း၊ ကျိုးခြင်းများဖြစ်တတ်ပြီး အသက်ပါ ဆုံးရှုံးရတတ်သည်။ ချွတ်လိုက်သည့်ကြေးခွေကို ထပ်တိုးမည့် ကြေးနှင့်ဆက်ကာ ပြန်လည်ရစ်ပတ်ဝတ်ဆင်ရသည်။ ကြေးခွေများ

www.burmeseclassic.com

www.burmeseclassic.com



ပြောင်လက်တောက်ပစေရန် ကောက်ရိုးများဖြင့် ပွတ်တိုက်လေ့ရှိပါသည်။

တယန်း (ပဒေါင်) အမျိုးသမီးများသည် မိမိတို့ရစ်ပတ်ဝတ်ဆင်ထားသောကြေးခွေများအပေါ်၌ များစွာတန်ဖိုးထားဂုဏ်ယူတတ်ကြသည်။ မိန်းကလေးငယ်များက အမေ၊ အစ်မများ ဝတ်ဆင်ထားသည့် ပြောင်လက်နေသောကြေးခွေများကို အားကျကာ ကြေးခွေဝတ်ဆင်လိုသော ဆန္ဒများဖြစ်ပေါ်လာကြသည်ဟု ဆိုပါသည်။ မိန်းမပျိုကလေးများသည် မိမိတို့ ဝတ်ဆင်ထားသည့် ကြေးခွေများ အရောင်တောက်ပသည်ထက် တောက်ပစေရန် အစဉ်ဂရုစိုက် တိုက်ချွတ်လေ့ရှိကြ၏။ ရွာထဲတွင် ကြေးခွေအများဆုံးဝတ်ဆင်ထားနိုင်သော မိန်းမပျိုသည် မျက်နှာပန်းအပွင့်ဆုံးနှင့် လူပျိုများ၏ အရေးပေးခြင်းကို အခံရဆုံးဖြစ်သည်။ သမီးရှင် မိဘများကလည်း သူတို့၏သမီး ဝတ်ဆင်ထားသောကြေးခွေများလျှင် များသလို မင်္ဂလာကြေးကို တိုး၍တောင်းနိုင်သည်။ ထို့ကြောင့် လုလင်ပျိုများအနေဖြင့် မိမိနှင့်လက်ထပ်မည့် မိန်းကလေး ရစ်ပတ်ဝတ်ဆင်ထားသော ကြေးခွေအနည်းအများပေါ် မူတည်၍ မင်္ဂလာကြေးကို ပေးဆောင်ကြရသည်။

ထို့အပြင် အိမ်ထောင်သည် အမျိုးသမီးများ၏ ကြေးခွေအနည်းအများသည် လင်ယောကျ်ားဖြစ်သူ၏ ငွေကြေးရှာဖွေနိုင်မှု စီးပွားဥစ္စာပေါ်တွင် မူတည်သည်။ လင်ယောကျ်ားများကလည်း စီးပွားရေး အဆင်ပြေလျှင် ပြေသလို မိမိတို့၏ ဇနီး

www.burmeseclassic.com

www.burmeseclassic.com



သည်များအား ကြေးခွေများ ထပ်တိုးရစ်ပတ်ဝတ်ဆင်စေပါသည်။ သက်ကြီးရွယ်အို အဘွားအိုများကမူ မိမိတို့သေဆုံးပါက ကြေးခွေများကို မဖြုတ်ပစ်ဘဲ မိမိတို့နှင့်အတူ တစ်ပါတည်း မြှုပ်နှံပေးကြပါရန် သားသမီးများအား မှာကြားထားခဲ့လေ့ရှိကြောင်း လေ့လာသိရှိရပါသည်။

သို့ဖြစ်ပါ၍ ကယန်း (ပဒေါင်) အမျိုးသမီးများ၏ လည်ပင်းနှင့် ခြေထောက်တို့တွင် ရစ်ပတ်ဝတ်ဆင်ထားသည့် ကြေးခွေများက ယင်းတို့၏ အဆင့်အတန်းနှင့် အခန်းကဏ္ဍကို ဖော်ဆောင်ပေးလျက်ရှိသော ပြယုဂ်တစ်ခုဖြစ်ကြောင်း လေ့လာ သိရှိရပါသည်။

## (ဃ) သွားနက်ဆိုးခြင်းဓလေ့

ရှေးကယန်း(ပဒေါင်) တိုင်းရင်းသားများသည် သွားနက်ဆိုးခြင်းဓလေ့ကို လူပျိုအပျို အရွယ်ရောက်လျှင် စတင်ပြုလုပ်လေ့ရှိပါသည်။ သွားနက်ဆိုးသည့်ရာသီမှာ တောင်ယာစပါး ရိတ်သိမ်းပြီး၊ နတ်တော်လနှင့် ပြာသိုလများတွင်ဖြစ်သည်။ သွားဆိုးပွဲပြုလုပ်သည့်ကာလအတွင်း ရွာတွင်း၌ ခေါင်ချက်ခြင်း၊ ရက်ကန်းရက်ခြင်းနှင့် ခရီးသွားလာခြင်းတို့ကို ရှောင်ကြဉ်ရသည်။ သွားနက်ဆိုးရန် ပြင်ဆင်သည့်အချိန်မှစ၍ ဆိုးပြီးသည့်အချိန်အထိ အချိန်ကာလတစ်ပတ်မျှ ကြာမြင့်ပေသည်။ ရွာအပြင်တွင် သွားနက်ဆိုးမည့်သူများအတွက် အပျို မဏ္ဍပ်နှင့် လူပျိုမဏ္ဍပ်နှစ်ခုကို မျက်နှာချင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com





ကြေးခွေရစ်ပတ်
ဝတ်ဆင်ပေးနေပုံ



ကြေးခွေရစ်ပတ်ဝတ်ဆင်
ပြီးသွားသည့် ကယန်း
(ပဒေါင်) အမျိုးသမီးငယ်

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ထားရသည်။ သွားဆိုးမည့်သူများသည် မိမိတို့ သက်ဆိုင်ရာမဏ္ဍပ် တစ်ခုမှတစ်ခုသို့ ကူးသန်းသွားလာခြင်း လုံးဝမပြုရပေ၊ အကြောင်းတစ်စုံတစ်ရာရှိ၍ ကူးသန်းလိုသည့် အခါ ကလေးငယ် သို့မဟုတ် သက်ကြီးရွယ်အို တစ်ယောက် ယောက်ဖြင့် ဆက်သွယ်ရသည်။

သွားများကို အရောင်ဆိုးရာတွင် အသုံးပြုသောပစ္စည်းမှာ 'စွေတာ' ဟု ခေါ်သော အသီးတစ်မျိုးပင်ဖြစ်သည်။ အသီး၏ အရွယ်အစားမှာ ငရုတ်ကောင်းစေ့သာသာခန့်ရှိပြီး အရောင် မှာ ဝါညိုရောင်ဖြစ်သည်။ စွေတာပင်အမျိုးအစားမှာ နွယ်ပင် မျိုးဖြစ်သည်။ သွားဆိုးလိုသည့် လူငယ်တစ်ချို့က စွေတာသီး ကို တောထဲတွင်လိုက်လံရှာဖွေယူရသည်။ အလုံအလောက် ရရှိပါက အရည်ညှစ်၍ ဝါးဘူးထဲတွင် ထည့်ထားလေ့ရှိသည်။ အချို့က တောကောင်လိုက်ပြီး ရရှိလာသောသားကောင်ကို အပျိုမဏ္ဍပ်သို့ ပို့ကာ ချက်စေသည်။ အပျိုများက ထမင်းဟင်း ချက်ပြုတ်ပြီးပါက လူပျိုမဏ္ဍပ်သို့ ကြားလူမှတစ်ဆင့် ပို့ပေးရ သည်။ ဆေးဆိုးရန်အတွက် အားလုံးပြီးပြည့်စုံလျှင် သွားဆိုး ရန်ရက်ကို သတ်မှတ်ကြပါသည်။ သွားဆေးဆိုးမည့်သူများ သည် သွားမဆိုးခင် တစ်ရက်အလိုတွင် အသားစားခြင်းမှ ရှောင်ကြဉ်ကြရသည်။

သွားဆိုးပွဲကို နံနက်အလင်းရောင် ကောင်းစွာရရှိသည့် အချိန်ခန့်တွင် စတင်ပြုလုပ်ကြသည်။ သွားဆိုးမည့်သူ တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ခုင်းသည် ရှောက်သီး သို့မဟုတ် သံပရာသီးတစ်စိတ်စီကို သွားဖြင့် ကိုက်ထားရ၏။ ရှောက်သီးစိတ်ကိုက်ရာတွင် မှန်မှန်ကို တစ်ဦးကစစ်ဆေးကြည့်ရှုပြီး လိုအပ်သလို ပြောကြားသည်။ နှစ်နာရီခန့်ကြာလျှင် သွားဆိုးရည်ဖြင့် တစ်ဦးချင်း၏ သွားများကို ဆွတ်ကြည့်ရသည်။ အရည်စွဲသွားပါက သွားဆိုးချိန်ရောက်ပြီဟု သတ်မှတ်ကာ အချိန်မတန်သေးပါက ရှောက်သီးစိတ်ကို ပြန်ကိုက်ထားရသည်။ သွားဆိုးရည်စွဲပြီး သူအား သွားဆိုးရည်ငုံထားစေသည်။ နောက်ထပ် တစ်နာရီခန့်ကြာသောအခါ သွားကိုပြန်၍ စစ်ဆေးရသည်။ သွားများမည်းနက်သွားပါကမူ လုံလောက်ပြီဟုယူဆပြီး မည်းနက်မှုမရှိသေးပါက ထပ်မံငုံထားရသည်။ သွားဆေးဆိုးနေသည့်အချိန်တွင် ဆိုးသူ၏နှုတ်ခမ်းများ မမည်းသွားစေရန် သွားများ လေသလပ်၍ ပြန်မာလာစေရန် နှုတ်ခမ်းကို တုတ်ဖြင့် ထောက်ထားရသည်။ သွားနှင့် ရှောက်သီးကို ကိုက်စေခြင်းမှာ သွားများနူးပျော့သွားစေရန် ဖြစ်သည်။ သွားများမည်းနက်ပြီး ခိုင်မာလာပြီဟုယူဆလျှင် နှုတ်ခမ်းတွင် ထောက်ထားသော တုတ်များကိုဖြုတ်လိုက်ရသည်။

လူပျို၊ အပျိုများအားလုံး သွားနက်ဆိုးပြီးလျှင် နောက်တစ်နေ့၌ ရွာထဲသို့ ပြန်ဝင်ကြသည်။ ရွာသို့ အဝင်တွင် ရွာမှ ဗုံမောင်းတို့ တီးမှုတ်ကာ ပျော်ရွှင်စွာ ကြိုဆိုလေ့ရှိသည်။ သွားနက်ဆိုးရာတွင် ကူညီပေးသည့်သူများကို သွားနက်ဆိုးသည့်

www.burmeseclassic.com



လူပျို အပျိုများ၏ မိဘများက ခေါင်ရည်၊ ထမင်းဟင်းလျာများဖြင့် ကျွေးမွေးပြုစုလေ့ရှိသည်။ သွားနက်ဆိုးသူများနှင့် ကူညီသူများအားလုံး ဝိုင်းဝန်း၍ အတူတကွစားသောက်ကာ သွားနက်ဆိုးပွဲကို အဆုံးသတ်လိုက်ကြသည်။

သွားနက်ဆိုးခြင်းမှာ အလှအပအတွက်သာ ပြုလုပ်ရသည် ဖြစ်၍ မိဘများက အတင်းတိုက်တွန်းလုပ်ဆောင်စေခြင်း မရှိပါ။ မိမိသဘောဆန္ဒအရသာလျှင် ဖြစ်ပါသည်။ ဆိုးထားသည့် သွားများ ပြန်ဖြူလာပါက ထပ်မံဆိုးလေ့ရှိကြသည်။ လူတစ်ယောက်သည် သွားဆိုးခြင်းကို တစ်ကြိမ်မက ပြုလုပ်နိုင်သည်။ ရွာတစ်ရွာတွင် တစ်နှစ်လျှင် တစ်ကြိမ်သာ သွားဆိုးခြင်းအခမ်းအနား ပြုလုပ်လေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၃

## ဘာသာစကား၊ စာပေနှင့် ဓမ္မဒေသပညာ

### (က) ဘာသာစကား

ဘာသာဗေဒပညာရှင်များက အာရှတိုက်နေ တိုင်းရင်းသား တို့၏ ဘာသာစကားကို လေ့လာရာတွင် တိဘက် - တရုတ်နှင့် သြစတြစ်ဘာသာစကားဟူ၍ နှစ်မျိုးခွဲခြားထားသည်၊ တိဘက်- တရုတ်ထဲမှ မန်၊ ကရင်၊ တိုင် - တရုတ်နှင့် တိဘက် - မြန်မာ ဟူ၍ရှိရာ ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ဘာသာ စကားသည် ကရင်စကားအစုတွင် ပါဝင်ပါသည်။

ဦးဖေမောင်တင် (ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီး ဟောင်း) ရေးသားသော ဘာသာလောကကျမ်းတွင် -

"ကေဝဏ္ဏ ဝါ တရုတ် ဝါ တိဘက်တရုတ်မျိုးရိုးဝင်ဘာသာ များသည် အာရုံပြုဘွယ်ကောင်းသော ဘာသာများဖြစ်ကြ၍ အာရှအရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းတွင် နှံ့ပြားလျှက်ရှိ ကြ၏၊ အင်ဒို - ဥရောပမျိုးရိုးမှအပ ဤမျိုးရိုးကို ပြောဆိုကြသူ တို့သည် အရေအတွက်အားဖြင့် အများဆုံးဖြစ်သည်။*" ဟူ၍

---

* တင်၊ ဦးဖေမောင် ' ဘာသာလောကကျမ်း' စာ - ၁၁



www.burmeseclassic.com

www.burmeseclassic.com



ရေးသားထားသည်။ ကေဝဏ္ဏ ဝါ တရုတ် ဝါ တိဘက်တရုတ် မျိုးရိုး ဘာသာတွင် မန်မျိုးခွဲ၊ ကရင်မျိုးခွဲ၊ ရှမ်းတရုတ် (ဝါ) ယိုးဒယား တရုတ်မျိုးခွဲ၊ တိဘက် - မြန်မာ-မျိုးခွဲတို့အား ခွဲခြား ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ကရင်မျိုးခွဲခေါင်းစဉ် အောက်တွင်မူ -

"ဤဘာသာများ၏ အစမူလနှင့် ဆက်သွယ်ခြင်းတို့ကို လိုက်စစ် ရှာဖွေရန် ခက်ခဲ၏၊ ကရင်ဘာသာများကို အောက်ပါ အတိုင်းခွဲခြားအပ်၏။

အစု (၁) စဂေါ၊ ပကူး၊ ဝဲဝေါ၊ မိုနဲပွား
(၂) ပိုး (တနင်္သာရီနှင့် မြစ်ဝကျွန်းဒေသတွရများ)
(၃) မိုးပွား ဒေသန္တရများ
(၄) ကရင်ဖြူ ဗွဲ၊ ဗရက်
(၅) ကယား ဒေသန္တရများ
(၆) ပဒေါင်း၊ ယင်ဗော်၊ ဃဲကု
(၇) တောင်ငူ ဒေသန္တရများ
(၈) ဇယိန် ဒေသန္တရများ

မြန်မာပြည်၌ ကရင်ဘာသာ ပြောဆိုသူတို့သည် အရှေ့ အတွက်မှာ မြန်မာလူမျိုးတို့မှအပ အများဆုံးဖြစ်၏။ ယိုးဒယားပြည်မှာလည်း ရှိကြ၏။ ကရင်လူမျိုးများအနက် အများအားဖြင့် စကောနှင့် ပိုးတို့သည် လွှမ်းမိုး၍နေကြ၏။ တောင်တန်းကရင်များအနက် တောင်သူတို့သည် ဦးရေ

www.burmeseclassic.com

www.burmeseclassic.com



အများဆုံးဖြစ်၍ မိမိတို့ကို ပဒိုင်းဟုခေါ်၍ ရှမ်းပြည်တောင်ပိုင်းနှင့် သထုံစီရင်စုတွင် များစွာနေထိုင်ကြ၏။

ကယားတို့သည် ကယားပြည်နယ်တွင် နေထိုင်ကြ၏။ ပဒေါင်းတို့သည် မိုးဗြဲနှင့် ကယားပြည်နယ်တွင် နေထိုင်ကြ၏။ ကရင်ဖြူတို့သည် တောင်ငူ၊ ကယားပြည်နယ်နှင့် ရမည်းသင်းတွင် နေထိုင်ကြ၏ ဟူ၍လည်း စာမျက်နှာ ၁၂ တွင် ရေးသားဖော်ပြထားပါသည်။

အထက်ပါ အကြောင်းအချက်များကို ကြည့်ခြင်းအားဖြင့် ကယန်း (ပဒေါင်) တိုင်းရင်းသားဘာသာစကားသည် ဧတဝဏ္ဏဝါ တရုတ်ဝါ တိဘက်တရုတ်မျိုးရိုးမှ ဆင်းသက်လာပြီး ကရင်မျိုးခွဲအစုဝင် ဘာသာစကားဖြစ်ကြောင်း ပြောဆိုနိုင်ပါသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ အချို့စကားလုံးတို့သည် ကယားစကားနှင့် ဆင်တူယိုးမှား ဖြစ်သည်။ ကယန်းမျိုးနွယ်၊ ကယန်းကင်း၊ ကယန်းဂေခိုတို့၏စကားနှင့် အနည်းငယ် ဆင်တူသည်၊ ကျေးရွာချင်းနီးစပ်သည့် ကယန်း (ပဒေါင်) တို့၏ ဘာသာစကားများမှာ အထူးတလည် ကွဲပြားခြားနားမှုမရှိဘဲ လေယူလေသိမ်းမှအစ လုံးဝတူညီကြသည်၊ ကျေးရွာချင်း အလှမ်းဝေးသော ရွာများမှာမူ ပြောဆိုသည့်အသံထွက် လေယူလေသိမ်းစသည်တို့၌ တစ်ဦး၏စကားကို တစ်ဦးက ကောင်းစွာနားလည်ကြပေသည်။ လေယူလေသိမ်း၊ အသံအလေးအပေါ့ စသည်တို့ ကွဲပြားခြားနားသော်လည်း ပြောဆိုဆက်ဆံရာ၌ အခက်အခဲမရှိကြချေ။

www.burmeseclassic.com

www.burmeseclassic.com



ကယန်း (ပဒေါင်) တို့၏ ဘာသာစကားတွင် ကိုယ်ပိုင် စကားလုံး၊ ဝေါဟာရများရှိသကဲ့သို့ အခြားလူမျိုးစုတို့ထံမှ ယူငင်ပြီး မိမိတို့၏ ကိုယ်ပိုင်စကားလုံးများအဖြစ် မွေးစား သုံးစွဲထားသော ဝေါဟာရများလည်း ရှိကြသည်၊ သူတို့ စိတ်ဝင်စားသော၊ အသုံးဝင်သောပစ္စည်း အချို့၏ အမည် နာမများကို မိမိတို့ဖာသာ ဝေါဟာရသစ်တီထွင်၍ အမည် ပေး ခေါ်ဝေါ်သုံးစွဲကြသည်လည်း ရှိပါသည်။

## (ခ) စာပေ

ကယန်းတိုင်းရင်းသားများတွင် ကိုယ်ပိုင်စာပေမှတ်တမ်း ဟူ၍ မရှိပါ။ ရှေးယခင် နတ်ဘုရားမှပေးထားသော စာပေကို အလေးမထား၊ ပျောက်ဆုံးစေခဲ့သဖြင့် စာပေအစား ကြက်ရိုး ထိုးနည်းကိုသာ အသုံးပြုရသည်ဟု ဆိုပါသည်။ ခရစ်နှစ် ၁၉၂၇ တွင် အီတာလျံ သာသနာပြုဘုန်းကြီး ဖာဆိုလီနှင့် ကာဘိုပဲရီ ဆိုသူတို့သည် ကရင်ပြည်နယ်၊ သံတောင်မြို့နယ်၊ မော်ဗလော့ ရွာသို့ ရောက်ရှိလာပြီး ကယန်း (ဂေခို) လူမျိုးစု၏ ဘာသာ စကားကို တတ်မြောက်အောင် သင်ယူလေ့လာပြီး လက်တင် အက္ခရာကို အခြေခံသော ကယန်းစာပေကို တီထွင်ပေးခဲ့ ပါသည်။ ထိုစာပေကို ကယန်းလူမျိုးနွယ်များ အားလုံးအား တတ်မြောက်စေရန် သင်ကြားပေးပြီး ဘာသာရေးဆိုင်ရာ စာပေများအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ သို့သော် ကယန်း စာပေသည် ယခုတိုင် ခရစ်ယာန်ဘာသာရေး စာပေအဖြစ် ဖြင့်သာ တည်ရှိနေသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## လက်တင်အက္ခရာတို့ အခြေခံ၍ တီထွင်ထားသော ကယန်းစာပေ

(ဗျည်းများ)

| ကယန်းအက္ခရာ | A | B | C | D | E | F | G |
|---|---|---|---|---|---|---|---|
| မြန်မာအသံထွက် | အ | ဘီ | စီ | ဒီ | အေ | အဲ့ဖွဲ့ | ဂျီ |
| ကယန်းအက္ခရာ | H | I | J | K | L | M | N |
| မြန်မာအသံထွက် | ဟကာ | အီ | ဃေ | ကပ | အဲ့လဲ့ | အဲ့မဲ့ | အဲ့နဲ့ |
| ကယန်းအက္ခရာ | O | P | Q | R | S | T | U |
| မြန်မာအသံထွက် | အို | ပီ | ငတ် | အဲ့ရဲ့ | အဲ့ဆက် | တီ | အူ |
| ကယန်းအက္ခရာ | V | W | X | Y | Z | | |
| မြန်မာအသံထွက် | ဗေ | ဝ | အက်စ် | ဝိုင် | ဇေးတာ | | |

| ကယန်းအက္ခရာ | A | E | I | O | U |
|---|---|---|---|---|---|
| မြန်မာအသံထွက် | အ | အေ | အီ | အို | အူ |

ကယန်းစာပေသင်ပုန်းကြီး၌ သရ (၅) လုံးတို့သည် တစ်လုံးနှင့်တစ်လုံး မတူကြသည့်အလျောက် အသံထွက် (၅) မျိုး ရှိနေသည်။ ထို့ပြင် ယင်းတို့အချင်းချင်း ရောနှောပေါင်းစပ်သည့်အခါ၌ အသံအမျိုးမျိုး တိုးပွားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



## မူလသရကြီး (၅) လုံး၏ အသံထွက်နှင့် အချင်းချင်းတွဲ အသံထွက်များ

| | | | | | | | |
|---|---|---|---|---|---|---|---|
| A<br>အ | AA<br>အာ | AE<br>အေ့ | AI<br>အိုင် | AO<br>အုံ | AU<br>အောင် | | |
| E<br>အေ | EE<br>အေး | EA<br>အေရာ | EI<br>အိမ် | EO<br>အေအို | EU<br>အယူ | | |
| I<br>အီ | II<br>အီ | IA<br>ယာ | IE<br>ယေ | IO<br>ယို | IU<br>ယူ | | |
| O<br>အို | OO<br>ဝို | OA<br>ဝါ | OE<br>ဝေ | OI<br>ဝီ | OU<br>ဝူ | Oai<br>ဝိုင် | Oei<br>ဝိမ်း |
| U<br>အူ | UU<br>ဝူ | UA<br>ဝါ | UE<br>ဝေ | UI<br>ဝီ | UO<br>ဝို | Uai<br>ဝိုင့် | Uei<br>ဝိုင်း |

ကာစ်ဖက်တွင် ပြဆိုခဲ့သော သရကြီး (၅) လုံး၏ နဂိုမူလ အသံထွက်အမျိုးမျိုးတို့ကို အခြားသောအသံထွက် အနိမ့် အမြင့် လိုအပ်သလို ပြောင်းလဲပေးနိုင်သည့် သံထွက် သင်္ကေတ (၆) ခုရှိ၏။ ယင်းတို့မှာ -

၁။ (.v) ဤကတော့ပုံ သံထွက်သင်္ကေတကို 'ထောင်မိန်း' ဟု ခေါ်သည်။ လိုအပ်သော မူလသရများနှင့် တွဲတင်ပေးခြင်းအားဖြင့် အားပါးလေရ ဖွင့်ပြပြော ဆိုသော အကျယ်ဆုံးဆုံး၊ အမြင့်ဆုံး အသံဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည့် 'အား၊ အေး၊ အီး၊ အိုး၊ အူး၊ အဲ၊ အော' စသည်ဖြင့် ရှေ့စီးအသံထွက်များကို ပြောင်းလဲပေးနိုင်သည်။ ဥပမာ -

| ǎ | ě | ǐ | ǒ | ǔ |
|---|---|---|---|---|
| အား | အေး | အီး | အိုး | အူး |

၂။ (‾) ဤမျဉ်းတိုပုံ သံထွက်သင်္ကေတ၏ အမည်မှာ 'ထောင်ဆောက်' ဖြစ်သည်။ မာကြော၊ တိုတုတ်၊ ဟိန်းဟောက် အသံထွက်များအတွက် အသုံးပြုသည်။ ဥပမာ -

| Haō, | Kwā, | Maō, | Maī, | Phō |
|---|---|---|---|---|
| ဟုတ် | ကွ | မောက် | မိုက် | ဖော့ |

၃။ (´) ဤညာစောင်းပုံ သံထွက်သင်္ကေတ၏ အမည်မှာ 'ထောင်ဖို' ဖြစ်သည်။ အလယ်အလတ်၊ စကောစက အသံထွက်များအတွက် အသုံးပြုသည်။ ဥပမာ -

| Má, | Laí, | Wé, | Vú, | Ja |
|---|---|---|---|---|
| မာ | လိုင်း | ဝေး | ဗူး | ယာ |

၄။ (^) ဤ အုပ်ဆောင်းပုံ သံထွက်သင်္ကေတကို 'ထောင်တော့' ဟု ခေါ်သည်။ ငုတ်သံ၊ အုပ်သံ၊ မပွင့်တပွင့်၊ မြုပ်သံများအတွက် သုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ -

| â | ê | î | ô | û |
|---|---|---|---|---|
| အိန် | အိမ် | အီ | အို | အွဲ့ |

၅။ (ˋ) ဤ ဘယ်စောင်းပုံ သံထွက်သင်္ကေတကို အမည်အားဖြင့် 'ထောင်ဘော' ဟု ခေါ်သည်။ သံအို၊ သံနိမ့်၊ သံရှည်၊ သံပျော့၊ သံထပ်များအတွက် သုံးသည်။ ဥပမာ -

| à | è | ì | ò | ù |
|---|---|---|---|---|
| အန် | အယ် | အင် | အော် | အွန် |

၆။ (˜) ဤ လကလေးပုံ သံထွက်သင်္ကေတကို အမည်အားဖြင့် 'စွိုးယူ' ဟု ခေါ်သည်။ နှိမ့်ဆွဲယူသံ၊ သရနှစ်လုံးထပ်၊ သံတွင်းထပ်သံရှိကြောင်း လက္ခဏာအမှတ်ပင် ဖြစ်သည်။ ဥပမာ -

| Pã | Mã | Tã |
|---|---|---|
| ပါး | မား | တား |

| | | | | | | |
|---|---|---|---|---|---|---|
| A သရကြီးနှင့် သံထွက်သင်္ကေတပေါင်းခြင်း | ắ<br>အ | á<br>အား | ã<br>အာ | â<br>အိန် | ó<br>အော် | à<br>အန် |
| နှစ်ဆင့်ပေါင်းခြင်း | ǎ̆<br>အန်း | ằ<br>အန့် | ã̀<br>အန့် | ā̆<br>အန် | | |

www.burmeseclassic.com



| | |
|---|---|
| E သရကြီးနှင့် သံတွက် သင်္ကေတပေါင်းခြင်း | Ě É Ẽ Ē È<br>အေး အေး အေ အေ့ အေ |
| နှစ်ဆင့်ပေါင်းခြင်း | Ě̀ È́ Ẽ̀ Ē̌ Ê̌<br>အဲ အဲ အယ် အက် အိန်း |
| I သရကြီးနှင့် သံတွက် သင်္ကေတပေါင်းခြင်း | Ǐ Í Ĩ Ī Î<br>အီး အီ အီ အီ အီ |
| နှစ်ဆင့်ပေါင်းခြင်း | Ǐ̀ Ī̀ I̽ Ĩ̀<br>အင်း အင် အင်း အင်း |
| O သရကြီးနှင့် သံတွက် သင်္ကေတပေါင်းခြင်း | Ǒ Ó Õ Ō Ò<br>အိုး အိုး အို အို့ အို |
| နှစ်ဆင့်ပေါင်းခြင်း | Ǒ̀ Ò́ Õ̀ Ṑ<br>အော အော အော် အော့ |
| U သရကြီးနှင့် သံတွက် သင်္ကေတပေါင်းခြင်း | Ǔ Ú Ũ Û<br>အူး အူး အု အူ |
| နှစ်ဆင့်ပေါင်းခြင်း | Ǔ̀ Ù́ Ũ̀ Ū̀<br>အွန်း အွိန်း အွန် အွန်း |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁။ | ဖိနပ်ချွတ်ပါ။ | Phlaǐ Ĺantai Ḱhannhla. |
| ၂။ | ဒီလမ်း ဘယ်ထိရောက်သလဲ။ | Khlaí Jō bōn Phla ǎ dǒ mǎ? |
| ၃။ | တောမီး လောင်နေသည်။ | Mi ghai Ĺaǐ taphā. |
| ၄။ | ငါတို့ ဝူရွတ်ဆိတ် တိုက်တယ်။ | Dā míjō dūs ā ci pā. |
| ၅။ | ဆီးနှင်းများ ကျသည်။ | Palhǎ sǔ cǒsǒ Lan dù. |
| ၆။ | ငါတို့ ဗုံ မောင်း တီးသည်။ | Bā dàō htaǒ daō paan. |
| ၇။ | သူတို့ နေမြင့်မှ အလုပ်လုပ်တယ်။ | Awithǔ mā blaí tā. |
| ၈။ | စပါးသုံးစည်း ပြန်ယူခဲ့ပါ။ | Pheí zei bā thǒ khlǎ. |
| ၉။ | တစ်မိမ်းလူတို ငါတို့ မငှားပါ။ | Prā lagā pā cǒ ga Ḱhan. |
| ၁၀။ | ကျွန်ုပ်တို့ သာမန်လူတွေပါ။ | Pā mè prā-thajao thaja'. |
| ၁၁။ | သူလူညွှဲတစ်ယောက် ဖြစ်သည်။ | Awi mè prā razā radaǐ. |
| ၁၂။ | ဆင်းရဲဒုက္ခအမျိုးမျိုး ရှိသည်။ | Tapan' tasǎ ò pw̌ mú. |
| ၁၃။ | ခရမ်းပင်ကို နုတ်ပစ်လိုက်သည်။ | Jā htanphō ghan ṁā́. |
| ၁၄။ | ကျွန်ုပ်တို့ စပါးရိတ်သိမ်း ပြီးတော့မည်။ | Pā sǎrai b́ā wai lǒ hǎ. |
| ၁၅။ | ငါတို့ ဖျားဖယောင်းကြမ်းတစ်ပိုင်းပေးပါ။ | Phí Khǐ hwai kra takā. |
| ၁၆။ | သူ နှီးဝါးဗေဒင် တွက်တတ်သည်။ | Awi gha ĺrwāthā Bāba̋ zaní. |
| ၁၇။ | သူ ရဲခင်းတစ်ယက် ချိုးလိုက်သည်။ | Awi māgha ́tapā taba. |
| ၁၈။ | သူ ငါ့ခေါင်းတိုခေါက်တယ်။ | Awi Klǎn Khǐ Khukō. |
| ၁၉။ | အိုးအိမ် မသန့်က အမဲမလိုက်ရပါ။ | Thǐ thran' pè khwa Klī. |
| ၂၀။ | မီးတောက် ငြိမ်းသွားပြီ။ | Mī ghai Ĺanprè hǎ. |

## (ဂ) ဗေဒင်ပညာ

ကယန်း (ပဒေါင်) တိုင်းရင်းသားများတွင် ကိုယ်ပိုင်စာပေ မရှိသဖြင့် ဗေဒင်ပညာကိုသာ အားကိုးကြရသည်။ ယင်းတို့ တတ်မြောက်သော ဗေဒင်ပညာနှစ်ရပ်မှာ ကြက်ရိုးဗေဒင်နှင့် နှီးဗေဒင်ခေါ် သက်ငယ်ရိုးချိုးဗေဒင်တို့ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၁ - ၁) ကြွက်ရိုးဗေဒင်

ကြွက်ရိုးဗေဒင် စတင်ဖြစ်ပေါ်လာခြင်းနှင့်ပတ်သက်၍ ယုံကြည်ချက်တစ်ရပ်မှာ - ရှေးအခါက ဘုရားသခင်သည် ကာယန်းတိုင်းရင်းသားအပါအဝင် ကယားတို့အား ရွှေကျမ်းစာတစ်အုပ်ပေးအပ်ထားကြောင်း၊ ယင်းရွှေကျမ်းစာကို ကာယန်းတို့က မဖတ်တတ်သဖြင့် ညီထွေးဖြစ်သည့် လူဖြူထံမှ ငွေကျမ်းစာဖြင့် လဲခဲ့ကြောင်း၊ ညီထွေးဖြစ်သူ လူဖြူသည် ယင်းရွှေကျမ်းစာကို လဲယူပြီး နေမင်းနှင့်အတူ အနောက်အရပ်သို့ ထွက်သွားခဲ့ကြောင်း၊ ကာယန်းတို့သည် ညီထွေးထံမှ ငွေကျမ်းစာကို ရရှိသော်လည်း မဖတ်တတ်သဖြင့် အစ်ကိုအကြီးဖြစ်သူ တရုတ်တို့ထံမှ စက္ကူစာဖြင့် ထပ်မံလဲခဲ့ကြောင်း၊ ယင်းစက္ကူစာကိုလည်း မဖတ်တတ်သဖြင့် နောက်ဆုံးတွင် ရှမ်းလူမျိုးတို့ထံမှ သားရေစာဖြင့် လဲခဲ့သည်ဟု ဆိုသည်။

ကာယန်းတို့သည် သွားလေရာတွင် သားရေစာကို ယူသွားလေ့ရှိကြောင်း တောင်ယာခုတ်ထွင်နေစဉ် ယင်းသားရေစာကို သစ်ငုတ်တစ်ခုပေါ် တင်ပြီး အလုပ်လုပ်နေချိန်၌ ခွေးက အစာထင်မှတ်၍ စားသွားခဲ့ကြောင်း၊ ယင်း သားရေစာ ပျောက်ဆုံးသွားသဖြင့် စုံစမ်းမေးမြန်းရာ ခွေးက စားသွားကြောင်း၊ ယင်းခွေးက စားသွားသည့် သားရေစာသည် မစင်စွန့်ရာတွင် ပါသွားပြီး ထိုမစင်ကို ဝက်က စားသွားကြောင်း ခွေးက ပြောပြပါသည်။ ဝက်ကို မေးမြန်းရာတွင် မစင်စွန့်ရာတွင် ပါသွားပြီး ကြွက်က စားသွားကြောင်း ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ကြက်ကို မေးမြန်းရာတွင် ဝက်၏ မစင်ကို မိမိစားမိ ကြောင်း၊ ယင်းစာသည် မိမိပေါင်ရိုးထဲမှာရှိသော ခြင်ဆီထဲတွင် ရှိကြောင်း၊ အဖြစ်အပျက်တစ်ခုခုနှင့်ပတ်သက်၍ အမှားအမှန် ကို ကြည့်လိုပါက သူ၏ပေါင်ရိုးကို ထုတ်ပြီး ထိုးကြည့်လျှင် အမှန်တရားကို သိရှိနိုင်ကြောင်း ပြောပြပါသည်။ ထို့ကြောင့် ကယန်း (ပဒေါင်) တိုင်းရင်းသားများအပါအဝင် ကယားနွယ်ဝင် တိုင်းရင်းသားများသည် ဘုရားကပေးအပ်ခဲ့သော အမှန်တရား သည် ကြက်ရိုးတွင် ရှိသည်ဟု ယုံကြည်ကြသဖြင့် ကြက်ရိုး ထိုးသည့် အလေ့အကျဖြစ်ပေါ်လာခြင်း ဖြစ်သည်ဟု ယုံကြည် ကြပါသည်။

အလားတူ နောက်ထပ် ယုံကြည်ချက်တစ်ရပ်မှာ - ယင်းတို့ကိုးကွယ်သော ဘုရားသခင်က တစ်နေ့တွင် လူမျိုး တစ်ရာ့တစ်ပါးအား စာပေပေးဝေရန် ခေါ်ယူခဲ့သည်။ ထို စာပေကို ပေးဝေရာ၌ ကယန်းများအား လီထဲစောဖားခေါ် ရွှေစာသစ်ခေါက်ကို ပေးသနားတော်မူသည်။ ကယန်း တိုင်းရင်းသားများသည် အလုပ်လုပ်ခြင်းကိုသာ စိတ်ပါဝင် စားလျက်ရှိပြီး ယင်းရွှေစာသစ်ခေါက်ကို သစ်ငုတ်ပေါ်တွင် တင်ထားရာ ညအလုပ်သိမ်းပြီး အိမ်ပြန်ချိန်တွင် ထို စာခေါက်ကို မေ့ကျန်ရစ်ခဲ့သည်။ နံနက်မိုးလင်း သွား၍ ကြည့်ရှုသည့်အချိန်တွင် စာခေါက်မတွေ့ရတော့ဘဲ သစ်ငုတ် ခြေရင်းတွင် ခြစားထားသော အစအနသာ တွေ့ရ တော့သည်။ ထိုအဖြစ်အပျက်ကို ဘုရားသခင်အား သွား၍

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထားကြသည်။ ဘုရားသခင်က ခြကို ဘာစားသလဲဟု မေးမြန်းရာ ခြကို ကြက်က စားကြောင်းပါဘုရားဟု လျှောက်ထားကြသည်။ ဘုရားသခင်က ကယန်းတိုင်းရင်းသားတို့အား "အသင်တို့အတွက် အကောင်းဆုံးစာပေကို ပေးသနားခဲ့သော်လည်း သင်တို့သည် ပေါ့လျော့စွာထားရှိခြင်းကြောင့် ကြက်စာဖြစ်သွားခဲ့ပြီ ဖြစ်သည်။ ထို့အတွက် ကြက်ရိုးကိုသာ ထိုး၍ ကြည့်ကြလော့" ဟု မိန့်တော်မူသည်ဟု ဆိုပါသည်။ ထို့ကြောင့် ဘုရားသခင်၏ မိန့်ဆိုချက်အတိုင်း ကြက်ရိုးထိုးခြင်း အစဉ်အလာကို ယနေ့တိုင်အောင် လုပ်ဆောင်လျှက်ရှိကြခြင်းပင် ဖြစ်သည်ဟု ဆိုပါသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် စိုက်ပျိုးရန်မြေနေရာ ရွေးချယ်ရာတွင်လည်းကောင်း၊ ကေ့ထိုးဘိုးတိုင်ခုတ်ယူရန် သစ်ရွေးချယ်ရာတွင်လည်းကောင်း၊ နေ့ကောင်းရက်မြတ်ရွေး၍ ပြုလုပ်လေ့ရှိသည်။ ထိုကဲ့သို့ သာရေး၊ နာရေးကိစ္စတို့ကို မပြုလုပ်မီ ကြက်ရိုးဗေဒင် ကြည့်လေ့ရှိသည်။ ကြက်ရိုးထိုးခြင်းကို နတ်ဆရာ သို့မဟုတ် ကျွမ်းကျင်သူ အဘိုးအိုတစ်ဦးဦးက လုပ်ကိုင်ဆောင်ရွက်လေ့ရှိသည်။ အမျိုးသမီးများကြက်ရိုးထိုးခြင်းကို ခွင့်မပြုချေ။

မိမိ၏ မိသားစုတွင် တစ်ဦးဦး နာမကျန်းဖြစ်နေလျှင် "နတ်ဖတ်စားသည် သို့မဟုတ် ရောဂါကပ်နေသည်" ကို သိရှိရန် ကြက်ရိုးဗေဒင်မေးမြန်းလေ့ ရှိသည်။ မည်သည့်နတ်အား

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်တိရစ္ဆာန်ဖြင့် မည်သည့်နေရာတွင် ပူဇော်ပသရမည်ကို ကြက်ရိုးထိုးကြည့်ကြသည်။ ဗေဒင်ဟောကိန်းအရ ကြက်ဆိုလျှင် ကြက်၊ နွားဆိုလျှင် နွား စသည်တို့ကို သတ်ဖြတ်ပြီး သက်ဆိုင်ရာနတ်အား ပူဇော်ပသလေ့ ရှိကြပါသည်။

ကြက်ရိုးဗေဒင်ကို အမှုအခင်းများ ဖြစ်ပွားသည့်အခါ သက်သေပြရန် အလွန်ခက်ခဲသော အမှုများတွင်လည်း အသုံးပြုကြသည်။ ကြက်ရိုးထိုးကြည့်၍ အဖြေထွက်ပေါ်လာသည့်အတိုင်း နှစ်ဦးနှစ်ဘက်လုံးက ကျေကျေနပ်နပ် လက်ခံလေ့ရှိကြသည်။

ကြက်ရိုးထိုးပုံမှာ - ကြက်တစ်ကောင်၏ လည်ပင်းကို လိမ်ချိုးလိုက်ပြီး မသေမရှင်ရှိနေစဉ် ကြက်၏ စအိုဝမှ မစင်များကို ထုတ်ပစ်သည်။ မစင်များ ကုန်သွားပြီးမှ မစင်ပေါက်မှနေ၍ အူများကို ဆွဲထုတ်ပစ်ပြီး အရင်းမှ ဖြတ်ပစ်သည်။ နောက်တစ်ဖန် စအိုဝမှပင် ကြက်၏ပေါင်ကို ဦးစွာထုတ်ယူသည်။ ထို့နောက် ပေါင်၏ အပေါ်ယံ အကြောအမျှင်များကို ခြစ်ပစ်သည်။ ပေါင်ရိုး၏အောက်ပိုင်းထိပ်ကို ဓားဖြင့် ဖြတ်ပြီး အပေါက်ထဲသို့ တုတ်ချောင်းငယ်ကို ထိုးသွင်းလိုက်သည်။ ထိုအခါ အရိုးထဲတွင်ရှိသော သွေးသည် အပေါက်ကလေးများမှ ကန်၍ ထွက်လာသည်။ ထိုသွေးထွက်ပေါက်ကို ကြည့်ခြင်းအားဖြင့် ပေါင်ရိုးတွင် အပေါက်မည်မျှပါသည်ကို သိရှိနိုင်သည်။ ဤနည်းအားဖြင့် ပေါင်ရိုးရှိ အပေါက်ကိုရှာ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ရှိသမျှအပေါက်တွင် အဆင့်သင့် သပ်၍ထားသော နီးမျှင်ကို တစ်ပေါက်လျှင် တစ်ချောင်းစီ ထိုးထားခြင်းဖြင့် အမှတ်အသား ပြုလုပ်သည်။ ထို့နောက် ကျန်သည့် ဘယ်ဘက်ပေါင်ရိုး စအိုဝမှပင် ထုတ်ယူပြီး ညာပေါင်ရိုးမှာကဲ့သို့ပင် ပြုလုပ်ပြန်သည်။ ပေါင်ရိုးတစ်ဖက်စီတွင် အပေါက်ကလေးများ တစ်ပေါက်၊ နှစ်ပေါက်၊ သုံးပေါက် စသည်ဖြင့် ရှိတတ်ကြသည်။ အားလုံးပြုလုပ် ပြီးစီးသွားသည့်အခါ ဘယ်ပေါင်ရိုးနှင့် ညာပေါင်ရိုးကို ယှဉ်ကြည့်ပြီး ကြက်ရိုးပေါက် တည်ရှိသည့်အနေအထားနှင့် အပေါက်အရေအတွက်ကို ကြည့်ကာ နိမိတ်ဖတ်ဟောလေ့ရှိပါသည်။



ကြက်ရိုးထိုးနေပုံ

www.burmeseclassic.com


www.burmeseclassic.com





ကြက်ရိုးအားအတိတ်နိမိတ်
ကောက်ယူနေပုံ

## ကြက်ရိုးပေါက်တည်ရှိခြင်းနှင့် နိမိတ်ကောက်ယူပုံ





နှောင့်ယှက်မှုကင်း၍
အောင်မြင်သည်။

နှောင့်ယှက်မှုရှိသော်လည်း
အောင်မြင်သည်။


www.burmeseclassic.com

www.burmeseclassic.com







ဆုံးရှုံးမှုတို့ပြသည်၊
([illegible])




အလွန့်အလွန်ဆုံးရှုံးမှု




ထားများခြင်း၊ ရှောင့်ယှက်ခြင်းပေါ်
ထတ်သည်၊ သို့သော်နိုင်ဖို့ရှိသည်၊



ရန်သူတွေ့ရတတ်သည်၊
ဆုံးရှုံးမှုရှိသည်၊



ရန်သူတို့ အောင်နိုင်သော
လက္ခဏာဖြစ်သည်၊




ထူထောင်ရန်ကောင်းသော
အလားအလာဖြစ်သည်၊


www.burmeseclassic.com

www.burmeseclassic.com







ရှေ့ဆက်လမ်းအတွက်ကောင်းသော
အလားအလာဖြစ်သည်၊




ကြိုးစားဆောင်ရွက်မှုသာ
အောင်မြင်မည်၊




အလွယ်တကူအောင်မြင်မည်၊



စိတ်ဓာတ်အားနည်းသော်လည်း
လုပ်ငန်းအောင်မြင်မည်၊



ဒုက္ခရောက်လမ်းရှိသည်၊




လုပ်ငန်းထူထောင်ရန်
အခါကြောက်သည်၊


www.burmeseclassic.com

www.burmeseclassic.com







ဆုံးရှုံးမှုရှိသေးသည်။




အထွတ်အထိပ်သို့ရောက်ရှိ
အောင်မြင်မည်။



အကုန်အကျများမည်။



ခက်ခဲသော်လည်း စားဝတ်နေရေး
ပြေလည်ရန်ရှိသည်။




ဖျက်ဆီးခြင်းခံရမည်။


www.burmeseclassic.com

www.burmeseclassic.com





အများကပိုင်း၍မကောင်းသတင်း ပြောဆို၍ ဖျက်ဆီးခြင်းခံရတတ် သည်၊ သို့သော်အောင်မြင်မည်။



အများကပိုင်း၍မကောင်းသတင်း ပြောဆို၍ ဖျက်ဆီးခြင်းခံရတတ် သည်၊ ဆုံးရှုံးမည်။

## (ဂ - ၂) နှီးဗေဒင်ခေါ် သက်ကယ်ရိုးချိုးဗေဒင်

ဤဗေဒင်သည် ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ရိုးရာဗေဒင်ပညာတစ်ရပ်ပင် ဖြစ်သည်။ နှီးဗေဒင်ပညာဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ယူဆချက်မှာ - ကမ္ဘာဦးအခါက ကမ္ဘာပေါ်တွင် နေနှစ်စင်းသာခဲ့ကြောင်း၊ ထိုအခါ လူတို့ စိုက်ပျိုးလုပ်ကိုင်သော သီးနှံပင်များ မအောင်မြင်ဘဲ ပျက်စီးကြကြောင်း၊ ဤအဖြစ်အပျက်ကို ကမ္ဘာနတ်သားထံသို့ သွားရောက်မေးမြန်းကြည့်ရာ နတ်သားက 'နှီးချိုးခြင်း' ဖြင့် အဖြေရှာကြရန် မှာလိုက်လေသည်။ နတ်သားမှာကြားလိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လူသားတို့က နှီးရိုးချိုးခြင်းဖြင့် အဖြေရှာကြသည့်အခါ ကမ္ဘာပေါ်တွင် နေမင်းနှစ်စင်းရှိခြင်းကြောင့် လူတို့ စိုက်ပျိုးသော သီးနှံပင်များ ပျက်စီးခြင်းဖြစ်သည်ဟု သိရှိရ၏။ ယင်းအကြောင်းကို လူသားတို့က နတ်သားထံ တစ်ဖန် သွားရောက်မေးမြန်းရာ နတ်သားက နှီးချိုးခြင်းဖြင့် ထပ်မံအဖြေရှာကြရန် ပြောပြသည်။ ထိုအခါ လူသားတို့က နှီးချိုးပြီး အဖြေထပ်ရှာရာတွင် နေမင်းနှစ်စင်းအနက် တစ်စင်းကို ဒူးလေးဖြင့် ပစ်ခွင်းရမည်ဟု နိမိတ်ရပါသည်။ သို့ဖြစ်၍ လူသားတို့က နေမင်းတစ်စင်းကို ဒူးလေးဖြင့်ပစ်ခွင်းရာ ထိမှန်သွားရာ မျက်စိတိမ်သလ္လာဖုံးပြီး အပူရှိန်နှင့် အလင်းရောင်ကောင်းစွာ မပေးနိုင်တော့ပေ၊ ဤကဲ့သို့ ဖြစ်ပျက်သွားသည့် နေကို 'လ' ဟုခေါ်ဆိုကြသည်။ သို့ဖြစ်၍ ထိုအချိန်မှစပြီး ကမ္ဘာပေါ်တွင် နေတစ်စင်း၊ လတစ်စင်း သာလာခဲ့သည်ဟု ယုံကြည်ယူဆကြလေသည်။ အလားတူ နှီးဗေဒင်ခေါ် သက်ငယ်ရိုးချိုးဗေဒင်သည်လည်း ထိုအချိန်မှစ၍ ပေါ်လာခဲ့သည်ဟု ဆိုကြပေသည်။

ထိုယူဆချက်နှင့်မတူသော အခြားတစ်ချက်မှာမူ ကေ့ထိုးဘိုး ဘာသာကျမ်းဦး ဒုတိယပိုင်း၊ အခန်း (၅)၊ စာမျက်နှာ ၃၁-၃၂ တွင် "ဖားရော်သဲမော့ဆိုသူသည် တစ်နေ့၌ ဥသုံးလုံးရရှိခဲ့ပြီး ထိုဥသုံးလုံးကို ဖောက်ယူရန်အတွက် ဖူးဒီးကလားအား တွက်ချက်စေပြီး၊ ဖောသူးဆိုသူအား နှီးချိုးစေရာ 'ဆိုဟောမော၊ ဆိုဟောဖဲ' ဆိုသော တောင်ပို့ တောင်မကို

www.burmeseclassic.com



ဝပ်စေခြင်းဖြင့် ညသန်းခေါင်အချိန်လောက်တွင် ဖောက်ထွက်လာ၍ ပထမတစ်လုံးမှာ မိုးပေါ်ပြန်တက်ကာ မိုးကြိုးဖြစ်သွားသည်။ ဒုတိယတစ်လုံးမှာ ရေသူမကို ဖြစ်ပေါ်စေသည်။ တတိယတစ်လုံးမှာမူ လူသားတစ်ဦးကို ဖြစ်ပေါ်စေသည်။ ထိုအချိန်မှစ၍ နှီးဖေဒင်ခေါ် သက်ငယ်ရိုးချိုးဗေဒင် ဖြစ်ပေါ်လာရသည်ဟု ရေးသားဖော်ပြထားပါသည်။


ဤဗေဒင်ပညာသည် ကယန်း (ပဒေါင်) တိုင်းရင်းသားများအဖို့ ယနေ့ထိတိုင်အောင် ကောင်းကျိုး၊ ဆိုးကျိုးကို သိရှိနိုင်ရန် ယုံကြည်အားကိုးနေရသော ရိုးရာဗေဒင်ပညာတစ်ရပ်ဖြစ်ပေသည်။ မွေးကင်းစကလေးသူငယ်များ အမည်ကင်ပွန်းတပ်ရာ၌လည်းကောင်း၊ ကျွဲနွားပစ္စည်းဥစ္စာပျောက် ရှာရာတွင်လည်းကောင်း၊ နေထိုင်မကောင်းသောအခါတွင်လည်းကောင်း၊ ခရီးဝေးသွားလာ ကူးသန်းရောင်းဝယ်သည့် အခါတွင်လည်းကောင်း၊ လယ်ယာထွန်ယက်စိုက်ပျိုးရာတွင်လည်းကောင်း တွက်ချက်အဖြေရှာ ကြည့်တတ်ကြပါသည်။ အမျိုးသားများသာမက အမျိုးသမီးများပါ ဤဗေဒင်ကို တက်မြောက်ကြသည်။

နှီးချိုးပုံချိုးနည်း နှစ်မျိုးရှိပါသည်။ ပထမနည်းမှာ နှီးကို ညီတူညီမျှ အချိုတ်ပုံသဏ္ဌာန်ဖြစ်အောင် နှီးချောင်းကုန်သည်အထိ အကန့်ကလေးများ ချိုးချလိုက်ခြင်း ဖြစ်သည်။ နောက်ဆုံး အကန့်သည် အခြားအကန့်များနှင့် တူညီနေလျှင် ကောင်းသည်ဟု ယူဆပြီး တခြားအကန့်များထက် ထက်ဝက်

www.burmeseclassic.com



ဆောက်နေလျှင် သိပ်မကောင်းဟု ယူဆကြသည်။ တခြားအကန့်များထက် ထက်ဝက်လျော့နေလျှင် ဆိုးသည်။ လုံးဝမကောင်းဟု ယူဆကြသည်။ နောက်တစ်နည်းမှာ ကောင်းလျှင် 'စုံ' ဖြစ်ပါစေ သို့မဟုတ် 'မ' ဖြစ်ပါစေဟု တစ်ခုခု မိဌာန်ကာ နှီးတုန်သည်အထိ ရမ်းချိုးချခြင်းပင် ဖြစ်သည်။ ချိုးချလိုက်သည့် နှီးအပိုင်းကလေးများကို ရေတွက်ကြည့်သည့်အခါ မိမိမိဌာန်ထားသည့်အတိုင်းဖြစ်လျှင် ကောင်းသည်၊ မဖြစ်လျှင် မကောင်းဟု ယူဆကြပါသည်။ ဤသို့ဖြင့် ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် မိမိသိလိုရာကို ကြက်ရိုးဗေဒင်ကြည့်ခြင်း၊ နှီးဗေဒင်ကြည့်ခြင်းအားဖြင့် အဖြေရှာတတ်ကြကြောင်း လေ့လာသိရှိရပါသည်။




နှီးဗေဒင်ခေါ် သတ်တယ်ရိုးချိုးဗေဒင်

www.burmeseclassic.com

www.burmeseclassic.com



## (ဃ) စကားပုံများနှင့် ဆုံးမစာ သံပေါက်များ

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ရိုးရာဓလေ့အရ တောင်ယာခုတ်ထွင်ခြင်း၊ စိုက်ပျိုးခြင်းနှင့် အမဲလိုက်ခြင်းတို့မှာ အဓိကလုပ်ငန်းများ ဖြစ်ကြပါသည်။ သို့ဖြစ်၍ ယင်းတို့ ပြောဆို သုံးနှုန်းကြသည့် ရိုးရာစကားပုံများမှာလည်း အဆိုပါ လုပ်ငန်းနှင့်ပတ်သက်သော စကားပုံများသာ အများဆုံးဖြစ် ပေသည်။

| စဉ် | ကယန်း (ပဒေါင်) | မြန်မာ |
|---|---|---|
| ၁။ | မာရောင်၊ အန့်ရောင် (မာဗလို-အန့်ဗလို) | အတူလုပ်၊ အတူစား (ဝိုင်းလုပ်ဝိုင်းစား) |
| ၂။ | ဆူးယောဇင့်၊ မင့်ယောထွင် | လက်ဝဲလက်ဖြင့် ရေကိုပေး၊ လက်ယာလက်ဖြင့် မီးကိုယူ၊ (ဆေးပေးမီးယူ) |
| ၃။ | အန့်လာဘောက်၊ ပရောက်လာမျိုင်း | စားတုန်းက တစ်လုပ်၊ အန်ထုတ်တော့ တစ်ပန်းကန် |
| ၄။ | ပရာမူးနား၊ ဆူးအွန်း ပရာခွန်းနား၊ ထွင့်အူ | မိန်းကလေးမှာ ကြက်တွန်သံကို နားစွင့်ရသည်။ ယောက်ျားလေးမှာ ခွေးဟောင်သံကို နားစွင့်ရသည်။ |
| ၅။ | မာဆို့အို့ဘွဲ၊ ယိုင်အို့ပန်း | တောင်ယာလုပ်လျှင် ယာရှင်းကို ကြည့်၊ စုပေါင်းကလျှင် မန်းပရွေ့သံ နာခံပါ။ |
| ၆။ | အောက်ယူး၊ ဒေါပွန်ဖား ဒန့်၊ စိုးသိုင့်ခလိုက်ကလိုး | ဝန်တင်နွား မရှိသောသူသည် ပြေပြစ်သောလမ်းကို မသိနိုင် |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | တယန်း (ပဒေါင်) | မြန်မာ |
|---|---|---|
| ၇။ | ဆူးခိုလားဖော့၊ မင့်ပေါင်လားရှိုး | ရေကိုနည်းစဉ်က တာပိတ်ထားရမည် မီးကို အနည်းငယ် လောင်စဉ်က ငြိမ်းသတ်ရမည်။ |
| ၈။ | ပရာဒိုင့်၊ လှိုင်သူးဆန်း | တိတ်တိတ် နေတတ်သူသည် ဆင်ပြောင်ကြီးကိုပင် တုတ်ဖြင့် ရိုက်သတ်သည်။ 'လူပြော မသန်၊ လူသန်မပြော' |
| ၉။ | အို့တချင်း - လာပလာ၊ အို့တငါး - လာပလေး | နောက်ကြောင်း အတိတ်ကာလကို တစ်တောင်သာကြည့်၍ ရှေ့အနာဂတ်ကာလအတွက် တစ်လံ ကြည့်ပါ။ |
| ၁၀။ | လှိုင်တို့ဆို - စိမ့်တိုဒုန်း | သွားလျှင် တောင်ယာရောက်အောင်သွားပါ၊ ပြန်လျှင်ရွာရောက်အောင် ပြန်ပါ။ |
| ၁၁။ | တွန်ဖော့လောင်ပလာ၊ ဝိဇာဖော့လောင်ငေါင် | သေးငယ်သောငှက်ကို ပစ်လျှင် မြားကုန်တတ်သည်၊ ကလေးသူငယ်ကို ပြောဆိုဆုံးမလျှင် စကားပိုပြောရသည်။ |
| ၁၂။ | မင့်စိုးခါး-ဖတ်စိုးကိုင်၊ ပရောဖော့ဆိုက်-မာငေါင်းစိုးသောင်း၊ | အရောင်မှိန်သောမီးကဲ့သို့ ဆင်းရဲသားများ ပြောသောစကား အရာမရောက်နိုင်။ |
| ၁၃။ | ခိုးဇန်ဒေါက်သိုင့်၊ သိုင့်ဆိုင်ဒေါကန်း။ | မြင်းမစီးတတ်လျှင် မြင်းကန်ခံရတတ်သည်။ |
| ၁၄။ | ဖော့ဆိုက်တာကွန့်၊ ပရာဒွန့်တာကုန်း။ | ဆင်းရဲလေ ကံဆိုးတတ်လေ ဖြစ်ပြီး ချမ်းသာလေ ကံကောင်းတတ်လေ ဖြစ်သည်။ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ကယန်း (ပဒေါင်) | မြန်မာ |
| --- | --- | --- |
| ၁၅။ | နေ့းသတောက်၊ ပရောက်သောအန့်၊ ဒိုခန့်သာယူ | ချိုးမွမ်းလို၍ ကဲ့ရဲ့သည်၊ ရယူလို၍ ချေးငှားသည်။ |
| ၁၆။ | နန်းစိုးဖို့-မာအွင့်ဂေါင် တွန်း၊ ဒီစိုးဘွန်းမာအွင့် သိုလတ် | ရုပ်ဆိုးသူနှုတ်ချိုရသည်၊ ဆန်လုံးညို လျှင် ဟင်းကောင်းကို ချက်ပေးရသည်။ |
| ၁၇။ | ခေါက်ခွင့်ယာ-ခေါက်ယွ ပရန့် | အကြီးအကဲတို့နှင့် ပေါင်းသင်းရ လျှင် ဆင်းရဲမည်။ |
| ၁၈။ | သာယူမိုလန်တိုင်းလား၊ သာယူဆလန်တိုင်မော့ | နေမင်းကို လိုချင်၍ လမင်းကို လက် လွှတ်ရသည်။ ကြယ်တာရာကို လိုချင် ၍ မိုးကောင်းကင် တစ်ပြင်လုံးကို လက်လွှတ်ရသည်။ |
| ၁၉။ | ဂေါ် ဒွန့်ယဲ၊ နန့်ဆာရိုက် | ပြောဆိုပုံက သူဌေးကြီးအသံ၊ ကိုယ် ခန္ဓာကား ဒုက္ခိတ။ |
| ၂၀။ | ကိုင်းဇူဘေးယာ ဒါက်ဇူဘေးယော | မနေ့ညက ရန်သူ၊ ယနေ့ မိတ်ဆွေ ဟောင်း။ |
| ၂၁။ | ခွင့်မီဒွန့်၊ ကာမှုင်ကာလောင် | ပုတ်သင်ညိုသည် မိမိ၏ အမြီးသာ လောကတွင်အကြီးဆုံးဟု ယူဆသည်။ |
| ၂၂။ | နီကွင်းနင်ပန်- နီဖန့်နင်ယွန်း | တောင်းယူခြင်းထက်၊ လုယူခြင်းက မြန်ဆန်၏။ |
| ၂၃။ | နီနန်းနင်ဆွိုင့် ယီသွိုင်းနင်ပေါင် | နေ့လွန်းလျှင် မိုးမိတတ်သည်၊ လေးလွန်းလျှင် အငေါက်ခံရတတ် သည်။ |
| ၂၄။ | မင်းစိုးသုး စိုးမင်းဒါးဖိုင့် | ကျားမသေခင်၊ ကျားသားရေ မခင်း ပါနှင့်။ |
| ၂၅။ | စိုးဒရီးမယ်ကာလီ၊ စိုးလီမ[illegible]ဖုး | ထမင်းမရှိသောသူ အစားများတတ်၏။ ခေါင်းမရှိသောသူ ခေါင်းမူးလွယ်၏။ |

www.burmeseclassic.com

www.burmeseclassic.com



ရှေးကယန်း (ပဒေါင်) လူကြီးသူမတို့သည် လူငယ်၊ လူရွယ်များအား ပြောဆိုဆုံးမကြရာတွင် ဆုံးမစာ သံပေါက်များဖြင့် ပြောဆိုဆုံးမလေ့ရှိသည်။ အဓိကအားဖြင့် မိဘ ကျေးဇူး သိတတ်လာရန်၊ ဆွေမျိုးဂုဏ် ထိန်သိမ်းတတ်စေရန်၊ ရပ်ရွာအသိုင်းအဝိုင်းနှင့် သင့်တင့်လျှောက်ပတ်စွာ နေတတ်စေရန် စသည့်အကြောင်းအရာများနှင့် ပတ်သက်သော ဆုံးမစာ သံပေါက်များ ဖြစ်ပေသည်။

၁။ ဘန်းဒွန့်၊ ဆိုက်ယူးဒေါ့ချောင်း
ဘန်းဖောင်၊ ဆိုက်ယူးဒေါ့ခူး
ငေါ့င်သူ ငေါင်းသူး၊ တိုက်ယူး ပီဇာ

- ကြီးသောလုံ့မှာ သမင်၊ ဆတ်တို့ကိုထိုးရန်ထားသည်။
- သေးငယ်သောလုံ့မှာ ချေ၊ စိုင်၊ ဒရယ်တို့ကိုထိုးရန် ထားသည်။
- ရှေးဟောင်းနှောင်းဖြစ်များကို ကလေးသူငယ်များ အား ပြောပြရန် ထားသည်။

၂။ ရိန်းဒေါ့ထိုး၊ အိုးဂန်ခလန်း—
ရိန်းဒေါ့နုန်း၊ အိုးဂန်လှိုင်
ရိန်းဒေါ့ဗထိုင်၊ အိုးဂန်ဟောင်း

- နားတော့မည်ပြုပါလျှင် ရှင်းသည့်နေရာကို ပထမ ဦးစွာရွေးထားပါ။

www.burmeseclassic.com

www.burmeseclassic.com



- ထိုင်တော့မည်ပြုပါလျှင် ကျယ်ဝန်းသည့်နေရာကို ရွေးထားပါ။
- ရှန်းကန်တော့မည်ပြုပါလျှင် ပြောင်သောမြေ တလင်းကို ရွေးထားပါလေ။

၃။ စိုးယွန်၊ မိုးငေါင်၊ မယ်ဆား
စိုးယွန်၊ ဖားငေါင်၊ မယ်ပန်
ယွန်တောင်နန်၊ ဆာရိုင်း
- မိခင်စကား နားမထောင်မူ နာကျင်မှုနှင့် ကြုံရလိမ့် မည်။
- ဖခင်စကား နားမထောင်မူ ခက်ခဲမှုနှင့် ရင်ဆိုင်ရ လိမ့်မည်။
- မိမိသဘောအလျှောက် လုပ်ဆောင်သွားလျှင် ဒုက္ခ ကြီးနှင့် ဆုံရလိမ့်မည်။

၄။ အောက်စိုးမိုး၊ လန်ဆိုက်လာထား
အောက်စိုးဖား၊ လန်ဆိုက်လာတို့
အောက်စိုးဂရို၊ လန်ဆိုက်လာလို
- မိခင်မဲ့သူက သူတစ်ပါးထက် တစ်ထွာမျှ အောက် တန်းကျသည်။
- ဖခင်မဲ့သူက သူတစ်ပါးထက် လူတစ်ရပ်မျှ အောက် တန်းကျသည်။
- အမွေအနှစ်လုံးဝမရှိသူမှာ သူတစ်ပါးထက် တစ်ဆ အောက်တန်းကျသည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ သီစိုးအွင့် ၊ စိုးရာငေါင်ဘွန်း
ဒရီခိုးဘွန်း၊ စိုးရာငေါခလိုက်
ဂေါင်ဇစိုက်၊ စိုးရာငေါင်ဒုန်း
- ခေါင်ရည်အရသာမချိုပါက ဆွေမျိုးညီအစ်ကိုနှင့် မထိုက်ပါ။
- ဆန်လုံးညိုထမင်းမဖြူပါက သူငယ်ချင်းကောင်းနှင့် မထိုက်တန်ရာ။
- တွေ့ကရာစကားအလွန်များပါက မိမိရွာသူရွာသား များနှင့် မသင့်မြတ်နိုင်ပါ။

၆။ လူစိုးဖို စိုးဘွိုင်းဟန်ကန်း
လာနန်စိုးဖို စိုးဘွိုင်းမော်ခွန်
ပရာလွန်စိုးဖို စိုးဘွိုင်းတို့ဒုန်း
- မရိုးမဖြောင့်သောသူ၏ ဝိညာဉ်ကို မြေအောက် ကမ္ဘာ၌ လက်ခံမထားအပ်။
- မရိုးဖြောင့်သော နတ်သိကြားများကို မိုးကောင်းကင် ၌ လက်ခံမထားအပ်။
- မရိုးဖြောင့်သော လူသားများအား လူ့ရွာတွင် လက်ခံ၍ မနေစေအပ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၄

# လူမှုရေး

## (က) မိသားစုဖွဲ့စည်းပုံ

မိသားစုဆိုသည်မှာ အမိ၊ အဖနှင့် သားသမီးများဟူ၍ သုံးဦးသုံးဆိုင် ဆက်စပ်မှုရှိနေသည့် ထာဝရတြိဂံပုံသဏ္ဌာန်ရှိနေသောလူ့အဖွဲ့အစည်း၏ အခြေခံလူမှုရေးအစုပင်ဖြစ်သည်။ မိသားစုဖွဲ့စည်းပုံနှင့်ပတ်သက်၍ မနုဿဗေဒဘာသာရပ်တွင်-

(၁) အခြေခံမိသားစုခေါ် ရိုးရိုးမိသားစု[၁]

(၂) တိုးချဲ့မိသားစု[၂]

(၃) အိမ်ထောင်တွဲမိသားစု[၃]

(၄) ထပ်တိုးမိသားစု[၄] ဟူ၍ ခွဲခြားထားပါသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ မိသားစုဖွဲ့စည်းပုံကို လေ့လာကြည့်ရာ အများအားဖြင့် ရိုးရိုးမိသားစုပုံစံကို တွေ့ရှိရပါသည်။ သားများအရွယ်ရောက်၍ လက်ထပ်သည့်အခါ ရိုးရိုးမိသားစုပုံစံမှ တိုးချဲ့မိသားစုအသွင်ဖြင့် တွေ့ရှိရသည်။ ယင်းတို့၏ ထုံးတမ်းစဉ်လာအရ သားကြီးလက်ထပ်လျှင် မိဘနှင့် ချက်ချင်းခွဲနေလေ့ မရှိကြချေ။ ဒုတိယသား လက်ထပ်

၁။ Basic Family or Simple Family

၂။ Extended Family

၃။ Joint Family

၄။ Compound Family



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါမှသာ သားကြီးဖြစ်သူက အိမ်ခွဲလေ့ရှိသည်။ အလား တူ ဒုတိယသားကလည်း တတိယသားလက်ထပ်သည့် အချိန် မှသာ အိမ်ခွဲနေလေ့ရှိသည်။ ဤသို့ဖြင့် သားအငယ်ဆုံး အိမ်ထောင်ကျသည်အထိ အိမ်ထောင်ကျပြီးသော သားများ တစ်ဦးပြီးတစ်ဦး မိဘနှင့်အတူ နေသွားကြရသည်။

သမီးများမှာမူ လက်ထပ်ပြီးလျှင် ဖဘက်လိုက်စနစ်[၁] အရ ခင်ပွန်းသည်၏ မိဘအိမ်သို့ လိုက်ပါနေထိုင်ရသည်၊ မိဘများ အသက်အရွယ်ကြီးရင့်လာလျှင် အငယ်ဆုံးသားနှင့် အတူ မိမိတို့ပိုင်အိမ်တွင် နေထိုင်ကြသည်၊ အချို့ကလည်း မိမိတို့ နေထိုင်လိုသော သားတစ်ဦးဦး၏အိမ်တွင် သွားရောက် နေထိုင်လေ့ရှိကြသည်။

ကယန်း(ပဒေါင်) မိသားစုတွင် ဖခင်၏ဩဇာအာဏာ[၂] သည် တည်မြဲသည်။ သားသမီးများမှာ မိခင်ထက် ဖခင်ကို ပို၍ လေးစားကြောက်ရွံ့ကြ၏။ ဖခင်သေဆုံးသွားလျှင် အိမ်ထောင့်တာဝန်ကို သားအကြီးဆုံးဖြစ်သူက တာဝန်ယူ ရသည်။ သားကြီးမရှိပါက ဖခင်ဘက်မှ အစ်ကို သို့မဟုတ် ညီဖြစ်သူက တာဝန်ယူ အုပ်ချုပ်ရသည်။

ကယန်း (ပဒေါင်) မိသားစုတို့သည် စည်းလုံးသင့်မြတ် စွာဖြင့် စုစည်းနေထိုင်ကြသည်ကို လေ့လာတွေ့ရှိရသည်၊ ဇနီး မောင်နှံအချင်းချင်း အပြန်အလှန်ကြင်နာမှုရှိကြသည်။ သား သမီးများကို မိဘများက ချစ်ခင်ယုယကြ၏။ မိခင်များသည် သားငယ်၊ သမီးငယ်များကို အထူးဂရုစိုက် ပြုစုကြသည်။

---

၁။ Patrilocal residence ၂။ Patriarch

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ် ရှစ်လသားအထိ မိခင်မှာ တောင်ယာမဆင်းဘဲ အိမ်၌ပင်နေထိုင်ပြီး ကလေးငယ်ကို ကောင်းစွာပြုစုစောင့်ရှောက်သည်။ ကလေးငယ် နို့ဖြတ်သောအချိန် သို့မဟုတ် အိမ်တွင်ထားခဲ့၍ရသော အချိန်မှသာလျှင် မိခင်သည် တောင်ယာအလုပ်ခွင်သို့ ဆင်းလေ့ရှိသည်။

## (ခ) ဆွေမျိုးတော်စပ်ပုံ စနစ်များ

ဆွေမျိုးစုသည် အခြေခံမိသားစုထက် ပိုမိုကျယ်ပြန့်သော အစုဖြစ်သည်။ မိသားစုမှ ဆွေမျိုးစု၊ ဆွေမျိုးစုမှ မျိုးနွယ်တူစု၊ မျိုးနွယ်တူစုမှ လူမျိုးစုများ ပေါ်ပေါက်လာကာ လူ့အဖွဲ့အစည်းများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဆွေမျိုးတော်စပ်ပုံစနစ်နှင့်ပတ်သက်၍ မနုဿဗေဒဘာသာရပ်တွင် -

(၁) သွေးသားအားဖြင့် ဆွေမျိုးတော်စပ်ခြင်း[၁]

(၂) လက်ထပ်ခြင်းဖြင့် ဆွေမျိုးတော်စပ်ခြင်း[၂]

(၃) မွေးစားခြင်း၊ ဆွေမျိုးအုပ်စု၊ ရိုးရာအုပ်စုတို့ တွင်ပါဝင်ခြင်းအားဖြင့် ဆွေမျိုးတော်စပ်ခြင်း[၃] ဟူ၍

ရှိပါသည်။

သွေးသားအားဖြင့် ဆွေမျိုးတော်စပ်ခြင်းကို လေ့လာကြည့်သော် ဖခင်၏ အမျိုးအနွယ်ဘက်ကိုသာ ဆင်းသက်တော်စပ်ခြင်း[၄] သာတွေ့ရ၍ မိခင်မျိုးနွယ်ဘက်သို့ ဆင်းသက်တော်စပ်ခြင်း[၅] ကိုမူ လုံးဝမတွေ့ရပေ။

---

၁။ Kinship by Blood

၂။ Kinship by Marriage

၃။ Kinship By Adoption

၄။ Pafrilineal Descent

၅။ Matri Lineal Descent


www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခြင်းအားဖြင့် ဆွေမျိုးတော်စပ်ခြင်းကို လေ့လာရာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး လက်ထပ်ထိမ်းမြားသည့်အခါ အမျိုးသမီးသည် အမျိုးသား၏ အုပ်စုဝင်ဖြစ်သွားပြီး သူတို့မှပေါက်ဖွားလာသော သားသမီးများသည် ခင်ဘက်မှ ဆွေမျိုးတော်စပ်သူများအဖြစ် အကျုံးဝင်သွားကြသည်၊ သို့ဖြစ်၍ ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် ဖဘက်လိုက်ဆွေမျိုးတော်စပ်ပုံစနစ်[၁] အား လက်ခံကျင့်သုံးကြကြောင်း တွေ့ရှိရသည်။ ဥပမာပြရသော် -

'တိပ်' အနွယ် ဆွေမျိုးအုပ်စုမှ အမျိုးသားတစ်ဦးနှင့် 'ဆောင်' အနွယ်မှ အမျိုးသမီးတစ်ဦးတို့ လက်ထပ်ထိမ်းမြားရာတွင် မွေးဖွားလာသော သားသမီးများသည် 'တိပ်' အနွယ် ဆွေမျိုးအုပ်စုဝင်များအဖြစ် အကျုံးဝင်သွားသည်။ တဖန် 'တိပ်' အနွယ်မှ အမျိုးသမီးတစ်ဦးနှင့် 'တား' အနွယ်မှ အမျိုးသားတစ်ဦးတို့ လက်ထပ်ထိမ်းမြားပါက ထိုဇနီးမောင်နှံမှ မွေးဖွားလာသော သားသမီးများသည် 'တား' အနွယ် ဆွေမျိုးအုပ်စုဝင်များအဖြစ် အကျုံးဝင်သွားကြပါသည်။



Δ = တိပ်မျိုးနွယ် (ကျား)

O = ဆောင်မျိုးနွယ် (မ)

Δ = တားမျိုးနွယ် (ကျား)

Δ + O = ဇနီးမောင်နှံ

Δ = O = မောင်နှမ

---

၁။ Patrilineal Kinship System

www.burmeseclassic.com

www.burmeseclassic.com



မွေးစားခြင်း၊ ဆွေမျိုးအုပ်စုဖွဲ့ခြင်း၊ ရိုးရာအုပ်စုတို့တွင် ပါဝင်ခြင်းအားဖြင့် ဆွေမျိုးတော်စပ်ပုံမှာ မရှိသလောက်ပင် ဖြစ်သည်။ မွေးစားသည့်ဓလေ့ရှိသော်လည်း တစိမ်းများကို မွေးစားလေ့မရှိဘဲ ဆွေမျိုးတော်စပ်သူများကိုသာ မွေးစားလေ့ ရှိကြကြောင်း တွေ့ရသည်။

(ဂ) ဆွေမျိုးအခေါ်အဝေါ်များ

ဆွေမျိုးအခေါ်အဝေါ်များသည် မိသားစု၊ ဆွေမျိုးများ အပြန်အလှန်ဆက်ဆံရေးတွင် အရေးပါသောအချက် တစ်ချက် ဖြစ်သည်။ လူတစ်ဦးက မိမိ၏ဆွေမျိုးတစ်ဦးအား ခေါ်သည့် အခေါ်အဝေါ်သည် ထိုသူကို မည်ကဲ့သို့ ဆက်ဆံရ မည်ကို ညွှန်ပြပေးလျက်ရှိသည်။ မနုဿဗေဒဘာသာရပ်တွင် ဆွေမျိုး အခေါ်အဝေါ်နှင့်ပတ်သက်၍ -

(၁) တိကျအခေါ်အဝေါ်[၁]

(၂) တင်စားအခေါ်အဝေါ်[၂] ဟူ၍ ခွဲခြားထားပါသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ဆွေမျိုး အခေါ်အဝေါ်[၃] များနှင့်ပတ်သက်၍ လေ့လာကြည့်ရာ တိကျ အခေါ်အဝေါ်များကို အများဆုံးသုံးနှုန်းကြပြီး တင်စား အခေါ်အဝေါ်ကို အနည်းငယ်မျှ အသုံးပြုကြကြောင်း လေ့လာတွေ့ရှိရသည်။

---

၁။ **Decriptive term**

၂။ **Classifactary term**

၃။ **Kinship Terminology**

www.burmeseclassic.com

www.burmeseclassic.com



| [illegible] | [illegible] (ပဒေါင်) |
|---|---|
| အဘိုး (မိခင်၊ ဖခင် နှစ်ဘက်လုံး) | ဖူး |
| အဘွား (မိခင်၊ ဖခင် နှစ်ဘက်လုံး) | ဖီး |
| အဖေ | ဖား |
| အမေ | မား |
| သား | ဖုန် |
| သမီး | ဖုန်မူ |
| မြေး | ဂူ |
| မြစ် | လွန်း |
| အစ်ကို (အရင်း၊ ဝမ်းကွဲ) | ရွှဲ |
| အစ်မ (အရင်း၊ ဝမ်းကွဲ) | ရွှဲမူ |
| ညီ၊မောင် (အရင်း၊ ဝမ်းကွဲ) | ပူး |
| ညီမ (အရင်း၊ ဝမ်းကွဲ) | ပူးမူ |
| ဦးကြီး (မိခင်၊ ဖခင် နှစ်ဘက်လုံး) | စာဗိုး |
| ဦးလေး (မိခင်၊ ဖခင် နှစ်ဘက်လုံး) | စာဖော့ |
| ဒေါ်ကြီး (မိခင်၊ ဖခင် နှစ်ဘက်လုံး) | စာမူဒုတ် |
| ဒေါ်လေး (မိခင်၊ ဖခင် နှစ်ဘက်လုံး) | စာမူဖော့ |
| ယောက္ခမ (ကျား၊ မ) | ပရမ်း |
| သားမက် | မက်ခုံး |
| ချွေးမ | ဒိုက် |
| ယောက်မ၊ ခဲအို၊ မတ် | နိမ်း |
| ယောက်မ၊ မရီး၊ ခယ်မ | ချမ်း |

(ဃ) ဆွေစဉ်မျိုးဆက်များ မှတ်သားခြင်း

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် ဆွေစဉ်မျိုးဆက် ရေတွက်ရာ၌ ဖခင်ဘက်မှ ဆွေမျိုးများကိုသာ၊ ဘော၊ ဘင်၊ ဘီ အလိုက် ရေတွက်မှတ်သားထားလေ့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးနွယ်ဆက် (၁၀) ခန့်အထိ ရေတွက်နိုင်သည်။ သို့သော် မိခင်ဘက်မှဆွေမျိုးများကိုမူ နှစ်ဆက်ခန့်လောက်သာ မှတ်မိကြသည်။ ဥပမာ -

လရွှဲသည် လကာလိန်း၏သား၊ လကာလိန်းသည် လခွမ်း၏သား၊ လခွမ်းသည် လကွီး၏သား၊ လကွီးသည် လဖော့၏သား၊ လဖော့သည် လခွီ၏ သား၊ လခွီသည် လထန်၏ သား၊ လထန်သည် လကေ၏သား၊ လကေသည် လလောက်၏သား၊ လလောက်သည် လလုန်၏သားစသဖြင့် ဖဘက်မျိုးဆက်များအား (၁၀) ဆက်ခန့်တိုင် ရေတွက်ပြနိုင်ကြ၏။

**ဖဘက်မျိုးဆက်များ** **မိဘက်မျိုးဆက်များ**

Δ လလုန်
↓
Δ လလောက်
↓
Δ လကေ
↓
Δ လထန်
↓
Δ လခွီ
↓
Δ လဖော့
↓
Δ လကွီး
↓
Δ လခွမ်း (အဘိုး) + O မူနန်း (အဘွား)
↓
Δ လကာလိန်း (အဖေ) + O မူဒေ့ (မိခင်)
↓
Δ လရွှဲ

'လရွှဲ' ဆိုသူ၏ ဆွေစဉ်မျိုးဆက်ပြဇယား


www.burmeseclassic.com

www.burmeseclassic.com




ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် ဤကဲ့သို့ ဘိုးဘေးအမည်များကို မှတ်သားလာခဲ့ပြီး သူတို့သည် မည်သည့်ဘိုးဘေးများမှ ဆင်းသက်လာသည်၊ ရွာအတွင်းတွင် မည်သည့်ဆွေစဉ်မျိုးဆက်များ ရှိနေကြသည်ကို သိရှိကြစေရန် ရွာထိပ်များတွင် ကျောက်တိုင်စိုက်ထူကာ ရေးသားဖော်ပြကြသည်။ ထိုသို့ ပြုလုပ်ခြင်းသည် သူတို့၏ ဘိုးဘေးများအား ဂုဏ်ပြုမှတ်တမ်းတင်ရာရောက်သည့် အပြင် နောင်လာနောက်သားများလည်း သိရှိမှတ်သားနိုင်ရန် ရည်ရွယ်၍ ပြုလုပ်ထားကြခြင်း ဖြစ်ပေသည်။

ဒီးမော့ဆိုမြို့နယ်၊ ပန်ပက်ကျေးရွာအုပ်စု၊ ရွှမ်းခူရွာ၏ အရှေ့ဘက်တောင်ကုန်းပေါ်တွင် ရေးထိုးစိုက်ထူထားသော ကျောက်တိုင်ကို ဥပမာအနေဖြင့် ဖော်ပြလိုက်ပါသည်။




ရှေ့မျက်နှာစာနှင့် ကျောဘက်တွင် ရေးထိုးထားသော ကမ္ပည်းစာ




ဘေးနှစ်ဘက်တွင် ရေးထိုးထားသော ဆွေမျိုးနွယ် ဆင်းသက်မှုပြ ကမ္ပည်းစာ

www.burmeseclassic.com

www.burmeseclassic.com





ဆွေစဉ်မျိုးဆက်ပြ
ကျောက်တိုင်

## (င) အပျို လူပျိုဘဝ

ကယန်း (ပဒေါင်) တိုင်းရင်းသား အပျိုနှင့် လူပျိုတွေ့ဆုံနိုင်သော အခွင့်အခါသည် မင်္ဂလာလက်ထပ်ပွဲ၊ အိမ်သစ်တက်ပွဲ၊ ကေ့ထိုးဘိုးပွဲများနှင့် ဈေးနေ့၊ တောင်ယာအလုပ်ချိန်တို့တွင် တွေ့ဆုံနိုင်ကြသည်။ ရှေးယခင်က 'ဟော့' ဟုခေါ်သော လူပျိုဂေဟာကို ဆောက်လုပ်ထားရှိပြီး လူပျိုနှစ်ဆယ်ကျော်၊ သုံးဆယ်ခန့် နေထိုင်ကြသည်။ လူပျိုလေးဆယ်ခန့်နေထိုင်နိုင်သော ဂေဟာသည် အကြီးဆုံးဖြစ်သည်။ ယောကျ်ားကလေးများ (၁၅) နှစ်၊ (၁၆) နှစ်အရွယ်ရောက်လျှင် လူပျိုဂေဟာက လက်ခံသည်။ လူပျိုများသည် နေ့လယ်တွင်

www.burmeseclassic.com

www.burmeseclassic.com



တောင်ယာလုပ်ငန်းခွင်သို့ သွားရောက်လုပ်ကိုင်ကြပြီး ညတွင် ဂေဟာ၌ ပြန်အိပ်ကြသည်။ ထမင်းကိုမူ အိမ်ပြန်၍ စားသောက် ကြသည်။ လူပျိုဂေဟာကို လူပျိုကြီး သို့မဟုတ် မုဆိုးဖိုတစ် ဦးဦးက ခေါင်းဆောင်သည်။ လူပျိုများ လက်ထပ် သွားလျှင် လူပျိုဂေဟာ၌ မနေကြရတော့ပေ။

လုလင်ပျိုများသည် တစ်နေကုန် သက်ဆိုင်ရာလုပ်ငန်း များကို လုပ်ကိုင်ကြရပြီး ညအချိန်မှသာ အားလပ်သည့်အတွက် ညဘက်တွင် မိမိနှစ်သက်သော မိန်းကလေး၏ အိမ်သို့ သွား ရောက်လည်ပတ်ကြသည်။ မိန်းကလေး၏ အိမ်ကလည်း လက်ခံရသည့်ဓလေ့ရှိသည်။ လုံမပျိုတစ်ဦး အိမ်ကို လုလင် ပျို (၃) ဦး၊ (၄) ဦး သွားရောက်ပြီး လူပျိုလှည့်နိုင်သည်။ လုလင်ပျိုတို့သည် တစ်ဦးကိုတစ်ဦး မနာလိုဝန်တိုစိတ် မရှိ ကြပေ။ တစ်ဦးက အရင်ရောက်နှင့်နေပါက အခြားတစ်ဦးက အနှောင့်အယှက်မပေးဘဲ လှည့်ပြန်သွားလေ့ရှိသည်။

လူပျိုလှည့်လာသော လုလင်ပျိုနှင့် အိမ်ရှင်လုံမပျိုမှာ အိမ်အလယ်၌ရှိသော မီးဖိုဘေးတွင် ထိုင်ကာ စကားပြော ကြသည်။ လုလင်ပျိုက မိမိနှစ်သက်နေသည့်အကြောင်းကို မိန်းကလေးအား အမူအရာဖြင့်သော်လည်းကောင်း၊ စောင်း တာ ချိတ်ကာဖြင့်လည်းကောင်း၊ ချစ်ရေးဆိုလေ့ ရှိသည်။ မိန်းကလေး၏ မိဘများကလည်း မိမိတို့သမီးပျိုထံသို့ လာရောက် လည်ပတ်သောလူငယ်များကို လက်ခံစကားပြောကြသည်။ များသောအားဖြင့် မိန်းကလေး၏ မိဘများမှာ အိမ်တွင်း၌

www.burmeseclassic.com

www.burmeseclassic.com



နေ၍ လူငယ်နှင့် သမီးပျိုတို့ အပြန်အလှန်ပြောဆိုကြသော စကားများကို နားထောင်နေတတ်ပါသည်။ လုလင်ပျိုနှင့် လုံမပျိုတို့သည် တပ်ခါတစ်ရံ နံနက်မိုးလင်းအထိပင် လုံမပျို၏ နေအိမ်တွင် လာရောက်စကားပြောတတ်ကြသည်။ မိုးလင်းမှသာ တောင်ယာ၊ လယ်ယာသို့ ဆက်၍ အလုပ်ဆင်းကြသည်။

လုလင်ပျိုသည် မိမိကို လက်ခံကြောင်း လုံမပျိုထံမှ သိရလျှင် တောင်ယာအလုပ်ချိန်၌ လုံမပျို၏တောင်ယာသို့ သွားရောက်ပြီး ချစ်စကားပြောရင်း တောင်ယာလုပ်ငန်းကိုပါ ကူညီလုပ်ကိုင်ပေးသည်။ တစ်ဖန် လုံမပျိုကလည်း ချစ်သူ၏ တောင်ယာသို့ သွားရောက်ကာ ကူညီလုပ်ကိုင်ပေးလေ့ ရှိသည်။ ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ လူပျို အပျိုဆက်ဆံပုံမှာ ပွင့်လင်းရိုးသားသည်ဟု ဆိုနိုင်ပေသည်။ လွတ်လပ်စွာ တွေ့ဆုံနိုင်ခွင့်ရကြသော်လည်း သစ္စာရှိစွာဖြင့် စောင့်စည်းကာ ဆက်ဆံကြပါသည်။ လက်မထပ်မီ ကျူးလွန်ပစ်မှားခြင်းမျိုးကို တတ်နိုင်သလောက် ထိန်းသိမ်းကြသည်။

## (စ) အိမ်ထောင်ဘက် ရွေးချယ်ခြင်းဆိုင်ရာ စည်းမျဉ်းများ

အိမ်ထောင်ဘက်ရွေးချယ်ရာတွင် မိဘအုပ်ထိန်းသူများက ရွေးချယ်သတ်မှတ်ကြသလို မိမိသဘောဆန္ဒအလျောက် ရွေးချယ်ခွင့်လည်း ရှိသည်။ မိဘက ရွေးချယ်ပေးထားသောသူကို သားသမီးများက မကြိုက်လျှင် ငြင်းပယ်ခွင့်ရှိသလို သားသမီးက ရွေးချယ်သောသူကို မိဘက အကြောင်းတစ်စုံတစ်ခုကြောင့် မနှစ်သက်လျှင် ကန့်ကွက်ခွင့်ရှိသည်။ သား

www.burmeseclassic.com

www.burmeseclassic.com



သမီးများသည် မိမိကြိုက်နှစ်သက်သူနှင့် အိမ်ထောင်မပြုမီ မိဘအုပ်ထိန်းသူ၏ သဘောတူခွင့်ပြုချက်ကို ဦးစွာတောင်းခံလေ့ရှိသည်။ ယင်းတို့၏ ဓလေ့ထုံးစံအရ သားသမီးတို့ လက်ထပ်ခွင့်ပေးနိုင်သူမှာ ဖခင်သာလျှင် ဖြစ်သည်။ ဖခင်မရှိလျှင် ဖခင်၏ အစ်ကိုကြီး သို့မဟုတ် ညီဖြစ်သူက လက်ထပ်ခွင့် ပေးနိုင်လေသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် အမျိုးသားနှင့် အမျိုးသမီးလက်ထပ်ထိမ်းမြားရန်အတွက် အိမ်ထောင်ဖက် ရွေးချယ်ခြင်းဆိုင်ရာ စည်းမျဉ်းများကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

(၁) အမျိုးသားဖြစ်သူသည် အမဲလိုက်ခြင်း၊ လယ်ယာထွန်ယက်ခြင်း၊ တောင်ယာခုတ်ထွင် ရှင်းလင်းခြင်းနှင့် တောင်းပလိုင်းယက်ခြင်း အစရှိသော အိမ်ထောင်မှုဆိုင်ရာ လုပ်ငန်းများကို တတ်မြောက်ပြီးမှသာ လက်ထပ်ခွင့်ရှိသည်။

(၂) အမျိုးသမီးဖြစ်သူသည် ဂျပ်ခုတ်ယက်ခြင်း၊ အိုးဖုတ်ခြင်းနှင့် ထင်းခွေ ရေခပ် ထမင်းချက်အစရှိသော အိမ်ထောင်သည်တစ်ဦး တတ်ထားသင့်သည့်လုပ်ငန်းများကို တတ်မြောက်ပြီးမှသာ လက်ထပ်ခွင့်ရှိသည်။

(၃) ရိုးရာဓလေ့အရ လက်ထပ်ထိမ်းမြားခြင်းမပြုမီ သက်ဆိုင်ရာနှစ်ဦး နှစ်ဘက် မိဘအုပ်ထိန်းသူတို့၏ ခွင့်ပြုချက်ကို ကြိုတင်တောင်းခံပြီးမှသာ လက်ထပ်ခွင့်ရှိသည်။

(၄) လက်ထပ်ထိမ်းမြားကြမည့် အမျိုးသားနှင့် အမျိုးသမီးတို့သည် ဆွေမျိုးချင်းဆက်စပ်ရာ၌ ဦးလေးမျိုးနှင့် တူမ

www.burmeseclassic.com

www.burmeseclassic.com



မျိုး၊ အဒေါ်မျိုးနှင့် တူမျိုးတော်စပ်ကြလျှင် လက်ထပ်ခွင့် မပြုပေ၊ အကယ်၍ လက်ထပ်မိပါက သူတို့အတွဲကို "ဗောင်း" ဟု ခေါ်ကြပြီး ဆွေမျိုးစုအသိုင်းအဝိုင်းမှ ပစ်ပယ်ထားတတ်ကြသည်။

(၅) ရှေးယခင် ဘိုးစဉ်ဘောင်ဆက်က ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် လက်ထပ်ထိမ်းမြားခြင်းမပြုဟု ကျိန်ဆိုထားသော မျိုးနွယ်မှဖြစ်လျှင်လည်း လက်ထပ်ခွင့် မပြုပါ။

(၆) အစ်ကိုမှရသော သားသမီးနှင့် ညီမှရသော သားသမီးများကို 'ငေါ်ဘူး' ဟု ခေါ်ကြပြီး လက်ထပ်မပေးကောင်းပါ။ အစ်မမှရသော သားသမီးများနှင့် ညီမမှရသော သားသမီးများကိုမူ လက်ထပ်ပေးလေ့ရှိသည်။ အစ်ကို မောင်နှင့် အစ်မ ညီမမှရသော သားသမီးများကိုမူ လက်ထပ်ပေးလေ့ရှိသည်။ သို့ဖြစ်၍ လိင်တူ ညီအစ်မမွေးဝမ်းကွဲမောင်နှမများ လက်ထပ်ခြင်း[၁]၊ လိင်ကွဲမောင်နှမမွေး ဝမ်းကွဲမောင်နှမများ လက်ထပ်ခြင်း[၂] ကို ခွင့်ပြုထားသော်လည်း လိင်တူညီအစ်ကိုမွေး ဝမ်းကွဲမောင်နှမများ လက်ထပ်ခြင်း[၃] အား ပြင်းထန်စွာ ကန့်ကွက်ထားပါသည်။ အကယ်၍ လက်ထပ်မိပါက သွေးသားနီးစပ်သောကြောင့် ရရှိလာသော သားသမီးများ မသန်မစွမ်းဖြစ်တတ်သည်ဟု ယူဆကြသည်။ ဖဘက်လိုက် ဆွေမျိုးတော်စပ်ပုံ


၁။ **Parallel Cousin Marriage (Famale)**
၂။ **Cross Cousin Marriage**
၃။ **Parallel Cousin Marriage (Male)**

www.burmeseclassic.com


www.burmeseclassic.com




နှစ်အရ အဆိုပါ မောင်နှမ 'ငေါဘူး' သည် သွေးသားတော်စပ်သူများဖြစ်ကြသည်ဟု လက်ခံယုံကြည်ကြပါသည်။




လိင်တူ ညီအစ်ကိုမွေး ဝမ်းကွဲမောင်နှမများ (လက်ထပ်ပိုင်ခွင့်မရှိ)




လိင်တူ ညီအစ်မမွေး ဝမ်းကွဲမောင်နှမများ (လက်ထပ်နိုင်သည်)





လိင်တွဲမောင်နှမမွေး ဝမ်းကွဲမောင်နှမများ (လက်ထပ်နိုင်သည်)

www.burmeseclassic.com

www.burmeseclassic.com



(၇) သုံးပွင့်ဆိုင် ဆွေမျိုးများ[၁] လက်မထပ်ရပါ။ အကြောင်းမှာ ဆွေမျိုးစုတစ်စုကို နှစ်ခါ မတော်စပ်နိုင်၍ ဖြစ်သည်။




(၈) အစ်ကို သေဆုံးသွားပါက ညီဖြစ်သူက အစ်ကို၏ဇနီး (မရီး) ကို လက်ထပ်ယူနိုင်၏။ ညီသေဆုံးသွားလျှင် အစ်ကိုဖြစ်သူက ညီ၏ဇနီး (ခယ်မ) ကို လက်ထပ်ယူနိုင်သည်။ တစ်နည်းအားဖြင့် ခဲအို-မတ် လက်ဆက်စနစ်[၂] ကို ကျင့်သုံးခြင်းဖြစ်သည်။ အစ်ကိုက အစ်မဖြစ်သူနှင့် လက်ထပ်ထားလျှင် ညီက မရီး၏ ခယ်မကို လက်ထပ်ခွင့် မပြုပါ။ လူတစ်ယောက်သည် ဇနီးအသက်ရှင်လျက်ဖြစ်စေ၊ သေဆုံးသွားလျှင်ဖြစ်စေ ဇနီးဖြစ်သူ၏ ညီမ သို့မဟုတ် အစ်မကို လက်ထပ်ခွင့်မပြုပါ။ တစ်နည်းအားဖြင့် မရီး-ခယ်မ လက်ဆက်စနစ်[၃] ကို တားမြစ်ထားသည်။ ဇနီးအသက်ရှင်လျက်နှင့် ဇနီးဖြစ်သူ၏ ညီမ သို့မဟုတ် အစ်မကို သွားရောက်ပစ်မှားခဲ့ပါက ထိုလူကို 'ပရာအိုက်' ဟု ခေါ်၍ ဆွေမျိုးအသိုင်းအဝိုင်းမှ ကျဉ်ဖယ်ထားလေ့ ရှိသည်။

---

၁။ **Triangle relationship**
၂။ **Levirate**
၃။ **Sororate**

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ အိမ်ထောင်ဘက် ရွေးချယ်ခြင်းဆိုင်ရာ စည်းမျဉ်းများကို လေ့လာကြည့်ရာ မျိုးပအိမ်ထောင်စနစ်[၁] ကို ကျင့်သုံးကြပြီး မျိုးတွင်း အိမ်ထောင်စနစ်[၂] ကို တားမြစ်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဆ) စေ့စပ်ကြောင်းလမ်းခြင်း

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ရိုးရာဓလေ့အရ လက်ထပ်ထိမ်းမြားရေးတွင် စေ့စပ်ကြောင်းလမ်းခြင်းသည် အရေးကြီးလှပါသည်။ အမျိုးသားဘက်မှ လက်ထပ်ခွင့်ပေးနိုင်သော လူကြီးများက မိန်းကလေး၏ မျိုးရိုးကို ဦးစွာ စုံစမ်းကြည့်ပြီး ယင်းတို့ ရိုးရာဓလေ့ထုံးတမ်းအရ လက်မထပ်ကောင်းဟု တားမြစ်ထားသော စည်းမျဉ်းများနှင့် အကျုံးမဝင်လျှင် မိန်းကလေး၏ မိဘထံ အောင်သွယ်လွှတ်၍ စေ့စပ်ပါသည်။ အောင်သွယ်သည် အမျိုးသား၏ မိဘဆွေမျိုးထဲမှ အမျိုးသမီးသို့မဟုတ် အမျိုးသားတစ်ဦးဦး ဖြစ်ရပါမည်။ အပျို လူပျိုမဖြစ်ရပါ။ အောင်သွယ်သည် အခြားသူများမသိအောင် လျှို့ဝှက်စွာ ပြုလုပ်ရပါသည်။ နံနက်မိုးမလင်းမီ သို့မဟုတ် ညမိုးချုပ်ချိန်တွင် မိန်းကလေးအိမ်သို့ တိတ်တဆိတ် သွားရောက်ရပါသည်။ ထိုကဲ့သို့ ပြုလုပ်ရခြင်းမှာ အကြောင်းသည်

[၁] Exogamy
[၂] Endogamy

www.burmeseclassic.com

www.burmeseclassic.com



ညွှတ်၍ စေ့စပ်ကြောင်းလမ်းခြင်း မအောင်မြင်လျှင် နှစ်ဦး နှစ်ဘက်သော မိဘတို့၏ ဂုဏ်သိက္ခာမထိခိုက်စေရန် ဖြစ် ပါသည်။

ပထမတစ်ရက်၌ အောင်သွယ်လုပ်သူက မိမိလာရောက် ရခြင်းအကြောင်းကို ပြောပြကာ အကျိုးအကြောင်း၊ အဖြေကို သိရှိနိုင်ရန် နောက်ရက်မှ ထပ်လာမည့်အကြောင်း ပြောပြပြီး ပြန်လာခဲ့ရသည်။ နောက်တစ်နေ့တွင် အောင်သွယ်လုပ်သူသည် မနေ့က ချိန်းဆိုထားသည့်အတိုင်း မိန်းကလေး၏ အိမ်သို့ သွားသည်။ မိန်းကလေးဘက်မှ ငြင်းပယ်ခြင်းမရှိပါက ရွှေ သို့မဟုတ် လက်ဝတ်ရတနာ သို့မဟုတ် ငွေဒင်္ဂါးများကို လက်ဆောင်အဖြစ် ပေးအပ်ပါသည်။

စေ့စပ်ကြောင်းလမ်းပြီးသည့်နောက် အမျိုးသားနှင့် အမျိုးသမီးသည် တစ်ယောက်အိမ်သို့ တစ်ယောက် လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်ကြသည်။ လအနည်းငယ်ကြာလျှင် လက်ထပ်မင်္ဂလာပွဲပြုလုပ်ရန် ထပ်မံညှိနှိုင်းရပါသည်။ ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ မင်္ဂလာဓလေ့တွင် သတို့သား ဖြစ်သူက သတို့သမီးအား ငွေဒင်္ဂါးဖြင့်* တင်တောင်း ပါသည်။ သတို့သမီး၏မိဘက မိမိ၏ သမီးကို ငွေဒင်္ဂါး

---

* ဂျော့ဘုရင်တံဆိပ်ခေါင်းပါ ငွေဒင်္ဂါး
- ယနေ့တိုင် အသုံးပြုလျက် ရှိနေပါသေးသည်။ မိမိတွင် ကိုယ်ပိုင် ဒင်္ဂါးမရှိလျှင် ချေးငှား၍ဖြစ်စေ၊ ဝယ်ယူ၍ဖြစ်စေ ရအောင်ရှာယူ ပါသည်။ ငွေဒင်္ဂါး၏ဈေးနှုန်းကို ယခုခေတ်သုံး ငွေကြေးနှင့် အဆင်ပြေသလို တန်ဖိုးချင်း ညှိကာ ဝယ်ယူကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်ရွေ့မည်မျှ ဖြင့် လာရောက်တင်တောင်းပါမှ လက်ခံမည့် အကြောင်းကို အောင်သွယ်မှတစ်ဆင့် ပြောခိုင်း၏။ သတို့သား ဘက်မှလည်း ယင်းတို့ တင်တောင်းနိုင်သည့် ငွေဒင်္ဂါး ပမာဏကို ပြန်လည်ပြောဆိုပြီး ညှိနှိုင်းလေ့ရှိသည်။ ညှိနှိုင်းမှု အောင်မြင်သွားလျှင် မင်္ဂလာလက်ထပ်ပွဲ ပြုလုပ်ရန်ရက်ကို ကြက်ရိုးထိုး၍ ရက်ကောင်း ရက်မြတ်ရွေးချယ်ကြသည်။ သတို့သမီးအား မင်္ဂလာကြေး တင်တောင်းခြင်းသည် လက်ထပ် ထိမ်းမြားရန်အတွက် အရေးပါသလို လင်မယား ကွာရှင်းရာ၌လည်း အထူးအရေးပါ အရာရောက်လှကြောင်း လေ့လာ တွေ့ရှိရသည်။

(ဈ) လက်ထပ်ထိမ်းမြားခြင်း

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ လက်ထပ် ထိမ်းမြားပွဲကို သတို့သားအိမ်၌သာမက သတို့သမီးအိမ်မှာပါ ကျင်းပပြုလုပ်လေ့ရှိသည်။ သတို့သားအိမ်တွင် ကြီးကျယ် ခမ်းနားစွာပြုလုပ်၍ သတို့သမီးအိမ်တွင်မူ အကျဉ်းမျှသာ ကျင်းပကြသည်။ ကုန်ကျစရိတ်ကို သတို့သားဘက်မှ ပို၍ အကုန်အကျခံရသည်။ မင်္ဂလာပွဲတွင် ဧည့်ခံကျွေးမွေးမည့် ဆန်၊ ဝက်သား၊ အမဲသားနှင့် ခေါင်ရည်တို့ကို သတို့သမီးဘက်မှ တောင်းဆိုထားသည့်အတိုင်း တတ်နိုင်သမျှ ဖြည့်ဆည်းပေး ကြရသည်။ မင်္ဂလာဧည့်ခံပွဲသို့ နှစ်ဘက်သော ရပ်နီး ရပ်ဝေးမှ ဆွေမျိုးသားချင်းများအား ဖိတ်ကြားလေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့၏ ဓလေ့ထုံးစံအရ မင်္ဂလာပွဲ ကျင်းပမည့်နေ့ နံနက်စောစောတွင် ဝက်ငယ်တစ်ကောင်ကို သတ်ပြီး ဝက်သည်းခြေကို ကြည့်ကြသည်။ ဝက်သည်းခြေ ပုံပျက်ခြင်းမရှိပါက မင်္ဂလာရှိသည်ဟု ယူဆပြီး လက်ထပ်ပွဲကို ကျင်းပကြပါသည်။ ဝက်သည်းခြေမကောင်းလျှင် ဇနီးမောင်နှံတို့သည် စီးပွားမဖြစ်၊ သားသမီးမထွန်းကားနိုင်၊ မင်္ဂလာမရှိဟု ယူဆကာ ထိမ်းမြားပွဲကို ဖျက်သိမ်းလေ့ရှိသည်။ ဖျက်သိမ်းလျှင် ယောကျ်ားလေးဘက်မှ တင်တောင်းထားသော ပစ္စည်းများ၊ ငွေများကို ပြန်ပေးကြရသည်။ သို့သော် အများအားဖြင့် ဝက်သည်းခြေကို သုံးကြိမ် သုံးခါကြည့်ပြီး မကောင်းမှသာ ထိမ်းမြားပွဲကို ဖျက်သိမ်းကြပါသည်။ သုံးခါကြည့်၍ နောက်ဆုံးတစ်ကြိမ်တွင် သည်းခြေကောင်းနေလျှင် လက်ထပ်ပွဲကို ကျင်းပပေးပါသည်။ သတို့သားနှင့် သတို့သမီးတို့အား ယင်းဝက်၏ အသားကို စားခွင့်မပြုပါ။ မင်္ဂလာမောင်နှံအတွက် ကြက်နှစ်ကောင်ကို သီးခြားချက်ပေးရသည်။

မင်္ဂလာပွဲ ကျင်းပသည့်နေ့ နံနက်ပိုင်းတွင် သတို့သားအိမ်ရော သတို့သမီးအိမ်မှာပါ စားကောင်းသောက်ဖွယ်များချက်ပြုတ်ကာ ကျွေးမွေးဧည့်ခံကြသည်။ သတို့သားဖြစ်သူကသူ၏အိမ်၌ပင် ဧည့်သည်များကို ဧည့်ခံကျွေးမွေးရသည်။ သတို့သမီးကလည်း သူမ၏ အိမ်မှာပင် ဧည့်ခံရ၏။ မင်္ဂလာပွဲသို့ ကြွရောက်လာသောဧည့်သည်များသည် သတို့သားအိမ်သို့ ဦးစွာသွားပြီးမှသာ သတို့သမီးအိမ်သို့ ဝင်ရသည်။ မင်္ဂလာဧည့်ခံပွဲတွင် သတို့သားဖြစ်သူက သတို့သမီး၏ မိဘအား ဖျာ

www.burmeseclassic.com



(၅) ချပ်မှ အချပ် (၂၀) နှင့် ငွေစက္ကူများဖြင့် ကန်တော့သည်။ သတို့သမီးဘက်မှ ဆွေမျိုးများအတွက်ဟုဆိုကာ ဝက်ခေါင်းတစ်ဘက်၊ ခေါင်ရည်နှင့် ငွေဒင်္ဂါးနှစ်ပြား ပေးဆောင်ရသည်။ နေ့လည်တွင် သတို့သမီး၏ မိဘဆွေမျိုးများက သတို့သမီးအိမ်သို့ ပြန်သွားကြလေသည်။

ညမိုးချုပ်ချိန်တွင် သတို့သားဘက်မှ ဆွေမျိုးများက သတိုးသမီးဖြစ်သူကို သွားရောက်ခေါ်ယူရသည်။ သတို့သားအိမ်သို့ သတိုးသမီးနှင့်အတူ မိဘဆွေမျိုးများနှင့် သူငယ်ချင်းများက သတိုးသမီး၏ အသုံးအဆောင်ပစ္စည်းများကို သယ်ယူပေးကြသည်။ သတိုးသမီးအိမ်မှ သတိုးသားအိမ်သို့ သွားရာလမ်းတစ်လျှောက်တွင် ကြေးခေါင်းလောင်းတစ်လုံးကို အဆက်မပြတ်တီးကာ ပျော်ရွှင်စွာဖြင့် သွားကြလေသည်။ သတိုးသားအိမ် ရောက်ပါက သတိုးသားမိဘက သတိုးသမီးကို ခေါင်ရည်တစ်ခွက်နှင့်အတူ တင်တောင်းလာသော မင်္ဂလာကြေး ငွေဒင်္ဂါးများကို ပေးရသည်။ သတို့သား မိဘဘက်မှ တင်တောင်းလာသော ငွေဒင်္ဂါးအရေအတွက်သည် ယခင်စေ့စပ်ကြောင်းလမ်းစဉ် ကတိကဝတ်ပြုခဲ့သည့်အတိုင်း မဟုတ်ခဲ့ပါက သူတို့တိုက်လာသောခေါင်ရည်ကို မသောက်ဘဲငြင်းဆိုလေ့ရှိသည်။ သတ်မှတ်သည့်အရေအတွက် ပြည့်ဝမှသာလျှင် ခေါင်ရည်ကို လက်ခံသောက်သုံးရသည်။ အဘယ်ကြောင့်ဆိုသော် ထိုငွေဒင်္ဂါးများသည် သတိုးသမီးဘဝတွင် တစ်သက်မှာ တစ်ခါသာရရှိနိုင်သော ပစ္စည်းများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သတိုးသမီးကြေးအဖြစ် တင်တောင်းသော ငွေဒင်္ဂါး အရေ
အတွက် အနည်းအများသည် ကယန်း (ပဒေါင်) တိုင်းရင်း
သားအမျိုးသမီးများ၏ တန်ဖိုးအနိမ့်အမြင့်ကို သတ်မှတ်
ပေးသောကြောင့်ဖြစ်သည်။ မိမိတို့ လက်ခံရရှိသော ငွေဒင်္ဂါး
ပြားများကိုတွဲသီကာ လည်ပင်းတွင် အမြတ်တနိုး ဘယက်
အဖြစ် ဝတ်ဆင်ရန်ရှိခြင်းကြောင့်ပင် ဖြစ်သည်။ သို့ဖြစ်၍ သတို့
သမီးဖြစ်သူသည် မိမိစိတ်ကျေနပ်မှုရှိမှသာ ခေါင်ရည်ကို
လက်ခံသောက်ခြင်းဖြင့် တုံ့ပြန်လေ့ရှိခြင်း ဖြစ်သည်။

သတို့သမီးက မင်္ဂလာခေါင်ရည်ကို လက်ခံသောက်သုံး
ပြီးလျှင် သူမနှင့်အတူပါလာသော မိဘဆွေမျိုးသားချင်းနှင့်
အပေါင်းအသင်းများအား ထမင်း၊ ခေါင်ရည်တို့ဖြင့် သတို့
သားဘက်မှ ဧည့်ခံကျွေးမွေးကြသည်။ ထိုနေ့ည တစ်ညလုံး
ရွာရှိ လူပျို အပျိုများအားလုံး သတို့သားအိမ်၌ စုဝေးကာ
သီချင်းသီဆို တီးမှုတ် ကခုန်ကြပါသည်။ သတိုးသားက ယင်း
အပျို လူပျိုများနှင့်တွဲကကာ တစ်ညလုံး ဧည့်ခံဖျော်ဖြေ
ရသည်။ သတို့သမီးမှာမူ သူငယ်ချင်းတစ်ယောက်နှင့်အတူ
သတို့သားအိမ်မှာပင် အိပ်ရသည်။ အလားတူ သတို့သမီး၏
မိဘဆွေမျိုးအားလုံးလည်း သတို့သားအိမ်၌ပင် အိပ်ကြ
ရသည်။

နောက်တစ်နေ့ နံနက်တွင် သက်ကြီးရွယ်အိုများနှင့်
ရပ်ရွာလူကြီးများက မင်္ဂလာအိမ်သို့ လာရောက်၍ အိမ်ထောင်
သစ်အတွက် ဆုမွန်ကောင်းများပေးခြင်း ဆုတောင်းမေတ္တာ

www.burmeseclassic.com

www.burmeseclassic.com


ပို့သပေးခြင်း စသည့်တို့ကို ပြုလုပ်ပေးသည်။ နှစ်ဘက် သော မိဘဆွေမျိုးများကိုလည်း ဇနီးမောင်နှံ၏ အိမ်ထောင် ရေး ပြဿနာများကို ကြိုတင်တွက်ဆ၍ တာဝန်ယူစေကြသည်။ အိမ်ထောင်ရေးပြဿနာများ နောင်တစ်ချိန်ပေါ် ပေါက်ခဲ့သော် ယောကျ်ားလေးကြောင့်ဖြစ်လျှင် မည်ရွေ့မည်မျှ တာဝန် ယူကြောင်း၊ မိန်းကလေးကြောင့် ပြဿနာဖြစ်ပါက မည်ကဲ့သို့ တာဝန်ယူရမည့်အကြောင်းကို ကြိုတင်ဆန္ဒရယူခြင်း ဖြစ်သည်။ သက်ထပ်ထိမ်မြားသည့်နေ့မှစ၍ သတို့ သား၏ မိဘများက သတို့သမီးအား ပိုင်ဆိုင်ကြောင်း ဝန်ခံရသလို သတို့သမီး မိဘများကလည်း ယင်းတို့၏သမီးအား အပြီးအပိုင်ပေးအပ်ပါ ကြောင်းကို ဝန်ခံရသည်။ နှစ်ဘက်သော မိဘများ၏ ဝန်ခံ ကတိကို ဂုဏ်သရေရှိလူကြီး၊ သမာဓိလူကြီးများ ရှေ့မှောက်တွင် ပြောဆိုကြရသည်။ တစ်ဖန် မင်္ဂလာမောင်နှံကလည်း အကြင် သင်မယားအဖြစ် ပေါင်းသင်းသည့်နေ့မှ စတင်ကာ တစ်လင် တစ်မယားစနစ်ကို ကျင့်သုံးပြီး ရာသက်ပန် နေထိုင်ပေါင်းသင်း ပါမည့်အကြောင်းကို နှစ်ဘက်သော မိဘဆွေမျိုးများနှင့် လူကြီးများ ရှေ့မှောက်တွင် သစ္စာခေါင်ရည်ကို သောက်ကြ ရသည်။ နောက်ဆုံးတွင် မိဘဆွေမျိုးများ၊ ဂုဏ်သရေရှိ လူကြီးများနှင့် သက်ကြီးရွယ်အိုများအား ခေါင်ရည်တိုက် ကျွေးကြသည်။ ဤကဲ့သို့ ဆောင်ရွက်ပြုလုပ်ပြီးမှ လက်ထပ် မင်္ဂလာအခမ်းအနား ပြီးဆုံးခြင်းသို့ ရောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မင်္ဂလာပွဲများကို အများအားဖြင့် စပါးမရိတ်သိမ်းမီအချိန်နှင့် စပါးရိတ်သိမ်းပြီးချိန်တို့တွင် ခမ်းခမ်းနားနား ကျင်းပပြုလုပ်လေ့ရှိသည်။ မုဆိုးဖို၊ မုဆိုးမနှင့် တစ်ခုလပ်များ၏ မင်္ဂလာပွဲကို ရာသီမရွေးပြုလုပ်ကြပါသည်။ မုဆိုးဖို၊ မုဆိုးမနှင့် တစ်ခုလပ်များ နောက်ထပ်အိမ်ထောင်ပြုခွင့်ရှိသော်လည်း ရပ်ရွာ၏ အလေးပေးဆက်ဆံမှုကို မခံရတော့ပေ။

လက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်၍ တစ်လင်တစ်မယားစနစ်[၁] နှင့် လင်ပြိုင်၊ မယားပြိုင်စနစ်[၂] ဟူ၍ရှိရာ ကယန်း(ပဒေါင်)တိုင်းရင်းသားများ၏အိမ်ထောင်ရေးထုံးတမ်းဓလေ့သည် တစ်လင်တစ်မယားစနစ်ကိုသာ အလေးပေးကျင့်သုံးကြကြောင်း လေ့လာတွေ့ရှိရသည်။ ကာမပိုင်ယောကျ်ား၊ မိန်းမရှိလျက်နှင့် ဖောက်ပြန်မှုမျိုးကို ကယန်း(ပဒေါင်) တိုင်းရင်းသားအသိုင်းအဝိုင်းက လွန်စွာရှုံ့မုန်းကြသည်။

လက်ထပ်မင်္ဂလာပွဲတွင် အောင်သွယ်ဖြစ်သူအား ယောကျ်ားလေးဘက်မှ ဒင်္ဂါးတစ်ပြား၊ ဖျာတစ်ချပ်နှင့် ခေါင်ရည်တစ်ခွက်၊ ဝက်၏ ဂုပ်သားပတ်လည် တစ်မိုက်ခန့်ကို ပေးရပါသည်။ မိန်းကလေးဘက်မှမူ ဖျာတစ်ချပ်နှင့် ငွေစအနည်းငယ်ကိုသာ ပေးရပါသည်။

## (ဈ) ကွာရှင်းခြင်း

ကယန်း (ပဒေါင်) တိုင်းရင်းသား အိမ်ထောင်စုများတွင် ကွာရှင်းမှုများသည် ရံဖန်ရံခါမှသာ ဖြစ်ပွားတတ်သည်။ ရိုးရာ

---
၁။ Manogamy ၂။ Polygamy

www.burmeseclassic.com

www.burmeseclassic.com



ခလေ့ထုံးစံအရ လက်ထပ်ထိမ်းမြားမင်္ဂလာ ပြုသည့်နေ့မှစ၍ အမျိုးသမီးဖြစ်သူသည် အမျိုးသား၏ လက်သို့ အပြီးအပိုင် ရောက်ရှိပြီး ဖြစ်သည်။ မင်္ဂလာပွဲကျင်းပသည့်နေ့မှာပင် သတို့ သားနှင့် သတို့သမီးတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်ခြင်း မရှိသည့်အတွက် ရိုးသားစွာ ကွာရှင်းလိုပါက ကွာရှင်းခွင့် ပြုပါသည်။ အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံလာ ခဲ့ပြီးမှ ခင်ပွန်းဖြစ်စေ၊ ဇနီးဖြစ်စေ ဖောက်ပြား၍သော် သည်းကောင်း၊ အလုပ်မလုပ်ဘဲ အိမ်ထောင့်တာဝန် မကျေပွန် သောကြောင့်လည်းကောင်း၊ လင်မယားချင်း ခိုက်ရန်ဖြစ်ပွား လျှင်သော်လည်းကောင်း၊ ကွာရှင်းလိုကြလျှင် မင်္ဂလာဆောင် စဉ်က သစ္စာခေါင်ရည်တိုက်ခဲ့သူများကို ခေါ်ပြီး ရပ်ရွာလူကြီး များက ကွာရှင်းပေးကြသည်။ လင်မယားကွာရှင်းခြင်းနှင့် တတ်သက်၍ လင်ယောကျ်ား၏အပြစ်၊ ဇနီးမယား၏အပြစ်ပေါ် မူတည်ကာ လျော်ကြေးများ သတ်မှတ်ညှိနှိုင်းပေးကြသည်။

လင်မယားကွာရှင်းခြင်းတွင် အမျိုးသမီး၏ ပြုလုပ် ဆောင်ရွက်မှုကြောင့် ကွာရှင်းခြင်းဖြစ်လျှင် အမျိုးသမီးသည် လက်ထပ်ထိမ်းမြားပွဲတွင် ကုန်ကျသော စည့်ခံစရိတ်၏ (၂) ဆကို ပေးလျော်ရသည်။ ထို့ပြင် အမျိုးသားအား အသရေ ဖျက်မှုအတွက် ငွေသားအနည်းငယ် ထပ်မံပေးဆောင်ရသည်။ သတို့သမီးကြေးအဖြစ် သတို့သားဘက်မှ တင်တောင်းထားသော ငွေဒင်္ဂါးများနှင့် သတို့သမီးမိဘကို ယောကျ်ားလေးဘက်မှ

www.burmeseclassic.com



ပေးလိုက်သော လက်ဆောင်ပစ္စည်းများကိုလည်း ပြန်လည်ပေးဆပ်ရသည်။ အောင်သွယ်ကိုလည်း ငွေသားအနည်းငယ်ပေးလျော်ရသည်။

အမျိုးသားဘက်မှ အပြစ်ရှိသဖြင့် ကွာရှင်းလိုလျှင် လက်ထပ်စဉ်က ကုန်ကျစရိတ်ကို အဆုံးရှုံးခံရသည်။ အမျိုးသမီးအား အသရေဖျက်မှုအတွက် ငွေသားပေးလျော်ရသည်။ ထို့ပြင် သတို့သမီးကြေးနှင့် မိဘများကိုပေးထားသော လက်ဆောင်ပစ္စည်းများ ပြန်လည်တောင်းဆိုခွင့်မရှိပါ။ အောင်သွယ်ကိုလည်း ငွေသားအနည်းငယ် ပေးလျော်ရပါသည်။

လက်ထပ်ပြီးသော ယောကျ်ားဖြစ်သူသည် အခြားမိန်းမတစ်ဦးနှင့် အိမ်ထောင်ပြုလိုလျှင် မယားကြီးလက်ထက်ပွားပစ္စည်းများ အားလုံးကို မယားကြီးနှင့် သားသမီးကို ပေးရသည်။ မယားကြီး၏ ခွင့်ပြုချက်မပာတ်ဘဲ မယားငယ်ယူလျှင် မယားကြီးက ကွာရှင်းနိုင်ခွင့်ရှိပါသည်။

လင်မယား ကွာရှင်းချိန်တွင် သားသမီးထွန်းကားလျှင် ယင်းသားသမီးအရေးကို လူကြီးတို့က အဆုံးအဖြတ်ပေးရသည်။ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်စဉ်က သားသမီးများ မွေးဖွားလျှင် လက်ထပ်ပွားပစ္စည်းများကို သားသမီးများပါ ပိုင်ဆိုင်ခွင့် ရှိပါသည်။ ကွာရှင်းကြသည့်အခါ သားများသည် ဖခင်နှင့်သက်ဆိုင်ပြီး သမီးများသည် မိခင်နှင့် သက်ဆိုင်ပါသည်။ သားသမီးများသည် ဖခင်ဘက်သို့ လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ယိုလျှင် လိုက်ပါခွင့်ရှိသော်လည်း မိခင်ဘက်သို့ လိုက်ပါခွင့် မရှိပါ။

လင်မယား ကွာရှင်းသည့်အချိန်တွင် အရွယ်မရောက် သေးသည့် နို့စို့ကလေးများပါလျှင် သမီးဖြစ်ပါက မိခင်က ခေါ်သွားနိုင်သည်။ သားဖြစ်ပါက မိခင်ကခေါ်သွားလျှင် အသက် (၁၈) နှစ် ပြည့်သည်အထိ ဖခင်ဘက်မှ ထောက်ပံ့ပေး ရသည်။ ထောက်ပံ့ကြေးမှာ ခိုင်းကျွဲတစ်ကောင် ဖြစ်သည်။ ကိုယ်ဝန်ဆောင်စဉ် ကွာရှင်းပြတ်စဲပါက မီးနေစရိတ်နှင့် အခြားစရိတ်ကိုပါ ပေးလျော်ရပါသည်။ မွေးဖွားလာသည့် ကလေးသည် သမီးဖြစ်သော် မိခင်က ပိုင်ဆိုင်ရပြီးသားဖြစ်ပါမူ အရွယ်ရောက်သည်နှင့် ဖခင်လက်သို့ အပ်ကြရသည်။

(ည) မွေးစားခြင်းနှင့် အရိုက်အရာဆက်ခံခြင်း

ကယန်း (ပဒေါင်)· တိုင်းရင်းသားများသည် သားသမီး မွေးစားလျှင် အများအားဖြင့် ယောကျ်ားဘက်မှ တူကို ဦးစား ပေး မွေးစားလေ့ရှိသည်။ ယောကျ်ား၏အစ်ကို သို့မဟုတ် ညီ၏ သားကို မွေးစားကြသည်။ ယင်းတို့တွင် သားမရှိမှ သာလျှင် သမီးကို မွေးစားသည်။ ယောကျ်ားဘက်မှ ညီအစ်ကို အရင်း မရှိလျှင် ဝမ်းကွဲများ၏ သားသမီးများကို မွေးစား ကြသည်။ ဇနီးဘက်မှ ဆွေမျိုးများနှင့် သူစိမ်းကို မွေးစားခြင်းမှာ ရှားပါးလှသည်။ မွေးစားသားသမီးများကို မိမိ၏ သားသမီး အရင်းနှင့်မခြား တန်းတူဆက်ဆံကြသည်။

www.burmeseclassic.com

www.burmeseclassic.com


အရိုက်အရာဆက်ခံခြင်းတွင် အိမ်ထောင်ဦးစီးဖခင် သေဆုံးသွားလျှင် သားကြီးက ဆက်ခံရသည်။ သား မမွေးဖွားပါက ဖခင်၏အစ်ကိုကြီး သို့မဟုတ် ညီဖြစ်သူက ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ပေးသည်။

အမွေခွဲဝေသည့်အခါတွင် သားများသာရရှိသည်။ သားများ တွင်လည်း သားအငယ်ဆုံးက မိဘအိမ်တွင် သက်ဆုံးတိုင် နေသွားရသည့်အတွက် ထိုသားကပင် မိဘအိမ်ကို ရရှိသည်။ သားသမီးမရှိ၍ သားသမီးမွေးစားထားလျှင်လည်း မွေးစား သားသမီးများ အမွေဆက်ခံပိုင်ခွင့် ရှိသည်။

ဇနီးမောင်နှံနှစ်ဦးတွင် သားသမီးမရရှိသေးဘဲ ယောကျ်ား ဖြစ်သူ စောလျင်စွာ သေဆုံးသွားပါက မုဆိုးမသည် နောက် အိမ်ထောင်မပြုမချင်း ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် ရှိသည်။ နောက် အိမ်ထောင်ပြုပါက ယောကျ်ား၏အစ်ကို သို့မဟုတ် ညီဖြစ်သူက ဆက်၍ အမွေဆက်ခံကြသည်။

## (၅) ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်း

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် ကိုယ်ဝန် ဆောင်အမျိုးသမီးများအား အထူးဂရုစိုက်ကြသည်။ လေးလံ ပင်ပန်းသော အလုပ်အကိုင်များကို စေခိုင်းလေ့မရှိပေ။ ရှေး အခါက ကျေးရွာတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများကို စောင့်ရှောက်ရန် ဝမ်းဆွဲဆရာမဟူ၍ မရှိပါ။ အမျိုးသမီး ကိုယ်ဝန်အရင့်အမာရှိနေသည့်အချိန်တွင် အဒေါ်ဖြစ်သူများ၊ သက်ကြီးရွယ်အို မိန်းမကြီးများက စောင့်ရှောက်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com


အနေအထိုင် အသွားအလာဆင်ခြင်ရန် သွန်သင်ဆုံးမပေးကြသည်။

မီးနေသည်များသည် အများအသုံးပြုသည့် ရေအိုး၊ ထမင်းအိုး၊ ဟင်းအိုး၊ ထင်း အစရှိသည်တို့ကို အသုံးမပြုရပါ။ မီးနေသည်အတွက် သီးခြားစီမံ ပြုလုပ်ထားရသည်။ ထမင်းဟင်းချက်ရာတွင်လည်း အများသုံး မီးဖိုကို မသုံးဘဲ သီးခြားမီးဖိုတွင် ချက်ပြုတ်ရပါသည်။ မီးနေသည်သုံးရန် ရေခပ်သည့်အခါတွင်လည်း မီးနေသည်များ ရေခပ်ရန်နေရာဟု သတ်မှတ်ထားသည့်နေရာတွင်သာ ခပ်ကြရသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ဓလေ့တွင် မီးနေသည်သာမက ရာသီလာနေသော အမျိုးသမီးပင်လျှင် အိမ်သားများနှင့်ရောပြီး စားသောက်ခြင်းကို ရှောင်ကြဉ်ကြသည်။ အိမ်ရှိအမျိုးသမီးတစ်ဦး ရာသီလာနေလျှင် သီးခြားထမင်းဟင်းကို ချက်ပြုတ်စားသောက်ရသည်။

ကလေးမီးဖွားသည့်အခါ အရပ်လက်သည်နှင့် မလုံလောက်ပါက ကျေးရွာဆေးပေးခန်းရှိ ကျန်းမာရေးလုပ်သားများအားလည်း အကူအညီတောင်း၍ မွေးဖွားကြသည်။ အခက်အခဲရှိပါက မြို့ရှိဆေးရုံသို့ ပို့၍ မွေးဖွားလေ့ရှိကြသည်။

## (၄) ကင်ပွန်းတပ်ခြင်း

ကလေးငယ် တစ်လသားအရွယ်မှ ခြောက်လသားအရွယ်အတွင်းတွင် ကင်ပွန်းတပ်ပွဲ ပြုလုပ်လေ့ရှိသည်။ ကလေးအမည်

www.burmeseclassic.com

www.burmeseclassic.com



ပေးရန်အတွက် နှီးဗေဒင်ခေါ် သက်ကယ်ရိုးချိုးဗေဒင် တတ်မြောက်သူတစ်ဦးဦးကို ခေါ်ပြီး ဗေဒင်တွက်လေ့ ရှိပါသည်။ အမည်ပေးရာ၌ အများအားဖြင့် အဖေဘက် သို့မဟုတ် အမေဘက်မှ အဘိုးအဘွားများ၏ အမည်နာမဟောင်းများကို ပြန်လည်မှည့်ခေါ်လေ့ ရှိကြသည်။

နာမည်ပေးရာတွင် ယောကျ်ားကလေးဖြစ်ပါက လ သို့မဟုတ် ခူးကို အမည်၏ရှေ့ဆုံးတွင် ထားလေ့ရှိပြီး မိန်းကလေး ဆိုပါက မူကို သုံးနှုန်းကြသည်။ တစ်ဖန် ပထမဆုံး သားသမီး၊ သားသမီးလတ်၊ အငယ်ဆုံး စသဖြင့် ခွဲခြား၍လည်း မှည့်ခေါ်ကြသည်။

| ကျား | မ |
|---|---|
| ပထမဆုံးသား - လိန်း<br>သားလတ် - ကော<br>အငယ်ဆုံးသား - နန်း | ပထမဆုံးသမီး - မို<br>သမီးလတ် - ငွေ<br>အငယ်ဆုံးသမီး - နန်း |

ကလေးကင်ပွန်းတပ်သည့်နေ့တွင် ကလေးကို စောစီးစွာ ရေချိုးသန့်စင်ပေးပြီး အဝတ်အစားလှလှပပ ဝတ်ဆင်ပေး ကြသည်။ ကလေးငယ်နှင့်တကွ အိမ်သူအိမ်သားများ ဘေး အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ပြီး ကြက် (၄) ကောင်ကို ကြက်ရိုးထိုးကြည့်သည်။ တစ်ကောင်စီကို ကယန်းဓလေ့ထုံးစံ အရ ဤသို့ပြုလုပ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com


'ရှေးလော့' ခေါ် ကြက်သွေးချိုးရန် ကြက်တစ်ကောင်၏ လည်ပင်းသွေးကိုယူပြီး မိခင်ဖြစ်သူ၏ ကျောနှင့်နဖူးကို သုတ်လိမ်းပေးရသည်။ ယင်းကြက်၏ အသားကို ကလေးငယ်၏ မိခင်စားရန် ထားပေးပါသည်။

'ရှေးရိုး' ခေါ် ဒုတိယကြက်၏ သွေးကို ခွက်ဖြင့်ခံယူကာ မင်္ဂလာရေသဘောမျိုး အသုံးပြုကြပါသည်။ ဝါချည်ကြိုးတွင် ထိပ်ဆုံး၌ ပုတီးတစ်လုံးချည်ထားပြီး ထိုကြိုးကို ကြက်သွေးထဲသို့နှစ်၍ ဆွေမျိုးတစ်ဦးစီ၏ လက်ကို ကလေး၏ဖခင်ဖြစ်သူက ချည်ပေးရသည်။ ဧည့်သည်များ မိမိနေအိမ်သို့ ပြန်ကြသည့်အခါ အဆိုပါကြိုးကို အိမ်ရှင်၏ ခြံဝတစ်နေရာတွင် ချိတ်ထားခဲ့ကြသည်။ နှုတ်မှလည်း အိမ်သူအိမ်သားအပေါင်းတို့ ဘေးအန္တရာယ် ကင်းရှင်းပါစေဟု ဆုတောင်းပေးကြသည်။ 'ရှေးရိုး' ကြက်၏ အသားကိုမူ သားသမီးမမွေးဖွားနိုင်တော့သည့် သက်ကြီးအဘွားအိုများသာ စားကြရသည်။

'ရှေးမွိုး' ခေါ် ကြက်မှာ ကလေးငယ်အတွက် ဖြစ်သည်။ ယင်းကြက်၏ အသားကို မည်သူမျှ မစားရပေ။ အိမ်သူအိမ်သားများ စားလျှင် အချင်းချင်းခိုက်ရန်ဖြစ်ပွားတတ်သည်ဟု ယုံကြည်ကြသည်။ အဆိုပါ ကြက်၏အရိုးကို ထိုးကြည့်ကြပြီး ကျပ်ခိုးစင်ပေါ်တွင် တင်ထားရပါသည်။ ကျပ်ခိုးစင် မဖျက်မခြင်း ထိုကြက်ရိုးကို ထုတ်ပစ်ခြင်းမပြုရပေ။ ခွေးကြောင်များကိုလည်း စားခွင့်မပြုပါ။

'ရှေးပယ်' ခေါ် ကြက်မှာ တစ်အိမ်သားလုံး မင်္ဂလာရှိစေရန် ရည်ရွယ်၍သတ်ခြင်းဖြစ်ပါသည်။ ယင်းကြက်၏

www.burmeseclassic.com

www.burmeseclassic.com


အသားကို ချက်ပြုတ်ပြီး တစ်အိမ်သားလုံး စားနိုင်၏။ အခြားသူကိုလည်း ကျွေးနိုင်သည်။ ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် ဤကဲ့သို့ ကြက်ရိုးထိုးပြီး ကျွေးမွေးပွဲကျင်းပရခြင်းမှာ ဘေးအန္တရာယ်များ ကင်းဝေးစေရန်အတွက် ဖြစ်သည်။ ကလေးကင်ပွန်းတပ်ပွဲသို့ လာရောက်ကြသော ဆွေမျိုးများက ကလေးငယ်ကို လက်ဆောင်အနေဖြင့် ကြက်ပေါက်စ၊ ငှက်ပေါက်စနှင့် ငွေအနည်းငယ်ကို ပေးလေ့ရှိပါသည်။

ကလေးကို အမည်ပေးပြီး ရက်အနည်းငယ်အတွင်းတွင် ကလေးသိပ်ငိုနေလျှင်သော်လည်းကောင်း၊ မကျန်းမာလျှင်သော်လည်းကောင်း ထိုအမည်သည် ကလေးနှင့် မသင့်တော်ဟုယူဆကာ တစ်ဖန်နှီးချိုးပြီး အမည်သစ်တစ်ခု ထပ်မံပေးရပါသည်။ အချို့မိဘများသည် ကလေးငယ်ကျောင်းနေရွယ်သို့ ရောက်လာလျှင် ကျောင်းအမည်အဖြစ် မြန်မာအမည်ကို မှည့်ခေါ်ပါသည်။ မြန်မာအမည်မှာလည်း ဆန်းသစ်လှပသည့် အမည်များမဟုတ်ဘဲ မောင်ဝင်း၊ မောင်လှ၊ မမြ၊ မဖြူ စသည်တို့သာ ဖြစ်သည်။

## (၃) ကလေးသူငယ်များ၏ ဘဝနှင့်ပညာရေး

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် ကလေးငယ်များကို ဂရုတစိုက်ပြုစုစောင့်ရှောက်လေ့ရှိကြောင်း တွေ့ရှိရပါသည်။ မိခင်မအားလျှင် ဖခင်က ချီပိုးထိန်းကျောင်းပေးသလို မိဘများမအားပါက အစ်မသို့မဟုတ် အစ်ကိုဖြစ်သူက

www.burmeseclassic.com

www.burmeseclassic.com


ကျောပေါ်တွင် စောင်ဖြင့်သိုင်းကာ ချီပိုး ထိန်းကျောင်းပေးကြသည်။ ကလေးမိခင်များသည် မွေးဖွားသည့်နေ့မှစ၍ ကလေးငယ်ကို နို့ချိုတိုက်ကျွေး ပြုစုပေးကြသည်။ ကလေးငယ်နို့ဆာ၍ ငိုလျှင် ချက်ခြင်း နို့ချိုတိုက်ကျွေးကြသည်။ ကြာရှည်စွာ အငိုမခံပေ။ အမျိုးမျိုးနှစ်သိမ့်ချော့မော့ကာ စိတ်ကျေနပ်မှုရစေသည်။ ကလေးငယ် နေမကောင်းဖြစ်လျှင် မိခင်သည် အလုပ်များကို ပစ်ထားပြီး ကလေးငယ်အနားမှာ ပင်နေကာ ပြုစုစောင့်ရှောက်တတ်ကြသည်။

မိခင်များသည် ကလေးရှစ်လသား အရွယ်ခန့်အထိ တောင်ယာအလုပ်ခွင်သို့မသွားဘဲ နို့ချိုတိုက်ကျွေး ပြုစုသည်။ နို့ဖြတ်သည့်အခါ သို့မဟုတ် ကလေးငယ်ကို အိမ်တွင် စိတ်ချလက်ချထားနိုင်သည့် အရွယ်ရောက်မှသာ တောင်ယာသို့ သွားသည်။ ကလေးနို့ဖြတ်လျှင် နို့အစား ခေါင်ရည်ကို ကျွေးခြင်းဖြင့် နို့ဖြတ်လေ့ ရှိသည်။ နို့မြန်မြန် ဖြတ်စေရန်အတွက် ဆန်ပြုတ်ကိုလည်း ကျွေးသည်။ ကလေးငယ် တစ်နှစ်ခွဲ နှစ်နှစ်ခွဲအရွယ်သို့ ရောက်လာလျှင် တောင်ယာမဆင်းနိုင်တော့သော အဖိုး၊ အဖွားတို့ထံ ပို့ထားပြီး မိဘများက တောင်ယာမှ အပြန် ဝင်ခေါ်ကြသည်။ အဖိုး၊ အဖွားများကလည်း သူတို့ ထိန်းကျောင်းနေစဉ်တွင် ကလေးငယ်များအား ရိုးရာ ပုံပြင်များ၊ စကားပုံများနှင့် မိမိတို့၏ ဘိုးဘေးဘီဘင်များ အကြောင်း အပျင်းပြေစေရန် ဗဟုသုတရစေရန် ပြောပြလေ့ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားကလေးများ အသက် ခုနစ်နှစ် ရှစ်နှစ်အရွယ် ရောက်လာလျှင် ဖခင်နှင့်အတူ တောင်ယာလုပ်ငန်းခွင်သို့ လိုက်ကြသည်။ မိမိတို့ တတ်နိုင်သလောက် တတ်ကျွမ်းသလောက် ဖခင်ကို ကူညီပေးသည်။ အသက်ဆယ်နှစ်ခန့် ဆိုလျှင် တောင်ယာခုတ်တွင် ရှင်းလင်းခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းတို့ကို လုပ်ကိုင်ကြသည်။ ခုတ်ထွင်ရှင်းလင်းထားသော အမှိုက်သရိုက်များကို ကူပြီး မီးရှို့ပေးသည်။ အိမ်တွင် နားရသည့်အခါများတွင် အဘိုးဖြစ်သူက တောင်း၊ ပလိုင်း၊ ဖျာတို့ကို ယက်လုပ်တတ်စေရန် သင်ကြားပေးကြသည်။

မိန်းကလေးများ အသက် ငါးနှစ်၊ ခြောက်နှစ်အရွယ် ရောက်လျှင် မိမိ၏အောက် မောင်လေး၊ ညီမလေးများကို ကျောတွင် အဝတ်သိုင်းကာ ထိန်းကျောင်းပေးကြသည်။ သက်တူရွယ်တူ မိန်းကလေးများ စုပေါင်း၍ တောထဲတွင် ဟင်းရွက်ရှာခြင်း၊ မျှစ်ချိုးခြင်းများကို ပြုလုပ်ကြသည်။ မိသားစုသောက်သုံးရန်အတွက် ရေကို ခပ်ယူပေးကြသည်။ ရေခပ်သည့်အခါ ကလေးငယ်များသည် ဝါးဆစ်ဘူးကလေးများကို ပလိုင်းတွင် ထည့်ကာ နဖူးမှာကြိုးသိုင်းပြီး ငါးယောက်တစ်တွဲ၊ ဆယ်ယောက်တစ်တွဲ ရေခပ်ဆင်းလေ့ရှိကြသည်။ ငယ်စဉ်ကတည်းကပင် အများနှင့်စုပေါင်း၍ အလုပ်အကိုင်များ လုပ်ခဲ့ကြရသောကြောင့် စုပေါင်းလုပ်ကိုင်တတ်သည့် စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်များ ဖြစ်တည်လာခဲ့ခြင်းဖြစ်မည်ဟု ယူဆမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးများ အသက် ဆယ်နှစ်ကျော်ခန့် ရောက်ရှိလာလျှင် တောင်ယာလုပ်ငန်းအပြင် မိန်းကလေးတို့ တတ်အပ်သော ဝါဆွတ်ခြင်း၊ ချည်ဆေးဆိုးခြင်း၊ ဂျပ်ခုတ်ယက်ခြင်းနှင့် အချက်အပြုတ်တို့ကို လုပ်ကိုင်ကြရသည်။ ဤသို့ဖြင့် လူကြီးသူမများသည် မိန်းကလေးများကို လက်တွေ့လုပ်ငန်းများ၌ စေခိုင်းရင်းဖြင့် ရိုးရာလုပ်ငန်းများကို လက်တွေ့သင်ကြားပြသပေးလေ့ရှိကြသည်။

မိဘ၊ ဘိုးဘွားများက ယောက်ျားလေးဆိုလျှင် ယောက်ျားကောင်းပီသစေရန်၊ ရဲရင့်သတ္တိရှိစေရန်နှင့် မိန်းကလေးဆိုလျှင်လည်း မိန်းမပီသစေရန် အရှက်အကြောက်ရှိရန်တို့ကို ငယ်စဉ်ကတည်းကပင် လေ့ကျင့်ပညာပေး ပျိုးထောင်ပေးကြသဖြင့် ကယန်း (ပဒေါင်) တိုင်းရင်းသားအဖွဲ့အစည်းတွင် ယောက်ျားရှာ၊ မိန်းမရှာများ လုံးဝမတွေ့ရှိရပေ။ စိတ်မနှံ့သူ၊ စိတ္တဇဝေဒနာရှင်များလည်း လုံးဝမတွေ့ရှိရပေ။ မျက်စိစောင်းနေသည့် ကလေးများ၊ နှာခေါင်းတွင် အသားပိုထွက်နေသည့် ကလေးများ၊ ခြေမသန်သည့် ကလေးငယ်များအား တွေ့ရှိခဲ့ရသော်လည်း အဆိုပါကလေးငယ်များအား အသိုင်းအဝိုင်းမှ ပစ်ပယ်မထားဘဲ တစ်ခြားကလေးများနှင့် တန်းတူဆက်ဆံကြကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

ကယန်း (ပဒေါင်) ကလေးငယ်များသည် နို့ဖြတ်သည့်ကာလ၊ လသားအရွယ်လောက်ကတည်းက ခေါင်းရင်းနှင့် ယဉ်ပါးလာခဲ့သဖြင့် ယောက်ျားလေးများ အသက် ဆယ်နှစ်၊ တစ်ဆယ့်နှစ်နှစ် အရွယ်လောက်တွင် အရက်ကိုကောင်းစွာ

www.burmeseclassic.com

www.burmeseclassic.com


သောက်သုံးတတ်နေပြီဖြစ်သည်။ မိန်းကလေးများ ခေါင်ရည်သောက်သုံးလေ့ရှိသော်လည်း အရက်သောက်ခြင်းကို အသက်တစ်ဆယ့်နှစ်နှစ်အောက် ကလေးငယ်များတွင် မတွေ့ရပေ။

ကလေးငယ်များ အားလပ်ချိန်တွင် သစ်ပင်အောက်၌ စုဝေးကာ စကားထိုင်ပြောနေတတ်ကြသလို ဂျင်ကစားခြင်း၊ စိန်ပြေးတမ်းကစားခြင်းများကိုလည်း ကစားကြသည်။ ကစားရာတွင် မိန်းကလေးတစ်စု၊ ယောကျ်ားလေးတစ်စု သီးသန့်ခွဲကာ ကစားတတ်ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ ကစားရင်း ခိုက်ရန်ဖြစ်ပွားပါက သက်ဆိုင်ရာ မိဘများက သားသမီးများကို အိမ်သို့ခေါ်ဆောင်၍ ပြောဆိုဆုံးမကြသည်။ နှုတ်ဖြင့်ဆုံးမ၍ မနာခံလျှင် ဖခင်ဖြစ်သူက ရိုက်နှက်ဆုံးမလေ့ရှိသည်။

ရှေးယခင်က ကယန်း (ပဒေါင်) ကျေးရွာများတွင် စာသင်ကျောင်းများ မရှိကြသဖြင့် ကလေးငယ်များ ခေတ်ပညာသင်ကြားခွင့် မရရှာပေ။ မိဘများက တောင်ယာလုပ်ငန်း၊ အိမ်တွင်းမှုလုပ်ငန်း၊ လူမှုရေးရာလုပ်ငန်းများကိုသာ လေ့ကျင့်သင်ကြားပေးကြရသည်။ နောက်ပိုင်း အင်္ဂလိပ်အစိုးရလက်ထက် သာသနာပြုကျောင်းများ ဖွင့်သည့်အခါ အမြင်ကျယ်သည့် မိဘများက ကလေးငယ် ခုနစ်နှစ် အရွယ်ရောက်လျှင် စာသင်ကျောင်း ပို့ပေးကြသည်။ သို့သော် ရွာတိုင်းတွင် စာသင်ကျောင်းမရှိသဖြင့် ကလေးတိုင်း စာပေသင်ကြားခွင့်မရရှာပေ။ စာသင်ကျောင်းရှိသော ရွာများနှင့် ထိုရွာအနီးအနားမှ

www.burmeseclassic.com

www.burmeseclassic.com



ကလေးများသာ ပညာသင်ကြားခွင့် ရကြသည်။ စာသင် ကျောင်းများမှာ မူလတန်းအဆင့်လောက်သာဖြစ်၍ မူလတန်းပညာ သင်ကြားနိုင်ကြသည်။ ကျောင်းထွက်လျှင် တောင်ယာလုပ်ငန်း၊ အိမ်တွင်းမှုလုပ်ငန်း စသည့်ရိုးရာ လုပ်ငန်းများကိုသာ လုပ်ကိုင်ကြရသည်။

ယခုအခါ နိုင်ငံတော်အစိုးရက အစိုးရမူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများကို ကယန်း (ပဒေါင်) ကျေးရွာတိုင်းလိုလို ဖွင့်လှစ်လိုက်နိုင်ပြီဖြစ်၍ ကလေးငယ်အများစုမှ ခေတ်ပညာကို သင်ကြားခွင့် အတော်အသင့် ရရှိနေပြီဖြစ်သည်။ အမြင်ကျယ်ပြီး ငွေကြေးတတ်နိုင်သော မိဘများက မိမိသားသမီးများကို ရွာမှ အလယ်တန်းအောင်မြင်ပြီးလျှင် အထက်တန်းကျောင်းရှိသော မြို့သို့ပို့၍ ဆက်လက်ပညာသင်ကြားစေသည်။

## (ဃ) ကျန်းမာရေးနှင့် ရိုးရာဆေးဝါးကုသမှု

ယင်းတို့နေထိုင်ရာ ဒေသပတ်ဝန်းကျင်သည် တောတောင်ထူထပ်သည့်ဒေသဖြစ်သဖြင့် အများဆုံးဖြစ်ပွားတတ်သည့်ရောဂါမှာ ငှက်ဖျားရောဂါပင် ဖြစ်သည်။ ရေရရှိမှုအခွင့်အလမ်း နည်းပါးသောကြောင့် အစားအသောက်များကို စင်ကြယ်စွာဆေးကြောခြင်း၊ အိုးခွက်ပန်းကန်များ သန့်ရှင်းစွာဆေးကြောခြင်းနှင့် အစာမစားမီ လက်ကို စင်ကြယ်စွာဆေးခြင်းမရှိသောကြောင့် ဝမ်းရောဂါအမျိုးမျိုးလည်း မကြာခဏ

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ပွားတတ်ပါသည်။ အိမ်မွေးတိရစ္ဆာန်များ ဖြစ်သည်။ ကြက်၊ ဝက်များကို ရွာထဲ၌ စည်းကမ်းမဲ့လွှတ်ထားခြင်း၊ ခွေးများကို အိမ်ပေါ်တွင် နေထိုင်စေခြင်းတို့အပြင် အညစ်အကြေး စွန့်ပစ်ရန် အိမ်သာများ မထားခြင်းတို့ကြောင့် ကူးစက်တတ်သော ရောဂါများ အလွယ်တကူပြန့်ပွားစေပါသည်။ ထို့ပြင် ရေမှန်မှန်ချိုးလေ့မရှိခြင်း၊ ခြေသည်း လက်သည်းများ လှီးဖြတ်မှု မရှိခြင်းစသည့် တစ်ကိုယ်ရေသန့်ရှင်းမှုမရှိသောကြောင့်လည်း အရေပြားနှင့်ပတ်သက်သော ရောဂါများ ဖြစ်ပွားလေ့ရှိသည်။

ရိုးရာဆေးဝါးများအဖြစ် တောတောင်၌ ထွက်သော သစ်ဥ သစ်ရွက်များကို တတ်မှတ်သလောက် ဖော်စပ်ပြီး အသုံးပြုကြသည်။ ငှက်ဖျားရောဂါဖြစ်လျှင် ဆနွင်းခါးနှင့် ဂျင်း နက်တို့ကို ပြုတ်သောက်ပါက ပျောက်ကင်းသည်ဟု ယူဆ ကြသည်။ ဝမ်းရောဂါဖြစ်ပွားလျှင် ဖွတ်အမြီးကို ကင်ပြီး ကျွေးလေ့ရှိသည်။ ထိခိုက်ရှနာများအတွက် ဗိစပ်ရွက်ကို ကြိတ်ချေပြီး အရည်ကို ဆွတ်ပေးကြသည်။ ကျောက်သွေးနှင့် ဝက်ဝံသည်းခြေတို့ကိုလည်း ရိုးရာဆေးအဖြစ် အသုံးပြုကြ ပါသည်။ ဝက်ဝံသည်းခြေကို သွေးပြီးသောက်ပါက ရောဂါစုံ ပျောက်ကင်းသည်ဟု ယုံကြည်ကြသည်။ တစ်ပင်တိုင်မြနန်း ဆေးပင်သည် ကယန်း (ပဒေါင်) တိုင်းရင်းသားများ နေထိုင် ရာဒေသတွင် အများဆုံးပေါက်ရောက်သော်လည်း ထိုဆေး ပင်ကို ဆေးကုသရန် သုံးခြင်းထက် ရောင်းချရန်အတွက်သာ ဦးစားပေး ရှာဖွေလေ့ရှိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖျားနာခြင်းကို သာမန်ဖျားနာခြင်းနှင့် နတ်ဖမ်းစား၍ ဖျားနာခြင်းဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ သာမန်ဖျားနာခြင်းကို ရိုးရာဆေးဖြင့် ကုသသော်လည်း နတ်ဖမ်းစား၍ ဖျားနာလျှင် ဖမ်းစားထားသော နတ်ကို ပူဇော်ပသပြီး ကုသလေ့ရှိသည်။ နတ်ဖမ်းစားခြင်းမှာ နတ်တို့က တစ်စုံတစ်ယောက်ခန္ဓာကိုယ်တွင်ရှိသော လိပ်ပြာကို ကြောက်ရွံ့ထိတ်လန့်အောင်ပြုလုပ်ပြီး ထိုလိပ်ပြာကို ယင်းတို့ထံ ခေတ္တခေါ်ယူထားခြင်းဖြစ်သည်ဟု ယူဆကြပါသည်။ နတ်နေထိုင်သောအပင်ကို ခုတ်မိလျှင် မသွားရဟု သတ်မှတ်ထားသောနေရာသို့ သွားရောက်လျှင် နတ်ဖမ်းစားတတ်ပြီး တောထဲ တောင်ထဲသို့ သွားရင်း တောစောင့်နတ်၊ တောင်စောင့်နတ်များ မနှစ်သက်သည့် အပြုအမူမျိုး ပြုလုပ်မိပါကလည်း တောင်စောင့်နတ်၊ တောစောင့်နတ်များ ဖမ်းစားတတ်သည်ဟု ယုံကြည်ကြပါသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် တစ်စုံတစ်ယောက် နာမကျန်းဖြစ်ပါက အဓိကအားထားသောသူမှာ နတ်ဆရာ[၁] ပင်ဖြစ်သည်။ ယင်းတို့၏ အဖွဲ့အစည်းတွင် နတ်ဆရာသည် ကျန်းမာရေးအတွက် ကုသဆောင်ရွက်ပေးသည့် ဆရာဝန်တစ်ဦးကဲ့သို့ အရေးပါ အရာရောက်သည်ကို လေ့လာတွေ့ရှိရပါသည်။ နတ်ဆရာက သာမန်ဖျားနာမှု သို့မဟုတ် နတ်ဖမ်းစားထားခြင်း ဟုတ်မဟုတ်ကို ဦးစွာ ဆန်းစစ်လေ့

၁။ Shaman

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ဆန်းစစ်ပုံမှာ - လက်ဝါးထဲတွင် သက်ကယ် ကိုးစ သို့မဟုတ် နှီး ကိုးစ သို့မဟုတ် စပါး ကိုးစေ့ထည့်ကာ ဂါထာရွတ်ဆိုပြီး လေဖြင့် မှုတ်လိုက်ရသည်။ ထိုသို့ မှုတ်လိုက်သည့်အခါ သက်ကယ်စမှာ အရပ်မျက်နှာ တစ်ခုခုသို့ ဦးတည်ရောက်နေလျှင် ထိုရောက်သည့်အရပ်က နတ်ဖမ်းစားထားသည်ဟု ယူဆသည်။ အကယ်၍ အလယ်မှာပင် စုနေပါက သာမာန်ဖျားနာမှုဟု ယူဆကြပါသည်။

သာမန် ဖျားနာမှုမျိုးဆိုလျှင် နတ်ဆရာက လူနာ၏ ဦးခေါင်းထဲတွင် ဆန်စေ့ ခုနစ်စေ့ထည့်ကာ ဂါထာမန်းပေးပြီး နှိပ်နယ်ပေးခြင်း၊ ရိုးရာဆေးဝါးများဖြင့် ကုသပေးခြင်းတို့ကို လုပ်ဆောင်ပေးသည်။ နတ်ဖမ်းစားသည်ဟု အဟောထွက်ပါက ဖမ်းစားထားသည့်နတ်နှင့် စကားပြောဆိုဆွေးနွေးကာ ဝေဒနာရှင်ရောဂါပျောက်ကင်းစေရန် လိပ်ပြာခေါ်ပွဲ ပြုလုပ်၍ နတ်အား တောင်းပန်လေ့ ရှိသည်။ လိပ်ပြာခေါ်ပွဲကို လူနာရှင်၏ အိမ်မှာပင် ပြုလုပ်လေ့ရှိသည်။

လိပ်ပြာခေါ်ပွဲ ပြုလုပ်ရာတွင် ကြက်ဥ သို့မဟုတ် ကြက်ဖြင့် သက်ဆိုင်ရာနတ်ကို ပူဇော်ပသပြီး လူနာ၏ လိပ်ပြာကို ပြန်ပို့ပေးပါ၊ ကြိုး သို့မဟုတ် ဝါးဖြင့်တန်းပြီး ပြန်ပို့ပေးပါဟု တောင်းပန်ပြောဆိုရ၏။ လိပ်ပြာပြန်ပို့ မပို့ ဆိုသည်ကို ကြက်ရိုးထိုး၍ မေးကြည့်ရပြန်သည်။ ကြက်ရိုးထိုး၍ ကောင်းသည်ဟု အဟောထွက်လျှင် လိပ်ပြာပြန်လာမည်ဖြစ်ပြီး မကောင်းဟု အဟောထွက်ပါက လိပ်ပြာပြန်မလာတော့ဟု ယူဆကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာခေါ်ပွဲ ပြုလုပ်ပြီး ပူဇော်ပသသော်လည်း လူနာ မသက်သာသေးပါက နတ်ဆရာသည် သက်ဆိုင်ရာနတ်နှင့် တစ်ဖန် ဆက်သွယ်ရပြန်သည်။ ဖမ်းစားထားသော နတ်က တောင်းဆိုသော တိရစ္ဆာန်ကို သတ်ဖြတ်၍ အခင်းဖြစ်ပွားခဲ့သည့်နေရာသို့ သွားရောက်ကာ တင်မြှောက်ပူဇော်ပသရပြန်သည်။ ပူဇော်ပသမည့် သားကောင်ကို ကြိုက်ရာလက်နက်ဖြင့် သတ်ဖြတ်ပြီး တစ်ကိုယ်လုံးမှ အသားနည်းနည်းစီ ယူ၍ ဆန်ဖြင့်ရောကာ ဝါးဆစ်ဘူးဖြင့် ချက်ရပါသည်။ ကျက်သောအခါ ငှက်ပျောရွက်ဖြင့် အထုပ်ကလေးများ ထုပ်ပြီး နေရာအနှံ့ လျှောက်ပစ်ရသည်။ ပါးစပ်မှလည်း 'အရှင်နှစ်သက်သည့်အသားနှင့် ပူဇော်ပသပါသည်။ သုံးဆောင်တော်မူပါ၊ ဖမ်းစားထားသောလိပ်ပြာကို ပြန်လွှတ်ပေးပါ။ လူနာအား ပြန်လည်ကောင်းမွန်လာစေရန် စောင့်ရှောက်တော်မူပါ' ဟု တိုင်တည်ပြောဆိုရသည်။ နတ်အား ပူဇော်ပြီး ကျန်ရှိသည့်အသားကို ထိုနေရာ၌ပင် ကုန်အောင်စားကြရသည်။ ရွာတွင်း အိမ်တွင်းသို့ ယူဆောင်ခွင့် မပြုပေ။ ထိုအသားကို ဓမ္မတာလာနေသော အမျိုးသမီးများ မစားကြရပေ။

ထိုကဲ့သို့ ပူဇော်ပသရာတွင် ကြက်နှင့် မလုံလောက်ပါက ဝက်၊ ဝက်နှင့် မလုံလောက်ပါက ကျွဲ စသည်ဖြင့် ရောဂါကြီးလျှင် ကြီးသလို၊ သက်ဆိုင်ရာနတ်က တောင်းဆိုလျှင် တောင်းဆိုသလို တိရစ္ဆာန်များကို သတ်ကာ ပူဇော်ပသကြရသည်။ နတ်က လွန်စွာ စိတ်ဆိုး၍ အကြီးအကျယ်ဖမ်းစားထားသည်ဟု ယူဆလျှင် နတ်ဆရာက ဆက်မကုတော့ဘဲ လက်လျှော့

www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားလေ့ရှိသည်။ အိမ်တစ်အိမ်တွင် လူတစ်ယောက် အသည်းအသန်ဖျားနာပြီး သေဆုံးကာနီးအချိန်ရောက်လျှင် ဆွေမျိုး မိတ်သင်္ဂဟတို့က လာရောက်ကာ နောက်ဆုံးအနေဖြင့် ထမင်း၊ ခေါင်ရည်တို့ကို အနည်းငယ်စီ လာရောက်ကျွေးမွေးလေ့ ရှိကြသည်။

နတ်ဆရာ၏ ဆေးကုသမှုကို ခံယူပြီး ပျောက်ကင်းသွားပါက လူနာအတွက် မင်္ဂလာပေးပွဲကို ပြုလုပ်ပေးကြသည်။ မင်္ဂလာပေးပွဲတွင် အဘိုးကြီးသုံးယောက်၊ အဘွားကြီးသုံးယောက်ကို ပင့်ဖိတ်ကာ ထမင်း ခေါင်ရည်တို့ဖြင့် ကျွေးမွေးပြုစုလေ့ရှိကြသည်။ ထိုအဘိုးကြီး၊ အဘွားကြီးတို့က ချည်ကြိုးအဖြူ သုံးပင်၊ ငါးပင်၊ ခုနစ်ပင် စသည်ဖြင့် မဂဏန်းကိုယူ၍ လူနာ၏ ညာဘက်လက်တွင် ချည်ပေးသည်။ ထိုသို့ ချည်ပေးရင်းနှင့် လူနာပြန်လည်သက်သာစေရန်၊ အလုပ်အကိုင်များကို ကျန်းကျန်းမာမာဖြင့် ပြန်လည်လုပ်ကိုင်နိုင်စေရန်၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန် ဆုမွန်ကောင်းများတောင်းပေးကြသည်။ ထိုမင်္ဂလာပေးပွဲတွင် ဆေးကုသပေးသော နတ်ဆရာအား ဆေးကုသခအနေဖြင့် ဆန်၊ ကြက်၊ ခေါင်ရည်တို့ကို ပေးဆောင်ကြရသည်။

အချို့ အမြင်ကျယ်သော ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် ရောဂါဖြစ်သွားပါက ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများသို့ သွားရောက်ကာ ဆေးဝါးကုသမှုခံယူကြသည်။ ရောဂါဝေဒနာ ကြီးမားပါက ကျေးလက်ဆေးပေးခန်းမှ မြို့သို့တက်၍ ဆေးရုံများတွင် ဆေးဝါးကုသကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အများစုမှာမူ ရိုးရာဆေးဝါးဖြင့် ကုသခြင်း၊ နတ်ပူဇော်ပသခြင်းတို့ဖြင့် ရောဂါသက်သာစေရန် ပြုလုပ်ကြသည်။

(ဏ) အသုဘဓလေ့

ကယန်း (ပဒေါင်) တိုင်းရင်းသားတို့သည် မည်သည့်နည်းနှင့်မျှကုသ၍ မရတော့သော လူနာတစ်ယောက်ကို မုချသေဆုံးရတော့မည်ဟုသိလျှင် လူနာ၏ အနားတွင် တိတ်ဆိတ်စွာဖြင့် အခြေအနေကို စောင့်ကြည့်နေတတ်ကြသည်။ လူတစ်ဦးတစ်ယောက် တကယ်သေသည်၊ မသေသည်ကို သိနိုင်ရန် အတွက် နှာခေါင်းဝရှိ ထွက်လေ၊ ဝင်လေကို လက်ဖြင့် စမ်းသပ်ကြည့်ကြသလို၊ လက်ကောက်ဝတ် သွေးကြောကိုလည်း စမ်းသပ်ကြည့်ကြသည်။ ပုံမှန်မဟုတ်ဘဲ ရပ်ဆိုင်းသွားပါက သေဆုံးပြီဟု သတ်မှတ်ကြသည်။

ယင်းတို့၏ အသုဘဓလေ့အရ နံနက်ပိုင်းတွင် သေဆုံးသူကိုသာ ရေချိုးပေးလေ့ရှိပြီး ညနေပိုင်းတွင် သေဆုံးသူကို ရေချိုးပေးလေ့ မရှိပါ။ အလောင်းကို ရေချိုးပေးရာတွင် ဝါးဆစ်ကို ခုတ်၍ ရေခွက်ပြုလုပ်ပြီး ထိုရေခွက်ဖြင့် ချိုးပေးသည်။ အဝတ်အစားများကို ချွတ်၍ အောက်ပိုင်းမှ စတင်ကာ ချိုးပေးလေ့ရှိသည်။ ရေချိုးပြီးလျှင် အဝတ်အစားသစ်များကို အတည့်အတိုင်းပင် ဝတ်ဆင်ပေးသည်။ လက်ဆယ်ချောင်းလုံးတွင် ငွေလက်စွပ် တစ်ကွင်းစီ စွပ်ပေးပြီး ခြေထောက်တွင် ငွေဖိနပ်ကို ဝတ်ဆင်ပေးသည်။ ဦးခေါင်းကို မျက်နှာသုတ်ပုဝါဖြင့် ခေါင်းပေါင်းပေးထားပြီး ပါးစပ်ထဲသို့ ငွေဒင်္ဂါးတစ်ပြား ထည့်ပေးလေ့ရှိသည်။ ထို့နောက် အခေါင်း အလှူပေးသူရှိလျှင်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းသွင်းပြီး မရှိပါက ဖျာဖြင့်လိပ်ကာ အိမ်ရှေ့ခန်းတွင် ထားရပါသည်။ အခေါင်းအဖြစ် သစ်ပင်ကြီးများအား ထွင်း၍ ပြုလုပ်ထားသော သစ်လုံးထွင်းခေါင်းကို အသုံးပြုလေ့ရှိသလို ရုံးသားကို လွှာ၍ အခင်းအကာများ ပြုလုပ်ထားသော ဖျဉ်စပ် ခေါင်းကိုလည်း သုံးလေ့ရှိသည်။ အခေါင်း၏ ခေါင်းရင်းတွင် သေဆုံးသူ စားသောက်ရန်အလို့ငှာ ထမင်း ခေါင်ရည်အနည်း ငယ်နှင့် ကြက်ငယ်ကလေးတစ်ကောင်ကို ထားပေးရပါသည်။ အလောင်း၏ ပတ်လည်တွင် အထည်များ၊ စောင်များ ချိတ်ဆွဲ ထားကြသည်။ သေဆုံးသူသည် အမျိုးသားဖြစ်လျှင် တွန်တုံး၊ ပေါက်ပြား၊ ဓား၊ ထယ်စသည့် တောင်ယာသုံးပစ္စည်းများ၊ အမျိုးသမီးဖြစ်ပါမူ စကော၊ ပလိုင်းနှင့် ဗိုင်းငင်ပစ္စည်းများ စသည်ဖြင့် သူတို့ အသက်ရှင်စဉ်က ပိုင်ဆိုင်အသုံးပြုခဲ့ကြသည့် ပစ္စည်းများအားလုံး ချိတ်ဆွဲထားရပါသည်။ ထိုပစ္စည်းအားလုံး မှာ သေဆုံးသူကို မြေမြှုပ်သင်္ဂြိုလ်သည့်အခါ အတူတကွ ထည့်ပေးလိုက်ရန်အတွက် ဖြစ်သည်။

ရွာထဲတွင် လူတစ်ယောက်သေဆုံးပြီဆိုလျှင် ဖားစည်၊ မောင်း၊ နွားဝန်တင်ခေါင်းလောင်းနှင့် ဗုံတို့ကို တီးခတ်ကြသည်။ နေ့ဘက်တွင် အနည်းဆုံး သုံးကြိမ်၊ ညဘက်တွင် အနည်းဆုံး သုံးကြိမ်တီးခတ်လေ့ရှိသည်။ အသုဘရှင်များက ရပ်နီး ရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ကြားကြသည်။ အသုဘအခမ်းအနားသို့ အုပ်စုဖွဲ့၍ လာကြသလို တစ်ဦးချင်း လာရောက်ခြင်းမျိုးလည်း ရှိပါသည်။ အိမ်ရှေ့တွင် ဆက်ကယ် ရွက်၊ ဝါးရွက်၊ ဆူးခက်များ ချိတ်ဆွဲထားခြင်းဖြင့် အသုဘအိမ် ဖြစ်ကြောင်း သိသာစေနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သေသူ၏ အလောင်းကို တစ်ရက်မှ သုံးရက်ထိ ထားလေ့ရှိပြီး ထိုရက်များအတွင်းတွင် အသုဘရှင်များက ဝက်၊ နွား၊ ကျွဲသားများဖြင့် ဧည့်သည်များကို ချက်ပြုတ်ကျွေးမွေးကြပါသည်။ ချက်ပြုတ်ကျွေးမွေးသည့်ကိစ္စကို အိမ်နီးချင်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။ အသုဘအခမ်းအနားသို့ လာရောက်ကြသော ဧည့်သည်များသည် အုပ်စုအလိုက် အလောင်း၏ ပတ်လည်တွင် ဝိုင်းဖွဲ့ပြီး ညဥ့်ဦးယံမှ မိုးသောက်တိုင် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ကခုန်ကြသည်။ သက်ကြီးရွယ်အိုများ သေဆုံးလျှင် သေဆုံးသူ၏ အပေါင်းအဖော်များဖြစ်သော သက်ကြီးရွယ်အိုများက လာရောက်၍ ငိုချင်းကို သီဆိုကြသည်။ ငိုချင်းတွင် လူ့ဘဝတစ်သက်တာ ဖြတ်သန်းလှုပ်ရှားရသည့် ဘဝအတွေ့အကြုံများကို တေးသီချင်း သီဖွဲ့၍ ငိုသံပါအောင် သီဆိုကြခြင်း ဖြစ်သည်။

သုံးရက်မြောက်သည့်နေ့ နံနက်ပိုင်းတွင် အသုဘပို့ဆောင်ရန်အတွက် စီစဉ်ဆောင်ရွက်ကြသည်။ အိမ်ပေါ်မှ အလောင်းကို သယ်ထုတ်ရာတွင် အိမ်ရှေ့ပေါက်မှပင် ထုတ်သည်။ အိမ်မှအဆင်းတွင် ယခင်လှေကားကို အသုံးမပြုဘဲ အသုဘချရန်အတွက် ရည်ရွယ်၍ ပြုလုပ်ထားသော ယာယီလှေကားမှ ချရသည်။ အလောင်း၏ ခြေထောက်ကို အရှေ့မှ သယ်ထုတ်ရသည်။ အခေါင်းကို သင်္ချိုင်းရှိရာသို့ သယ်ဆောင်ရာတွင် အမျိုးသားများကသာ ထမ်းပိုးရသည်။ သင်္ချိုင်းသို့ သယ်ဆောင်ရာတွင်လည်း ခြေထောက်ကို အရှေ့မှထား၍သာ သယ်ဆောင်သွားရသည်။ ထိုကဲ့သို့ ခြေထောက်ကို ရှေ့ထား၍ သယ်ဆောင်ရခြင်းမှာ သေဆုံးသူက ကျန်ရစ်ခဲ့သော သူ၏

www.burmeseclassic.com

www.burmeseclassic.com



မိသားစု၊ အိမ်နှင့် ကျေးရွာတို့ကို စွဲလမ်းမှုမရှိစေလိုသည့် အတွက် ဖြစ်သည်။

သချိုင်းသို့ ရောက်သည်နှင့် သေနတ်တစ်ချက် ပစ်ဖောက်ရသည်။ ထို့နောက် အခေါင်းကို ခေတ္တချပြီး သေဆုံးသူ၏ ပါးစပ်ထဲသို့ ခေါင်ရည်အနည်းငယ်ကို တိုက်ကျွေးပြီး အခေါင်းထဲသို့ ထမင်းအိုး၊ ခေါင်အိုးနှင့် ကြက်တစ်ကောင်ကို တစ်ပါတည်း ထည့်ပေးလေ့ရှိသည်။ ငွေကြေးတတ်နိုင်ပါက နွားကို ထက်ဝက်ပိုင်းဖြတ်၍ ခေါင်းပိုင်းကို ထည့်ပေးလေ့ရှိသည်။ ပြီးလျှင် နောက်ထပ်သေနတ်တစ်ချက်ပစ်ဖောက်ပြီး အခေါင်းကို ကြိုတင်တူးထားသည့် ကျင်းထဲသို့ ချကာ မြှုပ်နှံရသည်။ ဦးခေါင်းပိုင်းကို ရွာဘက်သို့ ဦးတိုက်ကာ မြေမြှုပ်သင်္ဂြိုဟ်လေ့ရှိသည်။ ထိုကဲ့သို့ ပြုလုပ်ရခြင်းမှာ သေဆုံးသူသည် ရွာသို့ ပြန်မလာနိုင်စေရန်နှင့် ရွာကို အနှောင့်အယှက်မပေးနိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။

အသုဘသို့ လိုက်ပါပို့ဆောင်သူများ အားလုံးသည် မြေကြီးတစ်ဆုပ်စီ ကိုင်ကာ အလောင်းကို မြေဖို့ပေးရင်း နှုတ်မှလည်း 'ကောင်းကောင်းမွန်မွန်သွားပါ၊ ဖြောင့်ဖြောင့် တန်းတန်းသွားပါ။ နောက်ဆံမတင်းပါနှင့်' ဟု ပြောဆိုကြသည်။ အသုဘရှင်က ထမင်းနှင့် အသားအနည်းငယ်စီကို သချိုင်းမြေပေါ် သို့ ကြပက်ရင်း 'အရင်သေဆုံးသွားသူတွေကို အစား အသောက်ကျွေးပါတယ်၊ စားသောက်ကြပါ၊ ပြီးလျှင် ယခု သေဆုံးသွားသူကိုလည်း ကောင်းမွန်စွာစောင့်ရှောက်ပါ။ ညီညီညွတ်ညွတ်နေကြပါ' ဟု ပြောဆိုရသည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို မြေဖို့ပြီးပါက မြေပုံပေါ်တွင် သေဆုံးသူ အသက်ရှင်စဉ်က အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများ၊ ငွေပဒေသာပင်နှင့် အဝတ်သေတ္တာတို့ကို တင်ပေးထားကြသည်။ ထိုနောက် မြေပုံ၏ပတ်လည်တွင် ဝါးခြမ်းဖြင့် ရာဇမတ်ကာရံပြီး မြေပုံကို အမိုးမိုးပေးသည်။ အမိုးကို ယခင်က နီး၊ သက်ကယ်တို့ဖြင့် မိုးလေ့ရှိသော်လည်း ယခုအခါ သွပ်ဖြင့် မိုးပေးကြသည်။ သို့ဖြစ်၍ ရွာသင်္ချိုင်းကို အဝေးမှကြည့်လျှင် သွပ်မိုးအိမ်ကလေးများ တန်းစီဆောက်ထားသည်နှင့် လွန်စွာတူလှသည်။ သူနှင့်အတူ အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများ ထည့်ပေးခြင်းသည် နောင်ဘဝတွင် ကောင်းမွန်စွာစားသောက်သုံးဆောင်နိုင်ရန် ရည်ရွယ်ပြီး အိမ်တစ်လုံးသဖွယ်ခြံခတ်ပေးခြင်း၊ အမိုးမိုးပေးခြင်းသည် နောင်ဘဝတွင် လုံခြုံမှုရှိစေရန် အရိပ်အာဝါသ ကောင်းစွာရရှိစေရန် ရည်ရွယ်ပါသည်။ သို့ဖြစ်၍ ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ အသုဘဓလေ့ကို ကြည့်ခြင်းဖြင့် 'သေပြီးလျှင် နောင်ဘဝရှိသည်' ဟူသော ယုံကြည်ချက်ကို ကောင်းစွာလက်ခံထားကြောင်း တွေ့ရှိရပါသည်။

သင်္ဂြိုဟ်သည့် ကိစ္စအဝဝပြီးဆုံးသွားသည့်အခါ နောက်ထပ်သေနတ်တစ်ချက်ပစ်ဖောက်ပြီး ရွာသို့ပြန်လည် ထွက်ခွာကြသည်။ နောက်ဆုံးပြန်သူသည် သေဆုံးသူ၏ အသုဘအိမ်ငယ်ကို တုတ်တစ်ချောင်းဖြင့် ပတ်လည်လှည့်ရိုက်ကာ နှုတ်မှ 'မင်းနေခဲ့တော့၊ ငါတို့သွားတော့မယ်၊ နောက်ကလိုက်မလာနဲ့'ဟုဆိုကာ တုတ်ကိုအဝေးသို့ လွှင့်ပစ်လိုက်ရသည်။ အသုဘလိုက်ပို့သူအားလုံးသည် ယင်းတို့၏ နေအိမ်သို့ တစ်ခါတည်း မပြန်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အသုဘအိမ်တွင် ယင်းတို့၏လက်ကို ခေါင်ဖတ်ဖြင့် ဆေးကြော သုတ်သင်ပြီးမှသာ သက်ဆိုင်ရာအိမ်သို့ ပြန်လေ့ရှိသည်။

ယင်းတို့၏ မလေ့အရ ပုံမှန်ရိုးရိုးဖျားနာ၍ သေဆုံးသူကို အများဆုံး သုံးရက်ခန့်ထားပြီး အသုဘအခမ်းအနားပြုလုပ်ပြီးမှ သင်္ဂြိုဟ်လေ့ရှိကြသည်။ သို့သော် အကြောင်းမညီညွတ်သည့်အချိန်၊ အထူးသဖြင့် အလုပ်များနေသည့် စပါးရိတ်သိမ်းချိန်များတွင် သေဆုံးပါက သေသူကို ချက်ခြင်း မြေမြှုပ်သင်္ဂြိုလ်လေ့ရှိပါသည်။ အသုဘအခမ်းအနားလည်း ပြုလုပ်လေ့မရှိပေ၊ နှစ်စဉ် ပြာသိုလသို့ ရောက်သောအခါတွင် သေသူများအတွက် ရည်ရွယ်ကာ ရွာလုံးကျွတ်စုပေါင်း၍ ဆွမ်းသွတ်ပွဲပြုလုပ်ကြသည်။

သေဆုံးသူနှင့်ပတ်သက်၍ ယုံကြည်ချက်တစ်ရပ်မှာ-သေဆုံးသွားသူသည် ကျန်ရစ်သူမိသားစုအား အိပ်မက်မှ တစ်ဆင့် ဆက်သွယ်နိုင်သည်ဟု ယုံကြည်ကြသည်။ သေဆုံးသူက မိမိတွင် အစားအစာမရှိပါ၊ အဝတ်အထည်မရှိပါဟု ဆိုလျှင် ကျန်ရစ်သူမိသားစုက သူတောင်းဆိုသည့် ပစ္စည်းများကို ပလိုင်းထဲတွင်ထည့်ကာ သင်္ချိုင်းအနီးအနားရှိ သစ်ပင်တစ်ပင်တွင် သွားရောက် ချိတ်ဆွဲပေးရသည်။ ဤကဲ့သို့လုပ်ဆောင်ပေးလျှင် သေဆုံးသူဘက်မှလည်း အမှန်တကယ်လက်ခံရရှိသည်ဟု ယုံကြည်ကြသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် ကျေးရွာစတင်တည်ထောင်ရန် မြေနေရာရွေးစဉ်အခါတပင်သင်္ချိုင်းမြေကို တစ်ပါတည်း ရွေးလေ့ရှိသည်။ သင်္ချိုင်းနေရာကို ရွာ၏အနောက်ဘက်တွင် ထားလေ့ရှိပါသည်။ လူသေကို မီးသဂြိုဟ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းလုံးဝမပြုဘဲ မြေမြှုပ်သင်္ဂြိုဟ်ခြင်းသာ ပြုလုပ်ကြကြောင်း တွေ့ရှိရသည်။

(ဏ. ၁) အစိမ်းသေအသုဘနှင့် လိပ်ပြာကြိုးဖြတ်ဓလေ့

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ရိုးရာဓလေ့အရ သစ်ပင်ပေါ်မှ မတော်တဆလိမ့်ကျသေဆုံးသူ၊ တောင်ပြို မြေပြိုရှိ သေဆုံးသူ၊ သူတစ်ပါးလက်နက်ဖြင့် အသတ်ခံရသော သူနှင့် ကလေးမီးဖွားနေစဉ် သေဆုံးသူတို့ကို အစိမ်းသေဟု သတ်မှတ်ကြသည်။ အစိမ်းသေဖြင့် သေဆုံးသူသည် ရွာနှင့် အလွန်အလှမ်းဝေးသော နေရာ၊ အလောင်းပြန်သယ်ရန် ခက်ခဲသော နေရာတို့၌ သေဆုံးပါက ထိုနေရာတွင်ပင် မြှုပ်နှံ ခဲ့ရပြီး ရွာအတွင်းသို့မူ သေဆုံးသူ၏ အဝတ်စ၊ ခြေသည်း လက်သည်း၊ ဆံပင်တို့ကိုသာ စတီအဖြစ် ယူလာရသည်။ ရွာသို့ ရောက်လျှင် ယင်းတို့ကို အခေါင်းထဲထည့်ကာ သာမန် အသုဘအတိုင်း သုံးရက်ထားပြီးမှ သင်္ဂြိုဟ်ရသည်။ ဤကဲ့သို့ သော အသုဘပွဲမျိုးတွင် သေနတ်ပစ်ဖောက်စရာမလိုဘဲ မောင်းကိုသာ ထုရသည်။

ရွာ၏အနီးအနား တစ်နေရာတွင် အစိမ်းသေဖြင့် သေဆုံး နေပါက အလောင်းကို ရွာအတွင်းသို့ သယ်ယူခွင့်ရှိ၏။ ရွာ အတွင်းသို့ သယ်ယူရာတွင် ရွာအဝင်၌ တစ်ကြိမ်၊ အိမ်အဝင် တံခါးဝတွင် တစ်ကြိမ် သေနတ်ပစ်ဖောက်လေ့ ရှိသည်။ အလောင်းကို သယ်ယူစဉ် သေနတ်ပစ်ဖောက်ရခြင်းမှာ အလောင်းနှင့်အတူ မကောင်းဆိုးဝါးများ ပူးကပ်၍ မပါလာ နိုင်စေရန် ခြောက်လှန့်သည့်သဘော ဖြစ်သည်။ ရွာတွင်းသို့

www.burmeseclassic.com

www.burmeseclassic.com



သယ်ဆောင်လာစဉ်တွင် ရွာအတွင်းရှိ အိမ်များအားလုံး ဆူးပင်များကို တံခါးဝတွင် ချိတ်ဆွဲထားခြင်း၊ ငရုတ်သီးတောင့်များ မီးရှို့၍ ငရုတ်သီး မှိုင်းတိုက်ခြင်းတို့ကို ပြုလုပ်ကြသည်။ ဤကဲ့သို့သော အစိမ်းသေအသုဘမျိုးကိုလည်း အိမ်တွင် သုံးရက်ထားပြီးမှ သင်္ဂြိုဟ်ကြသည်။ အခေါင်းကို သချိုင်းသို့ သယ်ယူကာနီးတွင် တစ်ကြိမ်၊ သချိုင်းဝအရောက်တွင် တစ်ကြိမ် သေနတ်ပစ်ဖောက်ရသည်။ အသုဘပို့ဆောင်သူများသည် သချိုင်း၏ အဝတွင် အစိမ်းသေဆုံးသူကို လိပ်ပြာကြိုးဖြတ်ရန် ပြုလုပ်ထားသည့် သတ်မှတ်နေရာမှသာ ဝင်ကြရသည်။ အပြန်တွင်လည်း ထိုသတ်မှတ် နေရာမှပင် ပြန်ကြရသည်။ အစိမ်းသေအသုဘကို သာမန်အသုဘများကဲ့သို့ အစားအသောက်၊ အသုံးအဆောင်များ ထည့်ပေးခြင်း၊ အသုဘမြေပုံကို ခြံခတ်ပေးခြင်းနှင့် အမိုးမိုးပေးခြင်းတို့ကို ပြုလုပ်ပေးလေ့ မရှိပေ။ အလောင်းကို ကြိုတင်တူးထားသော ကျင်းထဲသို့ချပြီး မြေဖို့ကာ မြေပုံ၏ခေါင်းရင်းတွင် ဝါးပန်းအိုးကလေးတစ်ခုသာ ပြုလုပ်ပေးထားလေ့ရှိသည်။

သင်္ဂြိုဟ်သည့်ကိစ္စ ပြီးဆုံးလျှင် အသုဘပို့ဆောင်သူများက ရွာသို့ ပြန်နိုင်ကြသော်လည်း ကျန်ရစ်သူမိသားစုနှင့် ရင်းနှီးသည့် မိတ်ဆွေအနည်းငယ်က လိပ်ပြာကြိုးဖြတ်ရန် နေရစ်ခဲ့ရသည်။ လိပ်ပြာကြိုးဖြတ်ရခြင်း၏ ရည်ရွယ်ချက်မှာ သေဆုံးသူက ကျန်ရစ်သည့် သူ၏မိသားစုကို မနှောင့်ယှက်နိုင်စေရန် အဆက်အသွယ်ဖြတ်သည့်သဘောပင် ဖြစ်သည်။

လိပ်ပြာကြိုးဖြတ်ရန် ပြင်ဆင်ပုံမှာ - တစ်ဆယ့်ရှစ်ပေခန့်ရှိသော ဝါးပင်ကိုခုတ်ပြီး အရင်းပိုင်း ခုနစ်ပေခန့် တစ်ပိုင်းနှင့်

www.burmeseclassic.com



အဖျားပိုင်း တစ်ဆယ့်တစ်ပေခန့် တစ်ပိုင်းဖြစ်အောင် ပိုင်းဖြတ်ရသည်။ ထိုဝါးပိုင်း နှစ်ပိုင်းကို သချိုင်းဝတွင်ပူး၍ စိုက်ထားရသည်။ ဝါးအဖျား ပိုင်းရှိ ဝါးရွက်များကို သပ်မပစ်ရပါ။ မူလဝါးရွက်များအတိုင်းပင် ထားရသည်။ အရှည်တစ်ပေခန့်စီရှိသော ချည်ဖြူ ချည်နက်၊ ချည်နီကို သုံးပင်လိမ်၍ အစွန်းတစ်ဖက်ကဝါးအဖျားပိုင်းကို ချည်ပြီး ကျန် အောက်အစွန်းတစ်ဖက်ကသံချောင်းတစ်ချောင်းကို ချည်ထား၏။ ဝါးတိုင်၏ခြေရင်းမှသုံးပေခန့်အကွာ ဝါးအဖျားပိုင်း ကွေးကျနိုင်လောက်သည့်နေရာတွင် မှန်းဆ၍ သံပြားတစ်ပြားချထားသည်။ သေဆုံးသူအတွက် ရည်စူး၍ ထမင်းဟင်းနှင့် ခေါင်ရည်တို့ကို ဝါးတိုင်အနီးတွင် ပြင်ဆင်ပေးထားရသည်။

သေဆုံးသူ၏ လိပ်ပြာကို ခေါ်သည့်အခါ ကျန်ရစ်သူမိသားစုနှင့်၊ သူနှင့်ရင်းနှီးသည့် မိတ်ဆွေများက တစ်ယောက်ချင်းအလှည့်ကျ ခေါ်ကြသည်။ သေဆုံးသူနှင့် ခင်မင်သည့်သူချစ်ခင်ရင်းနှီးသူကခေါ်မှသာ သူ၏လိပ်ပြာ လာတတ်သည်ဟု ယုံကြည်ကြသည်။ လိပ်ပြာကြိုးဖြတ်ပွဲတွင် လိပ်ပြာကြိုးဖြတ်ရမည့်သူသည် အရေးအပါဆုံးဖြစ်သည်။ ထိုသူသည်အကင်းပါးသူ၊ လက်ဆကောင်းသူ၊ အတွေ့အကြုံရှိသူ ဖြစ်ရပေသည်။ သူ၏လက်တွင် ဒင်္ဂါးတစ်ပြား၊ သံစတစ်စကို ချည်ပင်တိုးပင်နှင့်ရော၍ ချည်ထားလေ့ရှိသည်။ လိပ်ပြာကြိုးဖြတ်ရာတွင်ကြိုးမပြတ်ပါက ကြိုးဖြတ်သူကို ခိုက်တတ်သည်ဟု ယုံကြည်ကြသည့်အတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ပစ္စည်းတို့ကိုလက်တွင် ချည်ထားကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာခေါ် တော့မည်ဟု စတင်အချက်ပေးလိုက်သည်နှင့် လိပ်ပြာကြိုး ဖြတ်မည့်သူသည် ဓားကို လက်မှ ကိုင်ကာ သံပြား ချထားသည့်နေရာတွင် အဆင်သင့်စောင့်နေရသည်။ လိပ်ပြာ ခေါ်သူက နှုတ်မှ "အစိမ်းသေဆိုတာ သစ်ပင်ထိပ်၊ ဝါးပင်ထိပ် မှာနေရတယ်၊ ဒါကြောင့် ဒီဝါးပင်ရဲ့ထိပ်မှာ လာနေပါ၊ ပြီးရင် ထမင်းဟင်းနဲ့ ခေါင်ရည်ကို ဆင်းပြီး စားသောက်ပါ၊ မြန်မြန် လာပါ၊ ထမင်းဟင်းတွေ သိုးကုန်တော့မယ်" စသည်ဖြင့် ပြောဆိုကာ ခေါ်ရသည်။ လိပ်ပြာခေါ်သည့်အခါ သေဆုံးသူ၏ လိပ်ပြာသည် ချက်ခြင်းရောက်လာတတ်သည် မဟုတ်ပေ၊ တစ်ခါတစ်ရံ နံနက်စောစောမှ ညနေအထိတိုင်အောင် တစ်ယောက်ပြီးတစ်ယောက် လှည့်၍ အကြိမ်ကြိမ်အခါခါ ခေါ်ကြရသည်။ သေဆုံးသူ၏ လိပ်ပြာက ဝါးပင်ထိပ်တွင် ရောက်လာသည်နှင့် ဝါးအဖျားပိုင်းမှာ တဖြည်းဖြည်းညွတ်ကျ လာပြီး ချည်ကြိုးနှင့်ဆက်ထားသည့် သံချောင်းသည်လည်း အောက်သို့ နိမ့်ကျလာသည်။ ယင်းသို့ဖြင့် အောက်သို့ ဖြည်းဖြည်း ချင်းကျလာရင်း အောက်ခံသံပြားနှင့် ထိသည်နှင့်တစ်ပြိုက်နက် လိပ်ပြာကြိုးပြတ်ရန် အသင့်စောင့်နေသူက ကြိုးကို တစ်ချက် တည်းနှင့်ပြတ်အောင် ဖြတ်လိုက်ရသည်။ သံချောင်း၏ထိပ်နှင့် အောက်ခံသံပြားတို့ ထိသည့်အချိန်တွင် ကြိုးကို မဖြတ်မိလျှင် သော်လည်းကောင်း၊ ကြိုးကို ဖြတ်သူက ဖြတ်သော်လည်း တစ်ချက်တည်းနှင့် မပြတ်လျှင်သော်လည်းကောင်း ဝါးကိုင်းမှာ အပေါ်သို့ ပြန်တက်သွားသည်။ နောင် အကြိမ်ကြိမ်ခေါ် သော်လည်း လိပ်ပြာလာရောက်ခြင်းမရှိတော့။ ဝါးကိုင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ညွှတ်ကျခြင်းမရှိတော့ဟု ယူဆကြသည်။ ထိုအခါ ရွာအတွက် နိမိတ်မကောင်း၊ ရွာရှိလူတစ်ဦးဦး ထပ်မံသေဆုံးတော့မည်၊ အစိမ်းသေဆုံးသူက နှောင့်ယှက်လိမ့်ဦးမည်ဟု ယုံကြည်ယူဆကြသည်။ အကယ်၍ လိပ်ပြာကြိုးကို အောင်မြင်စွာ ဖြတ်နိုင်ခဲ့ပါက ရပ်ရွာအတွက် အနှောင့်အယှက်မရှိတော့၊ အေးချမ်းသွားပြီ ကျန်ရစ်သူမိသားစုလည်း စိတ်ချလက်ချ နေထိုင်နိုင်ပြီဟု ယုံကြည်ယူဆကြသည်။ လိပ်ပြာကြိုးဖြတ်သူကိုလည်း အသုဘရှင်က ကျေးဇူးတင်စကားပြောကာ ဆန်တစ်ခွက်၊ ခေါင်တစ်အိုး၊ ပေါက်ပြားတစ်ချောင်းနှင့် ဒဂါးပြားတစ်ချပ်ကို လက်ဆောင်အဖြစ် ပေးလေ့ရှိသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ အစိမ်းသေ အသုဘဓလေ့တွင် လိပ်ပြာကြိုးဖြတ်ခြင်းသည် အဓိကအရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်၏။ လိပ်ပြာကြိုးပြတ်မှု မပြတ်မှုသည် လိပ်ပြာကြိုးဖြတ်သူ၊ ကျန်ရစ်သူမိသားစုနှင့် ကျေးရွာတစ်ရွာလုံး၏ ကံကြမ္မာအကောင်းအဆိုးကို အမှန်တကယ်ပင် ဖန်တီးပေးနိုင်သည်ဟု လက်ခံယုံကြည်ကြကြောင်း လေ့လာတွေ့ရှိရသည်။ လိပ်ပြာကြိုးဖြတ်စဉ် အခက်အခဲမရှိ၊ အလွယ်တကူ ချောမွေ့စွာဖြင့် ပြတ်သွားလျှင် တစ်ရွာလုံး စိတ်ချမ်းမြေ့စွာ အပူအပင်ကင်းကင်း နေထိုင်နိုင်ကြသည်။ လိပ်ပြာကြိုးမပြတ်ခဲ့ပါမူ အစွဲအလန်းကြီးသူ၊ အယူသည်းကြသူများပီပီ တစ်ရွာလုံး ကြောက်ရွံ့တုန်လှုပ်ကာ ကျီးလန့်စာစား ဘဝမျိုးနှင့် နေထိုင်ကြရသည်။ တစ်ခါတစ်ရံကျေးရွာကို စွန့်ပစ်ကာ ရွာလုံးကျွတ် ပြောင်းရွှေ့သွားတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၅

## စီးပွားရေး

### (က) စိုက်ပျိုးရေး

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသူများဖြစ်ပြီး အဓိကစိုက်ပျိုးသီးနှံမှာ ဆန်စပါးဖြစ်သည်။ ယင်းတို့နေထိုင်ရာဒေသသည် မြေပြန့်နည်းပါးပြီး တောတောင်ထူထပ်သည့်ဒေသဖြစ်သည့်အားလျော်စွာ မြေပြန့်နေရာတွင် ပြောင်း၊ ဖရုံ ပဲတို့ကို စိုက်ပျိုးပြီး ရေဆင်းကောင်းမည့် တောင်စောင်းများတွင် တောင်ယာစပါးကို စိုက်ပျိုးကြသည်။ ဆန်စပါးစိုက်ပျိုးရာတွင် ရိုးရာအစဉ်အဆက်ကျင့်သုံးလုပ်ဆောင်လာခဲ့သည့် ရွှေ့ပြောင်းတောင်ယာစနစ်အပြင် ခေတ်မီလှေကားထစ် လယ်ယာစနစ်ကိုပါ ကျင့်သုံးကြသည်။

ရွှေ့ပြောင်းတောင်ယာစနစ်မှာ အများလုပ်အားဖြင့် အဆင့်ဆင့်လုပ်ဆောင်ရသော စနစ်တစ်ရပ်ဖြစ်သည်။ တောင်စောင်းများတွင် ပေါက်နေသောသစ်ပင်ကြီးများကို ခုတ်လှဲပြီး အခြောက်ခံထားရသည်။ ထိုသစ်ပင်ကြီးများခြောက်သွေ့သည့်အခါ မီးရှို့ပြီး မီးလောင်ပြင်တွင် အမှိုက်ရှင်း

www.burmeseclassic.com



နေသည်။ ထို့နောက် မြေကြီးတွင် စူးထိုးပြီး စူးပေါက်များထဲတွင် စပါးစေ့မြှုပ်နှံသောနည်းဖြင့် စိုက်ပျိုးခြင်းဖြစ်သည်။ မြေနေရာ တစ်ကွက်ကို တစ်နှစ်သာ စိုက်ပျိုးလေ့ရှိသည်။ နောင်နှစ်များတွင် ဆက်တိုက်စိုက်ပျိုးလျှင် မြေဆီဩဇာခန်းခြောက်သွားသော ကြောင့်ဖြစ်သည်။ သို့ဖြစ်၍ နှစ်စဉ်တောင်ယာများကို ခုတ်ထွင် ရှင်းလင်းကြရခြင်း ဖြစ်သည်။ မူလစိုက်ပျိုးခဲ့သော တောင်ယာ အဟောင်းကို ဆယ်နှစ်ခန့် မစိုက်ပျိုးဘဲထားပြီးမှ ပြန်လည် ခုတ်ထွင်စိုက်ပျိုးကြသည်။ တောင်ယာများကို နှစ်စဉ်နေရာ သစ်သို့ ရွှေ့ပြောင်းလုပ်ကိုင်ကြရင်း တစ်ခါတစ်ရံ ရွာနှင့် အလွန် အလှမ်းဝေးသောနေရာသို့ပင် ရောက်ရှိသွားတတ်ကြသည်။

လှေကားထစ် လယ်ယာစနစ်ဆိုသည်မှာ မြေဆီဩဇာများ အလွယ်တကူမဆုံးရှုံးစေရန် တောင်စောင်းများကို ပတ်၍ လှေကားထစ်သဏ္ဌာန် ပြုလုပ်စိုက်ပျိုးသည့်စနစ် ဖြစ်သည်။ လှေကားထစ်များကို အကျယ် သုံးပေ၊ အမြင့် တစ်ပေခန့် ရရှိရန် ပေါက်ပြားဖြင့် ပုံဖော်ယူကြရသည်။ လှေကားထစ်များ ထွင်ရာတွင် လယ်ရှင်နှင့်နီးစပ်ရာ ဆွေမျိုးအပေါင်းအသင်း များက လာရောက်ကူညီ လုပ်ကိုင်ပေးကြသည်။ လှေကား ထစ်များ ပြုလုပ်ထားခြင်းဖြင့် တောင်ပေါ်မှ ကျလာသော မိုးရေနှင့်အတူ မြေဆီဩဇာများ တောင်အောက်သို့ ပါမသွားဘဲ လှေကားထစ်များတွင် တင်ကျန်ရစ်နေသည်။ ထို့ကြောင့် လှေကားထစ်လယ်ယာများ ပြုလုပ်စိုက်ပျိုးခြင်းသည် မြေဆီ သွာကို ထိန်းသိမ်းထားနိုင်သဖြင့် ကယန်း (ပဒေါင်) တိုင်းရင်း

www.burmeseclassic.com

www.burmeseclassic.com




သားများအဖို့ နှစ်စဉ်တောင်ယာများ ခုတ်ထွင်ရှင်းလင်းရသည့် ဒုက္ခမှ ကင်းဝေးသွားရသည်။ ထို့အပြင် တောင်တောင်ပြုန်းတီးမှု၊ သစ်တောများ ဆုံးရှုံးမှုမှလည်း ကာကွယ်ရာရောက်ပေသည်။ သို့ရာတွင် လှေကားထစ်စိုက်ပျိုးနည်းကို အသုံးချသည့်ဒေသများရှိသလို အချို့မှာလည်း ရှေးရိုးတောင်ယာခုတ်ထွင်ပြီး စိုက်ပျိုးသည့်နည်းဖြင့် လုပ်ကိုင်ကြသည်လည်း ရှိပါသည်။

တောင်ယာအတွက် မြေနေရာရွေးချယ်ခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ မီးရှို့ခြင်း၊ စူးထိုးခြင်း အစရှိသောလုပ်ငန်းအဆင့်ဆင့်ကို ရာသီအချိန်ကာလအလိုက် ပိုင်းခြားသတ်မှတ်လုပ်ကိုင်ကြပါသည်။ တောင်ယာလုပ်ငန်း၏ ပထမအဆင့်မှာ မြေနေရာရွေးချယ်ခြင်း ဖြစ်သည်။ ရွေးချယ်သောမြေနေရာ ကောင်းမကောင်းကို ကြက်ရိုးထိုးကြည့်ကြသည်။ အချို့ကလည်း တောင်ယာခုတ်မည့်နေရာမှ နွယ်ပင်တစ်ပင်ကို ခုတ်ယူပြီး ယင်းနွယ်ပင်ကို အပိုင်းလိုက် ခုတ်ဖြတ်ထားသည်။ ထို ခုတ်ဖြတ်ထားသော နွယ်ပင်အပိုင်းများကို လေးထောင့်ပုံသဏ္ဌာန်စီပြီး ကြည့်ကြသည်။ နွယ်ပင်အပိုင်းကလေးများ လေးထောင့်ပုံ စပ်စပ်ကျနေပါက ကောင်းသည်ဟု ယူဆသည်။ လေးထောင့်ပုံဖြစ်၍ အနည်းငယ်လိုပါက သင့်သည်ဟု ယူဆပြီး အပေါ်များများလိုပါက ဆိုးသည်ဟု ယူဆကြပါသည်။ ကောင်းသော အဖြေထွက်လာမှသာ ထိုနေရာကို တောင်ယာခုတ်ထွင်ရန် သတ်မှတ်လေ့ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com






ကောင်းသည်



သင့်သည်



လုံးဝမကောင်း

တောင်ယာလုပ်ကိုင်ရန် မြေနေရာရွေးပြီးသည့်အခါ တောင်ယာခုတ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ရသည်။ တောင်ယာများကို ပြာသိုလခန့်တွင် ခုတ်လေ့ရှိသည်။ တောင်ယာ စတင်ခုတ်သည့်နေ့တွင် ရွာထဲရှိ နှစ်စဉ် စပါးအများဆုံးရရှိသော ပုဂ္ဂိုလ်၊ အချမ်းသာဆုံးပုဂ္ဂိုလ်က စတင်ခုတ်ရပါသည်။ ထို ပုဂ္ဂိုလ် စတင်ခုတ်ပြီးမှ ကျန်ရွာသားများက ခုတ်ကြရသည်။ တောင်ယာ စတင်ခုတ်သည့်အချိန်တွင် ချေ၊ ဆတ်၊ ကျီး၊ တောကြောင် စသောတိရစ္ဆာန်များ၏ အော်သံကြားရပါက နိမိတ်မကောင်းဟု ယူဆကာ အခြားနေရာတစ်နေရာသို့ ပြောင်းရွှေ့ခုတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ယာများ ခုတ်ထွင်ပြီး တပေါင်းလဆန်းခန့်တွင် မီးရှို့ကြပါသည်။ ခုတ်ထွင်ထားသော သစ်ပင် ဝါးပင်များကို မီးရှို့ရှင်းလင်းခြင်း ဖြစ်သည်။ တောင်ယာခင်းမှ မီးသည် ဘေး ပတ်ဝန်းကျင်သို့ ကူးစက်သွားခြင်းမရှိအောင် တောင်ယာခင်း ပတ်လည်တွင် မီးတားများ ပြုလုပ်ထားရပါသည်။ တောင်ယာ မီးရှို့ရာတွင် အခြားရွာဘက် သို့မဟုတ် အခြားလူတစ်ဦး၏ တောင်ယာသို့ မီးကူးသွားလျှင် လျော်ကြေးပေးရသည်။ မည်ရွေ့ မည်မျှပေးရမည်ဆိုသည်ကား သတ်မှတ်ချက်မထားပါ။ တောင်ယာခင်းကို နေ့လယ်ဘက်တွင် မီးရှို့လေ့ရှိသည်။ တောင်ယာခင်း မီးမရှို့မီ ယာခင်းထဲတွင် ဝင်ရောက်ပုန်းအောင်း နေသော တိရစ္ဆာန်များ မီးမလောင်စေရန် မောင်းထုတ်ကြသည်။ ရွာထဲတွင် စိတ်တိုတတ်သူ၊ ဒေါသကြီးသူ၊ စိတ်ဆတ်သူကို ရွေး၍ မီးရှို့စေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်ရှို့မှသာ မီးပို လောင်သည်ဟု ယူဆကြသည်။ တောင်ယာမီးရှို့ရန် ရွေးချယ် ထားသောသူသည် မီးမရှို့မီ တစ်ရက်အလို၌ ရွာပြင်သို့ ထွက်၍ အိပ်ရပါသည်။ ထိုသူသည် တောင်ယာမီးရှို့မည့်နေ့တွင် ရွာမှ ချက်ပေးသော ထမင်းဟင်းကို မစားရဘဲ မိမိကိုယ်တိုင် ဝါးကျည်တောက်ဖြင့် ချက်စားရသည်။ ခေါင်ရည်ကိုလည်း ဝါးဘူးဖြင့်သာ ထည့်သောက်ရသည်။ အလားတူ ထမင်းဟင်း ကိုလည်း ဝါးခွက်ထဲတွင်သာ ထည့်ပြီး စားရသည်။

တောင်ယာခင်း မီးရှို့ပြီးသည့်နောက် မီးကျွမ်းနေသည့် သစ်တုံး၊ သစ်ကိုင်းများကို ဖယ်ထုတ် ရှင်းလင်းရပါသည်။ ကဆုန်လခန့်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ရွာသွန်းပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



တောင်ယာစူးထိုးစိုက်ပျိုးကြသည်။ တောင်ယာစူးထိုး စိုက်ပျိုးသည့်အချိန်တွင်လည်း ရွာသားများအားလုံး ဝိုင်းဝန်းကူညီပေးလေ့ရှိသည်။ စူးထိုးစိုက်ပျိုးရာတွင် အချမ်းသာဆုံးပုဂ္ဂိုလ်တစ်ဦး၏ တောင်ယာကို ဦးစွာစိုက်ပျိုးပြီးမှ အခြားရွာသားများ၏ တောင်ယာကို စိုက်ပျိုးလေ့ရှိသည်။ စပါးစူးထိုးပြီးလုနီးအချိန်တွင် မကောင်းဆိုးဝါးများကို မောင်းထုတ်သည့်အနေဖြင့် သေနတ်ပစ်ဖောက်လေ့ရှိပါသည်။ စူးထိုးစိုက်ပျိုးသည့်နေ့တွင် ရွာသားများအားလုံး အိုးစည်ဗုံ၊ မောင်းများ တီးခတ်ကာ တေးသီချင်းသီဆို ကခုန်လေ့ရှိကြသည်။

တောင်ယာစပါးခင်းများအား ပေါင်းသင်မြက်နုတ်ခြင်းကိုလည်း ပြုလုပ်ကြရသည်။ ယခင်က မြေဩဇာအဖြစ် ထင်းရှူးစေ့နှင့် နွားချေးကို အသုံးပြုလေ့ရှိကြသည်။ ယခုအခါ ဓာတ်မြေဩဇာများကိုပါ အသုံးပြုလာကြပြီ ဖြစ်ပါသည်။ တယန်း (ပဒေါင်) တိုင်းရင်းသားများ၏ စပါးစိုက်ပျိုးရိတ်သိမ်းရာတွင် အသုံးပြုသောပစ္စည်းများမှာ စူးထိုးတံ၊ တွန်တုံး၊ ထယ်၊ ခမောက်ဝိုင်း၊ တံစဉ်နှင့် ပလိုင်းတို့ ဖြစ်ကြသည်။ ကောက်ပဲသီးနှံများဖြစ်သော ဘူး၊ ဖရုံ၊ သခွားတို့ကို တောင်ယာစိုက်ခင်းများကြားတွင်လည်းကောင်း၊ ထင်းရှူးပင်များ အကြားတွင်လည်းကောင်း စိုက်ပျိုးလေ့ရှိသည်။ ပြောင်းကိုမူ အိမ်၏ဘေးနှင့် အနောက်ဘက်တွင် စိုက်ပျိုးကြသည်။ ပြောင်း စိုက်ပျိုးရာတွင် နွားချေးသုံးကြသည်။

စပါးများရင့်မှည့်ပြီး စပါးရိတ်သိမ်းချိန်ရောက်လျှင် ရွာထဲမှ အချမ်းသာဆုံးပုဂ္ဂိုလ်တစ်ဦး၏ တောင်ယာကို စတင်

www.burmeseclassic.com

www.burmeseclassic.com


ရိတ်သိမ်းကြရသည်။ သို့မှသာ ကျေးရွာရှိ ကျန်သောသူများမှာ ထိုပုဂ္ဂိုလ်ကဲ့သို့ ချမ်းသာလာမည်။ ထိုပုဂ္ဂိုလ်၏စပါးခင်းကဲ့သို့စပါးအထွက်နှုန်းကောင်းမည်ဟု ယုံကြည်ကြသည်။ စပါးရိတ်သိမ်းရာတွင်လည်း အလှည့်ကျ စပါးရိတ်သိမ်းကြသည်။ ခေါင်းဆောင်ဟူ၍မရှိချေ။ မိသားစုဆွေမျိုးစု မိတ်ဆွေများက ဝိုင်းဝန်းကူညီ ရိတ်သိမ်းပေးကြသည်။ တောင်ယာအလုပ်ခွင်တွင် ကူညီလုပ်ကိုင်ပေးသူများကို တောင်ယာပိုင်ရှင်က ကြက်၊ ဝက်များ သတ်ဖြတ်ကာ ကျွေးမွေးဧည့်ခံရသည်။ ဤသို့ဖြင့် တစ်ရွာလုံး၏တောင်ယာများကို အလှည့်ကျ စပေါင်းရိတ်သိမ်းကြသည်။

စပါးရိတ်သိမ်းပြီးသည့်နောက် စပါးပုတ်ရန် ပြင်ဆင်ကြရပြန်သည်။ စပါးများကို ပုတ်ရန် အပေါက်ဖောက်ထားသော သစ်သားခုံတစ်ခုံ ဆောက်လုပ်ထားကြသည်။ ထိုခုံ၏အောက်တွင် ဖျာကြမ်းများ ခင်းထားသည်။ စပါးနှံများကို လက်နှစ်ဘက်ဖြင့် ကိုင်ကာ သစ်သားခုံပေါ်တွင် ရိုက်ပုတ်ခြင်းကို စပါးပုတ်ခြင်းဟု ခေါ်သည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် ဦးဦးဖျားဖျား ရရှိလာသော စပါးကိုချက်ပြီး ထိုစပါးသစ်ထမင်းကို မိဘဘိုးဘွားနှင့် ရွာထဲရှိ သက်ကြီးရွယ်အိုပုဂ္ဂိုလ်များအား ပင့်ဖိတ်ကာ ကျွေးမွေးပြုစုသည်။ ထိုပုဂ္ဂိုလ်များကလည်း စားသောက်ပြီးသည်နှင့် ထိုမိသားစုအား နှစ်စဉ်စပါးအထွက်တိုးပါစေ၊ ကျန်းမာပါစေဟုဆိုကာ ဆုမွန်ကောင်းများပေးကြသည်။ ထိုစပါးသစ်ထမင်းကို ရာသီလာနေသူအမျိုးသမီးများ လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



မစားရသည့်အပြင် ချက်ပြုတ်ရာတွင် ပါဝင်ကူညီခွင့်မပြုပေ။ စပါးသစ်ထမင်းစားသောနေ့တွင် အဆိုပါအိမ်၌ ခေါင်ချက်ခြင်းကို ရှောင်ကြဉ်ရသည့်အပြင် အိမ်တွင် မီးဖွားနေသော မီးနေသည်ကိုလည်းကောင်း၊ ပေါက်နေသော ကြက်ဝက်တို့ကိုလည်းကောင်း အခြားအိမ်သို့ ပြောင်းရွှေ့ထားရသည်။ ဧည့်သည်ကို အိမ်၌ တည်းခိုခွင့် မပြုပါ။ စပါးပုတ်သောနေ့တွင်လည်း ဤကဲ့သို့ပင် လိုက်နာကြရသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် စပါးများကို ရွာအပြင် မလှမ်းမကမ်းရှိ စပါးကျီများထဲတွင် သိမ်းဆည်းသိုလှောင်ကြသည်။ စပါးကျီများထဲတွင် စပါးများသာမက အဖိုးတန်ပစ္စည်းများ၊ တန်ဖိုးထားရာပစ္စည်းများကိုလည်း သိမ်းဆည်းထားလေ့ရှိသည်။ စပါးကျီများကို ရွာအပြင်တွင် တည်ဆောက်ထားကြခြင်း၊ အဖိုးတန်ပစ္စည်းများထည့်သွင်း သိမ်းဆည်းရခြင်းအကြောင်းမှာ ယင်းတို့ နေအိမ်များတွင် အစဉ်အမြဲ မီးဖိုထားလေ့ရှိသဖြင့် မီးဘေးမှာ အမြဲစိုးရိမ်နေကြရသည်။ ထို့ပြင် ယင်းတိုင်းရင်းသားများ နေထိုင်ရာအရပ်သည် ရေရှားပါးသောအရပ်ဒေသဖြစ်သည့်အပြင် အရွယ်ရောက်သူတိုင်းလိုလို နေ့လယ်တွင် တောင်ယာသို့ သွားရောက်နေကြသည်။ အကယ်၍ ရွာမီးလောင်ပါက တစ်ရွာလုံး အလွယ်တကူ ပြာကျသွားနိုင်ပေသည်။ စပါးကျီများကို ယာထဲတွင်ထားပါက မီးလောင်ရာတွင် ပါသွားနိုင်သည့်အပြင် တစ်နှစ်လုံး၏ ရိက္ခာပြတ်လပ်သွားနိုင်သည်။ ထို့ပြင် စပါးကျီတွင် အမြတ်တနိုး သိမ်းဆည်းထားသောပစ္စည်းများလည်း ဆုံးရှုံး

www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်ပေသည်။ ထိုကဲ့သို့သော အန္တရာယ်မှ ကာကွယ်နိုင်ရန် အတွက် စပါးကျီများကို ရွာအပြင် မလှမ်းမကမ်းတွင် သီးသန့် ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် မိမိတို့ လိုအပ်သည့်အချိန်ကျမှသာ စပါးကျီထဲမှ တင်းတောင်းများဖြင့် စပါးသဲ့ယူကြသည်။ စပါးများကို လက်ထောင်းဆုံဖြင့် ထောင်းကြသည်။ ထောင်းပြီးသားစပါးကို ဆန်ကောဖြင့် ပြာပြီးမှ ချက်စားကြသည်။ ဆန်ကောဖြင့် ပြာထုတ်လိုက်သော စပါးခွံနှင့် ဖွဲနုကို ဝက်စာအဖြစ် အသုံးပြုကြသည်။ မိမိတွင် စပါးပိုလျှံနေလျှင်သော်လည်းကောင်း၊ သူတစ်ပါး လိုအပ်လျှင်သော်လည်းကောင်း ချေးငှားလေ့ရှိကြသည်။ ခင်မင်ရင်းနှီးမှုအရ ချေးသည့်အတွက် အတိုးနှုန်းမယူဘဲ ချေးစဉ်ကအတိုင်းပင် ပြန်ဆပ်လေ့ရှိသည်။

တောင်ယာခင်း၊ ထင်းရှူးတောများတွင် အလျဉ်းသင့်သလို စိုက်ပျိုးထားသည့် ဘူးသီး၊ ဖရုံသီးများကို အိမ်ရှေ့စင်ပေါ်တွင်ထားကာ တာရှည်ခံစား သုံးကြသည်။ မုန်ညင်းပင်များကို အခြောက်လှမ်းပြီး တောင်းထဲတွင် သိမ်းဆည်းထားလေ့ရှိသည်။ ပြောင်းဖူးများကိုမူ အတွဲလိုက်ပြုလုပ်ပြီး မီးဖို၏ အပေါ်ဘက် ကျပ်ခိုးစင်ပေါ်တွင် သိုလှောင်ထားကြသည်။ ပြောင်းဖူးများကို ဆန်မရှိတော့သည့်အခါတွင် ထောင်းစားလေ့ရှိကြသည်။ ငရုတ်သီးကို နေခြောက်လှမ်းကာ ထောင်းပြီး ပလတ်စတစ်အိတ်ကလေးများနှင့်ထည့်ကာ သိမ်းဆည်းထားလေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com




ကယန်း (ပဒေါင်)
တိုင်းရင်းသား
ကလေးငယ်များ
၏ဘဝ



ရွာအမြင်မှ စပါးကျီများ

www.burmeseclassic.com

www.burmeseclassic.com



## (ခ) မွေးမြူရေး

ကြက်၊ ဝက်၊ ကျွဲ၊ နွား စသည့်တိရစ္ဆာန်တို့ကို မွေးမြူကြသော်လည်း စီးပွားဖြစ်မွေးမြူခြင်းမျိုးမဟုတ်ပေ။ ဘာသာရေးနှင့်ပတ်သက်၍ ရိုးရာပွဲတော်များတွင် ယဇ်ပူဇော်ရန်အတွက်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ပူဇော်ပွဲများတွင်လည်းကောင်း၊ ကျန်းမာရေးမကောင်း၍ ဗေဒင်အဟောထွက်သည့်အတိုင်း တိရစ္ဆာန်များသတ်၍ ပူဇော်ပသရန်အတွက်လည်းကောင်း၊ သာရေး၊ နာရေးကိစ္စများကျင်းပရာတွင် ဧည့်ပရိသတ်တို့ကို ကျွေးမွေးရန်အတွက်လည်းကောင်း အိမ်တိုင်းလိုလို ကြက်၊ ဝက်၊ ကျွဲ၊ နွားများကို တစ်ပိုင်တစ်နိုင် မွေးမြူကြသည်။ အပိုအလျှံရှိမှသာလျှင် ရောင်းချလေ့ရှိသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် မည်သည့်ကိစ္စမဆို မဆောင်ရွက်မီ ကြက်ရိုးထိုးကြည့်ပြီးမှ ဆောင်ရွက်လေ့ရှိသဖြင့် ကြက်ကို ပိုမိုမွေးမြူကြသည်။ ကြက်များကို နွေရာသီအစာရှားပါးသည့်အခါတွင်မှ အစာကျွေးကြသည်။ ကြက်ပေါက်စမှ တစ်လသားအထိ နေ့စဉ် အစာကျွေးရ၍ တစ်လကျော်လျှင် တစ်ပတ်တစ်ခါသာ ကျွေးသည်။ ဝက်ငယ်များကိုလည်း ကြက်များနည်းတူ ကျွေးမွေးပေးရသည်။ ကြက်စာအတွက် ပြောင်းဖူးများကို တစ်နှစ်စာ လှောင်ထားလေ့ ရှိသည်။ အိမ်၏အလယ်ခေါင် မီးဖို၏မျက်နှာကျက်တွင် ကြက်စာအတွက် ပြောင်းဖူးများကို ကျပ်တင်သို လှောင်ထားကြသည်။ ကြက်နှင့် ဝက်များကို နွေရာသီမှလွဲ၍ အခြားအချိန်တွင် အစာကျွေးခဲသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေရာသီ အစာရှားပါးသည့်အချိန်တွင် ကျွဲ၊ နွားများကို ကျွေးမွေးရန် ကောက်ရိုးများကို သိုလှောင်ထားတတ်သည်။ ကျွဲ၊ နွား မွေးမြူရာတွင် လွှတ်ထားခြင်းမရှိဘဲ ကလေးများအား ထိန်းကျောင်းစေသည်။ အငှားထိန်းကျောင်းစေပါက တစ်နေ့လျှင်တစ်ဆယ်ကျပ်ခန့်ပေးရ၏။ တစ်ခါတစ်ရံ ထမင်းကျွေး၊ အဝတ်အစားပေးခြင်းဖြင့်လည်း ထိန်းကျောင်းခိုင်းသည်။

ခွေးများကို အိမ်တိုင်းလိုလိုပင် ခြံစောင့်အတွက် လည်းကောင်း၊ အမဲလိုက်ရာတွင်အသုံးပြုရန်အတွက်လည်းကောင်း မွေးမြူကြ၏။ ခွေးများကို သတ်ဖြတ်စားသောက်ခြင်းပြုလေ့မရှိပေ။ တစ်ခါတစ်ရံ စိုက်ပျိုးရေးလုပ်ငန်းအတွက် ယဇ်ပူဇော်ရသည့်အခါ ကျွဲ၊ နွား မတတ်နိုင်ပါက ကျွဲ၊ နွားအစား ခွေးကို သတ်၍ ပူဇော်လေ့ရှိသည်။ ကြောင်ကိုမူ အိမ် မွေးတိရစ္ဆာန်အဖြစ်မွေးမြူကြသော်လည်း အိမ်တိုင်းလိုလို မွေးမြူလေ့မရှိပါ။ တစ်ရွာလုံးတွင်မှ တစ်ကောင်နှစ်ကောင်သာ မွေးမြူကြသည်။

## (ဂ) အမဲလိုက်ခြင်း

တောင်ယာလုပ်ငန်း ပြီးစီးချိန်တွင် လူစုလူဝေးဖြင့်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း အမဲလိုက်ထွက်ကြသည်။ များသောအားဖြင့် ကျွမ်းကျင်သူက ခေါင်းဆောင်လုပ်၍ နည်းပေးလမ်းပြ လုပ်ပေးသွားရသည်။ အမဲလိုက်ရာတွင် အသုံးပြုသော လက်နက်ကိရိယာများမှာ လှံ၊ ဒူးလေး၊ ဓား၊ တူမီးသေနတ် စသည်တို့ဖြစ်သည်။ တောကြောင်ကျား

www.burmeseclassic.com

www.burmeseclassic.com



ခွေးများနှင့်လိုက်ခြင်း၊ ထောင်ချောက်ထောင်ခြင်းများကိုလည်း ပြုလုပ်ကြသည်။ ယင်းတို့ နေထိုင်ရာဒေသသည် တောတောင် လျှိုမြောင်၊ စိမ့်စမ်းထူထပ်ပေါများသည့်အလျောက် ချေ၊ ဒရယ်၊ ဆတ်၊ တောဝက်၊ တောဆိတ်၊ ဝက်ဝံ အစရှိသောသတ္တဝါ များ ပေါများသည်။ ကယန်း (ပဒေါင်) ယောက်ျားတိုင်း ရှိအပ် သည့်အရည်အချင်းတစ်ရပ်မှာ အမဲလိုက်ခြင်းပင် ဖြစ်သည်။

အမဲလိုက်ခြင်းကို ရာသီအလိုက်ပြုလုပ်လေ့ ရှိသည်။ မြက်နုပေါက်ချိန်တွင် ဆတ်ကိုလည်းကောင်း၊ သစ်သီးပေါ်ချိန် တွင် ချေကိုလည်းကောင်း အချိန်ကာလခွဲခြား၍ အမဲလိုက်လေ့ ရှိကြသည်။ ရှေးက လှံနှင့် အဆိပ်လူးမြားကို အသုံးပြု၍ ယခုအခါတွင် ယမ်းထိုးသေနတ်ကို အသုံးပြုကြသည်။ ကျား ကို စပရိမ်နှင့်လုပ်သည့် သံထောင်ချောက်ဖြင့်လည်းကောင်း၊ ခြံကို နှစ်ပိုင်းပိုင်းပြီး တစ်ပိုင်းတွင် ကြက်၊ ငှက်ကလေးများ ထည့်ထား၍ ကျားခြံထဲသို့ ဝင်လျှင် ခြံတံခါးကို ပိတ်ခြင်းဖြင့် လည်းကောင်း ဖမ်းယူသည်။ အခြားသားကောင်များကို သစ်မာမာရွေးပြီး လေးကိုင်းသဘောမျိုးပြုလုပ်၍ သားကောင် လာသည်တွင် ခလုတ်ဖြုတ်သည်နှင့်တစ်ပြိုင်နက် တုတ်ဖြင့် သားကောင်အား ရိုက်ခြင်းဖြင့်လည်းကောင်း ဖမ်းယူလေ့ရှိ ကြသည်။ ငှက်များကို တုတ်တွင် ညောင်စေးသုတ်၍ တုတ်ပေါ် ငှက်များ လာနားသည့်အခါ အစေးနှင့်ကပ်ပြီး မပျံနိုင်သော အခါကျမှ ဖမ်းယူကြသည်။ ခွေးနှင့် တောလိုက်သည့်အခါ ကျွဲချိုမှုတ်သည်နှင့် ခွေးများက ဟောင်ကြသည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



လုံ့ပစ်၊ လေးပစ် မကျွမ်းကျင်သူများက အော်ကြ တော်ခြောက်ကြပြီး လက်တည့်သူများက သားကောင်များကို ဆီး၍ ဖမ်းကြသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများတွင် အမဲလိုက်ခြင်း၏ အခြားရည်ရွယ်တစ်ရပ်မှာ အသားများကို အခြောက်လှန်း၍ ပွဲတော်များအတွက် စုဆောင်းထားရန်ဖြစ်သည်။ သားကောင်ဝေငှပုံမှာ တောကောင်ကို ပထမဆုံး မှန်အောင်ပစ်နိုင်သူအား ကောင်းသောအသားပိုင်းဖြစ်သည့် ပေါင်သားများကို ပေးရသည်။ တောကောင်ကြီးလျှင် အိမ်သားဦးရေအလိုက် ခွဲဝေပေးလေ့ရှိသည်။ တောကောင်၏ဦးခေါင်းကို နတ်စင်တွင် ပူဇော်ပသရသည်။ နတ်စင်မရှိပါက ရွာလူကြီးအား ပေးရသည်။ ထိုသို့ပေးရခြင်းမှာ ဦးခေါင်းကို အထွတ်အမြတ်ထားသောကြောင့် ဖြစ်သည်။ တောကောင်ငယ်လျှင် လူဦးရေအလိုက်မပေးဘဲ အိမ်ထောင်ဦးရေအလိုက် ဖျက်၍ အညီအမျှခွဲဝေယူကြသည်။ တခါတရံ မိန်းကလေးများ ကောက်စိုက်သည့်အနီးတွင် သားကောင် လဲကျသေဆုံးသွားပါက ထိုမိန်းကလေးများကိုလည်း သားကောင်ကို မြင်သောသူများဖြစ်၍ ဝေပေးရသည်။ အချို့က သားကောင်ကို ပထမဆုံးပစ်နိုင်သူအား ပေါင်တစ်ဖက်၊ ကျောရိုး၊ အသည်း၊ အူ၊ နှလုံးများ ခွဲဝေပေးရပြီး သားကောင်သည် ပထမပစ်သောအချက်နှင့် မသေပါက နောက်ထပ်သေအောင် ပစ်နိုင်သူကို ကျောရိုးသားများ ပေးရသည်။ အကျန်ကို တောလိုက်သူအချင်းချင်း ဝေငှယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ တောလိုက်၍ ရရှိလာသော သားကောင်များ၏ အသားကို ချက်ပြုတ်စားသောက်ကြပြီး ပိုလျှံလျှင် အခြောက်လှမ်း၍ ရောင်းစားလေ့ရှိသလို အခြားသီးနှံများနှင့်လည်း လဲလှယ်လေ့ရှိကြသည်။ တိရစ္ဆာန်များ၏ ခြေသည်း၊ လက်သည်း၊ သည်းခြေ၊ သားရေအားလုံးတို့ကို တစ်ခုမှ စွန့်ပစ်ခြင်းမရှိဘဲ သူ့နေရာနှင့်သူ အသုံးချကြသည်။

ကျား၏ ခြေသည်း၊ လက်သည်းများကို ကလေးများ၏ လည်ပင်းတွင် ချိတ်ဆွဲစေသည်။ တောဆိတ်၏ ခွာနှင့် ဦးနှောက်ကို ဆေးဖော်ရာတွင် သုံးသည်။ ဝက်ဝံသည်းခြေ၊ ကျားသည်းခြေကို ဆေးဖော်သည်။ ကျားစွယ်ကို နတ်ဆိုးများ၏ ရန်မှ ကာကွယ်ရန် အန္တရာယ်ကင်းအဖြစ် အသုံးပြုကြသည်။ ဖြူ၊ ချေ၊ ခါတို့၏ အူသေးအူမကြီးတို့ကိုယူ၍ ဆေးဖော်စပ်သည်။ ကျွဲရေကို ဖိနပ်ကြမ်းများပြုလုပ်၍ စီးကြသည်။ အမဲလိုက်ရန်အတွက် နတ်ပူဇော်ပသပွဲများ တစ်နှစ်တစ်ကြိမ် မိုးဦးကျတွင် ပြုလုပ်လေ့ရှိကြသည်။ နတ်များအား ပူဇော်ပသမှသာလျှင် နောင် အမဲလိုက်သည့်အခါ သားကောင်များများရနိုင်မည်ဟု ထင်မြင်ယူဆကြသည်။

### (ဃ) ခေါင်ရည်၊ အရက်ချက်ခြင်း

ခေါင်ရည်ကို နေ့စဉ်သောက်သုံးရန်အတွက် ချက်ကြသည့်အပြင် အပိုအလျှံရှိပါက ရောင်းချလေ့ရှိသည်။ ခေါင်ရည်ကို အာဟာရအဖြစ် သောက်သုံးကြသလို ရိုးရာပွဲတော်များတွင် မပါမဖြစ်ထည့်သွင်း၍ ဧည့်ခံကျွေးမွေးလေ့ရှိကြသည့် အစားအစာတစ်မျိုးလည်း ဖြစ်သည်။ ခေါင်ရည်

www.burmeseclassic.com

www.burmeseclassic.com



စတင်ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ကယန်း (ပဒေါင်) တိုင်းရင်းသားများ ယုံကြည်လက်ခံကြသည့် ပုံပြင်တစ်ပုဒ်မှာ -

ရှေးအခါက သာယာအေးချမ်းလှသော ရေကန်တစ်ခု၏ နံဘေးတွင် နတ်သားခုနစ်ဖော်သည် ပန်းပဲထုလျက် ရှိနေကြသည်။ ဆူညံသည့်ပန်းပဲထုသံကို ရေထဲမှ မိကျောင်းက နားမခံသာလှချေ။ ထို့ကြောင့် မိကျောင်းက 'ပန်းပဲထုတာ ဘယ်သူလဲ၊ အခုချက်ခြင်း ရပ်ခိုင်းလိုက်' ဟု ဖားကိုခိုင်းစေ၏။ ဖားက မိကျောင်းခိုင်းစေသည့်အတိုင်း နတ်သားခုနစ်ဖော်ကို သွားရောက်ပြောဆိုလေသည်။ ထိုအခါ နတ်သားမှုနစ်ဖော်က ဖားအား မီးညှပ်နှင့်ညှပ်ကာ မီးမြှိုက်လိုက်သဖြင့် ဖား၏အရေခွံတွင် ဘုများထွက်လာရ၏။ တဖန် မိကျောင်းက ငါးရံ့အား အထက်ပါအတိုင်း စေခိုင်းပြန်သည်။ ငါးရံ့ကိုလည်း နတ်သားခုနစ်ဖော်က မီးမြှိုက်လိုက်ပြန်သဖြင့် အကြေးခွံများ ထူထပ်သိပ်သည်းစွာ ဖြစ်ပေါ်လာပြန်သည်။ နောက်ဆုံးတွင် မိကျောင်းကိုယ်တိုင် ကုန်းပေါ်သို့တက်လာပြီး ပန်းပဲထုခြင်းကို ရပ်တန့်ပေးရန်ပြောဆိုသည်။ ထိုအခါ နတ်သားခုနစ်ဖော်က မိကျောင်းကား 'မင်းဟာ အတော်ခေါင်းမာတဲ့သူဘဲ' ဟုဆိုကာ ခေါင်းကို မီးညှပ်ဖြင့် ဆွဲလှည့်လိုက်သဖြင့် မိကျောင်း၏မေးရိုးမှာ အပေါ်သို့ ရောက်သွားရှာသည်။ မိကျောင်းက နာကျင်လွန်းလှသည့်အတွက် မျက်ရည်များစီးကျလာပြီး 'အသက်ကို ချမ်းသာပေးပါ၊ ရေကို ချိုစေနိုင်သည့်နည်းလမ်းပေးပါမည်။' ဟု အနူးနားခံပြီး ခေါင်းရည်ချက်နည်းကို ပေးခဲ့လေသည်။ ခေါင်းရည်ချက်ရာတွင် ပါဝင်ရသည့် ပစ္စည်းများမှာ ပြောင်းဖူးသော သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ကောက်ညှင်းဆန်နှင့် တဆေးခေါ် ခေါင်ဖောက်ဆေးမှုန့်တို့ ဖြစ်သည်။ ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် ထိုအချိန်မှစ၍ ရေလမ်းခရီးဖြတ်သန်းသည့်အခါ တိုင်းခေါင်တဆေးနှင့်အတူ မီးသွေးတစ်ခဲ၊ ငရုတ်သီးတစ်တောင့်ထည့်ပြီးမှ ဖြတ်လေ့ရှိပါသည်။ အကယ်၍ ထိုပစ္စည်းများမပါဘဲ ရေလမ်းခရီးသွားခဲ့လျှင် မိကျောင်းက သူ၏ ခေါင်တန်ခိုးကို ပြန်သိမ်းသွားလိမ့်မည်။ တစ်နည်းအားဖြင့် ရေမချိုတော့ဟု ယူဆကြသည်။

တဆေးခေါ် ခေါင်ဖောက်ဆေးဖော်စပ်ရာတွင် ပါဝင်ရသည့်ပစ္စည်းများမှာ ကခဖော့ခေါ် ခရမ်းခါးသီးအသေးစား၊ ပရိုင်ဟုခေါ်သော အပင်မှရသည့် အခေါက်သေးသေးလေးများ၊ ပန်းခါးပွင့်ဖြူ၊ မီးသွေး၊ ကုလားအော်ငရုတ်သီးတောင့်နှင့် ကောက်ညှင်းဆန်တို့ ဖြစ်သည်။ ကခဖော့၊ ပရိုင်၊ ပန်းခါးပွင့်နှင့် ကုလားအော်ငရုတ်သီးတောင့်တို့ ကို ဆတူရောထောင်းကာ ကွမ်းသီးလုံးလောက်လုံးပြီး ရက်နှစ်ဆယ်ခန့် အခြောက်ခံထားရ၏။ ကောက်ညှင်းဆန်ကို ခွေကာ အလည်တည့်တည့်တွင် မီးသွေးတုံးကလေးခံထားရသည်။ ထိုအဝိုင်းကွင်းကလေးပေါ်သို့ ယခင်က အခြောက်ခံထားသော အလုံးကလေးများကို အမှုန့်ခြေပြီး ဖြူးပေးရသည်။ ဆယ်ရက်ခန့်ထားလိုက်လျှင် လိုအပ်သော ခေါင်တဆေးကို ရလာသည်။ ခေါင်တဆေး၏ ပုံစံမှာ မြန်မာ့ရိုးရာ အစားအစာတစ်ခုဖြစ်သည့် မုန့်လက်ကောက်ကွင်းကလေးနှင့် တူလှသည်။ ခေါင်တဆေးဖော်စပ်သူနှင့် လုပ်ကိုင်သူသည် အချဉ်နှင့် အပုပ်စာဖြစ်သည့် ပဲပုပ်၊ ငါးပိ၊ ကြက်ဥတို့ကို မစားရချေ။ ခေါင်တဆေးဖြူလုပ်

www.burmeseclassic.com

www.burmeseclassic.com



သူသည် အသက်အရွယ်ကြီးရင့်သူ အသက်ခြောက်ဆယ်ကျော် အဘိုးကြီး၊ အဘွားကြီးနှင့် အရွယ်မရောက်သေးသော အသက်ကိုးနှစ်အောက်ခန့် ကလေးငယ်များသာဖြစ်ရသည်။ အိမ်ထောင်ရှိသူများ၊ လူပျိုအပျိုရွယ်များ ခေါင်တဆေးကို မပြုလုပ်ရပေ။ မသန့်ရှင်းဟု ယူဆသောကြောင့်ဖြစ်သည်။ ခေါင်တဆေးကို ဈေးနေ့များတွင် ရောင်းချလေ့ရှိကြသည်။ တစ်တွဲလျှင် ငါးကွင်းခန့်ပါပြီး လေးဆယ့်ငါးကျပ် သို့မဟုတ် ငါးဆယ်ကျပ်ခန့် ပေးရသည်။

ခေါင်ရည်ချက်ရာတွင် အမိကကုန်ကြမ်းပစ္စည်းမှာ ကောက်ညှင်းဆန် သို့မဟုတ် ပြောင်းကောက်ကို ချက်ပြီး ဖျာပေါ်တွင် ဖြန့်၍ အအေးခံထားရသည်။ ထို့နောက် အအေးခံထားသော ကောက်ညင်းဖတ် သို့မဟုတ် ပြောင်းကောက်ကို တဆေးခေါ် ခေါင်ဆေးမှုန့်နှင့် ရောနယ်လေသည်။ နယ်ပြီး တောင်းတွင်ထည့်၍ တစ်ညသိပ်ထားရသည်။ နောက်တစ်နေ့တွင် ဖျာပေါ်၌ တဖန်ဖြန့်ပြီး စပါးဖွဲနု သို့မဟုတ် ပြောင်းကောက်ဖွဲနု အနည်းငယ်ရောထည့်၍ နယ်ရသည်။ ထို့နောက် အိုးကြီးတစ်လုံးထဲသို့ထည့်ကာ ဆယ့်ငါးရက်ဖြစ်စေ၊ တစ်လဖြစ်စေ သိပ်ထည့်ထားရလေသည်။ ပိုအေးသည့် အရပ်များတွင် နှစ်လခန့်အထိ ထားလေ့ရှိသည်။ ထို့နောက် ခေါင်ဖတ်ဖြစ်သွား၏။

ခေါင်ရည်ချက်လိုသော ခေါင်ဖတ်ကို ဖွဲနုများများရောရသည်။ အိုးတွင်သိပ်ထားသော ခေါင်ဖတ်များကို လိုသလောက် ဝါးကျည်တောက် သို့မဟုတ် မြေအိုးငယ်တွင် ထည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရေနွေးနှင့် ဖောက်ရသည်။ ဆယ့်ငါးမိနစ်ခန့် ထားလိုက်ပါက ခေါင်ရည်ဖြစ်လာသည်။

တချို့ကမူ ခေါင်ရည်ချက်ရာတွင် လုံးတီးဆန်သုံးဆ၊ ဖွဲကြမ်းနှစ်ဆကိုရောပြီး ပေါင်းအိုးတွင်ထည့်၍ ပေါင်းသည်။ ပေါင်း၍ ရလာသောထမင်းကို ဖျာကြမ်းပေါ်တင်ပြီး အအေးခံထားရသည်။ အေးသွားလျှင် တဆေးမှုန့်နှင့် ရောနယ်ပြီး တောင်းတစ်ခုထဲတွင် အောက်မှ ငှက်ပျောဖက်များခံ၍ လောင်းထည့်ထားရသည်။ အပေါ်မှလည်း အုပ်ထားရသည်။ နှစ်ရက်မြောက်သောနေ့တွင် ထမင်းများပျော့ပြီး အချဉ်နံ့ထွက်လာသည်။ ယင်းအနံ့မှာ ခေါင်ရည်နံ့ပင်ဖြစ်သည်။ တောင်းထဲမှ ထမင်းများကို တစ်ဖန် ဖျာကြမ်းပေါ်တွင် ဖြန့်ထားရပြန်သည်။ ထို့နောက် စဉ့်အိုးငယ်များတွင် သိပ်ထည့်ထားလျှင် ခေါင်ရည်ကြည်သည် တဖြည်းဖြည်းစိမ့်ထွက်လာသည်။ ထိုအရည်သည် ပျားရည်ကဲ့သို့ အသွေးအရောင်ရှိပြီး ယင်းကို ခေါင်ကျရည်ဟုခေါ်သည်။ အပေါ်သို့တက်လာသော ခေါင်ဖတ်ကို ရေနွေးဖြင့်ဖောက်ပါက ခေါင်ဖောက်ရည်ရသည်။ အရက်ချက်နည်းမှာ ခေါင်ရည်ချက်နည်းကဲ့သို့ပင် ခေါင်ဖတ်အဆင့်အထိရောက်အောင် ပြုလုပ်ပြီး ထိုခေါင်ဖတ်ကို ရေနှင့်တဖန် ပြန်၍ချက်ရသည်။ ထိုအရည်ကို ပြွန်ဖြင့် အခိုး၊ အဆီ ထုတ်ယူလိုက်သောအခါ အရက်ဖြစ်လာသည်။

ခေါင်ရည်နှင့် အရက်သည် မူးယစ်စေတတ်သောအရာဖြစ်သော်လည်း ကယန်းတို့ နေထိုင်ရာဒေသသည် ရာသီဥတုအေးသော ဒေသဖြစ်သည့်အားလျော်စွာ ယင်းအရာများကို

www.burmeseclassic.com

www.burmeseclassic.com



သောက်သုံးမှသာ သွေးလည်ပတ်မှုမှန်ကန်စေပြီး အလုပ်အကိုင်များကို အလိုက်သင့် လုပ်ဆောင်နိုင်ပေသည်။

သို့ဖြစ်၍ ကယန်း (ပဒေါင်) တိုင်းရင်းသားများအဖို့ ခေါင်ရည်အရက်သည် တလေးဘဝတပင် ရင်းနှီးနေသည့် စားသောက်စရာ အာဟာရပစ္စည်းတစ်မျိုးလို ဖြစ်နေပေသည်။ ရိုးရာတံခွန်တိုင်ပွဲတော်များ၊ ကပွဲများ၊ မင်္ဂလာဆောင်နှင့် အသုဘအခမ်းအနားတို့တွင် အမျိုးသား၊ အမျိုးသမီးမရွေး၊ အသက်ကြီးငယ်မရွေး မြိန်ယှက်စွာ သောက်သုံးလေ့ရှိသော်လည်း မူးယစ်ရမ်းကားခြင်း၊ ဆဲဆိုခြင်း၊ မထေမဲ့မြင်ပြုလုပ်ခြင်းတို့ကို လုပ်ဆောင်ကြခြင်းမရှိချေ။

## (င) လက်မှုလုပ်ငန်း

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် လက်မှုလုပ်ငန်းမျိုးစုံကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ကြ၏။ ဝါးသည် ယင်းတို့အတွက် အရေးပါသော ကုန်ကြမ်းပစ္စည်းတစ်မျိုးဖြစ်သည်။ ဝါးဖြင့် အိမ်သုံးပစ္စည်းအမျိုးမျိုးပြုလုပ်ကာ သုံးစွဲကြပါသည်။ ဖျာများကို စပါးရိတ်သိမ်းသည့်အခါတွင် သုံးရန်ဖျာ၊ အိပ်ယာခင်းဖျာနှင့် ဝန်တင်ရာတွင် အသုံးပြုသည့် ဖျာဟူ၍ သုံးမျိုးခွဲခြားကာ ရက်လုပ်ကြပါသည်။ ဖျာချောကို ဝါးအကြောဖြင့် အချောသပ်၍ ချောက်သွားအောင်နေလှန်းရသည်။ ထို့နောက် ကျပ်ခိုးစင်ပေါ်တင်ထားခြင်းဖြင့် ပိုမိုခြောက်သွေ့စေသည်။ ရက်လုပ်လိုသည့်အခါမှသာ ယူ၍ ရက်လုပ်လေ့ရှိသည်။ ဖျာကြမ်းကို ဝါးအသားဖြင့်ပြုလုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်းများ၊ ဖျာများ ရက်လုပ်လိုလျှင် ဝါးကို နှစ်မျိုးခွဲထားသည်။ တစ်မျိုးမှာ အခြေခံရန် လက်တစ်လုံးမျှရှိသော ဝါးခြမ်းဖြစ်ပြီး ကျန်တစ်မျိုးမှာ ဘေးပတ်လည်တွင် ရက်သွားရန် ခပ်ပါးပါးဝါးခြမ်းဖြစ်သည်။ ပထမအောက်ခြေကို ဝါးခြမ်းနှင့်ခံပြီး ထောင့်ရောက်သောအခါ ချိုးချပြီးထောင်သည်။ အခြေခံပေါ်တွင် ဝါးပါးပါးကလေးများနှင့်ပတ်၍ ရက်ရသည်။ ပြီးသည့်အခါ အနားကိုသွင်းပြီး နှုတ်ခမ်းနား သတ်လေ့ရှိသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ဆန်ကောရက်လုပ်ပုံမှာ ထူးခြားလှ၏။ ယင်းတိုင်းရင်းသားတို့ မွန်ဂိုလီယာကုန်းမြင့်မှ စတင်ထွက်ခွာလာခဲ့သည့် သက္ကရာဇ် ၂၃၄ ကို အမှတ်အသားပြု၍ ဆန်ကောရက်လုပ်ရာတွင် ၂၃၄ အချိုးဖြင့် ရက်လုပ်ကြသည်။ ဆန်ကော၏အနားကိုမူ ကြိမ်ဖြင့်လှပသေသပ်စွာ ကွပ်ထားကြလေသည်။

ခေါင်ရည်ထည့်ရန်နှင့် အခြားသော တာရှည်ခံပစ္စည်းများထည့်ရန် အိုးများကို ကိုယ်တိုင်ဖုတ်လေ့ရှိကြသည်။ အိုးလုပ်ရာတွင် မြေစေးကို အခြောက်လှမ်းပြီး တစ်ရက် နှစ်ရက်မျှ ရေစိမ်ထားရသည်။ ပျော့လာသောအခါ ကျောက်ဖြူတစ်မျိုးကို ဖုတ်၍ ထောင်းထားသောအမှုန့်ဖြင့် ရော၍နယ်ရသည်။ နယ်ပြီး သမလာလျှင် အခွေများပြုလုပ်ပြီး အခြေခံပေါ်တွင် တစ်ခွေပြီးတစ်ခွေ ဆင့်၍ လက်ဖြင့် ပုံကြမ်းပြုလုပ်သည့် နှုတ်ခမ်းတွင် အနားကို လှန်ချ၍ ရေဆွတ်ထားသော အဝတ်စိုဖြင့်

www.burmeseclassic.com

www.burmeseclassic.com


အချောသပ်သည်။ ပြီးလျှင် အိုးများကို အခြောက်လှန်းကာ မီးဖုတ်သည်။ အိုးများ အရောင်လှပတောက်ပြောင်စေရန် အကောင်းဆုံးသော သစ်ခေါက်များဖြင့် အုပ်ဆိုင်းပြီး မီးဖုတ်ရပြန်သည်။ အိုးအရောင်နီလာလျှင် သစ်ခေါက်များကို ဖယ်၍ မအေးတအေးခန့်တွင် အိုးအသားကျစ်လာစေရန် ချိပ်တောင့်တိုက်ရသည်။ ခေါင်ရည်အိုးများကိုမူ မြေစေးနှစ်ဆနှင့် စဥ့်တစ်ဆရော၍ ပြုလုပ်ကြသည်။ အချို့က အိုးကို မီးမဖုတ်မီမှာပင် စဥ့်ရည်ဖြင့် သုတ်လိမ်းလေ့ရှိကြသည်။

ဂျပ်ခုတ်ထည်များကို အရွယ်ရောက်သူ အမျိုးသမီးတိုင်း ရက်လုပ်ကြသည်။ အထည်ယက်လုပ်ရန် ဝါကို တောင်ယာများတွင် ကိုယ်တိုင်စိုက်ပျိုးကြသည်။ မိသားစုအဝတ်အထည်များ ရက်လုပ်နိုင်ရန်အတွက် လုံလောက်ရုံ အနည်းငယ်သာ စိုက်ပျိုးလေ့ရှိကြသည်။ ဝါများကို အချိန်တန်လျှင် ပလိုင်းငယ်ဖြင့် ခူးဆွတ်ကာ အိမ်ရှေ့စင်ပေါ်တွင် တင်၍ နေလှန်းထားရသည်။ ဝါစေ့များကို ဝါးဒလက်ဖြင့် လက်လှည့်မွှေပြီး ထုတ်ယူရသည်။ ဝါစေ့ထုတ်ပြီးမှ ဝါကိုချေကာ သစ်သားလွန်းဆံတွင် ရစ်ပတ်သည်။ သစ်သားလွန်းဆံများမှတဆင့် ချည်မျှင်တို ထုတ်ယူ၍ ချည်ငင်ရသည်။ ချည်ငင်များရရှိလာသောအခါ ခေါင်ပတ်နှင့်ရော၍ဖြစ်စေ၊ ထမင်းရည်နှင့်ဖြစ်စေ ပြုတ်သည်။ ပြီးမှ နေလှန်းအခြောက်ခံသည်။ ချည်ခင်များခြောက်သွားပါက သစ်သားဘီးလုံးများတွင် ရစ်ပတ်ထားလေ့ရှိသည်။ ဤသို့ဖြင့် အဖြူရောင်သက်သက် ချည်လုံးများ ရရှိ

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ အရောင်များရရှိရန်အတွက်မူ ရိုးရာနည်းအရ သဘာဝဆိုးဆေးများဖြင့် ဆိုးကြပါသည်။ သဘာဝဆိုးဆေး ရောင်များမှာ အနီ၊ အဝါနှင့် အနက်ရောင်တို့ဖြစ်ကြသည်။ ပေါက်ပင်အခေါက်ကို ဆိုးလျှင် ဝါညိုရောင်ထွက်၏။ ညောင် ပင်ခေါက်၊ ပေါက်ပွင့်၊ သံပရာသီး၊ မန်ကျည်းသီးတို့ကို ရော၍ ပြုတ်ပြီး ဆေးဆိုးလျှင် ရှားနှစ်ရောင်ရ၏။ ရှားခေါက်ကို ဆိုးလျှင် အညိုရောင်ရသည်။ ချိတ်ဆေးဆိုးလျှင် အနီရောင်၊ နနွင်းဥကို ထောင်းပြီး ပြုတ်လျှင် အဝါရောင်၊ ဆီးဖြူသီးရွက်ထောင်းပြီး ပြုတ်ကာ ရွှံ့နှင့်ရောနယ်ပြီး သုံးရက်ကြာထားလျှင် အနက်ရောင်၊ ပဲပင်ရွက်အစိုကို ထောင်းပြီး ပြုတ်လျှင် အစိမ်းရောင် စသည်တို့ ရရှိပေသည်။

ကယန်း (ပဒေါင်)အမျိုးသမီးတိုင်းသည် အပျိုဖော်ဝင်စ ကတည်းက ဝါဖန်၊ ချည်ငင်၊ ဂျပ်ခုတ်ရက် စသည့်ရိုးရာလက်မှု ပညာများကို သင်ကြားတတ်မြောက်ထားကြရသည်။ အသက် အရွယ်ကြီးရင့်ပြီး တောင်ယာလုပ်ငန်းခွင်တွင် လုပ်အား မပေး နိုင်တော့သော အဘွားအိုများသည် ဂျပ်ခုတ်ရက်ခြင်းကို လုပ်ကိုင်ကြသည်။ ယင်းတို့၏အိမ်ရှေ့တိုင်းတွင် ဂျပ်ခုတ်စင် များကို တွေ့ရ၏။ အိမ်များမှာ ပြတင်းပေါက်တစ်ပေါက်သာ ပါရှိသဖြင့် အလင်းရောင်အလွန်နည်းပါးသဖြင့် အိမ်အတွင်း၌ ရက်လုပ်ရန်မဖြစ်နိုင်ပေ။ အိမ်အပြင်ဘက် အလင်းရောင် ရရှိသည့်နေရာမျိုးတွင်သာ ရက်လုပ်လေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် လက်မှုလုပ်ငန်း သက်သက်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ မရှိကြချေ။ မိသားစုအလိုက် မိမိတို့အိမ်ထောင်အတွက် လိုအပ်သည့် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကိုသာ ပြုလုပ်သုံးစွဲကြပါသည်။

## (စ) နေ့စဉ်လုပ်ငန်း

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် နံနက်မိုးမသောက်မီ ကြက်တစ်ကြိမ်တွန်သည်နှင့် ထကြသည်။ တောင်ယာတွင်စားသောက်ရန် ထမင်းဟင်းများ ချက်ပြုတ်ရန် စီစဉ်ကြပါသည်။ ထမင်းဟင်းကျက်သည်နှင့် တောင်ယာသို့ သွားကြရ၏။ တောင်ယာများသည် နေထိုင်ရာရွာမှ နှစ်မိုင်၊ သုံးမိုင်ခန့် ကွာဝေးလေ့ရှိသည်။ တောင်ယာတွင် တစ်နေကုန် အလုပ်လုပ်ကြပြီးမှ နေဝင်ချိန်လောက်တွင် အိမ်သို့ပြန်လာကြပါသည်။ တောင်ယာစပါးစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်သည် ယင်းတို့အတွက် အလုပ်အများဆုံးအချိန်ဖြစ်သည်။ တောင်ယာလုပ်ကိုင်ချိန်ပြီးဆုံးသွားမှသာ ကျန်အားလပ်ချိန်များတွင် အခြားလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ အမျိုးသမီးများက တောင်းရက်ခြင်း၊ ဖျာရက်ခြင်း၊ ဂျပ်ခုတ်ရက်ခြင်း စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပြီး အမျိုးသားများမှာမူ တောလိုက်ခြင်း၊ ထင်းခုတ်ခြင်း၊ အိမ်ပြင် အိမ်ဆောက်ခြင်း စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ပတ်လုံး လအလိုက်လုပ်ကိုင်သည့် လုပ်ငန်းများမှာ-

| စဉ် | လ | လုပ်ငန်းတာဝန်များ |
|---|---|---|
| ၁။ | လနီသိန်း (တပေါင်း) | - ငှက်ရုပ်တံခွန်တိုင်ပွဲ၊ အိမ်သစ်တက်ပွဲနှင့် ထိမ်းမြားမင်္ဂလာပွဲများပြုလုပ်သည်။ |
| ၂။ | လနီဟာ (တန်ခူး) | - ကေ့ထိုးဘိုး ကျင်းပပြုလုပ်သည်။ တောင်ယာများ မီးရှို့ကြသည်၊ ဝါးများ ခုတ်ကြသည်။ |
| ၃။ | လနီဂို့ (ကဆုန်) | - မိုးဦးကျချိန်ဖြစ်၍ ပြောင်း၊ ဖရုံ၊ အစရှိသော ကောက်ပဲသီးနှံများ စတင် ပျိုးကြစိုက်ပျိုးကြသည်။ |
| ၄။ | လနီစွဲ (နယုန်) | - မိုးတွင်းကာလဖြစ်သည့်အတွက် လေ့ကားထစ်တောင်ယာများ စတင်စိုက်ပျိုးသောလဖြစ်သည်။ ပြောင်းမျိုးစေ့ကြဲကြသောလလည်း ဖြစ်သည်။ |
| ၅။ | လဆော (ဝါဆို) | - တောင်ယာစိုက်ခင်း၊ ယာခင်းများရှိ ပေါင်းပင်၊ မြက်ပင် ရှင်းလင်းသည့် လဖြစ်သည်။ |
| ၆။ | လသခု (ဝါခေါင်) | - တောင်ယာစိုက်ပျိုးလုပ်ငန်းပြီးစီးသည့်အတွက်ကြောင့် တောခုတ်ကြသည့် လဖြစ်သည်။ |
| ၇။ | လသူမိုး (တော်သလင်း) | - တောင်ယာစိုက်ခင်းထဲရှိစပါးပင်များသီးရင့်ပြီဖြစ်သည့်အတွက်ငှက်များ ဖျက်ဆီးနိုင်အောင် စောင့်ရှောက်ရသည်။ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | လ | လုပ်ငန်းတာဝန်များ |
|---|---|---|
| ၈။ | လသူးစား (သီတင်းကျွတ်) | - စပါးမှည့်ပြီဖြစ်၍ ဦးဦးဖျားဖျားအနည်းငယ်ရိတ်သိမ်းကာ သက်ကြီးရွယ်အိုများအား ဒါနပြု ကျွေးမွေးသည့်လ ဖြစ်သည်။ |
| ၉။ | လလနန်း (တန်ဆောင်မုန်း) | - စပါးများ ရိတ်သိမ်းကြသည်။ |
| ၁၀။ | လစန်းပရှော့ (နတ်တော်) | - စပါးပုတ်သောလ၊ ပြောင်းချွေသောလ၊ ကောက်ပဲသီးနှံ ခူးဆွတ်သောလဖြစ်သည်။ ရှေးအခါက ဤလတွင် သွားနက်ဆိုးပွဲ ပြုလုပ်ကြသည်။ |
| ၁၁။ | လဝီး (ပြာသို) | - သေဆုံးသူများအတွက် ရည်စူး၍ အလှူဒါနပြုသောလ ဖြစ်သည်။ တောင်ယာများ စတင်ခုတ်ကြသည်။ |
| ၁၂။ | လနီသန့် (တပို့တွဲ) | - အမျိုးသားများ သစ်ဝါးခုတ်ခြင်း၊ လွှဆွဲခြင်း၊ အမျိုးသမီးများ သက်ကယ်ပစ်ခြင်း၊ ဂျပ်ခုတ်ရက်ခြင်းတို့ လုပ်ကိုင်သည်။ |

## (ဆ) လုပ်အားဖွဲ့စည်းမှု

ကယန်း (ပဒေါင်) တိုင်းရင်းသားများတွင် ယောက်ျားအလုပ်၊ မိန်းမအလုပ်ဟူ၍ လုပ်အားကို အတိအကျခွဲခြားထားခြင်းမရှိချေ။ သို့ရာတွင် ပင်ပန်းသောအလုပ်များဖြစ်သည့် ရူးထိုးခြင်း၊ လယ်ထွန်ခြင်း၊ ထယ်ထိုးခြင်း၊ မြေဆွခြင်း၊ ထင်းခုတ်ခြင်း၊ အမဲဖျက်ခြင်း၊ တံခွန်တိုင်ပွဲတော်အတွင် တိုင်ခုတ်ခြင်း၊ စိုက်ခြင်း၊ ထူခြင်း စသောအလုပ်များကိုမူ ယောက်ျားများကသာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်ကြသည်။ လက်မှုလုပ်ငန်းများဖြစ်သော တောင်း၊ ပလိုင်း၊ ခြင်း၊ ဖျာရက်ခြင်းတို့ကိုလည်း အမျိုးသားများ လုပ်ကိုင်ကြသည်။ အမျိုးသမီးများမှာမူ မိသားစုစားသောက်ရန် ထမင်းဟင်းချက်ပြုတ်ပေးခြင်း၊ ခေါင်ရည်ချက်ခြင်း၊ ဂျပ်ခုတ်ရက်ခြင်းနှင့် အိမ်တွင်းအလုပ်များကို လုပ်ကိုင်လေ့ရှိကြသည်။ အမျိုးသမီးများသည် တောင်ယာလုပ်ငန်းတွင် ယောကျ်ားများနှင့်အတူ ရင်ပေါင်တန်းကာ မိမိတတ်သမျှ လုပ်အားပေးကြသည်။ အမျိုးသားများ တောရှင်း၍ တောင်ယာခုတ်ထွင်စဉ်တွင် အမျိုးသမီးများသည် ခုတ်ထွင်ပြီးသော သစ်ပင်အကိုင်းအခက်၊ နွယ်ပင်၊ မြက်ပင်များကို ဝင်ရောက်ရှင်းလင်းကြသည်။ တောင်ယာမီးရှို့စဉ်အခါ၌လည်း နံဘေးမှ လုပ်ကိုင်စရာရှိသည့် အလုပ်များကို လုပ်ကိုင်ပေးကြသည်။ စပါးမျိုးကြဲရာတွင်လည်းကောင်း၊ မျိုးနုတ်ရာတွင်လည်းကောင်း၊ စိုက်ပျိုးရာတွင်လည်းကောင်း၊ အများအားဖြင့် အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်လေ့ရှိကြသည်။ တစ်ဖန် အမျိုးသားများက စပါးရိုက်ပုတ်ပြီးလျှင် အမျိုးသမီးများက စပါးကျီများအတွင်းသို့ ပလိုင်းများဖြင့် သယ်ထည့်ကြသည်။

အသက် ရှစ်နှစ်၊ ကိုးနှစ်အရွယ် ကလေးများသည် တောင်ယာတွင် မိဘများနှင့်တန်းတူ အလုပ်မလုပ်နိုင်သေးသည့်အတွက် ကျွဲ၊ နွားများ ထိန်းကျောင်းခြင်း၊ ညီငယ်၊ ညီမငယ်များအား ထိန်းပေးခြင်းတို့ကို လုပ်ကိုင်ပေးကြသည်။ ထို့အပြင် အိမ်၌ မွေးမြူထားသည့် ကြက်၊ ဝက် တိရစ္ဆာန်များကို အစာ

www.burmeseclassic.com

www.burmeseclassic.com



ကျွေးပေးကြသည်။ အသက်တစ်ဆယ့်နှစ်နှစ်၊ တစ်ဆယ့်သုံးနှစ် အရွယ်ခန့် ရောက်လာလျှင် မိဘများနှင့် တောင်ယာသို့ လိုက်ကာ အလုပ်များကိုကူညီလုပ်ကိုင်ပေးကြသည်။ ယောက်ျား ကလေးများသည် ဖခင်၏အလုပ်ကို ကူညီပေးပြီး မိန်းကလေး များက မိခင်၏အလုပ်ကို ဝင်ရောက်ကူညီပေးကြ၏။ သက်ကြီး ရွယ်အိုများသည် ကလေးငယ်များကို ကြည့်ရှုထိန်းသိမ်း ပေးခြင်း၊ ကြက်၊ ဝက်များကို အစာကျွေးခြင်း၊ ခေါင်ချက်ခြင်း၊ တောင်း ပလိုင်း၊ ခြင်းများရက်ခြင်းတို့ကို ပြုလုပ်ပေးကြသည်။ ရှေးအခါက သားသမီးများနှင့်အတူ မနေချင်နေသော အဘိုးအို၊ အဘွားအိုများအတွက် တဲများဆောက်ထားပေး လေ့ရှိပါသည်။ ယခုခေတ်တွင်မူ သက်ကြီးရွယ်အိုများကို သားသမီး၊ မြေးမြစ်တို့က အထူးရိုသေလေးစားကြကာ မိမိတို့အိမ်မှာပင်နေစေလျက် ဂရုစိုက်ကျွေးမွေးကြလေသည်။ မိမိတို့၏ လုပ်ငန်းဆောင်တာ နှင့်ပတ်သက်၍လည်း အဘိုးအို၊ အဘွားအိုများကို တိုင်ပင်နှီးနှောကာ အကြံဉာဏ်များ တောင်းခံလေ့ရှိသည်။

ဘာသာရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ရပ်ရေး ရွာရေးလုပ်ငန်းများကို ပြုလုပ်သည့် အခါ စုပေါင်းလုပ်ကိုင်သည့် စနစ်ကို ကျင့်သုံးကြသည်။ ဘာသာရေးနှင့်ပတ်သက်သော ကေ့ထိုးဘိုးပွဲတော်၊ ဆွမ်းသွပ်ပွဲ၊ လိပ်ပြာခေါ်ပွဲ စသည့်ပွဲများကို ကျင်းပသည့်အခါတွင် တစ်ရွာ လုံးရှိ ရွာသူ ရွာသားများက ကုန်ကျစရိတ်ကို အချိုးကျဝေမျှ

www.burmeseclassic.com

www.burmeseclassic.com



ခံကာ စည်းလုံးညီညွတ်စွာဖြင့် တစ်စုတစ်ဝေးတည်း ပျော်ပျော်ပါးပါး ကျင်းပကြလေသည်။ ရပ်ရွာစည်ပင်သာယာရေးအတွက် မကောင်းဆိုးဝါး၊ နတ်မိစ္ဆာများကို နှင်ထုတ်သည့်အခါ ရွာသန့်ရှင်းရေး ပြုလုပ်သည့်အခါများတွင်လည်း တစ်ရွာလုံးရှိ ရွာသူရွာသားများအားလုံး တစ်စည်းတစ်လုံးတည်း လုပ်ဆောင်စရာရှိသည့် ကိစ္စအဝဝကို လုပ်ကိုင်သွားလေ့ရှိကြသည်။

လူမှုရေးနှင့်ပတ်သတ်၍ ထိမ်းမြားမင်္ဂလာ၊ အိမ်သစ်ဆောက်ခြင်း၊ အသုဘပွဲ အစရှိသော ကိစ္စရပ်တွင် တစ်ရွာလုံးဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးကြသည့် ဓလေ့ထုံးစံကို ရှေးအခါမှစ၍ ယခုခေတ်တိုင်အောင် မပျက်မကွက် လိုက်နာကျင့်သုံးလေ့ရှိကြပါသည်။ ရပ်ရွာထဲတွင် အိမ်ထောင်စုတစ်စု၌ ထိမ်းမြားမင်္ဂလာတစ်ခုရှိလျှင် ထိုအိမ်ထောင်စု၏ ဆွေမျိုးသားချင်းများသာမက အိမ်နီးချင်းများကလည်း မင်္ဂလာအခမ်းအနားတွင် ကျွေးမွေးရန် စားသောက်ဖွယ်ရာများကို ဝိုင်းဝန်းချက်ပြုတ်ပေးလေ့ရှိကြသည်။ ရွာအတွင်း အိမ်ထောင်စုတစ်စုက အိမ်သစ်တစ်လုံး ဆောက်လုပ်မည်ဆိုလျှင်လည်း လိုအပ်သော သစ်၊ ဝါးများကို ရွာသားများက ဝိုင်းဝန်း၍ ခုတ်ထွင်ပေးကြသည်။ အိမ်ဆောက်သည့်အခါ၌လည်း လက်သမားငှားရန်မလိုဘဲ အိမ်ဆောက်ကျွမ်းကျင်သူ တစ်ဦးကဦးဆောင်၍ ဆောက်လုပ်ပါသည်။ သစ်တုံးဖြတ်သူက ဖြတ်၊ နှီးဖြာသူက ဖြာ၊ အိမ်မိုးသူက မိုးဖြင့် အိမ်တစ်လုံးဆောက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



လေးရက်၊ ငါးရက်ခန့်သာ ကြာမြင့်သည်။ ရွာထဲတွင် အသုဘကိစ္စတစ်ခု ဖြစ်ပွားလျှင်လည်း ထိုအသုဘကို တစ်ရက်ဖြစ်စေ၊ သုံးရက်ဖြစ်စေ ထားပြီး အသုဘပွဲများ ပြုလုပ်ကာ အသုဘအိမ်ကို တစ်ရွာလုံးက အကူအညီပေးကြလေသည်။ အသုဘထည့်ရန် အခေါင်းရိုက်ခြင်းမှစ၍ အသုဘပွဲသို့ လာရောက်ကြသော ဧည့်ပရိသတ်များကိုလည်း ကျွေးမွေးဧည့်ခံရန်အထိ စားသောက်ဖွယ်ရာများကို ဝိုင်းဝန်းကူညီ ချက်ပြုတ်ပေးကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သတ်၍လည်း တစ်ဦးနှင့်တစ်ဦး ပူးပေါင်း၍ အလှည့်ကျ ကူညီလုပ်ဆောင်ပေးလေ့ရှိကြသည်။ စိုက်ပျိုးရေးလုပ်ငန်းမစမီ ယာကွက်များ ခုတ်ထွင်ရှင်းလင်းကြသောအခါ အိမ်ထောင်စု သုံးစု၊ လေးစုစုပေါင်း၍ အလှည့်ကျ မိမိတို့ယာကွက်အသီးသီးကို စုပေါင်းခုတ်ထွင်းရှင်းလင်းကြသည်။ ဤနည်းအားဖြင့် တစ်ခါတစ်ရံ ဘွင်တစ်ရွာလုံးရှိ အိမ်ထောင်စုများပိုင်ဆိုင်သော ယာကွက်များတစ်နေ့တည်းနှင့်အပြီး ခုတ်ထွင်ရှင်းလင်းပြီးသား ဖြစ်သွားကြသည်။ စိုက်ပျိုးသည့်အခါတွင်လည်း သူ့လယ်ကိုယ့်လယ်ဝိုင်းဝန်း၍ အလှည့်နှင့် စိုက်ပျိုးပေးလေ့ရှိသည်။ စပါးပုတ်ချိန်၊ ရိတ်သိမ်းချိန်၊ စပါးကျီးများအတွင်း သိုလှောင်ချိန်များတွင်လည်း တပျော်တပါးစုပေါင်းလုပ်ကိုင်၍ တစ်စည်းတစ်လုံးတည်း ဝိုင်းဝန်းကူညီကာ တစ်ဦးကိုတစ်ဦး၊ အပြန်အလှန် လုပ်ကိုင်ပေးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မွေးမြူရေးနှင့်ပတ်သတ်သော လုပ်ငန်းတွင်မူ အိမ်ထောင်စုတစ်စုတွင်ရှိသော ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ၊ အဘိုးအို အဘွားအိုမှစ၍ မိသားစုဝင်အားလုံးတို့သည် မိမိတို့အားလျှင် အားသလို အိမ်၌ မွေးထားသည့် တိရစ္ဆာန်များကို ကျွေးမွေး ကြည့်ရှုကြပါသည်။

အမဲလိုက်ရာတွင်လည်း စုပေါင်းလိုက်လေ့ရှိပြီး ရလာသော သားကောင်များကို ယောကျ်ားများက ရွာပြင်တွင် ဖျက်ကြသည်။ မိန်းမများက ယောကျ်ားများ စားသောက်ရန် ခေါင်ရည်ယူခဲ့ခြင်း၊ အရက်ပို့ခြင်း စသည့်အလုပ်များဖြင့် ကူညီလေ့ရှိသည်။

## (၈) ရောင်းဝယ်ဖောက်ကားမှု

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းအမျိုးမျိုးတို့မှာ မိသားစု၏ စားဝတ်နေရေး ဖူလုံရုံလောက်သာ အဓိကထား လုပ်ကိုင်ကြခြင်းကြောင့် အကြီးအကျယ် ရောင်းဝယ်ဖောက်ကားနိုင်လောက်အောင် ကုန်ထုတ်လုပ်မှုများ မရှိသလောက်ပင်ဖြစ်သည်။ အနည်းငယ်ပိုလျှံသော ဆန်စပါး၊ ကောက်ပဲသီးနှံလောက်တိုသာ ရောင်းချလေ့ရှိသည်။

ယင်းတို့နေထိုင်ရာ ကျေးရွာတိုင်းတွင် ဈေးမရှိခြင်း လေးမိုင်၊ ငါးမိုင်ခန့်ဝေးသော ဈေးရှိသည့်ရွာများသို့ သွားရောက် ရောင်းချလေ့ရှိသည်။ ခေါင်ရည်ကို အိုးလိုက်သော်လည်းကောင်း

www.burmeseclassic.com



ခွက်ခြင်လိုက်သော်လည်းကောင်း ရောင်းချကြသည်။ ရောင်းချပြီး မိမိတို့ လိုအပ်သော ဆား၊ ဆပ်ပြာ၊ ငါးပိ၊ အဝတ်အထည် များကို ဝယ်ခြမ်း၍ ရွာသို့ ပြန်ကြလေသည်။ တစ်ရွာနှင့်တစ်ရွာ ဖြစ်စေ၊ အချင်းချင်းဖြစ်စေ ဆန်စပါး၊ ပြောင်းကောက်တို့ကို အရောင်းအဝယ်ပြုကြရာ၌ ပစ္စည်းချင်းဖလှယ်သည့်စနစ်ကို အသုံးများသည်။ ဈေးများတွင် ရောင်းဝယ်ဖောက်ကားမှု၌ ငွေကြေးကို အသုံးပြုကြသည်။ ထို့ပြင် အကြွေးစနစ်ကိုလည်း သုံးသည်။ အကြွေးယူသူက တစ်လ သို့မဟုတ် နှစ်လကြာလျှင် ပြန်ဆပ်မည်ဟု ကတိပေးထားသည့်အတိုင်း ပြန်ဆပ်ကြသည်။ အကြွေးစနစ်တွင် ခင်မင်ရင်းနှီးမှု အတိုင်းအတာအရ လုပ်ဆောင် သည်လည်း ရှိသည်။

အချို့က ကယန်း (ပဒေါင်) တိုင်းရင်းသားအမျိုးသား များသည် တောင်ယာလုပ်ငန်းခွင် ပြီးစီးသည့်အချိန် နွေရာသီ တွင် ငွေရှာထွက်လေ့ရှိသည်။ အစိုးရ လယ်လုပ်ငန်းများတွင် လည်းကောင်း၊ အခြားရွာများသို့ သွားရောက်ကာ လွှဆွဲခြင်း ဖြင့်လည်းကောင်း အပိုဝင်ငွေရရှိရန် လုပ်ကိုင်ကြသည်။ ရရှိ လာသော ငွေဖြင့် သွပ်ကို အဓိကထား၍ ဝယ်ယူကြသည်။ တောထဲသို့ဝင်၍ တစ်ပင်တိုင်မြန်နန်းဆေးပင် ရှာဖွေခြင်းကိုလည်း ပြုလုပ်ကြသည်။ တစ်ပင်တိုင်မြန်နန်းဆေးပင်သည် ယခုအခါတွင် ရောင်းဝယ်ရေးဈေးကွက်၌ ဈေးနှုန်းမြင့် ရေပန်းစားနေသော တန်ဖိုးပစ္စည်းတစ်မျိုးဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကယန်း (ပဒေါင်) တိုင်းရင်းသားများ ရောင်းဝယ်ဖောက်ကားရာ၌ ကုန်ပစ္စည်းများ ခြင်တွယ်သည့်အခါ ချိန်ခွင်ကို အသုံးပြုကြသည်။ ချိန်ခွင်ကို သစ်သားဖြင့် ပြုလုပ်ထားပြီး အလေးချိန်များကို အဝက်သား၊ အစိတ်သား၊ ငါးဆယ်သား တစ်ပိသာ၊ နှစ်ပိသာ စသည်ဖြင့်သတ်မှတ်ပြီး ခြင်တွယ်ကြသည်။ ဆန်စပါးခြင်တွယ်ရန်အတွက် ပြည်ဝက်အရွယ်၊ ပြည်တောင်းအရွယ်၊ တင်းတောင်းအရွယ် ရက်လုပ်ပြီး ခြင်တွယ်လေ့ရှိကြသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ စီးပွားရေးသည် အိမ်တွင်းစီးပွားရေးလုပ်ငန်းမျှသာ ဖြစ်သည်။ တောင်ယာလုပ်ငန်းကို တစ်နှစ်ပတ်လုံး ပင်ပန်းကြီးစွာ လုပ်ကိုင်ကြရသော်လည်း ဝမ်းစာလုံလောက်ရုံသာ ရရှိသည်။ လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းသူ ရှိခဲလှ၏။ စိတ်ဝင်စားမှုလည်း နည်းပါးပါသည်။ ကယန်းဂျပ်ခုတ်ထည်များမှာ လက်ရာမြောက်သော်လည်း စီးပွားဖြစ်လောက်အောင် လုပ်ကိုင်ကြခြင်း မရှိပေ။ ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် နေ့စဉ် စားဝတ်နေရေး လိုအပ်သော အသုံးအဆောင်ပစ္စည်းများကိုသာ ထုတ်လုပ်ပြီး အနေအထိုင်ရိုးသားကာ ရောင့်ရဲတင်းတိမ်စိတ်များဖြင့်သာ လုပ်ကိုင်ကြသဖြင့် စီးပွားရေးတွင် ဖွံ့ဖြိုးတိုးတက်မှု မရှိသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၆

## ဘာသာရေး

### (က) ယုံကြည်ကိုးကွယ်မှု

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ရှေးရိုးအစဉ်အလာအရ ယုံကြည်ကိုးကွယ်မှုမှာ နတ်ကိုးကွယ်သောအယူဝါဒဖြစ်သည်။ တော၊ တောင်၊ ရေ၊ မြေစောင့်နတ်များကို ပူဇော်သခြင်း၏အကြောင်းရင်းမှာ ရှေးအခါက ကယန်းတိုင်းရင်းသားများသည် သဘာဝပတ်ဝန်းကျင် အင်အားစုများအပေါ် တွင် အောင်မြင်ခြင်းမရှိမီ၊ သဘာဝဖြစ်ပျက်မှုတို့၏ ဒဏ်ကိုခံရ၍ အရှုံးပေးခဲ့ရခြင်းတို့ကြောင့် တွေ့ကြုံသမျှသဘာဝတရားကို ကြောက်ရွံ့ကြပြီး လူတို့ထက်တန်ခိုးကြီးသောနတ်ရှိသည်ဟု ယုံကြည်ကြခြင်းဖြစ်ပါသည်။ ရေကြီး၍ဖြစ်စေ၊ မိုးခေါင်၍ဖြစ်စေ သို့မဟုတ် အကြောင်းတစ်စုံတစ်ရာ ဖြစ်ပျက်နေပါက နတ်တို့က အပြစ်ဒဏ်ခတ်သည်ဟု ယုံကြည်ယူဆကြသည်။

ရိုးရာနတ်များမှာ 'ကေ့ထိုးဘိုး' ခေါ် တံခွန်တိုင်နတ်ခေါ် ခေါ်နတ်၊ 'ကေ' ခေါ် တောတောင်စောင့်နတ်၊ ကရုရောင်းခေါ် ကိုယ်နှင့် အိမ်စောင့်နတ်၊ 'လူပရန်း' ခေါ် သေဆုံးသူများအား စောင့်နတ်၊ တရိုင်းတရားခေါ် ရောဂါဝေဒနာစောင့်နတ်များရှိသည်ဟု ယုံကြည်ကြသည်။ 'ကေ့ထိုးဘိုး' နတ်ကို

www.burmeseclassic.com



တစ်နှစ်တစ်ကြိမ်၊ တန်ခူးလခန့်တွင်လည်းကောင်း၊ 'ကေ' နတ်ကို တစ်နှစ်တစ်ကြိမ် တောကောင်လိုက်၍ ရရှိသောအသားဖြင့်လည်းကောင်း၊ 'ကရူရောင်း' နတ်ကို အိမ်သစ်တက်ပွဲ ပြုလုပ်သောအခါတွင်လည်းကောင်း 'တရိုင်းတရား' နတ်ကို တစ်စုံတစ်ယောက် ဖျားနာလျှင်သော်လည်းကောင်း ပူဇော်ပသလေ့ရှိကြသည်။ ယင်းတို့ ယုံကြည်ကိုးကွယ်သောနတ်ကို ပစ်မှားမိပါက နတ်ဖမ်းစားပြီး ဖျားနာတတ်သည်ဟု ယုံကြည်ကြသည်။ ရွာအပြင်တွင် နတ်များကို ပူဇော်ပသရန်နေရာကို သတ်မှတ်ပြီး အခမ်းအနားဖြင့် ပူဇော်ပသလေ့ရှိသည်။



ကေ့ထိုးဘိုးတိုင်တော်များ


www.burmeseclassic.com

www.burmeseclassic.com





တရုတ်ပိုင်အက



နတ်ဘုရားဘွဲ့ ဒူမိုချိုးမိုးမြေကိုဖန်ဆင်းတော်မူသောပုံတော်

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာကိုးကွယ်သူများ ရှေးကထက် မိုမိုများပြားလာသော်လည်း ကျေးလက်တောရွာဒေသများ၌ ရိုးရာနတ် ကိုးကွယ်မှုမှာ ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲလျက် ရှိသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူ အတော်များများပင် နတ်ကိုးကွယ်မှုကို ရိုးရာယုံကြည်မှုတစ်ရပ်အဖြစ် လက်ခံကာဆက်လက် ကိုးကွယ်လျက်ရှိနေကြပေသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများ အလေးအမြတ်ထား ကိုးကွယ်သည့်နတ်မှာ ကေ့ထိုးဘိုးခေါ် တံခွန်တိုင်နတ်ဖြစ်ပါသည်။ ခေတ်အဆက်ဆက် တံခွန်တိုင်တော်ကို စိုက်ထူပြီး လှူဒါန်းခြင်း၊ ပူဇော်ခြင်း၊ ဆုတောင်းခြင်းတို့ကို အစဉ်တစိုက်ဆောင်ရွက်လာခဲ့ကြပြီး ပင်မယုံကြည်ကိုးကွယ်မှုကြီး တစ်ရပ်အဖြစ် ယနေ့တိုင် ကိုးကွယ်လျက်ရှိကြပါသည်။

ကေ့ထိုးဘိုးကိုးကွယ်ခြင်း အယူဝါဒသည် ၁၉၄၈ ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိပြီးနောက် 'နတ်ဘာသာ' ဟူ၍ တရားဝင် ပေါ်ပေါက်လာခဲ့သည်။ အဆိုပါနတ်ဘာသာဟူသည့် အသုံးအနှုန်းအစား 'ကေ့ထိုးဘိုး' ဘာသာဟူသော အသုံးအနှုန်းဖြင့် ခေါ်ဆိုကြောင်းကို ၁၉၇၉ ခုနှစ်၊ ဧပြီလ ရှစ်ရက်နေ့၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါတစီကျေးရွာတွင် ကျင်းပပြုလုပ်သည့် နှစ်ကြိမ်မြောက် စုပေါင်းကေ့ထိုးဘိုးပွဲအကြိုနေ့တွင် ဆုံးဖြတ်အတည်ပြုခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာကိုးကွယ်သူများ ရှေးကထက် မိုမိုများပြားလာသော်လည်း ကျေးလက်တောရွာဒေသများ၌ ရိုးရာနတ် ကိုးကွယ်မှုမှာ ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲလျက် ရှိသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူ အတော်များများပင် နတ်ကိုးကွယ်မှုကို ရိုးရာယုံကြည်မှုတစ်ရပ်အဖြစ် လက်ခံကာဆက်လက် ကိုးကွယ်လျက်ရှိနေကြပေသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများ အလေးအမြတ်ထား ကိုးကွယ်သည့်နတ်မှာ ကေ့ထိုးဘိုးခေါ် တံခွန်တိုင်နတ်ဖြစ်ပါသည်။ ခေတ်အဆက်ဆက် တံခွန်တိုင်တော်ကို စိုက်ထူပြီးလှူဒါန်းခြင်း၊ ပူဇော်ခြင်း၊ ဆုတောင်းခြင်းတို့ကို အစဉ်တစိုက်ဆောင်ရွက်လာခဲ့ကြပြီး ပင်မယုံကြည်ကိုးကွယ်မှုကြီး တစ်ရပ်အဖြစ် ယနေ့တိုင် ကိုးကွယ်လျက်ရှိကြပါသည်။

ကေ့ထိုးဘိုးကိုးကွယ်ခြင်း အယူဝါဒသည် ၁၉၄၈ ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိပြီးနောက် 'နတ်ဘာသာ' ဟူ၍ တရားဝင် ပေါ်ပေါက်လာခဲ့သည်။ အဆိုပါနတ်ဘာသာဟူသည့် အသုံးအနှုန်းအစား 'ကေ့ထိုးဘိုး' ဘာသာဟူသော အသုံးအနှုန်းဖြင့် ခေါ်ဆိုကြောင်းကို ၁၉၇၉ ခုနှစ်ဧပြီလ ရှစ်ရက်နေ့၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါတစီကျေးရွာတွင်ကျင်းပပြုလုပ်သည့် နှစ်ကြိမ်မြောက် စုပေါင်းကေ့ထိုးဘိုးပွဲအကြိုနေ့တွင် ဆုံးဖြတ်အတည်ပြုခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(ခ) ကေ့ထိုးဘိုးဘာသာ

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ယူဆချက်အရ- သက်ရှိသတ္တဝါနှင့် ကမ္ဘာမိုးမြေ၊ သစ်ပင်၊ ဝါးပင်နှင့် သက်မဲ့အရာဝတ္ထုအားလုံးကို 'ဘွဲ့ဒူမိုချီး' ခေါ် ဘုရားက ဖန်ဆင်းသည်ဟု ယုံကြည်ကြသည်။ ဘုရားရှင်၏ စေလွှတ်ချက်အရ လူသားတို့သည် မိုးကောင်းကင်မှ ဆင်းသက်လာသည်။ ကမ္ဘာပေါ်သို့ ခြေချထိုင်သည့်အခါမှစ၍ 'ကေ့' ခေါ် နိုင်ငံနှင့်ဆိုင်သော ပူဇော်ပသသည့် အခမ်းအနားကျင်းပပြီး ကတိသစ္စာကို ဆိုရမည်ဟု ဘုရားသခင်က အမိန့်ရှိတော်မူသည်ဟု ယုံကြည်လေသည်။

ဘုရားသခင်က ကယန်းလူမျိုးများက 'ကေ့တျား'ဟုခေါ်သည့် နိုင်ငံတော်နှင့်ပတ်သက်သည့် ပူဇော်ခြင်းကို (၃) နှစ်တစ်ကြိမ် ကျင်းပပြုလုပ်ရန်လည်းကောင်း၊ စိုက်ပျိုးထားသည့်သီးနှံ အောင်မြင်ရေးအတွက် 'ကေ့ထိုးဘောပလျာ'ဟုခေါ်သော သီးနှံပူဇော်ပွဲကို ကျင်းပရန်လည်းကောင်း၊ လူဦးရေတိုးပွားလာစေရန်၊ လူသားတို့အသုံးပြုသော တိရစ္ဆာန်များတိုးပွားလာစေရန် 'တောတိ' ခေါ်ပူဇော်ပွဲကိုလည်းကောင်း၊ သားသမီးအချင်းချင်း ချစ်ခင်စည်းလုံးကြရန် 'ကေ့ထိုးဘိုးဖူးသယ်' ခေါ် ပူဇော်ပွဲကိုလည်းကောင်း၊ မိုးခေါင်ရေရှားခြင်းဘေးမှ ကင်းလွတ်ရန် 'ဟိုးထော' ခေါ် ပူဇော်ပသပွဲကိုလည်းကောင်း အသီးသီးကျင်းပရန် ချမှတ်ပေးတော်မူသည်ဟု ယုံကြည်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ကေ့ထိုးဘိုးတိုင်တော်သည် ကောင်းကင်ဘုံရှိ ဘုရားသခင်စံမြန်းရာနန်းတော်နှင့် ကမ္ဘာမြေကြီးတို့ကို ဆက်သွယ်ထားသည့် 'မိုးကောင်းကင်၏ ချက်ကြိုးတိုင်' ဖြစ်သည်။ ကေ့ထိုးဘိုးတိုင်တော်စိုက်ထူပြီး လိုအပ်ချက်များကို ဘုရားသခင်ထံ တောင်းလျှောက်ပါက ဘုရားသခင်က လိုသမျှဆုကို ပေးသနားတော်မူမည်ဟု လက်ခံယုံကြည်ကြသည်။

ကေ့ထိုးဘိုးခေါ် တံခွန်တိုင်၏ အမည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကေ့ထိုးဘိုးဒူ (တံခွန်တိုင်ကြီး)
(၂) ကေ့ထိုးဘိုးဖု (တံခွန်တိုင်ငယ်)
(၃) သိုးလို (ပျော်နန်း၏ အလယ်တံခွန်တိုင်)
(၄) တောတိ (လေးထောင့် တံခွန်တိုင်ငယ်)
(၅) ကေ့တျားဒူ (လေးထောင့်ခွက်ကြီးတိုင်)
(၆) ကေ့တျားဖု (ဘွဲ့ဒူမိုချီး၏ အိမ်ရှေ့တွင် စိုက်ထူသည့် တံခွန်တိုင်)
(၇) လိရက် (ကျမ်းကြိမ်ရာ၌ အောက်သို့ ဝင်နေရမည့် တံခွန်တိုင်)
(၈) တိသိဖို (မြင်းချည်ရန် တံခွန်တိုင်)

ကေ့ထိုးဘိုးတိုင်မစိုက်ထူမီ တိုင်ထိပ်တွင် အောက်ဖော်ပြပါ အမှတ်အသားများကို ပြုလုပ်ပြီး တပ်ဆင်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com


(၁) ကယ်ဖို ခေါ် ငါးအိမ်
(၂) ပဲနက်နော် ခေါ် ကျွဲချို
(၃) ပလူးထော ခေါ် ပျားအိမ်
(၄) ကေ့တျားလယ် ခေါ် ညောင်ရွက်
(၅) သိုးလယ် ခေါ် စပါးရွက်
(၆) ရှေးထော ခေါ် ကြက်ချင်း
(၇) လဲ ခေါ် လ (ထိပ်ဆုံးတွင် တပ်ဆင်သည်။)

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် တောင်ယာသွားကြစဉ် အနာအဆာမရှိ ဖြောင့်တန်းသောသစ်ပင်များကို တွေ့ရှိပါက ကေ့ထိုးဘိုးတိုင်ပြုလုပ်ရန် ကောင်းသည်ဟု ယူဆပြီး ထိုအပင်ကို အမှတ်အသား ပြုလုပ်ထားလေ့ရှိကြသည်။ ကေ့ထိုးဘိုးပွဲ နီးလာ၍ တိုင်ခုတ်ယူရန်အချိန်ကျရောက်သည့်အခါ မောင်း၊ ရိက္ခာအနည်းငယ်နှင့် တောတောင်ရေမြေစောင့်နတ် ပူဇော်ပသရန် ငွေအနည်းငယ်၊ ကြက်ဖတစ်ကောင်၊ ငှက်ပျောသီးတစ်ဖီး၊ မြောက်ဥ၊ ကောင်ညှင်းတို့ကိုပါ ယူသွားသည်။

သူတို့ခုတ်ယူမည့် သစ်ပင်ရှိရာသို့ ရောက်သည့်အခါ ထိုသစ်ပင်ကောင်း မကောင်း၊ အနာအဆာရှိမရှိ ကြည့်ရှုစစ်ဆေးပြီးလျှင် ကောင်းသည်ဟု သဘောတူညီကြလျှင် ကြက်ရိုးထိုးပြီး နမိတ်ဖတ်ကြသည်။ ကြက်ရိုးထိုး၍ အောင်မြင်သွားပါက ကြက်သားကို ချက်၍ ကောက်ညှင်း၊ ငှက်ပျောသီး၊ မြောက်ဥတို့ကို 'ကေ့တျား' ခေါ် တံခွန်တိုင်ခွက်ငယ်ဟာစ်ခုပေါ်တွင် တင်ပြီး ပူဇော်ပသဆုတောင်းခြင်း ပြုလုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ပသပွဲ ပြုလုပ်ကျင်းပပြီးနောက် သစ်ပင်ကို ခုတ်ကြသည်။ သစ်အခွံကို ခွာပြီးနောက် လျှော်ကြိုးကျစ်ပြီး သစ်လုံးကို ရွာရှိရာသို့ သယ်လာကြရသည်။ ခရီးဝေးပါက တစ်ရက် နှစ်ရက်ကြာသည်။ ရွာနီးသို့ ရောက်လာသည့်အခါ ရွာသားများက သွားရောက်ကြိုဆို၍ ကူညီကြသည်။ အနီးအနားရှိ အခြားရွာသားများလည်း လာရောက်ကူညီကြသည်။ ရွာတွင်းရှိ အိမ်သူအိမ်သားတိုင်းသည် ကေ့ထိုးဘိုးတိုင်ရွာသို့ မရောက်မချင်း အိမ်တိုင်းမှ စားသောက်ဖွယ်ရာများကို ချက်ပြုတ်ပြီး တိုင်ထားရှိရာနေရာသို့ သွားရောက်ပို့ပေးကြသည်။ ရွာနားသို့ တိုင်ရောက်ရှိလာသောအခါ အိမ်တိုင်း ရေအေး တစ်ခွက်စီ ယူလာကြပြီး တိုင်ကို ရေလောင်းပေးကြသည်။ ရွာထဲသို့တိုင် ရောက်လာပြီး စင်မြင့်ပေါ်တင်ထား၍ ရေမလောင်း ရသေးသူများက အပြိုင်အဆိုင် ရေလာလောင်းကြသည်။

ကေ့ထိုးဘိုးတိုင်အချောကိုင်ရန် တစ်ရက် နှစ်ရက်မျှ ကြာပါသည်။ အချောကိုင်ပြီးလျှင် တိုင်ထူရန် အနီးပတ်ဝန်းကျင် ရွာများမှ ရွာသားများကိုလည်း ဖိတ်ခေါ်လေ့ရှိသည်။ လူအားလုံး စုံညီစွာရောက်လာသည့်အခါ ကေ့ထိုးဘိုးတိုင်ကို စိုက်ထူကြသည်။ တိုင်စိုက်ထူစဉ် အတီး အမှုတ် အက အခုန် တို့ဖြင့် တိုင်ပတ်လည်တွင် ဝိုင်းပြီး ကကြသည်။

ကေ့ထိုးဘိုးတိုင် စိုက်ထူပြီးလျှင် ကျွဲထီးတစ်ကောင်ကို သတ်ရန် အသင့်ချည်ထားသည်။ ငွေဒင်္ဂါးတစ်ပြားကို အဝတ်နှင့် ထုပ်၍ ကျွဲချိုပေါ်တွင် ချည်ထားသည်။ ကျွဲသတ်သူသည်

www.burmeseclassic.com

www.burmeseclassic.com


ထိုငွေကို ကျွဲသတ်ခအဖြစ် ယူသွားရသည်။ သတ်လိုက်သော ကျွဲ၏ ဦးခေါင်းသည် အရှေ့ဘက်သို့ မျက်နှာမူပြီး သေပါက မိုးလေဝသမကောင်း၊ ဆန်စပါးညံ့ဖျင်းမည်ဟု ယူဆသည်။ ကျွဲ ဦးခေါင်း အနောက်ဖက်သို့ မျက်နှာမူပြီး သေပါက မိုးလေဝသ ကောင်း၍ ဆန်စပါးပေါ်များ ကြွယ်ဝမည်ဟု ယုံကြည်သည်။

ကျွဲကို သတ်ပြီးနောက် အသားကို ချက်ပြုတ်သည်။ ထို့နောက် အရပ်လေးမျက်နှာရှိ တောတောင်၊ ရေ၊ မြေစောင့် နတ်ကို ယဇ်ပူဇော်သည်။ ကေ့ထိုးဘိုးပော်ကြီးပေါ်တွင် မြောက်ဥ၊ ငှက်ပျောသီးနှင့် ကြက်သားတို့ကို ခွက်ထဲထည့်ပြီး ပူဇော်ပသ ကြသည်။ ထို့နောက် မိမိတို့ လိုလားတောင့်တသော အရာ များကို ပေးပါရန် ဆုတောင်းကြသည်။ ပူဇော်ပသပွဲပြီးဆုံးလျှင် ပူဇော်ပွဲအခမ်းအနားပြီးဆုံးကြောင်း တစ်ရွာလုံးသိရှိနိုင်ရန် မောင်းကြီး သုံးကြိမ် တီးပေးသည်။

ကေ့ထိုးဘိုးပော်ကြီးပေါ်တွင် ယဇ်ပူဇော်ပသပြီးသည့် အခါ နတ်ဆရာ အောက်သို့ဆင်းလာသည်။ ထိုအခါ အိမ် တိုင်းမှ ကြက်ဖတစ်ကောင်စီယူလာပြီး ကြက်ရိုးထိုးပေးရန် နတ်ဆရာဆီသို့ သွားကြသည်။ ကိုယ်ရေး ကိုယ်တာကိစ္စ၊ အိမ်သူ အိမ်သားကိစ္စ၊ ရပ်ရွာကိစ္စတို့ကို ကြက်ရိုးထိုးပြီး နမိတ် ဖတ် ပြုလုပ်ကြသည်။ ကြက်ရိုးထိုးပြီးနောက် အိမ်သို့ ကြက်သေ ကောင်ယူသွားပြီး ပြုတ်သည်။ ထို့နောက် ခေါင်ရည် ကောက်ညှင်းတစ်အိုးနှင့်အတူ ငှက်ပျောရွက်တို့ဖြင့် ဖြန့်ခင်း ထားသော လင်ဗန်းထဲသို့ ကြက်သားထည့်ပြီး ကေ့ထိုးဘိုး

www.burmeseclassic.com

www.burmeseclassic.com



ဟော်သို့ ယူလာသည်။ ငှက်ပျောရွက်ပေါ်တွင် ကြက်သား၊ ကောက်ညှင်းအနည်းငယ်စီ ယူပြီး ကေ့ထိုးဘိုးတိုင်ရှိသလောက် စေ့အောင် လိုက်လံပူဇော်ပြီး ခေါင်ရည်အနည်းငယ်ကို လောင်းပေးသည်။ ထို့နောက် ဟော်ကြီးသို့ ပြန်လာပြီး လိုက်ပါလာသော အိမ်သားများနှင့်အတူ စားကြသည်။ စားသောက်ပြီးနောက် အိမ်သို့ ပြန်သွားကြခြင်းဖြင့် တစ်နှစ်တစ်ခါ ကျင်းပပြုလုပ်သော ကေ့ထိုးဘိုးပွဲတော် ပြီးဆုံးသွားလေသည်။

(ဂ) သဘာဝလောကို ထင်မြင်သုံးသပ်ပုံ

ကမ္ဘာမြေကြီး ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ဘုရားသခင်သည် ရေသုံးဆယ်ကျပ်သား၊ မြေကြီးငါးကျပ်သား၊ လေငါးပိဿာ ငါးရာကျပ်သား စသည်ဖြင့် ၃၀း၅း ၅. ၅၀၀ အချိုးဖြင့် အလေးချိန်အချိုးကို ရောစပ်ပြီးမှ ကမ္ဘာမြေကြီးကို ဖန်ဆင်းသည်ဟူ၏။ ပထမတွင် ကမ္ဘာနှင့် မိုးကောင်းကင်သည် တိုင်သဖွယ်နွယ်ကြိုး ငါးနွယ်နှင့် ဆက်စပ်ထားပြီး ယင်းတိုင်ငါးတိုင်ကို ပင့်ကူမျှင်ဖြင့် ရစ်ပတ်ထားသည်ဟူ၏။ ထိုအချိန်က ကမ္ဘာမြေကြီးပြားလျှက်ဖြစ်သည် ဟူ၏။ တစ်နေ့သောအခါ ဘုရားသိကြားများက မိုးကောင်ကင်အပေါ်မှ ပွဲခံလျက် သတ္တဝါအားလုံးကို ဖိတ်ခေါ်ပြီး စားသောက်ပျော်ပါးကြရာ၌ ဘုရားသိကြားက ခြကောင်ကို ဖိတ်ရန် မေ့ကျန်ရစ်ခဲ့သည်။ သို့အတွက် ခြကောင်သည် အစာမစားရသဖြင့် ယင်းတိုင် ငါးတိုင်ကို ကိုက်စားသည့်အတွက် မိုးနှင့်မြေ ဆက်ထားသောတိုင်များ

www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ထွက်သွားရာ ပင့်ကူမျှင်သာကျန်ရစ်ပြီး အထက်ကောင်းကင်မှ ပွဲခံနေသော သတ္တဝါများသည် ယင်းပင့်ကူမျှင်ဖြင့် ကမ္ဘာပေါ်သို့ ပြန်ဆင်းလာရသည်။ ထိုသို့ ဆင်းရင်းဖြင့် ကမ္ဘာမြေကြီးလေးလံလာ၍ ပင့်ကူမျှင်ပြုတ်ထွက်သွားသဖြင့် ကမ္ဘာမြေကြီးသည် မိုးကောင်းကင်နှင့် အဆက်အစပ်မရှိတော့ဘဲ လေထဲမှာ လည်သွားသောအခါမှသာ ကမ္ဘာမြေကြီးသည် တဖြည်းဖြည်း လုံးလာရသည်ဟု ယုံကြည်ကြသည်။

ငလျင်လှုပ်ခြင်းနှင့်ပတ်သက်၍ ကမ္ဘာမြေကြီးကို ပတ်ထားသော ငါးကြီးသည် မိမိ၏အမြီးကို အခြားငါးဟု ထင်မှတ်ကာ ကိုက်မိရာမှ နာကျင်သဖြင့် ကိုယ်ကို လှုပ်လိုက်သည့်အတွက် မြေကြီးတုန်သွားခြင်းဖြစ်သည့်ဟု ဆိုသည်။ ငလျင်လှုပ်လျှင် တောင်ယာမှမြေများ ပွလာပြီး မြေဩဇာကောင်းသော သီးနှံများများ ထွက်မည်ဟု ယူဆကြသည်။

မိုးကြိုးပစ်ခြင်းသည် နတ်က ကမ္ဘာသို့ အစာလာရှာစားသည်ဟူ၍လည်းကောင်း၊ အပြစ်ရှိသူကို လာရောက်ဆုံးမသည်ဟူ၍လည်းကောင်း ယူဆကြသည်။ မိုးချုန်းခြင်း၊ မိုးရွာခြင်းမှာမူ အထက်ကောင်းကင်ဘုံရှိ သိကြားမင်းက အိပ်ပျော်နေသော 'ကာလန်' အမည်ရှိ နတ်များ၏ ခြေသလုံးကို သံတုံးဖြင့် လှိမ့်ရာမှ မိုးချုန်းသံဖြစ်ပေါ်ပြီး နတ်လန့်နိုးကြရာ ထွက်ပြေးကြသဖြင့် မိုးရွာစေသည်ဟု ဆိုသည်။

မိုးခေါင်ခြင်းဖြစ်ပါက လူတစ်ရပ်ခန့်ရှိသော ဓါးနိုးမြေမှာ စိုက်ပြီး ဝါးများတွင် ကြက်တစ်ကောင်ကို သတ်ပြီး တင်ထား

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ နတ်ဆရာက ဂါထာမန္တန် ရွတ်ဆိုကာ ဝါးကို ဓားဖြင့် ခြစ်ရ၏။ မိုးကောင်းစေရန် အပေါ်သို့တစ်ချက်၊ အောက်သို့ နှစ်ချက် ခြစ်ရသည်။ အကယ်၍ မိုးနည်းစေပါက အပေါ်သို့ နှစ်ချက်၊ အောက်သို့ တစ်ချက် ခြစ်ရသည်။

သက်တန့်ပေါ်ခြင်းမှာ 'ပရန်း' ခေါ် အစိမ်းသေကို စောင့်ရှောက်သော နတ်က ကမ္ဘာသို့ ရေဆင်းသောက်ခြင်း ဖြစ်သည်ဟု ယူဆကြသည်။ သက်တန့်ကိုတွေ့ပါက လက်ညှိုး မထိုးရ၊ ထိုးမိပါက လက်ပုပ်တတ်သည်ဟု ကလေးငယ်များကို ခြောက်လှန့်လေ့ရှိသည်။ မိုးဦးကျ၍ ပထမဆုံးအကြိမ် လျှပ်စီး လက်သည့်အခါ အရှေ့ဘက်မှ လက်ပါက ဆန်စပါးကောင်း မည်၊ အနောက်ဘက်မှ လက်ပါက ကောက်ပဲသီးနှံကောင်း မည်ဟု ယူဆကြသည်။

မီးနှင့်ပတ်သက်၍ အထွက်အမြတ်သဘောမျိုး မယူဆပေ၊ ပူဇော်မှုလည်း မပြုကြချေ။ မီးခြစ်မရှိသည့်အခါ ကျောက်ကို သံဖြင့် မီးထွက်လာအောင် ပြုလုပ်တတ်ကြသည်။ ဝါးလွမ်းပေါ်တွင် ယမ်းဖြူး၍လည်း မီးရအောင် ပြုလုပ်ကြသည်။ အိမ်သစ် တစ်ဆောင် ဆောက်လုပ်ပြီး ပထမဆုံးအကြိမ်အဖြစ် မီးမွှေး သည့်အခါ အသက်ကြီးသည့်အမျိုးသမီးကြီး၊ အဖွားအိုကြီး တစ်ဦးဦးကသာ မီးမွှေးရ၏။ မီးမမွှေးခင် မီးဖိုထောင့် တစ်နေရာ တွင် ကြေးနီစ၊ သံစနှင့် ငွေဒင်္ဂါးတစ်ပြားတို့ကို မြှုပ်နှံလေ့ရှိသည်။ မီးဘေးအန္တရာယ်ကင်းအောင် ရည်ရွယ်၍ မြှုပ်နှံခြင်းဖြစ်သည်။ မီးလောင်ခြင်းခံရသည့်အိမ်မှ ပစ္စည်းများ၊ မီးသင့်ပြီးသေဆုံးသူ၊

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်များကို ရွာတွင်းတွင် မထားရဘဲ ရွာပြင်သို့ သယ်ထုတ်သွားရသည်။

တော်လဲခြင်းသည် မကောင်းဆိုးဝါးမှုကို ဖြစ်ပေါ်လာမည်ဟု နမိတ်ပြသည်ဟု ဆိုသည်။ သေးငယ်သော တော်လဲခြင်းကို မည်သို့မျှ နမိတ်မယူသော်လည်း အလွန်ကြီးမားသော တော်လဲမှုဖြစ်ပါက စစ်ဖြစ်တော့မည်၊ ကပ်ဆိုက်ရောက်တော့မည်ဟု နမိတ်ကောက်ကြသည်။

ကြယ်ကြွေခြင်းကိုမူ ကြယ်မစင်စွန့်သည်ဟု ယူဆသည်။ ဥက္ကာပျံခြင်းမှာ ရတနာသိုက်ကို စောင့်ရှောက်သောနတ်၊ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့သွားလာခြင်း ဖြစ်သည်ဟု ယူဆကြသည်။

## (ဃ) ဝိညာဉ်နှင့် သေခြင်းတရားပေါ် ယူဆချက်

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ဝိညာဉ်နှင့် ပတ်သက်သည့် ယူဆချက်မှာ - ဝိညာဉ်သည် ခန္ဓာကိုယ်တွင် ခုနစ်မျိုးရှိသည်။ အကောင်း သုံးမျိုးနှင့် အဆိုး လေးမျိုးရှိသည်ဟု ဆိုသည်။ လူသေဆုံးသော်လည်း ဝိညာဉ်က မသေ၊ ဝိညာဉ်သည် တစ်စုံတစ်ခုသော အကြောင်းတရားကြောင့် ခန္ဓာကိုယ်မှ ထွက်ခွာခဲ့လျှင် လူသေတတ်သည်ဟု ယူဆကြသည်။ တောထဲ တောင်ထဲတွင် လူစိမ်းနှင့်တွေ့ပါက ဝိညာဉ် (လိပ်ပြာ) လန့်သွားတတ်သည်။ လိပ်ပြာလန့်သဖြင့် နေမကောင်းဖြစ်တတ်သည်ဟု ယုံကြည်ယူဆကြသည်။ ထို့ပြင် နာနေရာမှသော်လည်းကောင်း၊ ထိုင်နေရာမှသော်လည်းကောင်း

www.burmeseclassic.com


တစ်နေရာသို့ သွားတော့မည်ဆိုလျှင် 'လိပ်ပြာရေ - လာပါဦး၊ ငါသွားတော့မယ်' ဟု ပြောကာ သူ့လိပ်ပြာကို သူခေါ်ပြီးမှ သွားလေ့ရှိ၏။ သို့မဟုတ်ပါက ထိုသူ၏လိပ်ပြာမှာ ထိုင်၊ နားနေသည့်နေရာမှာပင် ကျန်ရစ်ခဲ့သည်ဟု ယုံကြည်ယူဆကြသည်။ အလားတူ ဝိညာဉ်၏ ဖောက်ပြန်မှုကြောင့်လည်း ဖျားနာမှု ဖြစ်တတ်သည်ဟု ဆိုသည်။ အိပ်ပျော်နေခြင်းသည် ဝိညာဉ် ခန္ဓာကိုယ်မှ ခေတ္တထွက်ခွာခြင်း ဖြစ်သည်။ ထိုသို့ ထွက်ရာတွင် ဦးခေါင်းမှ ထွက်တတ်သည်ဟု ဆိုသည်။

ဝိညာဉ်ဖောက်ပြန်နေ၍ ဖျားနာနေသောလူနာကို ဝိညာဉ် ထွက်မသွားစေရန် နတ်ဆရာက ကုသပေးသည်။ ကုသပုံမှာ- လူနာ၏ ခေါင်းပေါ်တွင် ဆန်စေ့ ခုနစ်စေ့ ထည့်ကာ ဂါထာ မှုတ်လိုက်ခြင်းပင် ဖြစ်သည်။ ကလေးမမွေးဖွားမီကပင် ကလေး၏ ဝိညာဉ်သည် မိခင်၏ ဝမ်းထဲ၌ ရှိသည်ဟု ယူဆ ကြ၏။

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် လူဝင်စား ခြင်းကို လက်ခံယုံကြည်ကြသည်။ မိမိ၏ ဆွေမျိုးနီးစပ်မှ လူ တစ်ဦးသေဆုံးသွားလျှင် သေသူ၏ ခန္ဓာကိုယ်တစ်နေရာရာတွင် မီးသွေးဖြင့် အမှတ် မှတ်ပေးလိုက်၏။ ပြန်ဝင်စားသည့် ကလေးမွေးဖွားလာသည့်အခါ ထိုအမှတ်ကလေး မှတ်ပေး လိုက်သည့်နေရာမှာ မှတ်ပေးစဉ်ကထက် အထက်သို့ တစ်နေ ပါက ယခုဘဝတွင် အသက်ရှည်သည်၊ နိမ့်နေသည်ဆိုပါက အသက်တိုလိမ့်မည်ဟု မှတ်ယူကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်တွင်ရှိနေသော ဝိညာဉ် (လိပ်ပြာ) ထွက်သွားပြီး လုံးဝပြန်မလာတော့ခြင်းကို 'သေဆုံးခြင်း' ဟု ယူဆကြသည်။ ယင်းတို့၏ ယူဆချက်မှာ - လူတစ်ယောက်သေဆုံးပြီးသည့်နောက် သူ၏ဝိညာဉ်သည် ညောင်ပင်ကြီးအောက်သို့ သွားရသည်။ ဘုရား၊ သိကြား၊ နတ်ကောင်းတို့ထံမှ ဝိညာဉ်ရေးဘဝဖြစ်စဉ်များကို စီရင်ခြင်းခံရပြီး အခြားလူများ၏ ဝတ်ကျွေးခံရန် ကျန်ရှိသေးပါက 'လိုဒူအော်အန်း' ခေါ် ကျောက်နှစ်လုံးခစော်တံခါးကို မကူးစေဘဲ၊ လူ့ပြည်သို့ ဝတ်ကျွေးဆပ်ရန် ပြန်သွားရသည်ဟူ၏။ အကယ်၍ အပြစ်ကြီးလေးသူများဖြစ်လျှင် 'လိုဒူအော်အန်း' ကျောက်ခတ်တံတားကို ကူးစေပြီး ကျောက်နှစ်လုံးကွာသောအခါ အပြစ်ကြီးသူသည် ကျောက်ကြားသို့ ကျသွား၍ 'ပိုလီကူး' ခေါ် ငရဲသို့ ရာသက်ပန်ကျသွားရသည် ဟူ၏။ အကယ်၍ စိတ်နှလုံးကောင်းသူများဖြစ်ပါက 'လိုဒူအော်အန်း' ကျောက်ခတ်တံတားကို ကူးစေပြီး ကျောက်နှစ်လုံးက စေ့ထားစေသဖြင့် 'ကန်းယန်းသာ' ခေါ် မအိုမနာမသေနိုင်သော၊ လိုတရနိုင်သော အခြားကမ္ဘာ (နိဗ္ဗာန်) သို့ ကူးပြောင်းနေထိုင်ရသည် ဟူ၏။ လူ၏·ဝိညာဉ်သည် သေပြီးနောက်ပိုင်းမှာ သံသရာလည်နေရသည့်အတွက် လူ့လောကမှာကဲ့သို့ ဝတ်ဆင်စားသောက်နေရမည် ဖြစ်၍ လူသေသည့်အခါ အဝတ်အစား ဆန်ရေစပါး၊ ပစ္စည်းကရိယာများကို သူ၏ရုပ်ကလပ်နှင့်အတူ ပေးလိုက်ကြခြင်း ဖြစ်သည်။ မိမိကိုယ်ကိုသတ်သေသူများ၏ ဝိညာဉ်၊ အစိမ်းသေများ၏ ဝိညာဉ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မဆုံးနိုင်သူများဖြစ်သည့်အတွက် 'ပိုလီကူး' ငရဲထဲသို့ တိုက်ရိုက်ရောက်သွားသည်ဟု ယူဆကြပါသည်။

သေဆုံးပြီး ခုနစ်ရက်မြောက်သောနေ့တွင် ဝိညာဉ်သူ နေထိုင်ရာ နေအိမ်သို့ ပြန်သွားရသည်။ သူအသက်ရှင်စဉ်က လုပ်ဆောင်ရန်မပြီးပြတ်သေးသော ကိစ္စများကို ဆက်လက် ဆောင်ရွက်ရန် ဖြစ်သည်။ ဤကဲ့သို့ တာဝန်ကျေအောင်လုပ်ပြီး မှသာ နောင်ဘဝသို့ အေးအေးဆေးဆေးကူးပြောင်းနိုင်မည် ဟု ယုံကြည်ကြသည်။ ဝိညာဉ်ပြန်လာရန်အတွက် အခမ်း အနားဖြင့် ဖိတ်ခေါ်ခြင်း၊ အဆင်သင့်ပြုလုပ်ထားခြင်းမျိုး မရှိချေ။ ဝိညာဉ်သည် အိမ်ထဲသို့ အိမ်ရှေ့ပေါက်မှ ဝင်လာပြီး ထွက်ခွာသည့်အခါ အိမ်ရှေ့ပေါက်မှပင် နောက်ပြန်၍ ထွက်ခွာ သည်ဟု ဆိုသည်။*

လူ၏ ခန္ဓာကိုယ်မှ ထွက်ခွာသွားသည့် ဝိညာဉ်ကို နတ် ဆရာမှအပ မည်သူမျှ မမြင်ရဟု ဆိုသည်။ သေသူ၏ ဝိညာဉ်ကို လာခေါ်သည့် အရိပ်မည်းကိုလည်း နတ်ဆရာကသာမြင် ရသည်။ တစ်စုံတစ်ရာမေးမြန်းလိုသည့်အတွက် သေပြီးသူ၏ ဝိညာဉ်ကို နတ်ဆရာနှင့် ကျန်ရစ်သူမိသားစုကလည်း ဝိညာဉ်များကို ပြန်ခေါ်လိုသည့်ဆန္ဒလည်း မရှိပေ။

---

* တယန်း (ပဒေါင်) ရိုးရာအိမ်များသည် တစ်အိမ်လုံးတွင် ဝင်ပေါက်တစ်ပေါက်သာ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## (င) နတ်ဆရာနှင့် စုန်းကဝေ

နတ်ဆရာသည် ကယန်း (ပဒေါင်) တိုင်းရင်းသားအဖွဲ့အစည်းတွင် အထူးအရေးပါသော ပုဂ္ဂိုလ်ဖြစ်သည်။ ဤပညာကို အကြား၊ အမြင်၊ အာရုံများမှ တတ်မြောက်ကြသည်။ နတ်ဆရာသည် မျိုးရိုးလိုက်ဖြစ်တတ်၏။ များသောအားဖြင့် အမျိုးသားများသာ ဖြစ်သည်။ ဖခင်က နတ်ဆရာဖြစ်ပါမူ သားဖြစ်သူကလည်း ယင်းအမွေကို ဆက်ခံရ၏။ လူတစ်ဦးတစ်ယောက် မကျန်းမမာဖြစ်၍ ဗေဒင်မေးကြည့်လျှင် မည်သည့်နတ် ဖမ်းစားသောကြောင့်ဖြစ်ရသည်၊ မည်သည့်တိရစ္ဆာန်ကို သတ်ဖြတ်၍ နတ်တင်ရမည်ဟု အဟောထွက်ပါက နေမကောင်းသူ ကာယကံရှင်၏ ရောဂါပျောက်ကင်းစေရေးအတွက် နတ်ဆရာက ဆက်လက်တာဝန်ယူ ဆောင်ရွက်ပေးရ၏။ နတ်ဆရာက ဖမ်းစားထားသော နတ်နှင့် စကားပြောဆိုဆွေးနွေး၍ ဝေဒနာရှင် ရောဂါပျောက်ကင်းစေရန် တောင်းပန်ရသည်။ ထို့နောက် ဖမ်းစားထားသည့်နတ်က တောင်းဆိုသောတိရစ္ဆာန်ကို သတ်ဖြတ်၍ တင်မြှောက်ပူဇော်ပသပေးသည်။ ဤအချက်၌ ကယန်း (ပဒေါင်) တိုင်းရင်းသားများအဖို့ နတ်ဆရာသည် ကျန်းမာရေးအတွက် ကုသဆောင်ရွက်ပေးနေသည့် ဆရာဝန်တစ်ဦးပမာ အရေးပါသည်ကို တွေ့ရှိရပေသည်။ ဤသို့ တစ်ဦးချင်း၏ ဝေဒနာပျောက်ကင်းစေရေးအတွက် လုပ်ငန်းများအပြင် စပါးထွက်နှုန်းညံ့ဖျင်းသည့်အခါ ရောဂါဘယများ ကျရောက်သည့်အခါမျိုး

www.burmeseclassic.com

www.burmeseclassic.com



တို့၌လည်း နတ်ဆရာသည် သက်ဆိုင်ရာနတ်များကို ပူဇော်ပသပေးရ၏။ ထို့ပြင် ကျေးရွာလုံခြုံရေး၊ ရန်သူတို့ကို အောင်မြင်နိုင်ရေးအတွက် ပူဇော်ပသရာ၌လည်း နတ်ဆရာကသာ တာဝန်ယူ ဆောင်ရွက်ပေးရလေသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများတွင် စုန်းနှင့်ပတ်သက်သော အယူအဆမျိုးလည်း ရှိနေသေး၏။ ယင်းတို့၏ အယူအဆအရ စုန်းတတ်သူများသည် သူတစ်ပါးကို ထိခိုက်နစ်နာအောင် ပြုစားတတ်သူများ ဖြစ်သည်။ ကောင်းကျိုးမပေး၊ ဆိုးကျိုးကိုသာပေးတတ်သူများ ဖြစ်သည်ဟု ယုံကြည်ကြသည်။ လပြည့် လကွယ်ရက်များတွင် စုန်းကို အရိပ်အရောင်မြင်ရတတ်သည်ဟု ဆိုသည်။ ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် စုန်းကို အလွန်မုန်းတီးကြောက်ရွံ့ကြသည်။ ရပ်ရွာအတွင်း၌ တစ်စုံတစ်ယောက်အား စုန်းဟု ထင်မှတ်ကြလျှင် စုန်းဟု ယိုးစွပ်ကာ ရွာမှအပြီးအပိုင် နှင်ထုတ်ပစ်လေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၇

## ရိုးရာယဉ်ကျေးမှု

### (က) ရိုးရာပွဲတော်များ

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် ရိုးရာပွဲတော် အမျိုးမျိုး ကျင်းပပြုလုပ်လေ့ရှိကြပါသည်။ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ပတ်သက်သော ပွဲတော်အမျိုးမျိုးရှိသည့်အနက် ကေ့ထိုးဘိုးပွဲတော်နှင့် အိမ်သစ်တက်ပွဲတို့မှာ အရေးပါသော ရိုးရာပွဲတော်များ ဖြစ်ကြသည်။

### (က . ၁) ကေ့ထိုးဘိုးပွဲ*

ကယန်း (ပဒေါင်) တိုင်းရင်းသားအပါအဝင် ကယား လူမျိုးနွယ် တိုင်းရင်းသားများ၏ ရိုးရာပွဲတော်များအနက် ကေ့ထိုးဘိုးပွဲတော်သည် အရေးပါဆုံး၊ အထူးခြားဆုံး ဘာသာ ရေးပွဲတော်တစ်ခု ဖြစ်သည်။ ဘိုးဘွားအစဉ်အလာအရ နှစ်စဉ် နှစ်တိုင်းကျင်းပသောပွဲ ဖြစ်သည်။ ပွဲတော်ကို နှစ်စဉ်

---

* အခန်း ၇ (ဘာသာရေး)၊ ကေ့ထိုးဘိုးဘာသာ ခေါင်းစဉ် အောက်မှ ဖော်ပြပြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြေလတွင် ကျင်းပကြပါသည်။ ကေ့ထိုးဘိုးပွဲကို ရွာတိုင်း ပြုလုပ်ကြသလို မြို့နယ်၊ ပြည်နယ်အလိုက် ပွဲတော်ကြီးတစ်ရပ် အနေဖြင့်လည်း ယခုအခါ ကျင်းပလာကြပြီ ဖြစ်သည်။

ကေ့ထိုးဘိုးပွဲတော် ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မိုးလေဝသမှန်ကန်ရေး၊ တိုင်းပြည်အေးချမ်းသာယာရေး၊ ရောဂါဘယအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးရေး၊ စိုက်ပျိုးထားသော သီးနှံအောင်မြင်စွာဖြစ်ထွန်းရေးတို့ ဖြစ်သည်။ အခြားရည်ရွယ်ချက်တစ်ခုအနေဖြင့် ကယားပြည်နယ်သည် တောတောင်ထူထပ်သည့်ဒေသ ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်သွားလာရန် အခက်အခဲရှိသည်။ ထို့အပြင် လယ်ယာ တောင်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသူများ ဖြစ်၍ မိမိ၏ လုပ်ငန်းတွင် အချိန်ကုန်သည်က များသည်။ ဆွေမျိုးများအချင်းချင်း လည်ပတ်သွားရောက် တွေ့ဆုံရန်မှာ အလွယ်ကူလှပေ။ သို့အတွက် ကေ့ထိုးဘိုးပွဲတော်ကျင်းပမည့် အချိန်တွင် ဆွေမျိုးသားချင်းများ စုရုံးကြပြီး ပြန်လည်တွေ့ဆုံကြသဖြင့် ရင်းနှီးစွာဆက်ဆံခွင့် ရရှိကြသည်။

ကေ့ထိုးဘိုးပွဲတော်နှင့်ပတ်သက်၍ တီးမှုတ်ကခုန်ကြသောအခါ ပွဲသည် သန့်ရှင်းသောပွဲ၊ ဘုရားနှင့်ဆိုင်သောပွဲ ဖြစ်သောကြောင့် အမျိုးသမီးများ လုံးဝမပါဝင်စေရပေ။ ဘေးမှနေ၍ အားပေးအားမြှောက်ပြုခြင်း၊ ရေလောင်းခြင်း ငွေလည်ဆွဲနှင့် အဝတ်အစားသစ် ဝတ်ပေးခြင်းများသာ ပြုလုပ်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်ပြီးစီး၍ ကြက်ရိုးထိုးနမိတ် ဖတ်သည့်အခါ တွင်လည်း လင်ယောကျ်ားမရှိသော အိမ်ထောင်စုနှင့် မုဆိုးမ များသည် အခြားဆွေမျိုးတော်စပ်သူ ယောကျ်ားတစ်ဦးဦးအား သူ၏ကိုယ်စား ကြက်ရိုးထိုးခိုင်းရပါသည်။ မိန်းမများသည် ကေ့ထိုးဘိုးတိုင်ကို လုံးဝကိုင်ခွင့် မပြုချေ။

(က . ၂) အိမ်သစ်တက်ပွဲ

ကယန်း (ပဒေါင်) တိုင်းရင်းသားများ အိမ်သစ်တစ်ဆောင် ဆောက်လုပ်ပြီးစီး၍ အိမ်သစ်တက်ပွဲ ကျင်းပသောအခါ ရွာမှ အသိမိတ်ဆွေများက ခေါင်ရည်၊ ဆန်စသည့်တို့ကို လာရောက် လက်ဆောင်ပေးကြသည်။ အိမ်ရှင်က အိမ်သစ်တက်ပွဲတွင် ညှိသည်များကို ထမင်းဟင်းလျာတို့ဖြင့် ဧည့်ခံကျွေးမွေးပြီး ခေါင်ရည်တိုက်လေ့ရှိပါသည်။ အိမ်သူအိမ်သားများသည် အိမ်သစ်တက်ပွဲ ကျင်းပပြုလုပ်ပြီးမှသာလျှင် အိမ်သစ်တွင် နေထိုင်ရသည်။

အိမ်သစ်တက်ပွဲကို နတ်ဆရာတစ်ဦးက ဦးဆောင်ပြု လုပ်ပေးလေ့ ရှိသည်။ ပထမဦးစွာ နတ်ဆရာသည် ကြက် တစ်ကောင်ကို အဝတ်ဖြင့်ပတ်ကာ လက်တစ်ဖက်မှ ပိုက်၍ ကျန်လက်တစ်ဖက်တွင် လှံတစ်ချောင်း၊ စောင်တစ်ထည်၊ ခေါင်းလောင်းတစ်လုံး၊ လည်ဆွဲတစ်ကုံး၊ ဝါးတစ်ခက်၊ ဆီး ဆစ်ဘူးတစ်ဘူးတို့ကို အဝတ်ဖြင့် ထုတ်ပြီး တုတ်တစ်ချောင်းဖြင့် လျှိုကာ ကွင်းပြင်တစ်ခုသို့ ယူဆောင်သွားသည်။ ထိုနတ်ဆရာ

www.burmeseclassic.com



နောက်တွင် ခြေကို ကြိုးတုပ်ထားသည့် ဝက်ရှင်တစ်ကောင်ကို လူနှစ်ယောက်က ထမ်းရသည်။ ထိုလူနှစ်ယောက်၏ နောက်တွင် အိမ်သူအိမ်သားများက လိုက်ပါသွားကြသည်။ နတ်ဆရာသည် ကွင်းပြင်တွင် ပိုးကောင်တစ်ကောင်ကို ရှာပြီး ဝါးဆစ်ဘူး ထဲသို့ ထည့်သည်။ ပိုးကောင်သည် မင်္ဂလာလိပ်ပြာ ဖြစ်သည် ဟု ယူဆကြသည်။ ဤသို့ ယူဆောင်လာပြီး အိမ်သစ်ရှိရာသို့ စီတန်းသွားကြသည်။ အိမ်သစ်၏ လှေကားရင်းသို့ ရောက်သည့် အခါ ခေတ္တရပ်ပြီး ကျောက်ဖရုံသီးတစ်လုံးကို ခွဲသည်။ ပြီးမှ နတ်ဆရာက ဖရုံသီးခြမ်းပေါ် တက်နင်းပြီး အိမ်ပေါ်သို့ တက်သည်။ ကျန်လူများမှာ လှေကားရင်းတွင်ပင် ရပ်နေ ရသည်။

နတ်ဆရာသည် အိမ်ပေါ်သို့ ရောက်သည့်အခါ လှံဖြင့် ပျဉ်ကို ခေါက်သည်။ နှုတ်မှလည်း နတ်ဆိုးမောင်းထုတ်သည့် ဂါထာ ဆိုသည်။ ထို့နောက် လှံကို ပြတင်းပေါက်မှနေ၍ မြေကြီးပေါ်သို့ စိုက်ကျအောင် ပစ်လိုက်ရသည်။ မြေကြီး ပေါ်သို့ လှံစိုက်သည့်နှင့် လှေကားရင်းတွင် စောင့်နေသူ များသည် အိမ်ပေါ်သို့ တက်ကြသည်။ အားလုံး အိမ်သစ် ပေါ်သို့ရောက်သည့်အခါ နတ်ဆရာသည် ကြက်ဖ၏ နှုတ်သီးကို ဝါးနီးခြမ်းဖြင့် လှီးပြီး ထွက်လာသော သွေးကို နီးခြမ်းဖြင့် တို့ယူကာ အိမ်သူ အိမ်သားများ၏ နဖူးကို တို့ပေးသည်။ ထို့နောက် ခေါင်ရည်တစ်ခွက်ကိုယူကာ စကားအနေဖြင့် အနည်းငယ်စီ လိုက်တိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်ဆရာသည် ကြက်ဖကို သတ်ပြီး ပေါင်ရိုးကို ထုတ်ယူကာ ကြက်ရိုးထိုးကြည့်ခြင်းဖြင့် အိမ်သစ်အတွက် မင်္ဂလာဟောကိန်း တွက်ပေးပါသည်။ ကြက်ရိုးထိုးပြီးနောက် ထမ်းလာသော ဝက်ကို လှံဖြင့်ထိုးသတ်ပြီး ချက်ပြုတ်ရန် သယ်ယူသွားကြသည်။

အိမ်သစ်တက်ပွဲတွင် အိမ်သစ်မီးဖိုကို မြေသယ်ယူပြီး ပြင်ဆင်ကြသည်။ ရွှံ့ဗွက်ဖြစ်အောင် ရေဖြင့် ရောနှောပြီး တက်နင်းပေးသည်။ မြေညီညာသည့်အခါ မီးမွှေးသည်။ မီးဖို ပြီးပါက ဆန်စပါး၊ ငှက်ပျောဖတ်၊ မီးခြစ်ဆံတို့ကိုပါ ထည့်၍ မီးရှို့သည်။ အိမ်အေးချမ်းသာယာစေရန် ကျောက်ဖရုံသီးခြမ်း များကို တုတ်ဖြင့် ထိုးပြီး အိမ်ထောင့်တွင် စိုက်ထားလေ့ ရှိသည်။

ထို့နောက် ဖားစည်ကို တီးကာ ဝါးညှပ်အက၊ ဒိုင်းအက များကို ကကြသည်။ ဖားစည်တီးပြီးကသည့်အခါ အမျိုးသား များက ကြမ်းပြင်ကို ခြေဖြင့် ဆောင့်ကန်ကြရသည်။ ဤသို့ ဆောင့်ကန်ရခြင်းမှာ အိမ်သစ်ခိုင်မာမှု ရှိ မရှိသိအောင် ပြုလုပ် ခြင်းဖြစ်သည်။

## (ခ) ရိုးရာအက

ကယန်း (ပဒေါင်) တိုင်းရင်းသားများတွင် ရိုးရာပွဲတော်များ များစွာရှိသလို ယင်းပွဲတော်များနှင့် သက်ဆိုင်သော အက အမျိုးမျိုးလည်း ရှိပါသည်။ ကေ့ထိုးဘိုးပွဲတော်တွင် ကသော ကေထိုးဘိုးအက၊ အိမ်သစ်တက်ပွဲတွင် ကရသော ဒိုင်းအကစသော

www.burmeseclassic.com

www.burmeseclassic.com



တုတ်အက၊ ဝါးညှပ်အက၊ အသုဘပွဲတွင် ကရသော အသုဘ အက၊ မင်္ဂလာဆောင်ပွဲတွင် ကရသော တာလန်ဘာသယူခေါ် ချစ်ကြည်ရေးအက စသည်ဖြင့် ရိုးရာအကများစွာ ရှိပါသည်။

ရိုးရာအကများမှာ တစ်ဦးချင်းကခုန်သော တစ်ပင်တိုင် အကမျိုး လုံးဝမရှိချေ။ အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးတည်း စုံတွဲကရသော အကမျိုးလည်း မရှိချေ။ ယင်းတို့၏အကသည် စုပေါင်းအကမျိုး ဖြစ်သည်။ အမျိုးသားများသက်သက် အုပ်စု ဖွဲ့၍သော်လည်းကောင်း၊ အမျိုးသမီးများသက်သက် အုပ်စု ဖွဲ့၍သော်လည်းကောင်း၊ အမျိုးသားနှင့် အမျိုးသမီးများ စုပေါင်း၍သော်လည်းကောင်း အုပ်စုဖွဲ့ စုပေါင်းကရသော အကမျိုးများသာ ဖြစ်သည်။

တော့ထိုးဘိုးအက - ဤအကတွင် အရေးပါဆုံးပုဂ္ဂိုလ်မှာ ဗုံဆရာဖြစ်သည်။ ယင်းဗုံဆရာကို ကြည့်ပြီး အများက လိုက်က ရ၏။ ဗုံကို လည်ပင်းတွင်လွယ်ပြီး ကရသောကြောင့် မလွယ် ကူပါ။ အကကို ကျွမ်းကျင်စွာ ကနိုင်သူများသာ ကနိုင်ကြသည်။ ဗုံဆရာခြေမြှောက်ပါက အများက လိုက်မြှောက်ရသည်။ ဗုံ ဆရာ ရှေ့တိုးပါက အများက လိုက်တိုးရသည်။ ကကွက် များကို ပြောင်းလိုက ဗုံဖြင့် အသံပေး၍ ကကွက်ပြောင်းကြ ပါသည်။ ကရမည့်ဦးရေ ကန့်သတ်ခြင်း မရှိပါ။ လူများလာ လေလေ၊ မြိုင်လေလေ ဖြစ်သည်။

တော့ထိုးဘိုးအကတွင် အမျိုးသမီးများ ပါဝင်ကခွင့် လုံးဝ မပြုပေ။ ကသူများ၏ဘေးတွင် ရပ်ပြီး အမျိုးသားများကို သပြေခက်ဖြင့် ရေပက်ဖျန်းပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းအက - ဤအကသည် စစ်ရေးပြအက တစ်ခု ဖြစ်ပါသည်။ ဓားခုတ်၊ လှံထိုး၊ ဒိုင်းကာသည့်ပုံကို ဖော်၍ ကပြခြင်း ဖြစ်သည်။ တစ်ချို့ကလည်း ဓားလှံအစား တုတ်ကို အသုံးပြု၍ ကလေ့ရှိသောကြောင့် တုတ်အကဟု ခေါ်ဆို ကြသည်။ ကယန်းဘာသာစကားဖြင့် 'ဘော့တန်' အကဟု ခေါ်ဆိုပါသည်။

ဒိုင်းအကတွင် လူစုံပြီး ကနိုင်သလို နှစ်ဦးတည်း က၍လည်း ရသည်။ ကမည့်သူနှစ်ဦးစလုံးသည် လက်တစ်ဘက်တွင် ဓား၊ လှံ သို့မဟုတ် တုတ်ကို ကိုင်ဆောင်ကာ အခြားလက် တစ်ဘက်တွင် ဒိုင်းကို ကိုင်ဆောင်ထားရပါသည်။ တစ်ဦးက ဓားဖြင့် ခုတ်ပါက ကျန်တစ်ဦးက ခုခံသည့်အနေဖြင့် ဒိုင်းနှင့် အကာအကွယ်ယူရပါသည်။ ရှေးအခါက စစ်ထွက်တိုက်သည့် အခါ စစ်ရေးအတွက် ဓားရေး၊ လှံရေးပြကာ လေ့ကျင့်လေ့ ရှိကြပါသည်။ ထိုအချိန်မှစတင်၍ ဒိုင်းအက စတင်လာခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ဒိုင်းအကကို အိမ်သစ်တက်ပွဲတွင် ကပြ လေ့ရှိပါသည်။ အမျိုးသားများသာ ကရသော အကဖြစ်သည်။

ဝါးညှပ်အက - အိမ်သစ်တက်ပွဲတွင် ကလေ့ရှိသော နောက်အကတစ်မျိုးမှာ ဝါးညှပ်အကဖြစ်ပါသည်။ ဝါးညှပ်အက တွင် ဝါးခြမ်း လေးခြမ်းကို စတုဂံပုံအကွက် အနေအထား ရှိအောင် ချထားရသည်။ အကွက်ဘေးတွင် လူ လေးဦးတို့ မျက်နှာချင်းဆိုင်အနေအထားနှင့် နေရာယူရပါသည်။ ဓား စည်တီးသံကို နားစွင့်ပြီး ဝါးခြမ်းကို စုရိုက်ပါသည်။ ယင်းသို့

www.burmeseclassic.com

www.burmeseclassic.com



စုရိုက်သည့်အခါ ကနေသူများက မညှပ်မိစေရန် လျှင်မြန်သွက်လက်စွာ အကွက်မှန်မှန်ခုန်ပြီး နေရာပြောင်းရပါသည်။ ဝါးညှပ်အကတွင် ပါဝင်ကြသော လူ လေးဦးတို့သည် ဖားစည် တီးခတ်သံ၊ ဝါးခြမ်းရိုက်သံတို့ကို နားဆင်ပြီး တစ်ဦးကိုတစ်ဦး ပခုံးဖြင့် လိုက်တိုက်ရသည်။ တိုက်သူက တိုက်ပြီး ပြေးသူကလည်း အကွက်ကျကျ ပြေးရပါသည်။ ပြေးသူက အပြေးမလွတ်ဘဲ ပခုံးဖြင့် အတိုက်ခံရပါက အရှုံးပေးရပါသည်။ ရှုံးသူက ပွဲမှ ထွက်ပေးရသည်။

ဝါးညှပ်အကကို အိမ်သစ်တက်ပွဲတွင်လည်းကောင်း၊ နွေရာသီ တောင်ယာလုပ်ငန်းများ ပြီးစီး၍ ညနေပိုင်း အားလပ်ချိန်တွင် အပျို လူပျိုများ စု၍ ကလေ့ရှိကြသည်။ ယင်းအကကို ကယန်းစကားဖြင့် 'ဘွိုက်နီဖူး' ဟု ခေါ်ပါသည်။ ဝါးညှပ်အကသည် အညောင်းအညာပြေစေသည့်အပြင် ကျန်းမာသန်စွမ်းပြီး သွက်လက်ဖျတ်လတ်မှုရှိစေရန် ရည်ရွယ်၍ လေ့ကျင့်သည့် ရိုးရာအကတစ်မျိုး ဖြစ်ပေသည်။

အသုဘပွဲအက - ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ရပ်ရွာများတွင် အသုဘရှိလျှင် အလောင်းကို ဝိုင်းပြီး ကသည့် ဓလေ့ ရှိပါသည်။ အသုံးပြုသော တူရိယာပစ္စည်းများမှာ နှစ်ဘက်ပိတ်ဗုံရှည်၊ တွဲပလွေနှင့် ဖားစည်တို့ ပါဝင်ပါသည်။ အကကို ညဉ့်ဦးယံမှစ၍ နံနက်မိုးလင်းသည်အထိ ကကြသည်။ အကတွင် ယောက်ျားနှင့် မိန်းမတို့ တစ်ဦးလက်ကိုတစ်ဦး ဆွဲချိတ်၍ အလောင်းကို လက်ယာရစ် ဝိုင်းပြီးကာ ကကြ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ပါဝင်ကကြသူများသည် နှုတ်မှလည်း တေးသီချင်း သီဆိုရင်း ကကြသည်။ အသုဘပွဲသို့ လာရောက်ကြသည့် အခြားရွာမှ ဆွေမျိုးမိတ်သင်္ဂဟများကလည်း အလှည့်ကျ ဝင်ရောက် ကခုန်ကြသည်။ အသုဘပွဲအကကို ကယန်း (ပဒေါင်) တိုင်းရင်းသားများက 'ယွှိုင်' ဟု ခေါ်ဆိုကြသည်။

**တာလန်ဘာသယူအက** - တာလန်ဘာသာယူခေါ် ချစ်ကြည်ရေးအကကို လက်ထပ်မင်္ဂလာပွဲများနှင့် ပျော်ပွဲရွှင်ပွဲများတွင် ကလေ့ရှိကြသည်။ ရှေးအခါက ကယန်းမျိုးနွယ်များသည် မိမိတို့၏ အကြီးအကဲကို မိမိတို့သဘောကျ တင်မြောက်လေ့ရှိကြသည်။ ထိုအကြီးအကဲသည် အိမ်နီးနားချင်း အခြားအကြီးအကဲများနှင့် သင့်မြတ်စွာ နေထိုင်နိုင်ရန်အတွက် သားသမီးချင်း လက်ထပ်ထိမ်းမြားစေခြင်း၊ လက်ဆောင်များ ပေးကမ်းခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြ၏။ ထိုသို့ အကြီးအကဲ၏ သားသမီးချင်း လက်ဆက်ထိမ်းမြားစေသော အခမ်းအနားများ၌ ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းသည့် 'တာလန်ဘာသယူ' အကကို ကခုန်လေ့ရှိကြပါသည်။ အမျိုးသား အမျိုးသမီးများ ယှဉ်တွဲပြီး ကခုန်ရသော ဤ 'တာလန်ဘာသယူ' အကကို မျက်မှောက်ခေတ်ကာလတိုင်အောင် ကယန်းမျိုးနွယ်များက ရိုးရာအကတစ်ခုအဖြစ် ဆက်လက်ထိန်းသိမ်း ကခုန်လျက် ရှိကြပါသည်။

**တဒူးတပိုင်အက** - ဤအကသည် ကယားပြည်နယ်နေ့ ပြည်ထောင်စုနေ့၊ အမျိုးသားနေ့ စသည့်အခါကြီး ရက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



များနှင့် မင်းစိုးရာဇာပွဲများတွင် ကပြလေ့ရှိသော အကတစ်မျိုး ဖြစ်သည်။ အမျိုးသားများက ပလွေနှင့် ဗင်များကို တီးမှုတ်ကာ တေးသီချင်း ဆိုပေးကြပြီး အမျိုးသမီးများက ပဝါစကလေးများကို ဝှေ့ကာ ရမ်းကာဖြင့် ကပြရသော ခေတ်သစ်ရိုးရာ အကတစ်မျိုး ဖြစ်သည်။ ထိုအကသည် အမျိုးသမီးလေးယောက်မှ တစ်ဆယ်ယောက်အထိ ကရသော ယိမ်းအက ဖြစ်သည်။

## (၀) ရိုးရာတေးသီချင်းများ

တယန်း (ပဒေါင်) တိုင်းရင်းသားများ အထူးအလေးထားကြသည့် တေးသီချင်းကြီးမှာ 'ကာကောင်း' ဟု ခေါ်သော ရှေးသီချင်းကြီး ဖြစ်သည်။ ယင်းတေးသီချင်းကြီးသည် ကဗျာ၊ လင်္ကာ၊ စကားပုံတို့ကို စုပေါင်းဖွဲ့နွဲ့သီဆိုထားခြင်း ဖြစ်သည်။ စာပေအရေးအသားမရှိသဖြင့် ဘိုးစဉ်ဘောင်ဆက်ကတည်းက နှုတ်တိုက်အာရုံဆောင်ခဲ့လေ့ ရှိသည်။ ထို့ကြောင့် ထိုတေးသီချင်း တစ်ပုဒ်လုံးကို သီဆိုနိုင်သူ ရှားပါးလှသည်။ 'ကာကောင်း' သည် တယန်း (ပဒေါင်) တိုင်းရင်းသားများ ဆင်းသက်လာသည့် သမိုင်းကို ဖော်ထုတ်ပေးသော ရိုးရာတေးသီချင်းကြီးပင် ဖြစ်သည်။

တယန်း (ပဒေါင်) တိုင်းရင်းသားများသည် ဘိုးရင့်နှောင်းတော်ထင်နေ်ရထာလက်ထက်တွင် မြန်မာများနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



လက်တွဲကာ ယိုးဒယား (ထိုင်း) နိုင်ငံသို့ ချီတက်တိုက်ခိုက် အောင်မြင်ခဲ့ကြသည်ဟု ဆိုသည်။ အသက်သွေးချွေးတို့ဖြင့် ရင်းနှီး၍ ဆင်နွှဲခဲ့ရသော တိုက်ပွဲကို အကြောင်းပြု၍ ကြွေကွဲ လွမ်းဆွတ်ဖွယ်ရာ သံဝေဂရဖွယ်ရာ ကောင်းလောက်အောင် ဖွဲ့နွဲ့ကာ ယခုမျက်မှောက်ခေတ်ကာလတိုင်အောင် အလေး ထား သီဆိုနေကြသည့် သီချင်းကြီးများလည်း ရှိပေသည်။

ထိုကဲ့သို့ ရှေးတေးသီချင်းကြီးများအပြင် မျိုးချစ်စိတ်ဓာတ် ကို လှုံ့ဆော်ပေးသော အမျိုးသားသီချင်းများ၊ ရန်သူများအား ချီတက်တိုက်ခိုက်ရာတွင် သီဆိုသော စစ်သီချင်းများ၊ ယင်း တို့၏ ရိုးရာဓလေ့ကို ဖော်ကျူးသော တေးသီချင်းများ၊ ချစ်သူ ချင်း တွေ့ဆုံသည့်အခါ ဖွဲ့နွဲ့သီဆိုသော သီချင်းများဟူ၍ အမျိုးမျိုးရှိကြသည်။

## တဗူးတပိုင် အကသီချင်း

(၁) ပါကယန်း မိုးကုတ်ထန်စိုင် × စိုင်လန်သူးဒူသ
ကလာဒူးခေါင်း × စိုင်လန်အူ ငါဒူဖောကူး ×
စိုင်လန်အူသန် ဒေါဒူအူ × ×

*** စိုင်လန်လူးပါ ဟို့ထရှူးလာပူးပရာ × စိုင်လန်
ဘွယ် × ပါကျောင်းဂွမ်းကူး × ပါနခေါင်းမယ်ဆွီး
မူဒန်းလောရာ × သနန်ထံဘာ လထငါခူ × ×

www.burmeseclassic.com



သံပြိုင်* ဆွင်းမတုအှူးသိဒေါ်ဘန်း × ဆွင်းမူဒန်း အန်ဒြန်း ဒေါ်ကောက် ပါကယန်း သနန်း ထံ့ဘာ့ ပါတမာ × × ×

(၂) ကောမအင်းထံပွဲဆောင်လေ × ဟုထဂုရှမ်း လန်ဖ- ဖရေးစီတ္တိုက် × ပါသနောက် သဆူးပူး ပရာလော ပလန်း ပလီးသားမူသားခွန်း × × ×

*** (စိုင်လန်လူးပါဟို့ ထရူးပူးပရာ ×××××)

သံပြိုင်* (ဆွင်းမတုအှူး သိဒေါ်ဘန်း ×××)

(၃) ပါမာဆူပမာသန်းဒ × ပါမာပရပမာ သန်းကရေ မာဒွန်းစူသန်း ဒူသန်းရှန် × မာဖရိုဖရို × သန်းမူ သန်းဒူး

*** အိုသနန်ဆို့ကာ ငေါ်ကယန်းဖော့ × လားနသန့် ဘာမာ လူမာဖိုက် × ခွင်လာသူး မာသီထူး ဒေါ်မာဖန်း × တုတ်ခူတုတ်အား လောဆော့ ပူးပရာ ×

သံပြိုင်* (ဆွင်းမဆုအှူးသိ ဒေါ်ဘန်း × × ×)

## သီချင်းအဓိပ္ပာယ်

ကယန်းတိုင်းရင်းသားတို့သည် မွန်ဂိုအနွယ်မှ တစ်ဆင့် စိမ်းလန်းသော တောတန်းဥယျာဉ်အတွင်းသို့ ဖြတ်ကျော် ခဲ့တာ၊ ရေကြည်ရာ မြက်နုရာအရပ်ကို ရှာဖွေလျှက် မြန်မာနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ဝင်ရောက်ပြီး၊ ရွှေနန်း ရွှေပင်စိုက်ထူတာ ပျော်ရွှင်စွာ စုပေါင်းနေထိုင်ခဲ့ကြပါသည်။

မိမိတို့၏ ရိုးရာအစဉ်အလာအရ သစ်စေးဖြင့် သုတ်လိမ်းထားသည့် ခေါင်ခွက်ဖြင့်လည်းကောင်း၊ ဝါးခြမ်းဖြင့် ပြုလုပ်ထားသည့်ခွက်ဖြင့်လည်းကောင်း၊ စားသောက်ကာ ရိုးရာခလေ့ကို ထိန်းသိမ်းကြပါသည်။ အကြီးအကဲ ဖောင်မအင်းမှ ဦးဆောင်၍ လှိုင်နန်းဖတောင်တွင် ရွှေပုံ ငွေပုံ ခင်းကျင်းလျှက် ပွဲလမ်းသဘင်ကို နှစ်စဉ်ကျင်းပခြင်းဖြင့် တိုင်းရင်းသား အားလုံးတို စည်းလုံးညီညွတ်စေခဲ့ပါသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားတို့သည် လယ်ယာလုပ်ငန်းဖြင့် ပျိုးကြဲ၊ စပါးစိုက်၊ စပါးပုတ်ခြင်း၊ ယက်ကန်းယက်လုပ်ခြင်း၊ ချည်ငင်ခြင်းလုပ်ငန်း စသည်ဖြင့် ရာသီအလိုက် စုပေါင်းညီညာ၊ ပျော်ရွှင်စွာဖြင့် မောင်နှင့်မယ်တို့ အတူယှဉ်တွဲ၊ လက်တွဲမဖြုတ်၊ ကြိုးစားကြစို့လား .....

(ဃ) ရိုးရာတူရိယာများ

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ရိုးရာအကများတွင် တွဲဖက်၍ တီးမှုတ်လေ့ရှိသော တူရိယာပစ္စည်းများမှာ ဖားစည်၊ ကျွဲချို၊ တွဲပလွေ၊ နွားဝန်တင်ခေါင်းလောင်း၊ ရှည်မောင်းတို့ ဖြစ်သည်။ နောက်ပိုင်းတွင် 'ဘင်' ဟုခေါ်သော တူရိယာကိုပါ တွဲဖက်၍ အသုံးများလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တယန်း (ပဒေါင်) တိုင်းရင်းသားများအပါအဝင် တယား နွယ်ဝင် တိုင်းရင်းသားတိုင်း အထွတ်အမြတ်ထားရာ တူရိယာ ပစ္စည်းတစ်မျိုးမှာ 'ဖားစည်' ပင် ဖြစ်သည်။ ယင်းတို့၏ အဆို အရ ဖားစည်တို ယူနန်နယ်၌ နေစဉ်ကတည်းက သုံးစွဲလာခဲ့ပြီး ထိုစဉ်အခါက သုံးစွဲခဲ့သော ဖားစည်မှာ ရွှေ၊ ငွေတို့ဖြင့် သွန်း လုပ်သော ဖားစည်ဖြစ်သည်ဟု ဆိုပါသည်။ ယခုခေတ် အသုံး ပြုသော ဖားစည်မှာ ရွှေ၊ ငွေ၊ ကြေးနီ၊ ခဲမဖြူ သွပ်သတ္တု ငါးမျိုးတို သူ့အချိုးအဆအတိုင်း ရောနှောကျိုကာ သွန်းလုပ် ထားခြင်း ဖြစ်ပါသည်။ လွန်ခဲ့သောနှစ် ၅၀၀ ခန့်က ဖားစည်ကို တယားပြည်နယ်၊ ငွေတောင်မြို့၌ ရှမ်းအမျိုးသား ပညာရှင် များက သွန်းလုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ငွေတောင်မြို့ မီးလောင်ပျက်စီးသဖြင့် ဖားစည်သွန်းလုပ် တတ်သော ပညာရှင်များ ရှားပါးသွားသလို ဖားစည်လုပ်ငန်း မှာလည်း တွယ်ပျောက်ခဲ့ပြီး ငွေတောင်မြို့ကြီးမှာ ငွေတောင်ရွာ အဖြစ်သို့ ဝမ်းနည်းဖွယ်ရာ ပြောင်းလဲခဲ့ရသည်ဟု ဆိုသည်။

ဖားစည်တွင် မင်္ဂလာဖားစည်၊ အမင်္ဂလာဖားစည်ဟူ၍ နှစ်မျိုးရှိသည်။ မင်္ဂလာဖားစည်မှာ ဖားစည်မျက်နှာပြင်ပေါ်တွင် ထောင့်လေးထောင့်၌ ဖားရုပ်များ လက်ဝဲရစ်တစ်ကောင် နောက်သို့ တစ်ကောင် လိုက်နေပုံဖြစ်သည်။ ယင်းဖားစည်ကို ဘုန်းတော်ကြီးပွဲတော် အိမ်သစ်တက်ပွဲနှင့် လူအများစုဝေးစေ လိုသည့်အခါတွင် တီးလေ့ရှိသည်။ အမင်္ဂလာဖားစည်မှာ ဖားစည်မျက်နှာပြင်ပေါ်မှာ ဖားရုပ်များသည် မင်္ဂလာဖားစည်

www.burmeseclassic.com


ကဲ့သို့ တစ်ကောင်နောက်သို့ တစ်ကောင်လိုက်နေပုံမျိုး မဟုတ်ဘဲ တစ်ကောင်နှင့်တစ်ကောင် အန်တုဘက်ပြိုင် အနိုင် တိုက်ရန် မျက်နှာချင်းဆိုင်နေပုံမျိုး ဖြစ်သည်။ ထိုဖားစည်ကို တီးလျှင် စစ်သွေးစစ်မာန်ကြွကာ တိုက်ချင် ခိုက်ချင်စိတ်၊ သတ်ချင် ဖြတ်ချင်စိတ်များ ပေါ်ပေါက်လာသည်ဟု ဆိုပါ သည်။ ထိုသို့ ခက်ထန်ကြမ်းကြုတ် ရက်စက်လိုသောစိတ်များ ပေါ်ပေါက်လာသဖြင့် အမင်္ဂလာဖားစည်ဟုခေါ်ကြောင်း သိရပါသည်။ ထိုဖားစည်ကို အသုဘပွဲများတွင်လည်းကောင်း၊ ရှေးအခါ စစ်ပွဲများထွက်ကာနီးတွင် စစ်သွေးစစ်မာန်ကြွစေရန် ရည်ရွယ်၍လည်းကောင်း တီးခတ်လေ့ရှိသည်။

ဖားစည်အမျိုးအစား ကွဲပြားသလို တီးခတ်ပုံလည်း အမျိုးမျိုးရှိသည်။ ဖားစည်တီးခတ်ပုံကို လိုက်၍ သံစဉ် ခုနစ်မျိုး ရှိသည်ဟု ဆိုသည်။ (၁) ပိတုန်းပျံသည့် အသံ၊ (၂) ပလွေကောင် ပျံသည့် အသံ၊ (၃) ပျားပျံသည့် အသံ၊ (၄) မိုးခြိမ်းသံ၊ (၅) ငဲ့ခုန်သည့် အသံ၊ (၆) ဆင်အော်သံနှင့် (၇) ကျောက်လိမ့် သည့် အသံဟူ၍ ဖြစ်သည်။ လူအများသည် ဖားစည်တီးခတ် သံကို နားထောင်ပြီး အဓိပ္ပာယ်ကောက်ယူရပါသည်။

ဖားစည်သွန်းလုပ်ရာတွင် ဖားစည်ဆရာကြီးများသည် သတ်မှတ်ထားသော စည်းကမ်းအတိုင်း လိုက်နာဆော ရွက်ကြသည်။ ဖားစည်သွန်းလုပ်မည့်သူသည် ဖားစည်ပုံစံ တစ်ရက်ကြိုတင်၍ ရေချိုး၊ ကိုယ်လက်သန့်စင်ပြီးသည့် ညနေပိုင်းတွင် အုန်း ငှက်ပျောနှင့် ကန်တော့ပွဲကော်တာ ဆီမီး

www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်များထွန်းညှိပြီး ဖွဲ့မယ်နော် နတ်သမီးတို တိုင်တည်ပြီးမှ အိပ်ရသည်။ နောက်တစ်နေ့ နံနက်စောစော တွင် ညကအိပ်မက်ရသည့်အတိုင်း ဖားစည်ကို တစ်ကောင်၊ နှစ်ကောင်ထပ်၊ သုံးကောင်ထပ်စသည်ဖြင့် သွန်းလုပ်ရ သည်ဟု ဆိုပါသည်။ ဖားစည်သွန်းလုပ်မည့်နေရာကို စည်းဝိုင်း သတ်မှတ်ထားပြီး ယင်းစည်းဝိုင်းထဲတွင် ဖိနပ်မစီးရ၊ ညစ်ညမ်းသောစကား မပြောရ၊ မူးယစ်သောက်စားခြင်း မပြု လုပ်ရချေ။

ကယန်း (ပဒေါင်) တိုင်းရင်းသားများ ဖားစည်ကို အထွတ် အမြတ် ထားရှိခြင်းမှာ အောက်ပါအချက်အလက်များကြောင့် ဖြစ်သည်ဟု ဆိုပါသည်။

- မိုးခေါင်ရေရှားသည့်အခါ ဖားစည်တီးလျှင် မိုးရွာ စေခြင်း၊

- ဝမ်းစာအတွက် စုဆောင်းထားသော စပါးကျီတွင် ဖားစည်ကို ထားရှိခြင်းဖြင့် စပါးမပျက်စီးဘဲ မျိုးကောင်း မျိုးသန့်ဖြစ်လာခြင်း၊

- အိမ်သစ်တက်ပွဲတွင် ဖားစည်ကို တီးခတ်လျှင် အေးချမ်းသာယာစေပြီး ကျန်းမာစွာနေထိုင်နိုင်ရန် မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံခြင်း၊

- စစ်တိုက်သည့်အခါ အောင်စည် အောင်မောင်းများ ကဲ့သို့ စစ်ဦးတွင် ဖားစည်တီးပြီး စစ်ချီတက်ခြင်းဖြင့် စစ်အောင် နိုင်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


- ကွယ်လွန်သောအခါ နောင်တမလွန်ဘဝတွင် ခံစားရန် မိမိပိုင် ရွှေ ငွေ၊ ဥစ္စာပစ္စည်းများကို ဖားစည်တွင် ထည့်ပြီးလျှင် ကျောက်ခေါင်းဂူတွင်လည်းကောင်း၊ မြေတွင်လည်းကောင်း သို့ဝှက်မြှုပ်နှံခြင်း၊

- ဖားစည်ကို အိမ်ဦးတွင်ဖြစ်စေ၊ စပါးကျီတွင်ဖြစ်စေ ထားလျှင် ကျန်းမာ၍ စည်းစိမ်ဥစ္စာ တိုးပွားလာစေခြင်း - စသည်တို့ ဖြစ်သည်။

ကယားနွယ်ဝင် တိုင်းရင်းသားတို့တွင် ဖားစည်နှင့် ပတ်သက်၍ ဆိုရိုးစကားတစ်ခု ရှိပါသည်။ ယင်းမှာ "ဖားအော်မှ မိုးရွာ၊ မိုးရွာမှ ငါးမော့၊ ငါးမော့မှ ရေကြီး၊ ရေကြီးမှ ဆင်ဆွဲ၊ ဆင်ဆွဲမှ သစ်ကျ၊ သစ်ကျမှ ပြည့်ဝ" ဟူ၍ ဖြစ်သည်။ ၎င်း ဆိုရိုးစကားမှာ ယင်းတို့အတွက် အထွတ်အမြတ်ထားရာ ဖားစည်နှင့် ကယားပြည်နယ်၏ အဓိကစီးပွားရေးဖြစ်သော ကျွန်းသစ်လုပ်ငန်းတို့ အပြန်အလှန် ဆက်စပ်နေပုံကို သီဖွဲ့ထားသည့်ဆိုရိုးတစ်ခုပင် ဖြစ်ပါသည်။

ဖားစည်တွင် အကြီးအငယ်အလိုက် တန်ဖိုးအများအနည်းရှိသလို ဖားတစ်ကောင်၊ နှစ်ကောင်ထပ်၊ သုံးကောင်ထပ် စသည်ဖြင့်လည်း တပ်ထားသည့် ဖားအရေအတွက် အရလည်း တန်ဖိုးရှိပါသည်။ ရှေးအခါက ယင်းတို့၏ နေအိမ်တိုင်းတွင် ဖားစည်တစ်လုံး နှစ်လုံး စသည်ဖြင့် ရှိကြသော်လည်း နောက်ပိုင်းတွင် ဖားစည်သွန်းလုပ်သည့်လုပ်ငန်း မရှိတော့သောကြောင့်လည်းကောင်း၊ ရှေးဟောင်းပစ္စည်းများအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းတစ်ပါးမှ ဝယ်ယူကြသောကြောင့်လည်းကောင်း၊ ကွယ်လွန်သူနှင့်အတူ တစ်ပါတည်းမြှုပ်နှံပေးသည့် ဓလေ့ကြောင့်လည်းကောင်း တစ်ရွာလုံးတွင်မှ ဖားစည် သုံး၊ လေးလုံးခန့်သာ ရှိပါတော့သည်။

'ကျွဲချိုခရာ' ကို တောလိုက်ရာတွင်လည်းကောင်း၊ စစ်ချီရာတွင်လည်းကောင်း အသုံးပြုလေ့ရှိသည်။ ကျွဲချိုခရာတွင် သံစဉ် အနိမ့်အမြင့်ကို လိုက်၍ နှစ်မျိုးနှစ်စား ရှိသည်။ လေး . . . ဘူ အသံနှင့် ဘူ . . . လေး အသံတို့ ဖြစ်သည်။ လေး . . . ဘူ အသံမှာ အမြင့်မှ အနိမ့်သို့ ဆင်းသံဖြစ်၍ 'ဆုတ်ပါ။ ပြန်လာပါ' ဟု အဓိပ္ပာယ်ကောက်ယူသည်။ တောကောင်လိုက်ရာတွင် လေး . . . ဘူ ဟူ၍ မှုတ်ပါက အားလုံးစုရုံး ပြန်လာကြရန် ဖြစ်သည်။ တောကောင်လိုက်နေစဉ် မျက်စိလည် လမ်းမှားပါက လူပြန်စုရန် မကြာခဏ မှုတ်ပေးရသည်။ တောကောင်လိုက်ရန် စထွက်ချိန်တွင် ဘူ . . . လေး ဟူ၍ မှုတ်လေ့ရှိပါသည်။

'တွဲပလွေ' ကယားနွယ်ဝင်တိုင်းရင်းသားများအနက် ကယန်းတိုင်းရင်းသားများသာ 'မန်း' ခေါ် 'တွဲပလွေ' ကို အသုံးပြုလေ့ ရှိပါသည်။ ယင်းတူရိယာကို ကယန်းတိုင်းရင်းသားများ မန္တလေး၌ နေထိုင်စဉ် စတင်အသုံးပြုခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ ဝါးလုံးအလုံး တစ်ဆယ့်ကိုးလုံးကို သံစဉ် တစ်ဆယ့်ကိုးမျိုး ထွက်ရန် သံစဉ်ညှိပြီး အတွဲလိုက်စည်းထားသော တူရိယာတစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'နွားဝန်တင်ခေါင်းလောင်း' မှာ နှစ်လုံး တစ်ခုပါရှိသည့် ရိုးရာတူရိယာဖြစ်သည်။ တောင်ယာလုပ်ငန်းများသို့ စုပေါင်း၍ အတူတကွ အလုပ်သွားလုပ်ကြရန် အချက်ပေးသည့် သဘောဖြင့် နံနက်ကြက်တွန်စတွင် တီးခတ်လေ့ရှိသည်။ ဤသို့ တီးခတ်ခြင်းဖြင့် အလုပ်ဝင်ချိန်နီးပြီဖြစ်ကြောင်း အားလုံး သိရှိနိုင်သည်။ စပါးရိတ်သိမ်းပြီးချိန်တွင် စပါးကို နွားလှည်းဖြင့် သယ်ကြသည်။ လမ်းပြသည့် အရှေ့ဆုံးနွားလှည်းတွင် ခေါင်းလောင်းတင်ပြီး သွားလေ့ရှိသည်။

'ဗုံရှည်' မှာ သစ်သားကို အပေါက်ထွင်းပြီး ရှည်မျောမျော သဏ္ဌာန် ပြုလုပ်ထားကာ မျက်နှာဝတစ်ဘက်ကိုသာ ပိတ်ထားသော တူရိယာပစ္စည်းတစ်မျိုး ဖြစ်သည်။ ဗုံများကို ရိုးရာပွဲတော် အကများတွင် အသုံးပြုကြပါသည်။ ဗုံကို အက အဖွဲ့၏ အချက်ပေးအသံအဖြစ် အသုံးပြုကြပါသည်။

'မောင်း' များကို ရိုးရာပွဲတော်များတွင် တီးခတ်လေ့ ရှိသည်။ မောင်းကြီး မောင်းငယ် အရွယ်အစားအမျိုးမျိုးကို ရှေးအခါက ငွေတောင်မြို့တွင် သွန်းလုပ်ခဲ့ပါသည်။

## (င) ရိုးရာတရားစီရင်ရေး*

ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် မိမိတို့၏ အိမ်တွင်းမှုကိစ္စတွင် အစဉ်တစိုက်ကြိုးပမ်းလုပ်ကိုင်ကြသည်

---

* ကယန်းလူမျိုး၏ တရားစီရင်ရေး ဓလေ့ထုံးတမ်းစာတမ်း
စာ - ၁၃၊ ၁၄

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သောကြောင့် လူမှုရေးကိစ္စတွင် အမှုအခင်းများ ရှုပ်ထွေးလေ့မရှိချေ။ ယင်းတို့၏ ရိုးရာဓလေ့တွင် ရာဇဝတ်မှု တရားမမှု ဟူ၍ မခွဲခြားချေ။ သတ်မှတ်ထားသော တိကျပြစ်ဒဏ်လည်း မရှိချေ။ ယင်းတို့၏ ပြစ်ဒဏ်အယူအဆတွင် လူကို ထိခိုက်စေရန်အတွက် အဓိကရည်ရွယ်ချက်မရှိဘဲ ဖြစ်ပွားသော အမှုအခင်းဆိုင်ရာတွင် အကျုံးဝင်သောအမှု၏ တန်ရာတန်ဖိုးကို လျော်ကြေးရယူခြင်း၊ မိမိမှားယွင်းသောကိစ္စရပ်များကို အများရွာသူ ရွာသားများအား ကျေနပ်လောက်အောင် ကန်တော့ပွဲမျိုး ပြုလုပ်ရသည်။ ဤသို့ဖြင့် အမှုကို ဖျန်ဖြေသည့်ပုံစံအသွင်သာ အဓိကထား လက်ခံကျင့်သုံးသည်။

အမှုကို စစ်ဆေးခြင်းပြုသည့် ရည်ရွယ်ချက်မှာ ကျူးလွန်သောသူသည် ကျူးလွန်သည့် အမှုအတွက် နစ်နာသူအား ထိုက်တန်သော လျော်ကြေးပေးစေရေးသည် အဓိကဖြစ်သည်။ ထိုလျော်ကြေးပေးမှုမှာ ငွေ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်၊ လယ်ယာမြေ စသည်တို့ဖြစ်သည်။ အခြားသော ပြစ်ဒဏ်များမှာ ကျေးရွာမှ နှင်ထုတ်ခြင်း၊ ထိုသူအား မခေါ်မပြောဘဲ နေခြင်းဖြင့် ပြစ်မှုကျူးလွန်သူအား ပိုင်းပယ်ခြင်း၊ တောင်းပန်ကန်တော့စေခြင်း၊ သေဒဏ်ချမှတ်ခြင်းနှင့် အခြားသောပြစ်ဒဏ်များကိုလည်း ချမှတ်သေးသည်။ သေဒဏ်နှင့် လူကို အပြင်းအထန်နာကျင်စေအောင် အပြစ်ပေးခြင်းမျိုးမှာ နည်းပါးလှသည်။ များသောအားဖြင့် အမှုကို တစ်ဦးတည်းမဟုတ်ဘဲ အများစုဖြင့် ဆုံးဖြတ်ကျေအေးစေသည်။ ထို ဖျန်ဖြေကိစ္စသည် လူမှုရေး

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်မှုပုံသဏ္ဌာန်ဆန်သောကြောင့် အမှုအခင်းဖြစ်ပွားလျှင် ရွာသားတိုင်း ပါဝင်ကြရလေ့ရှိသည်။

သက်သေမရှိသောအမှုကို စစ်ဆေးရာ၌ နှစ်ဘက်သောသက်သေကို အလျဉ်းမပြနိုင်လျှင် စစ်ဆေးနည်းကို ကျင့်သုံးသည်။ ယင်းတို့အနက် ထင်ရှားသော စစ်ဆေးနည်းမှာ -

(၁) ရေတ်ရည်ဖြင့် တရားလို၊ တရားခံတို့က မျက်နှာသစ်ပြရခြင်း - ယင်းမှာ အမှုဖြစ်အကြောင်းအရာကို သက်သေမထူနိုင်သည့်အခါ ခုံရုံးသည် တရားလိုနှင့် တရားခံ၏ သဘောတူညီချက်နှင့် တရားလိုတရားခံတို့က ရေတ်သီးအမှုန့်ကို ရေနှင့်ရောစပ်ကာ ထိုရေတ်ရည်ကို မျက်နှာသစ်ပြရသည်။ ရေတ်ရည်အဖြစ် မျက်နှာသစ်ရာတွင် မျက်စိမစပ်သူသည် ဤအမှုတွင် မှန်ကန်သောသူဖြစ်ကြောင်း မှတ်ယူသည်။ အမှု၌မှန်ကန်ဖြောင့်မတ်သူသာသည် ရေတ်ရည်မစပ်ဟု ယုံကြည်၍ မျက်နှာသစ်ရာ၌ မျက်စိစပ်သူအား ခုံရုံးက အမှုရှုံးသည်ဟု စီရင်ချက်ချသည်။

(၂) ကြက်ရိုးထိုးခြင်း - ဤ ကြက်ရိုးထိုး၍ တရားအဆုံးအဖြတ်ပြုသည့် ဓလေ့မှာ ကယားတိုင်းရင်းသား၏ ပုံစံနှင့် ထပ်တူဖြစ်သည်။ အမှုတစ်ခုတွင် သက်သေနှစ်ဘက်လုံး မပြနိုင်ကြသော် ကြက်ရိုးထိုး၍ ဆုံးဖြတ်ကြသည်လည်း ရှိသည်။ ကြက်ရိုးထိုးရာ၌ တရားလို၊ တရားခံသည် ကြက်၏ ပေါင်ရိုးတစ်ဘက်စီကို တုတ်ချွန်ဖြင့် ထိုး၍ စိုက်ကြသည်။ ထိုသို့တစ်ဖက်စီ ထိုးရာ၌ သတ်မှတ်ထားသည့်နေရာ၌ ပုံးစိုက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



တရားခံနှင့် တရားလိုတို့၏ စိုက်ဝင်သော တုတ်တံ၏ ထောင်မတ်ခြင်း၊ တိမ်းစောင်းခြင်းကို ယှဉ်ကြည့်၍ တရားအရှုံးအနိုင်ဆုံးဖြတ်သည်။ နိုင်သောသူ၏ တုတ်တံသည် ရှုံးသူ၏တုတ်တံနှင့် ယှဉ်ကြည့်သော် ပို၍ ထောင်မတ်သည်ဟု ဆို၏။ ထို့ကြောင့် ကြက်ရိုးထိုးရာတွင် ပို၍ ထောင်မတ်နေသည့် တုတ်ပိုင်ရှင်ကို တရားနိုင်အဖြစ် ဆုံးဖြတ်သည်။

(၃) ထမင်းထုပ် ထုပ်၍ ချက်ခြင်း - ဤနည်းသည်လည်း သက်သေလုံးဝမရှိကြသော နှစ်ဘက်အမှုသည်တို့ လိုက်နာလက်ခံသည့် တရားဆုံးဖြတ်ချက် နည်းတစ်နည်းဖြစ်သည်။ နှစ်ဘက်သောအမှုသည်တို့ကို ဖက်နှင့် ဆန်တစ်ထုပ်စီထုပ်စေကာ အိုးတစ်လုံးတွင် အတူရော၍ ပူးတွဲချက်စေသည်။ ထို ဆန်ထုပ်ကျက်လောက်သော အချိန်၌ အထုပ်ကို ဖြေကြည့်သော် တရားတွင် စစ်မှန်သူသည် ထမင်းထုပ်ကောင်းစွာ နပ်၍ မရိုးသားသူ၏ ထမင်းထုပ်သည် မနူးမနပ်ဖြစ်သည်ဟု ယုံကြည်ကြသည်။

(၄) ရေတွင် ငုတ်လျှိုးပြိုင်ဆိုင်ခြင်း - ဤနည်းသည် သက်သေမရှိကြသည့် အမှုသည်တို့ အသုံးများကြသည့် တရားစီရင်နည်း တစ်မျိုးဖြစ်သည်။ များသောအားဖြင့် ဤနည်းကို အမျိုးသားများ လိုက်နာကျင့်သုံးကြသည်။ သက်သေနှစ်ဘက်လုံးမရှိကြသည့်အမှုကိစ္စကို သမာဓိခုံရုံးသို့ တိုင်ကြား၍ ရေငုပ်တရားစီရင်ရေးကို တောင်းဆိုလက်ခံကြသည်။ ရေအိုင်တွင် အမှုသည်နှစ်ဦးတို့သည် တစ်ပြိုင်တည်း ရေငုပ်

www.burmeseclassic.com

www.burmeseclassic.com


ကြာရခြင်း ဖြစ်သည်။ သမာဓိလူကြီးနှစ်ဦးက ခွပ်ပါသော တုတ်ရှည်တစ်ချောင်းစီဖြင့် ထိုသူနှစ်ဦး၏ လည်ဂုပ်ကို ထိုးခိုင်းထားရသည်။ ထိုသူနှစ်ဦးသည် အမှုသည်နှစ်ဦးစလုံး ရေတွင် နစ်မြုပ်လောက်အောင် အထက်မှ တုတ်ဖြင့် ထိုးထားကာ မည်သူက ပို၍ ကြာရှည်စွာ ငုပ်လျှိုးနိုင်သည်ကို ကြည့်ရှုကြသည်။ အမှုမှန်သူသည် ပို၍ ကြာရှည်စွာ တစ်ဘက်သော သူထက် ငုပ်လျှိုးနိုင်သည်ဟု အယူရှိသည်။ အမှုတွင် လိမ်ညာသူသည် ရေအောက်၌ အချိန်ကြာ မနေနိုင်ဘဲ ရေမွန်းကာ မိမိကို ခွထိုးထားသော တုတ်ကို ဖယ်ရှား၍ ရေအောက်မှ ပေါ်ထွက်လာရသည်။ ဤအခြင်းအရာကို သိရသော လူကြီးသည် ထိုသူအား ဤအမှု၌ ရှုံးနိမ့်ကြောင်း ကြေငြာ၍ အဆုံးအဖြတ်ပေးသည်။

အထက်ပါ တရားစီရင်နည်းမှာ ထင်ရှားသော သက်သေမဲ့ တရားစစ်နည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံးနှင့် သုံးသပ်ချက်

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ဘဝတစ်ရပ်လုံးကို အခန်း ခုနစ်ခန်း ခွဲခြား၍ သုတေသနပြု လေ့လာရာတွင်- ကယန်း (ပဒေါင်) တိုင်းရင်းသားများသည် တိဗက်-မြန်မာ မျိုးနွယ်မှ ဆင်းသက်ပေါက်ဖွားလာပြီး ထိုင်း-တရုတ်အနွယ်၊ ကရင်မျိုးကွဲ ဘာသာစကားကို ပြောဆိုသူများ ဖြစ်ကြသည်။ ကိုယ်ပိုင်စာပေအရေးအသား မရှိပေ၊ ခရစ်ယာန်သာသနာပြုများ တီထွင်ပေးသော ကယန်းစာပေသာ ရှိသည်။ စာပေဗဟုသုတ မရှိသည့်မတွက် နောင်အနာဂတ်ကို ကြိုတင်သိရှိရန် ကြက်ရိုးဗေဒင်၊ နှီးဗေဒင်တို့ကိုသာ အသုံးပြုကြရသည်။

ကျေးရွာ၊ အိုးအိမ်များကို ရိုးရာဓလေ့အတိုင်း ဆောက်လုပ်လေ့ရှိပြီး အိမ်အားလုံးလိုလိုပင် အိမ်ခန်းဖွဲ့စည်းပုံမှာ တစ်မျိုးတစ်စားတည်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ စိတ်နေသဘောထား ရိုးသားအေးဆေးပြီး သီးသန့်နေထိုင်လိုစိတ်ရှိကြသည်။ အငြိုးအတေးကြီးပြီး လက်စားချေတုံ့ပြန်လိုသော စိတ်ဓာတ်မျိုးလည်း ရှိကြသည်။ ကိုယ်လုံးကိုယ်ထည်အနေအထားမှာ အမျိုးသားများသည် ကျန်းမာသန်စွမ်းသော အသွင်များ ရှိကြသော်လည်း အမျိုးသမီးများမှာမူ ပုံမှန်အချိုးအစားထက်ပို၍ ပိန်လှီသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများသည် ကြေးခွေများကို ငယ်စဉ်ကလေး ဘဝကပင် စတင်၍ ရစ်ပတ်ဝတ်ဆင်ကြသည်။ မိန်းမပျို၏ လည်ပင်းတွင် ကြေးခွေရစ်ပတ်မှု ပိုများလေလေ၊ မျက်နှာပန်းပွင့် လေလေ ဖြစ်သည်။ မင်္ဂလာကြေးတောင်းရာတွင်လည်း သတို့ သမီးဘက်မှ တောင်းလျှင် တောင်းသလောက် ပေးကြ ရသည်။ အိမ်ထောင်သည် အမျိုးသားတစ်ယောက်၏ ဝင်ငွေ ရှာဖွေနိုင်မှုကို ဇနီးသည်၏ လည်ပင်းတွင် ဝတ်ဆင်ထားသော ကြေးခွေအရေအတွက်များက သက်သေပြသကဲ့သို့ ရှိသည်။ သို့ဖြစ်၍ ကယန်း (ပဒေါင်) တိုင်းရင်းသား အဖွဲ့အစည်းတွင် လူမှုရေးရာ တန်ဘိုးထားချက်အနေဖြင့် "ကြေးခွေရစ်ပတ် ဝတ်ဆင်ခြင်း ဓလေ့သည် အရေးပါ အရာရောက်သလို အမျိုး သမီးများ၏ အဆင့်အတန်းသည် ကြေးခွေအနည်း အများ ပေါ်၌ မူတည်လျက်ရှိကြောင်း" လေ့လာသုံးသပ်မိပါသည်။

ယင်းတို့၏ အဖွဲ့အစည်းတွင် ဆွေမျိုးတော်စပ်မှုသည် အမိကကျပြီး အမျိုးသားများသာ အုပ်စိုးသော၊ ဖဘက်မျိုးရိုး ဆက်ကိုယူသော၊ ဖဘက်လိုက်စနစ်ကိုသာ ကျင့်သုံးသော၊ အမျိုးသားများသာ အမွေနှင့် အရိုက်အရာကို ဆက်ခံနိုင်သော အကြောင်းခြင်းရာများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် "အမျိုးသားများ ဦးစားပေးသည့် အဖွဲ့အစည်း" တစ်ခုဖြစ် ကြောင်း လေ့လာတွေ့ရှိပါသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ အပျိုလူပျို ဘဝသည် လွတ်လပ်မှုရှိသော်လည်း အိမ်ထောင်ဘက် ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com


ခြင်းဆိုင်ရာ တားမြစ်ချက်စည်းကမ်းများကို လိုက်နာကြရသည်။ အိမ်ထောင်ရေးတွင် "တစ်လင် တစ်မယားစနစ်" ကိုသာ လက်ခံကျင့်သုံးကြသဖြင့် အိမ်ထောင်ရေးဖောက်ပြန်မှု နည်းပါးပြီး မိသားစုဘဝ အေးချမ်းသာယာကြပေသည်။

ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများ ရှာတိုင်း လိုလိုရှိသော်လည်း နာမကျန်းဖြစ်သည့်အခါ နတ်ဆရာကို ပင့်ဖိတ်၍ ရောဂါကုသမှုခံယူကြသည်က များလေသည်။ အသုဘဓလေ့တွင် ရိုးရိုးအသုဘနှင့် အစိမ်းသေအသုဘတို့၏ သဂြိုဟ်မြှုပ်နှံမှုမှာ ကွဲပြားခြားနားသည်။ အစိမ်းသေအသုဘ တွင် ပြုလုပ်လေ့ရှိသည့် 'လိပ်ပြာကြီးဖြတ်ပွဲ' မှာ အထူးစိတ်ဝင် စားဖွယ်ရာကောင်းလှသည်။

ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ စီးပွားရေးကို လေ့လာကြည့်ရာ စိုက်ပျိုးရေးလုပ်ငန်းမှာ အနည်းငယ်ပိုလျှံရုံသာ ရှိ၏။ မွေးမြူရေး၊ လက်မှုလုပ်ငန်းတို့ကို လုပ်ကိုင်ကြသော်လည်း ရောင်းချရန်အတွက် မဟုတ်ဘဲ နတ်ပူဇော်ပသရန် အိမ်တွင်အသုံးပြုရန် လုံလောက်ရုံသာ ပြုလုပ်ကြသည်။ တစ်ဦးလိုအပ်သောပစ္စည်းနှင့် တစ်ဦးပိုလျှံသော ပစ္စည်းကို လဲလှယ်ယူသော 'ပစ္စည်းချင်း ဖလှယ်စနစ်' ကို ယခုတိုင် ကျင့်သုံးလျက်ရှိနေသေးကြောင်း လေ့လာတွေ့ရှိရ ပါသည်။

ယုံကြည်ကိုးကွယ်မှုအနေဖြင့် မိရိုးဖလာ ရိုးရာနတ် ကိုးကွယ်ကြသည်က များသည်။ ခရစ်ယာန်ဘာသာဝင်များလည်း

www.burmeseclassic.com

www.burmeseclassic.com



အနည်းနှင့်အများ ရှိကြသည်။ ဗုဒ္ဓဘာသာနှင့် ရိုးရာနတ်ကို ပူးတွဲ၍ လက်ခံကျင့်သုံးကြသည်လည်း ရှိပါသည်။ ရှေးအစဉ်အဆက်မှ ယနေ့တိုင်အောင် ကေ့ထိုးဘိုးခေါ် တံခွန်တိုင်ဘာသာကို ကိုးကွယ်ယုံကြည်ကြ၏။ ကေ့ထိုးဘိုးပွဲတော်ကို နှစ်စဉ် ဧပြီလခန့်တွင် ကျင်းပပြုလုပ်ကြလေ့ရှိသည်။ "ကေ့ထိုးဘိုးတိုင်တော်များသည် ယင်းတို့ အထွတ်အမြတ်ထားသည့်အရာများ" ဖြစ်သည်။

သို့ဖြစ်၍ ကယန်း (ပဒေါင်) တိုင်းရင်းသားများ၏ ဘဝတစ်ရပ်လုံး မြင့်မားတိုးတက်လာစေရန်- (၁) ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ (၂) သောက်သုံးရေရရှိရေး၊ (၃) ပညာရည်မြင့်မားရေး၊ (၄) ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေး၊ (၅) ကျေးလက်စီးပွားရေး တိုးတက်ဖြစ်ထွန်းရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး စသည့် နိုင်ငံတော်မှ ချမှတ်ပေးသည့် "ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅) ရပ်" အရ စီမံကိန်းများ ချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုပါလျှင် ကယန်း (ပဒေါင်) တိုင်းရင်းသားလူမျိုးစုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်၊ အမှန်ပင်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

သျှင်ထွေးယဉ် (မနုသ)

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းကိုးစာရင်း

| စဉ် | စာရေးဆရာ | ပုံနှိပ်တိုက်၊ ခုနှစ် | စာအုပ်အမည် |
|---|---|---|---|
| ၁။ | ကြယ်၊ မောင်စင် | ၁၉၆၇၊ စက်တင်ဘာလ သိတာထွန်းပုံနှိပ်လုပ်ငန်း၊ ရန်ကုန် | ကရင်ရာဇဝင် |
| ၂။ | ခွန်း၊ ပီစိုး | ၁၉၈၅ - ၈၆ ကယားပြည်နယ်စာစောင်၊ ဆောင်းပါး | 'ကယား' လူမျိုးစု အမည် |
| ၃။ | စံ၊ ကယားခင်မောင် | ၁၉၈၇ - ၈၈ ကယားပြည်နယ်စာစောင်၊ ဆောင်းပါး | ကယားအမျိုးသား ဖားစည်သမိုင်း |
| ၄။ | စန်၊ မန်းနဲ (ဖားအံ) | ၁၉၇၈၊ ဒီဇင်ဘာလ စိုးမိုးမိတ်ဆက်ပုံနှိပ်တိုက်၊ ရန်ကုန် | ကရင်ဖားစည် |
| ၅။ | စမ်း၊ မောင်စူး | ၁၉၉၆၊ ဖေဖော်ဝါရီလ သင်းလွဲ့ဝင်းပုံနှိပ်တိုက် | ဘာသာဗေဒ |
| ၆။ | စိန်၊ ဦးချစ် E.P | လက်ရေးမူ | 'ကယန်းဘာသာ စကားနှင့် သင်ပုန်းကြီး |

www.burmeseclassic.com



| စဉ် | စာရေးဆရာ | ပုံနှိပ်တိုက်၊ ခုနှစ် | စာအုပ်အမည် |
|---|---|---|---|
| ၇။ | တင်၊ ဦးဖေမောင် | စာပေဗိမာန်ပုံနှိပ်တိုက် | ဘာသာလောက ကျမ်း |
| ၈။ | တွဲ၊ခွန်နန်း(ကယန်း) | ၁၉၇၅ - ၇၆ ကယားပြည်နယ်စာစောင် | ကယန်း စကားပုံများ |
| ၉။ | ထွန်း၊ဒေါက်တာသန်း | ၁၉၆၉၊ စက်တင်ဘာလ ကာယသုခပုံနှိပ်တိုက်၊ ရန်ကုန် | ခေတ်ဟောင်း မြန်မာရာဇဝင် |
| ၁၀။ | ဒိုက်၊ ဦးအေ | ၁၉၉၇၊ မေလ | 'ကယန်း' လူမျိုး ဆင်းသက်လာပုံ အကျဉ်းချုပ် |
| ၁၁။ | နိုင်၊ ဦး၊ မင်း | ၁၉၆၃ အစိုးရပုံနှိပ်ရေးနှင့်စာရေး ကရိယာဌာန | ကယားတို့ ရိုးရာ ကူထိုးဘိုး |
| ၁၂။ | မောင်၊ ဒါရိုက်တာမြင့် | ၁၉၆၇ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက် | ကယားတို့ ဌာနေ၊ ငွေတောင်ပြည် |
| ၁၃။ | မောင်၊ မြင့်ထွန်း | ၁၉၇၉ ကယားပြည်နယ်စာစောင် | တိုင်းရင်းသား တို့၏အလှတစ်မျိုး |
| ၁၄။ | မြင့်၊ နေရှင်နယ်ဦး | ၁၉၆၂ စကြာဝဠာပုံနှိပ်တိုက်၊ ရန်ကုန် | ကလူမင်္ဂလာ ပွဲတော် |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | စာရေးဆရာ | ပုံနှိပ်တိုက်၊ ခုနှစ် | စာအုပ်အမည် |
|---|---|---|---|
| ၁၅။ | ယန်း၊ ခူက | ၁၉၈၅ - ၈၆ ကယားပြည်နယ်စာစောင် | ကယန်းဆုံးမစာ သံပေါက်များ |
| ၁၆။ | ရီ၊ ဦးငိုက် | ကေ့ထိုးဘိုးဘာသာ ဂေါပကအဖွဲ့ချုပ် | ၁။ ကေ့ထိုးဘိုး ဘာသာ ကျမ်းဦး ၂။ ကြက်ရိုးတ |
| ၁၇။ | ရှင်၊ ဗိုလ်မှူး၊ ဘ | ၁၉၇၅၊ ဖေဖော်ဝါရီလ မိုးကျော်အောင်ပုံနှိပ်တိုက်၊ ရန်ကုန် | အနော်ရထာ အရင်က မြန်မာနိုင်ငံ |
| ၁၈။ | လှ၊ လူထု၊ ဦး | ၁၉၉၁၊ ဒီဇင်ဘာလ ကြီးပွားရေးပုံနှိပ်တိုက်၊ ရန်ကုန် | ကယားပုံပြင် |
| ၁၉။ | အောင်၊ ဗန်းမော်၊ တင် | ၁၉၉၃ ပြည်သူ့အလင်းစာ ပုံနှိပ်တိုက် | မြန်မာနိုင်ငံတော် သမိုင်း |
| ၂၀။ | ဦး၊ စိုးထွန်း (ဘူမိ) | ၁၉၉၃၊ ဗဟိုပုံနှိပ်တိုက်၊ ရန်ကုန် | ဘူမိခရီးသည်နှင့် ကန္တာရဝတီ |
| ၂၁။ | မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ | ၁၉၆၇၊ စာပေဗိမာန် ပုံနှိပ်တိုက် | တိုင်းရင်းသား ယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးစံများ (ကယား) |

www.burmeseclassic.com

www.burmeseclassic.com




| စဉ် | စာရေးဆရာ | ပုံနှိပ်တိုက်၊ ခုနှစ် | စာအုပ်အမည် |
|---|---|---|---|
| ၂၂။ | Firth, Raymond | 1956, Second Edition | Elements of Social organization |
| ၂၃။ | Ford, Doryll | 1964 Oxford University | African systems of Kinship and Marriage |
| ၂၄။ | Marshall, H.I | April 29, 1922 Ohio University | The Karen People of Burma |
| ၂၅။ | Scott, J. George | 1900 Government Printing Burma | Gazetter of Upper Burma and the Shan State Part I, Vol I, Chapt IX Part II, Vol I. |


www.burmeseclassic.com

www.burmeseclassic.com

# တွေ့ဆုံမေးမြန်းသူများစာရင်း

| စဉ် | အမည် | အသက် | အလုပ်အကိုင် |
|---|---|---|---|
| ၁။ | ဦးလဝိန်း | ၉၆ | နတ်ဆရာ |
| ၂။ | ဦး E.P ချစ်စိန် | ၈၅ | အငြိမ်းစားနယ်ဝန် |
| ၃။ | ဦးလာ | ၇၅ | နတ်ဆရာ |
| ၄။ | ဒေါ်ဝီဂူ | ၇၄ | မှိုခို |
| ၅။ | ဦးဘောက် | ၇၀ | ကျောင်းဆရာ (ငြိမ်း) |
| ၆။ | ဒေါ်မူရွှေ | ၇၀ | မှိုခို |
| ၇။ | ဦးဝီးယို | ၇၀ | ကုန်သည် |
| ၈။ | ဦးလခွမ်း | ၆၇ | တောင်ယာ |
| ၉။ | ဦးလရီး | ၆၇ | တောင်ယာ |
| ၁၀။ | ဦးလဘလောင် | ၆၇ | တောင်ယာ |
| ၁၁။ | ဦးဗျားရယ် | ၆၀ | ဦးစီးအရာရှိ (ငြိမ်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| ၁၂။ | ဦးစိုင်းအောင်ပွင့် | ၅၈ | ကုန်သွယ်ရေးဝန်ကြီးဌာန (ငြိမ်း) |
| ၁၃။ | ဦးလတိုး | ၅၇ | တောင်ယာ |
| ၁၄။ | ဦးဖန်လို | ၅၇ | ဥက္ကဋ္ဌ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| ၁၅။ | ဦးလကလိန်း | ၅၅ | တောင်ယာ |



www.burmeseclassic.com

www.burmeseclassic.com



| စဉ် | အမည် | အသက် | အလုပ်အကိုင် |
|---|---|---|---|
| ၁၆။ | ဦး P မောင်စိုး | ၅၅ | အရာရှိ၊ ကယားပြည်နယ် ယဉ်ကျေးမှုအဖွဲ့ |
| ၁၇။ | ဦးအေပျာဟန်နိုက် | ၅၅ | ကျန်းမာရေးမှူး၊ လွိုင်ကော် |
| ၁၈။ | ဦးတူဖား | ၅၄ | ဥက္ကဋ္ဌ၊ ကေ့ထိုးဘိုး ဂေါပကအဖွဲ့ |
| ၁၉။ | ဒေါ်မူဘီး | ၅၀ | မှီခို |
| ၂၀။ | ဦးပေယိုး | ၄၉ | တောင်ယာ |
| ၂၁။ | ဒေါ်မူဘူး | ၄၉ | မှီခို |
| ၂၂။ | ဦးJမျိုးမြင့် | ၄၈ | မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ လွိုင်ကော် |
| ၂၃။ | ဦးယူဂျင်း | ၄၈ | ကုန်သည် |
| ၂၄။ | ဦးPစိမ်းဒို | ၄၇ | စာရေး၊ ဖယ်ခုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| ၂၅။ | ဦးလဂွမ်း | ၄၆ | တောင်ယာ |
| ၂၆။ | ဦးခူးညာ | ၄၅ | စာရေး၊ ဖယ်ခုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| ၂၇။ | ဦးမောင်စိန် | ၄၅ | စာရေး၊ (ဒီးမော့ဆို) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| ၂၈။ | ဦးအာသိုင်း | ၄၅ | 'နဂါးနီ' ကားဂိတ်မှူး (လွိုင်ကော် - မန္တလေး) |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | အမည် | အသက် | အလုပ်အကိုင် |
|---|---|---|---|
| ၂၉။ | ဦးအောင်နိုင်ဦး | ၄၅ | ကုန်သည် |
| ၃၀။ | ဦးခူးဝင်းမြင့် | ၄၅ | ကျန်းမာရေးမှူး |
| ၃၁။ | ဦးလဖန် | ၄၅ | တောင်ယာ |
| ၃၂။ | ဒေါ်မူကျော့ | ၄၅ | တောင်ယာ |
| ၃၃။ | ဦးလစာ | ၄၅ | တောင်ယာ |
| ၃၄။ | ဦးလဖော့ | ၄၅ | တောင်ယာ |
| ၃၅။ | ဦးကျော်ဖံ | ၄၅ | ဂေါပကအဖွဲ့၊ မွေတော် ဓာတ်ဝင်စေတီ |
| ၃၆။ | ဦးမောင်ညက် | ၄၅ | ယာဉ်မောင်း |
| ၃၇။ | ဦးနွယ်ဆု | ၄၅ | စာရေး (ဒီမော့ဆိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| ၃၈။ | ဦးဖိုးယို | ၄၂ | ဓာတ်ပုံဆရာ |
| ၃၉။ | ဦးတင်လင်း | ၄၀ | အရာရှိ၊ ရေအရင်းအမြစ် အသုံးချရေးဌာန၊လွိုင်ကော်) |
| ၄၀။ | ဦးယူဂျင်း | ၄၀ | ကုန်သည် |
| ၄၁။ | ဒေါ်ကော | ၄၀ | မှီခို |
| ၄၂။ | ဦးနီကိုလပ် | ၃၉ | ကျောင်းဆရာ |
| ၄၃။ | ဦးလလိန်း | ၃၆ | ကျန်းမာရေးဌာန |
| ၄၄။ | ဦးလကိုး | ၃၅ | တောင်ယာ |
| ၄၅။ | ဦးလစတူး | ၃၅ | တောင်ယာ |
| ၄၆။ | ဦးလဂွယ် | ၃၃ | တောင်ယာ |
| ၄၇။ | ဦးရဲအောင် | ၃၃ | ကုန်သည် |
| ၄၈။ | ဦးတူးတူး | ၃၂ | စာရေး၊ ဖယ်ခုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | အမည် | အသက် | အလုပ်အကိုင် |
|---|---|---|---|
| ၄၉။ | ဒေါ်နန်းဦးခမ်း | ၃၀ | စာရေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| ၅၀။ | ဒေါ်မူနန်း | ၃၀ | ရက်ကန်းယက် |
| ၅၁။ | ဦးလကလန် | ၂၉ | တောင်ယာ |
| ၅၂။ | ဒေါ်မူဆလုံငွေ | ၂၉ | မှီခို |
| ၅၃။ | ဦးခွန်ခိုင်လီ | ၂၅ | ကုန်သည် |
| ၅၄။ | ဒေါ်ဖန်းမူသာ | ၂၅ | မှီခို |
| ၅၅။ | မောင်လကွီး | ၂၄ | တောင်ယာ |
| ၅၆။ | မမူကနန်း | ၂၄ | စာရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့လွိုင်ကော် |
| ၅၇။ | မောင်လခွီး | ၂၁ | ကျောင်းသား |
| ၅၈။ | မမူဘား | ၂၁ | မှီခို |
| ၅၉။ | မောင်လကို | ၂၀ | ကျောင်းသား |
| ၆၀။ | မောင်ခူးနန်းရီး | ၂၀ | ကျောင်းသား |
| ၆၁။ | မောင်ပိုက်ကူ | ၂၀ | ကျောင်းသား |
| ၆၂။ | မောင်အားဖိ | ၂၀ | ကျောင်းသား |
| ၆၃။ | မမူဖက်တား | ၂၀ | ကျောင်းသား |
| ၆၄။ | မောင်နေဒေး | ၂၉ | ကျောင်းသား |
| ၆၅။ | မလူးကာ | ၁၉ | ကျောင်းသား |
| ၆၆။ | မောင်နေးမူ | ၁၇ | ကျောင်းသား |
| ၆၇။ | မနန်းလိုင်း | ၁၇ | ကျောင်းသား |
| ၆၈။ | မောင်ဆူးအိ | ၁၇ | ကျောင်းသား |
| ၆၉။ | မမူဂျူးလီယက် | ၁၆ | ကျောင်းသား |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | အမည် | အသက် | အလုပ်အကိုင် |
|---|---|---|---|
| ၇၀။ | မဒီးဒီး | ၁၅ | ကျောင်းသား |
| ၇၁။ | မမူလွမ်း | ၁၄ | ရက်ကန်းသမ |
| ၇၂။ | မမူထွေး | ၁၄ | ရက်ကန်းသမ |
| ၇၃။ | မမူဖိုက် | ၁၄ | ရက်ကန်းသမ |
| ၇၄။ | မမူဘ | ၁၄ | ရက်ကန်းသမ |
| ၇၅။ | မမူဘလန်း | ၁၃ | ရက်ကန်းသမ |
| ၇၆။ | မမူဆေး | ၁၂ | ကျောင်းသူ |
| ၇၇။ | မမူဒေး (၁) | ၁၂ | ကျောင်းသူ |
| ၇၈။ | မမူဒေး (၂) | ၁၂ | ကျောင်းသူ |
| ၇၉။ | မမူခွန် | ၉ | ကျောင်းသူ |
| ၈၀။ | မမူငွေ့ | ၇ | ကျောင်းသူ |

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၃ ခုနှစ်၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု
ကျမ်းစာပေ တတိယဆုရ
"ကယန်း (ပဒေါင်)"
ရေးသူ - ချင်ဖွေးယဥ် (မနုသ)

အဖ ဦးထွန်းသိန်း၊ အမိ ဒေါ်တင်နုတို့မှ ၁၉၇၀ ပြည့်နှစ်၊ ဇွန်လ ၆ ရက်နေ့တွင် မွေးဖွားသည်။ ၁၉၈၆ ခုနှစ်တွင် အခြေခံ အထက်တန်း အောင်မြင်သည်။ ၁၉၉၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (မနုဿဗေဒ)၊ ၁၉၉၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (မနုဿဗေဒ)၊ ၂၀၀၀ ပြည့်နှစ်တွင် စီးပွားရေးဥပဒေပညာ ဒီပလိုမာ၊ ၂၀၀၁ ခုနှစ်တွင် အသုံးချစိတ်ပညာ ဒီပလိုမာများ ရရှိခဲ့သည်။

တိုင်းရင်းသား ယဉ်ကျေးမှုနှင့်ဆိုင်သော ဆောင်းပါးများ ရေးသားခဲ့သည်။ မြန်မာတိုင်းမ်စာစောင်တွင် The Ladies of the Rings ဆောင်းပါးရေးသားခဲ့သည်။

ယခုအခါ ဒဂုံတက္ကသိုလ် မနုဿဗေဒဌာနတွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။

အမည်ရင်း ဒေါ်မိုးသီတာထွေး ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် ၁၀၅၊ စံပြ ၅ လမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။

www.burmeseclassic.com